# မိုးကျော်သူ

ဒုတိယအကြိမ်

## သိုးပန်းချီနှင့် သိုင်းဒေဝီ

၆-အုပ်တွဲ သိုင်းစာစဉ်

ငို လုံ ဗိ မ်း ၏ ဖျောင်း ချို



စာစဉ် (၁)

# မိုးကျော်သူ

# သီးပန်းချိန်နှင့်သိုင်းဒေဝီ

(စာစဉ်–၁)

စာမူခွင့်ပြုချက်အမှတ် ၅၀၀၉၀ ၂၀၆၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၈၆၆၀၆၀၇

၂၀၀၆ ခုနှစ်
ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေးနိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ ( ၃ )
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ဒေဝါသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။




## နိုင်ငံတော်ဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

## ကျွဲးဓာန်အာမခံဌာန

မြောက်လေပြန်လေရူးက တသုန်သုန် ဆော့မြူးတိုက်ခတ်လျက် ရှိသည်။ နှင်းဖွဲ့များသည် ဘဲငန်းအမွေးကဲ့သို့ လေအဟုန်၌ ပလူပျံ လွင့်ဝဲနေသည်။ ရိုးတံကျဲကျဲနှင့် ပင်အိုပေါ်တွင် နှင်းများလွှမ်းခြုံနေရာ ငွေဝတ်ခြုံလွှမ်းထားသည့်နှယ် ထင်မှတ်ရသည်။

ကမ္ဘာမြေတလွှားတွင် နှင်းမှုန်များဖြင့် ငွေရောင်တောက်ပလျက်ရှိနေပေသည်။

* * *

ကန့်ကျန်းလမ်းမ။

ကျယ်ဝန်းပြီး ဖြောင့်တန်းနေသော ကန့်ကျန်းလမ်းမပေါ်တွင် မြင်းခွာသံများ တဖြောင်းဖြောင်း ထွက်ပေါ်လာသည်။

ဘီးလိမ့်နေသော အသံများသည် ဆူညံစွာ ထွက်ပေါ်နေလေသည်။

အမိုးအကာအပြည့်ရှိသော မြင်းလှည်းတန်းတစ်ခုသည် ထိုလမ်းမကြီးအတိုင်း မြောက်ဘက်အရပ်သို့ ရှေ့ရှုသွားလျက် ရှိနေ၏။

* * *

ယင်းလှည်းကို ဆွဲသော မြင်းများသည် နယ်ခြားမှ မြင်းကောင်း မြင်းသန့်မျိုး ဖြစ်သည်။ ခြေလက်တန်ကောင်း၍ အလုံးအထည်ကောင်းသည်။ သန်မာကြံ့ခိုင်၍ အအေးဒဏ်ကို ကြံ့ကြံ့ခံနိုင်ရည် ရှိသည်။

ထို့ကြောင့်လည်း နှင်းများ တဖွဲဖွဲ ကျ[illegible]သော ရာသီဥတုတွင် မြင်းများသည် ခေါင်းမော့လည်ဆန့်နှင့် ဣန္ဒြေမပျက် သွားလာနိုင်ခြင်း ဖြစ်ပေသည်။

* * *



ထိုမြင်းလှည်းတန်းသည်...

စုစုပေါင်း(၅)စင်း ရှိလေသည်။

ရှေ့ဆုံးမြင်းလှည်း၏ အမိုးအကာမှာ အဝါရောင် ဖြစ်သည်။

မြင်းလှည်းပေါ်တွင် အလျား(၃)ပေ ရှည်ပြီး အနံ (၂)ပေ (၄)လက်မ ရှိသော အပြာရောင်အလံတစ်ခု လွှင့်ထူထားသည်။

အလံပေါ်၌ ရွှေရောင်ပိုးချည်ဖြင့် တောင်ပေါ်မှ ဆင်းလာဟန် ကျားတစ်ကောင် ရုပ်ထိုးထားလေသည်

လက်ယာမြောက်လှသဖြင့် အသက်ပါလှသည်။ အလံ၏ထောင့်တွင် ငွေရောင်ပိုးချည်ဖြင့်...

"ကျားမာန်အာမခံဌာန"

ဟု ရေးသားထားသည်ကို တွေ့ရလေသည်။

ဒုတိယမြင်းလှည်းမှ ပဉ္စမမြောက်မြင်းလှည်းအထိ အနက်ရောင်အမိုးအကာ ဖြစ်သည်။

လှည်းတစ်ခုလုံး၏ နံဘေးဘက်ကို ဝါးယင်းများဖြင့် ချထားသောကြောင့် အတွင်းဘက်သို့ မမြင်နိုင်ချေ။

မြင်းလှည်းမောင်းနှင်သူများသည် အမွေးရှည်သားရေအင်္ကျီများ ဝတ်ဆင်ထားသည်။

သူတို့၏ခေါင်းပေါ်တွင်လည်း အမွေးရှည် နားချက်ဖုံး ဦးထုပ်များ ဆောင်းထားလေသည်။

* * *

အသက်(၃၀)ကျော်ခန့်ရှိသော သန်မာထွားကျိုင်းသော လူနှစ်ယောက်သည် ခါးတွင် ဖျက်ကျယ်သော ဓားတစ်လက်စီ ထိုးထားကြသည်။

သူတို့သည် မြင်းချင်းယှဉ်၍ လှည်းတန်း၏ အရှေ့ဆုံးမှ ဦးဆောင်၍ သွားနေပေသည်။

အလွန်ဆိုးရွားသော ရာသီဥတုအောက်တွင် ထိုလူနှစ်ယောက်သည် ကိုယ်ကျပ်အင်္ကျီများကိုသာ ဝတ်ဆင်ထားကြသည်။

သူတို့သည် ကိုယ်ပေါ်သို့ တဖွဲဖွဲ ကျလာသော နှင်းများကို မကြာမကြာ ခါချလျက် ရှိနေသည်။

သူတို့၏ ပုံပန်းသဏ္ဌာန်ကို ကြည့်ခြင်းအားဖြင့် အတွင်းအားနှင့် သိုင်းပညာအဆင့် မသေးသော သိုင်းပညာရှင်များ ဖြစ်ကြောင်းကို ခန့်မှန်း သိရှိနိုင်ပေသည်။

* * *

မြင်းလှည်းတန်း၏နောက်ဆုံးတွင် ထွားကျိုင်းသော မြင်းနှစ်ကောင် လိုက်ပါလာ၏။

ဗယ်ဘက်ဘေးပေါ်တွင် ကိုယ်ခန္ဓာထွားကျိုင်းပြီး အသားအရေ ညိုမည်းသော လူတစ်ယောက် ထိုင်နေသည်။



မြင်းကုန်းနှီးရှေ့တွင် သံမဏိကြိုးဖြင့် သံဘူတစ်လုံး တွယ်ထားသည်ကို တွေ့ရလေသည်။

ညာဘက်မြင်းပေါ်၌ ကိုယ်ခန္ဓာသေးသွယ်ပြီး အသားအရေ ခြောက်ကပ်ကပ်နှင့် ပိန်ပိန်သေးသေးရှိသော လူငယ်တစ်ယောက် ထိုင်နေ၏။

ထိုသူ့အား အထင်သေး၍ မရပါ။

သူ၏ကျောပေါ်၌ ရန်သူများ၏သွေးကြောကိုသာ တိုက်ခိုက်လေ့ရှိသော သံမဏိစုတ်တံတစ်စုံ ရှိနေသောကြောင့် ဖြစ်လေ၏။

ထိုလူသည် အရိုးပေါ်အရေဖုံးမျှ ပိန်သေးနေသော်လည်း သူ၏မျက်လုံးအစုံမှာမူ ရှမ်းစိုတောက်ပလျက် ရှိနေ၏။

သူတို့၏နောက်တွင် လေးနှင့်မြား ကိုင်ဆောင်ထားသော သိုင်းသမား(၈)ယောက် ပါလာသေး၏။

ထိုသူများသည် ငွမ်းကပ်အင်္ကျီနှင့် ငွမ်းကပ်ဘောင်းဘီများ ဝတ်ဆင်ထားသည်။

ခေါင်းပေါ်တွင် နားရွက်ဖုံးသော သားရေဦးထုပ်များ ဆောင်းထားသည်။

သူတို့သည် မြင်းလှည်းတန်းများနောက်တွင် ခြေကျင်ဖြင့် လိုက်ပါလာကြသည်။

* * *

မြင်းလှည်းတန်းသည် နေးကွေးစွာဖြင့် ရွေ့လျားနေ၏။

ရုတ်တရက်...

"ရှိ..."

ဟူသော အသံ ထွက်ပေါ်လာလေသည်။

"တောက်"

မြားတစ်စင်းသည် ပထမဆုံးမြင်းလှည်း၏ ရှေ့နှစ်လံခန့် အကွာ မြေပြင်ပေါ်သို့ ကျလာလေသည်။

မြင်းလှည်းမောင်းသူသည် သိုင်းလောကမှ အတွေ့အကြုံ ရင့်ကျက်သောလူများ ဖြစ်သည်။ ထို့ကြောင့် မိမိတို့ ရှေ့ကျလာသည့်မြားကို တွေ့မြင်လိုက်သည်နှင့် လက်တစ်ဘက်မြှောက်လိုက်ပြီး မြင်းလှည်းကို ရပ်တန့်လိုက်လေသည်။

ရှေ့ဆုံးမှမြင်းလှည်း ရပ်တန့်သွားသည်နှင့် နောက်မှမြင်းလှည်းများသည်လည်း အဆင့်ဆင့် ရပ်တန့်သွားကြလေသည်။

* * *

မြင်းလှည်းများ ရပ်တန့်သွားသည်နှင့် ရှေ့ဆုံးမှ အဝါရောင် မိုးထားသော မြင်းလှည်းတွင် လူတစ်ယောက် ခေါင်းပြူ၍ ထွက်လာလေသည်။



"ယို့လုံး၊ သွားကြည့်စမ်း၊ ဘယ်မိတ်ဆွေလဲ မသိဘူး"

မြင်းလှည်းရှေ့ ဗယ်ဘက်တွင် ရပ်နေသော လူငယ်က ဦးညွှတ်လိုက်ပြီး မြင်းပေါ်မှ လွှားကနဲ ခုန်ဆင်းလိုက်သည်။

ယို့လုံးသည် မြေပေါ်တွင် ကျနေသော မြားကို ကောက်ယူကြည့်လိုက်လေသည်။ သူသည် အတန်ကြာ စိုက်ကြည့်လိုက်ပြီးမှ ခေါင်းခါယမ်းလိုက်သည်။

"ဦးလေးဖန်း မြားပေါ်မှာ ဘာအမှတ်အသားမှ မပါဘူး"

မြင်းလှည်းထဲမှလူသည် ယို့လုံးထံမှမြားကို လက်ဖြန့်တောင်းလိုက်သည်။

"ငါ့ကို ပြစမ်း"

ယို့လုံးဆိုသောလူငယ်က မြင်းလှည်းရှိရာသို့ ပြန်လာပြီး မြားကို ရိုသေစွာ လှမ်းပေးလိုက်လေသည်။

မြင်းလှည်းတွင်းမှလူသည် မြားကို လှမ်းယူလိုက်ပြီး စူးစိုက်စွာ ကြည့်လိုက်သည်။

အတန်ကြာ စူးစိုက်လေ့လာပြီးမှ သူသည် မြင်းလှည်းတွင်းမှ အပြင်သို့ လှမ်းထွက်လိုက်လေသည်။

* * *

မြင်းလှည်းတွင်းမှ လှမ်းထွက်လာသောလူသည် အသက် (၅၀)ကျော်ခန့်ရှိသူ ဖြစ်၏။

သူ၏ကိုယ်ပေါ်၌ အစိမ်းအောက်ခံ ရွှေရောင်ပန်းပွင့်ရှိသော အင်္ကျီရှည်ကို ဝတ်ဆင်ထားသည်။

သူ၏ခေါင်းပေါ်တွင် ဝွမ်းကပ်ဦးထုပ်တစ်လုံး ဆောင်းထားလေသည်။

သူ၏ခန္ဓာကိုယ် အရပ်အမောင်းမှာ အချိုးအစား ပြေပြစ်ပြီး မျက်ခုံးမွေးထူ၍ မျက်လုံးမှာ ဝိုင်းစက်သည်။

သူ၏မျက်နှာပေါ်တွင် ဒေါသထွက်နေသော အရိပ်အရောင်များ ပေါ်လွင်နေ၏။

သူ၏ဗယ်ဘက်လက်တွင် မြားကိုင်ထားပြီး ညာဘက်လက်မှာမူ အလွန်အဖိုးတန်သော ကျောက်စိမ်းဆေးတံရှည်တစ်လက် ကိုင်ဆောင်ထားလေသည်။

* * *

အဘိုးအိုသည် ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးနောက်...

"ယို့လုံး ရှေ့နားက ဆီးသီးခြံကို တွေ့တယ် မဟုတ်လား"



ယို့လုံးက ဦးညွှတ်အဖြေပေးလိုက်သည်။

"တွေ့ပါတယ် ဦးလေးဖန်း"

"အဲဒီကို သွားစမ်း၊ သူတို့ခေါင်းဆောင်က ဘယ်သူလဲလို့"

"ဟုတ်ကဲ့ ဦးလေးဖန်း"

ယို့လုံးသည် လျင်မြန်သွက်လက်စွာ မြင်းပေါ်သို့ လွှားကနဲ ခုန်တက်လိုက်သည်။

မြင်း၏ဇက်ကြိုးကို တစ်ချက်လှုပ်ခါလိုက်သည်နှင့် မြင်းသည် အရှိန်ပြင်းစွာဖြင့် ပြေးလွှားသွားလေသည်။

မြင်းလှည်းရပ်တန့်သောနေရာနှင့် ဆီးခြံနေရာ၏ အကွာအဝေးမှာ မြင်းတပြေးခန့်သာ ဝေးသည်။

ရာသီဥတုမှာ ဆောင်းရာသီ ဖြစ်နေသဖြင့် သစ်ရွက်များ ကြွေကျနေသောကြောင့် ဆီးပင်များမှာ ရိုးတံကျဲကျဲသာ မြင်ရတော့လေသည်။

* * *

ထိုစဉ်မှာပင် ဆီးခြံဘက်မှ မြင်းတစ်ကောင် ပြေးလွှားလာနေသည်ကို တွေ့မြင်ရလေသည်။ ထိုမြင်းသည် ယို့လုံး၏ ရှေ့တည့်တည့်မှ မျက်နှာချင်းဆိုင် မောင်းနှင်လာလေရာ ထိုမြင်းပေါ်မှ လူသည် မြင်းစီးကျွမ်းကျင်မှုကို ဖော်ထုတ်လိုသည့်အသွင်ကို ဆောင်နေ၏။

ထို့နောက် မြင်းနှစ်ကောင်သည် ခေါင်းချင်းတိုက်လုဆဲဆဲအချိန်၌ မြင်းကို ပြိုင်တူရပ်တန့်လိုက်လေသည်။

မြင်းနှစ်ကောင်သည် တစ်ချိန်တည်းမှာပင် အသံဟီလိုက်ပြီး ပတတ်ရပ်လိုက်ကြလေသည်။

ထို့နောက် မြင်းကို တစ်ပတ်လှည့်လိုက်ပြီးမှ ပြန်၍ မြင်းခေါင်းချင်းဆိုင် ရပ်တန့်လိုက်ကြလေသည်။

ယို့လုံးက ပို၍ ကျွမ်းကျင်လျင်မြန်သည်မှာ ထင်ရှားနေ၏။

သူသည် မြင်းပေါ်မှ ခုန်ဆင်းလိုက်ပြီး လက်နှစ်ဘက်ဆုပ်၍ ဦးညွှတ်လိုက်ပြီး...

"ကျုပ်က ကျားမာန်အာမခံဌာနက လီယို့လုံးပါ၊ မိတ်ဆွေကို လေးစားပါတယ်"

တစ်ဘက်မှ လူရွယ်သည်လည်း မြင်းပေါ်မှ ခုန်ဆင်းလိုက်လေသည်။ လီယို့လုံးသည် ထိုလူရွယ်အား အကဲခတ်ကြည့်လိုက်၏။ လူရွယ်၏အသက်မှာ (၂၆).(၂၇)နှစ်ခန့်သာ ရှိသည်။ သူ၏အဝတ်အစားမှာ ပိုးသားရေဖြင့် ချုပ်လုပ်ထားသော ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားလေသည်။



ဝတ်ဆင်ထားသော ဘောင်းဘီမှာလည်း ဝံပုလွေသားရေဖြင့် ချုပ်လုပ်ထားသည်။

ထိုလူရွယ်ကလည်း လက်နှစ်ဘက်ဆုပ်၍ ဦးညွှတ်လိုက်လေသည်။

"ခြေလှမ်းတစ်ရာ လှံဖျိုလီယို့လုံးရဲ့နာမည်ကို ကြားဖူးတာကြာပါပြီ ခင်ဗျာ"

ယို့လုံးက ချောင်းတစ်ချက် ဟန့်လိုက်ကာ ထိုလူရွယ်အစား မေးမြန်းလိုက်သည်။

"မိတ်ဆွေရဲ့နာမည်ကိုရော မသိရဘူးလား"

ထိုလူက မထီတရီ ပြုံးလိုက်ပြီး...

"ခင်ဗျားတို့ကို ဟန့်တားဝံ့မှတော့ နာမည်လဲ ပြောပြရဲတာပေါ့ဗျာ"

ယို့လုံးက ပြုံးလိုက်သည်။

"အဲဒါဖြင့် ကျေးဇူးပြုပြီး ပြောပြပါ"

ထိုလူက အေးစက်သော အသံဖြင့်...

"ကျုပ်နာမည်က "ရှောင်ကြွတ်"ပါ၊ အချို့ကတော့ "မြားသမား ရှောင်ကြွတ်"လို့ ခေါ်ပါတယ်"

ယို့လုံးက လူရွယ်၏အမည်ကို ကြားလိုက်ရသည်နှင့် ပြုံးရွှင်ကာ...

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

ရှောင်ကြွတ်က လက်နှစ်ဘက်ဆုပ်၍ ခေါင်းညိတ်ကာ

စကားဆက်လိုက်သည်။

"ကျုပ်ကတော့ စကားရှည်ရှည်ဝေးဝေး မပြောတတ်ဘူး"

ယို့လုံးက ခေါင်းညိတ်လိုက်သည်။ ထို့နောက် လူရွယ်ကို ကြည့်ကာ စကားကို ထောက်လိုက်သည်။

"ဟုတ်ပါတယ်၊ ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်း ပြောပါ"

ရှောင်ကြွတ်က စကားကို တစ်လုံးချင်း ပြောချလိုက်လေ၏။

"ကျုပ်တို့နဲ့ ကျားမာန်အာမခံဌာနနဲ့ ရန်ငြိုးမရှိပါဘူး၊ ဒါကြောင့် မြင်းလှည်းနဲ့ ပစ္စည်းတွေကို ထားခဲ့ပြီး ခင်ဗျားတို့အားလုံး သွားလိုရာ သွားနိုင်ပါတယ်"

ယို့လုံးက အံ့အားသင့်သွားသည်။ လူရွယ်အား ပြုံးကာ...

"ခင်ဗျားက ရယ်စရာပြောနေပြန်ပြီ၊ ကျုပ်တို့မှာ သူများရဲ့ အခကြေးငွေယူရင် တာဝန်ကျေရမှာပေါ့ဗျာ"

ရှောင်ကြွတ်က မဲ့ပြုံးပြုံးလိုက်ပြီး...

"ဒါပေါ့... ဒါပေါ့"

ယို့လုံးက စကားဆက်လိုက်ပြန်သည်။

"ကျုပ်တို့ ကျားမာန်အာမခံဌာနက သိုင်းလောကမှာ နှစ်ပေါင်းနှစ်ဆယ်ကျော် ရပ်တည်ခဲ့ပြီး ထမင်းရှင် ဟင်းရှင်တွေကို ထားပြီး ထွက်ပြေးသွားရိုး မရှိပါဘူးခင်ဗျာ"

ရှောင်ကြွတ်က ခေါင်းညိတ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ်လေ... ကျုပ်အနေနဲ့ကတော့ မပိုင်ဘူးဆိုရင် ကျားပါးစပ်က သွားတွေကို ဘယ်နှုတ်ရဲပါ့မလဲဗျ"



ထိုစကားကို ကြားရသောအခါ ယို့လုံးမှာ အံ့သြသွားကာ...

"ဒီမှာ... မိတ်ဆွေ၊ ကျုပ်ကတော့ ဦးလေးဖန်း ခိုင်းတာကိုပဲ လုပ်ပါတယ်၊ ဦးလေးဖန်းမှာ တာဝန်ရှိပါတယ်၊ ဒါကြောင့်..."

ရှောင်ကြွတ်က ခေါင်းခါယမ်းလိုက်သည်။

"ဘယ်သူကပဲ တာဝန်ခံဖြစ်ဖြစ် ကျုပ်တို့ကတော့ လုပ်ရမှာပဲ"

ယို့လုံးက မဲ့ပြုံးပြုံးကာ လူရွယ်အား မေးမြန်းလိုက်လေ၏။

"ခင်ဗျားအနေနဲ့ အခုလို ဟန့်တားရဲတာ ဘယ်သူက ခိုင်းလို့လဲ..."

ရှောင်ကြွတ်က ခဏမျှ စဉ်းစားလိုက်သည်။

"ဘာလဲ ကျုပ်တို့ခေါင်းဆောင်ကို မေးနေတာလား"

"ဟုတ်ပါတယ်"

ရှောင်ကြွတ်က ခေါင်းခါယမ်းလိုက်သည်။

"ဒါကိုတော့ မပြောနိုင်ဘူး"

ယို့လုံးက ရှောင်ကြွတ်အာ အကျပ်ကိုင်လိုက်သည်။

"မိတ်ဆွေ မပြောရင် ကျုပ်က ဆီးခြံထဲကို ဝင်မေးရလိမ့်မယ်"

ရှောင်ကြွတ်သည် ကပျာကယာ မြင်းကို ကန့်လန့်ဖြတ်၍ လမ်းကို ပိတ်ဆို့ထားလိုက်လေသည်။

"နေပါဦး"

သူသည် ပြောယင်း အိတ်မှ အဖြူရောင် စာအိတ်တစ်လုံး

နှိုက်ယူလိုက်ပြီး ယို့လုံးအား လှမ်းပေးလိုက်လေသည်။

"ဒီစာကို ခင်ဗျားရဲ့ ဦးလေးဖန်း ပေးလိုက်ပါ။ စာဖတ်ပြီးရင် အကြောင်းပြန်ပါ။ ကျုပ် ဒီမှာ စောင့်နေမယ်"

ယို့လုံးက စာအိတ်လှမ်းကြည့်လိုက်လေသည်။ စာအိတ်ပေါ်တွင်...

"ကျားမာန်အာမခံဌာန ဒုဌာနမှူး သံမဏိလက်ဝါး "ဖန်းကျင်းရှမ်း"ပေးရန်"

ဟု ရေးသားထားသည်ကို တွေ့ရလေသည်။

ယို့လုံးက စာအိတ်ကို ကြည့်ကာ အံ့သြသွားသည်။

ယို့လုံးတို့ ယခု သယ်ဆောင်လာသော အာမခံပစ္စည်းနှင့် လှည်းများကို ဦးဆောင်ကြပ်မတ်၍ လိုက်ပို့သူမှာ "ဖန်းကျင်းရှမ်း"ကိုယ်တိုင် ဖြစ်သည်ကို မည်သူမျှ မသိအောင် ထိပ်တန်းလျှို့ဝှက်စွာ ထားလေသည်။

ယခုမှာမူ ထိုလျှို့ဝှက်သည့်ကိစ္စကို ရှောင်ကြွတ်တို့ သိထားသည်မှာ ထူးခြားလှပေသည်။

ယို့လုံးသည် ဣန္ဒြေမပျက်နေယင်းမှ လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်၍ စာအိတ်ကို လှမ်းယူလိုက်သည်။

"ဟုတ်ကဲ့ ခဏစောင့်ပါဦးဗျာ၊ ကျုပ်အခုပဲ ပြန်လာပါ့မယ်"

ယို့လုံးသည် စာအိတ်ကိုယူကာ လှည်းများရှိရာသို့ လျင်မြန်စွာ ပြန်လာခဲ့လေတော့သည်။

* * *

## စာတစ်စောင်

ယို့လုံးသည် လှည်းရှိရာသို့ မြင်းကို ဒုန်းစိုင်းမောင်းနှင်လာခဲ့သည်။ ထို့နောက် အသင့်ရပ်စောင့်နေသော အဘိုးအိုကို ဦးညွှတ်၍ စာကို လှမ်းပေးလိုက်သည်။

"ဦးလေးဖန်း သူတို့က စာတစ်စောင်ပေးလိုက်တယ်"

ယို့လုံးက ရှောင်ကြွတ်ပေးလိုက်သောစာကို လှမ်းပေးလိုက်လေသည်။

ဖန်းကျင်းရှမ်းသည် မျက်မှောင်ကြုတ်၍ မေးလိုက်သည်။

"ဘာစာလဲ ဖတ်စမ်း"

ယို့လုံးက စာကို ဖောက်ဖတ်လိုက်လေသည်။

ဒုဌာနမှူး ဖန်းကျင်းရှမ်း ခင်ဗျား...

"ကျားမာန်အာမခံဌာနဟာ လုပ်ငန်းအလွန်ကောင်းပြီး သိုင်းလောကမှာ ကျော်ကြားခဲ့တဲ့ အာမခံဌာနတစ်ခု ဖြစ်ပါတယ်၊ စိတ်ချယုံကြည်လို့ အလုပ်ကို အပ်တဲ့လူတွေဟာ များပြားလှတဲ့အတွက် နှစ်ပေါင်း(၂၀)ကျော်တဲ့အထိ နာမည်ကြီးခဲ့ပါတယ်၊ နာမည်ကြီးသလောက်လဲ ဝင်ငွေအလွန်ကောင်းလိမ့်မယ်လို့ ယုံကြည်ပါတယ်"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"စာရေးထားတာကတော့ လေးစားပုံရတယ်၊ ဆက်ဖတ်"

ယို့လုံးသည် စာရွက်ပေါ်သို့ ကျလာသော နှင်းခဲလေးများအား ခါလိုက်ပြီး ဆက်ဖတ်လေသည်။

"အခု ကျုပ်မှာ ခင်ဗျားတို့ အာမခံကြီး ပို့ပေးတဲ့ မြင်းလှည်းများကို အလိုရှိနေပါတယ်၊ သို့ပါ၍ ခင်ဗျားတို့က မြင်းလှည်းများအားလုံး ထားခဲ့ပြီး ခင်ဗျားတို့ အာမခံဌာနက လူအားလုံး လက်နက်ချပြီး ထွက်သွားကြပါ။ သို့မဟုတ်ရင် ကျုပ်တို့ကို အဆိုးမဆိုပါနဲ့လို့ မေတ္တာရပ်ခံပါတယ်၊ ခင်ဗျားတို့ အာမခံဌာနက ဒါလောက်တော့ လျော်ကြေးပေးနိုင်ပါလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

ဖန်းကျင်းရှမ်း၏မျက်နှာသည် ဒေါသကြောင့် ရဲသွားသည်။ သူ၏အသားများသည်လည်း တဆတ်ဆတ် တုန်ယင်သွားလေသည်။



စာဆုံးသွားသည်နှင့်...

"တော်တော် လေသံမာတဲ့ စာပါလားကွ၊ ဘယ်သူက ပေးလိုက်တဲ့စာဆိုတာ ဖတ်စမ်း"

ယို့လုံးက ခေါင်းခါယမ်းလိုက်သည်။

"နာမည်ရေးမထားဘူး ဦးလေးဖန်း"

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။ ထို့နောက် ယို့လုံးဆီမှ စာကို လှမ်းယူလိုက်သည်။

"ငါ့ကို ပြစမ်း"

ယို့လုံးက စာရွက်ကို လှမ်းပေးလိုက်သည်။

ဖန်းကျင်းရှမ်းသည် စာရွက်လှမ်းယူပြီး ကြည့်လိုက်သောအခါ သူ၏ဒေါသရောင်လွှမ်းနေသော မျက်နှာသည် ချက်ချင်းပင် အုံ့အားသင့်သွားသည့် အရိပ်အရောင်က အစားဝင်လာသည်ကို တွေ့လိုက်ရလေသည်။

* * *

ထိုစဉ် မြင်းလှည်း၏ယာဘက်မှ ရှိနေသာလူသည် ယို့လုံးထံသို့ လျှောက်လာသည်။ ယို့လုံးအနီးသို့ ရောက်သောအခါ အသံတိုးတိုးဖြင့်...

"အစ်ကိုကြီး စာကို ဘယ်သူက ရေးထားတာလဲ"

ယို့လုံးက ခေါင်းယမ်းလိုက်သည်။

"နာမည်မပါဘူးဗျ ပုံတွေပဲပါတယ်"

"ဘာပုံတွေလဲဗျ"

"ရှစ်ထောင့်ပုံတစ်ခုရယ်၊ ခေါက်ယပ်တောင်တစ်ချောင်းရယ်၊ နောက်ပြီး ကြိုးလိုလို ခါးပတ်လိုလို ပုံတစ်ခုလဲပါတယ်"

ထိုလူမှာ မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်သည်။

"သိုင်းလောကမှာ ဒီလို အမှတ်အသားရှိတဲ့ အဖွဲ့ကိုတော့ မကြားဖူးပါဘူး"

ယို့လုံးက ခေါင်းညိတ်၍...

"ကျုပ်လဲ မကြားဖူးဘူး၊ ဒါပေမယ့် ဦးလေးဖန်းက ဒီပုံတွေကို ကြည့်ပြီး အတော်လေးလေးနက်နက်ထားပုံ ရတယ်"

ထိုလူက သက်ပြင်းတစ်ချက်ချလိုက်ပြီး ယို့လုံးအား ပြောလိုက်လေသည်။

"အင်း... ဒီလိုဆိုရင် ဒီလူတွေနဲ့ ရင်ဆိုင်ရလိမ့်မယ် ထင်တယ်"

* * *



ဖန်းကျင်းရှမ်းသည် စာကိုကြည့်၍ တွေဝေငေးမောနေ၏။ သူ၏စိတ်ထဲ၌ တစ်စုံတစ်ရာကို ဆုံးဖြတ်ချက်ချရန် ခက်နေလေသည်။

ထိုစဉ် ဒုတိယမြင်းလှည်းပေါ်မှ ဆယ့်သုံးလေးနှစ်အရွယ် လူငယ်တစ်ယောက် ခုန်ဆင်းလာပြီး ပထမမြင်းလှည်းရှိရာသို့ လျှောက်လာသည်။ ထို့နောက် ဖန်းကျင်းရှမ်းအား ဦးညွတ်ကာ...

"ဦးလေး သခင်ကြီးက မေးခိုင်းလိုက်တယ်၊ ဘာဖြစ်လို့ ခရီးဆက်မထွက်သေးတာလဲ"

ဖန်းကျင်းရှမ်းက စာရွက်ကို ခေါက်လိုက်သည်။

ထို့နောက် မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်ပြီး လူငယ်လေးအား ပြောလိုက်လေသည်။

"မင်းတို့သခင်ကြီးကို ပြန်ပြောလိုက်၊ ဘားပြ တွေ့နေလို့ အနှောင့်အယှက် ဖြစ်နေလို့ပါလို့"

လူငယ်က ဦးညွတ်လိုက်သည်။

"ဟုတ်ကဲ့"

ထို့နောက် လူငယ်က လှည့်ပြန်မည်အပြုတွင် ဖန်းကျင်းရှမ်းက စကားဆက်ပြန်လေသည်။

"နေဦး မင်းတို့သခင်ကြီးကို စိတ်ချပါလို့ ပြောလိုက်၊ နောက်ပြီးတော့ ကျားမာန်အာမခံဌာနရဲ့ နာမည်ကိုတော့ အပျက်မခံပါဘူးလို့၊ ဒါပေမယ့် ကိစ္စမပြီးပြတ်သေးဘဲ ဘယ်သူမှ မြင်းပေါ်က မဆင်းပါနဲ့၊ မြင်းလှည်းပေါ်က ဆင်းတဲ့လူတွေကိုလည်း ကျုပ်က

အာမ မခံဘူးလို့ ပြောလိုက်ပါ”

“ဟုတ်ကဲ့ ကောင်းပါပြီ”

လူငယ်က ဒုတိယမြင်းလှည်းရှိရာသို့ ပြန်လည်လျှောက်သွားလေတော့သည်။

* * *

ဖန်းကျင်းရှမ်း၏မျက်နှာပြင်၌ အတွေးများကြောင့် လေးနက်တည်ကြည်နေ၏။

ထို့နောက် သူသည် ယို့လုံးအနီး၌ ရပ်နေသော လူဘက်သို့ လှည့်လိုက်ပြီး အမိန့်ပေးလိုက်သည်။

“ကျွန်းအော့၊ ယန်စုစိန်နဲ့ ချန်းတပေါင်တို့ကို သွားခေါ်စမ်း...”

ထိုလူက ဦးညွတ်လိုက်သည်။

“ဟုတ်ကဲ့ ဦးလေးဖန်း”

သူသည် ပြောပြီး နောက်ဆုံး မြင်းလှည်းပေါ်မှ လိုက်လာသော လူများထံသို့ လျှောက်သွားလေသည်။

ထိုအချိန်တွင် မြင်းလှည်းမောင်းသမား ငါးယောက်တို့မှာလည်း မြင်းလှည်းပေါ်မှ ခုန်ဆင်းလာကြပြီး လက်နက်ကိုယ်စီဖြင့် မြင်းလှည်းများ၏အနီး၌ စောင့်ကြပ်နေ၏။



ထိုမြင်းလှည်းမောင်းသမားများမှာလည်း ကျားမာန်အာမခံဌာနမှ သိုင်းသမားများ ဖြစ်ကြပြီး ရုပ်ဖျက်ထားသူများ ဖြစ်ကြ၏။

လမ်းခရီး၌ အန္တရာယ်နှင့် ကြုံလာသောအခါ ချက်ချင်းပင် တိုက်ခိုက်ရန် အသင့်ပြင်ထားကြခြင်း ဖြစ်လေသည်။

* * *

ယို့လုံးသည် ပတ်ဝန်းကျင်သို့ တစ်ချက်အကဲခတ် ကြည့်လိုက်ပြီးနောက် ဖန်းကျင်းရှမ်းအား လေသံတိုးတိုးဖြင့် လှမ်းမေး၏။

“ဦးလေးဖန်း... ရန်သူက အတော် ကြောက်စရာကောင်းသလား”

ဖန်းကျင်းရှမ်းက ခေါင်းကို အသာအယာညိတ်ယင်း ပြောလိုက်သည်။

“ဟုတ်တယ်... အတော် ကြောက်စရာကောင်းတဲ့ ရန်သူပဲ၊ ဒီစခန်းကို ကျော်ဖို့ မလွယ်ဘူး”

ဖန်းကျင်းရှမ်း၏အကြောင်းကို ယို့လုံးက ကောင်းစွာ သိထားသည်။ ဖန်းကျင်းရှမ်းသည် သိုင်းပညာ ထူးချွန်သော လူတစ်ယောက် ဖြစ်သည်။ တော်ရုံသိုင်းသမားကို ဂရုမစိုက်ချေ။

ယခု ဖန်းကျင်းရှမ်း ကြုံတွေ့နေရသော ရန်သူမှာ အလွန်ကြောက်စရာကောင်းသော သိုင်းသမားများ ဖြစ်နေသည်မှာ သေချာလှပေသည်။

ထိုစဉ်မှာပင် ကျွန်းအော့ဆိုသောလူသည် လူနှစ်ယောက်အား ခေါ်ဆောင်လာသည်ကို တွေ့ရလေသည်။

ယင်းလူနှစ်ယောက်မှာ တစ်ယောက်က ကိုယ်လုံးကိုယ်ထည်ထွားကြိုင်းပြီး ကျန်တစ်ယောက်က ကိုယ်လုံးကိုယ်ထည်သေးသွယ်သောလူ ဖြစ်သည်။

ချန်းတဟောင်သည် ဖန်းကျင်းရှမ်းအား ဦးညွတ်လိုက်၏။

"ဦးလေးဖန်း ဘယ်သူကလမ်းကို တားထားသလဲ၊ ကျွန်တော်ကိုယ်တိုင် သွားတွေ့မယ်"

ဖန်းကျင်းရှမ်းက ခေါင်းခါယမ်းကာ တားမြစ်လိုက်သည်။

"အရမ်းမသွားနဲ့... အခု တွေ့ရတဲ့လူဟာ သာမန်ဓားပြလူ မဟုတ်ဘူး"

ဖန်းကျင်းရှမ်းက ယန်စုစိန်ဘက်သို့ လှည့်လိုက်ပြီး စာတစ်စောင်ကို ထုတ်ပြလိုက်သည်။

"ဟောဒီမှာ စာတစ်စောင်ရှိတယ်၊ နာမည်ထိုးမထားဘဲ ပုံအမှတ်အသားတွေပဲ ရေးဆွဲထားတဲ့သူဟာ ဘယ်သူလဲဆိုတာ မင်းသိလား"

ယန်စုစိန်သည် သိုင်းလောက၌ အတွေ့အကြုံ အလွန်ရင့်ကျက်နေသော သိုင်းသမားတစ်ယောက် ဖြစ်သောကြောင့် ဖန်းကျင်းရှမ်းက ယခုကဲ့သို့ သူ့အား ခေါ်ပြီး စာကို ပြလိုက်ခြင်း ဖြစ်သည်။



ယန်စုစိန်သည် သူ၏အရိုးပေါ် အရေဖုံးထားသော လက်နှစ်ဘက်ဖြင့် စာကို လှမ်းယူလိုက်လေသည်။

ယန်စုစိန်သည် စာကိုမဖတ်ဘဲ အောက်တွင်ပါရှိသော ပုံအမှတ်အသားသုံးခုကို အာရုံစူးစိုက်စွာ ကြည့်နေ၏။

အတန်ကြာမျှ စဉ်းစားပြီးနောက် စကားကို တစ်လုံးချင်း ပြောလိုက်လေသည်။

"ကျွန်တော် သိသလောက် ပြောရမယ်ဆိုရင် ဒီစာဟာ တောင်ပိုင်းဒေသက ယက္ခသုံးယောက်ရဲ့ အမှတ်အသား ဖြစ်နိုင်ပါတယ်"

သူသည် ပြောပြီး စာကို ရိုသေစွာ ပြန်ပေးလိုက်လေသည်။

ဖန်းကျင်းရှမ်းက တခဏမျှ စဉ်းစားလိုက်ပြီး ခေါင်းညိတ်လက်ခံလိုက်သည်။

"ဟုတ်တယ် သူတို့ပဲ၊ အံ့ဩစရာကောင်းတာက သူတို့ ပျောက်ကွယ်သွားတာ နှစ်ပေါင်းအတော်ကြာပြီ၊ ဘယ့်နှယ် အခုမှ ပေါ်လာပြီး တို့ကို လာအနှောင့်အယှက် ပေးရတာလဲ"

ချန်းတဟောင်က ရယ်မောလိုက်ပြီး...

"ဘယ်သူပဲဖြစ်ဖြစ်၊ ကျုပ်တို့ အာမခံအဖွဲ့ကို နှောင့်ယှက်ရင် ရှင်းပစ်လိုက်ရုံပေါ့"

ထိုသို့ပြောပြီး ချန်းတဟောင်သည် ခါး၌ ချိတ်ထားသော ဘုနှစ်ခုကို ဖြုတ်ယူလိုက်ပြီး ရန်သူနှင့် ရင်ဆိုင်ရန် လျှောက်သွား၏။

"ဟေ့… ရပ်လိုက်"

ဖန်းကျင်းရှမ်း ကပျာကယာ ဟန့်တားလိုက်သည်။

ချန်းတဟောင်သည် အလွန်စိတ်မြန်သော လူတစ်ယောက် ဖြစ်သည်။

သို့သော် ဖန်းကျင်းရှမ်း၏အမိန့်ကို မလွန်ဆန်ဝံ့ဘဲ ခြေလှမ်းရပ်တန့်လိုက်ရလေသည်။

ဖန်းကျင်းရှမ်းက ချောင်းတစ်ချက်ဟန့်လိုက်ပြီး ချန်းတဟောင်အား ရှင်းပြလိုက်လေသည်။

"ကျုပ်သိသလောက် ပြောရမယ်ဆိုရင် ဒီယက္ခသုံးယောက်ဟာ ဓားပြဖြစ်ပေမယ့်၊ အခုလို အတိအလင်းလာပြီး ယူဝံ့တာ သူတို့မှာ စေ့စပ်ပိုင်နိုင်တဲ့ အချက်အလက် ရှိလိမ့်မယ်လို့ ငါယုံကြည်တယ်၊ ဒါကြောင့် တို့က ပေါ့ပေါ့တန်တန်လုပ်လို့ မဖြစ်ဘူး…"

ဖန်းကျင်းရှမ်းက သူ၏ရှည်လျားသော မုတ်ဆိတ်မွေးကို လက်ဖြင့်သပ်ရင်း မြူနှင်းများ ဆိုင်းနေသော ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်၏။

ထို့နောက် သူ၏ငယ်သားများဘက်သို့ လှည့်ကာမေး၏။

"ယန်စုစိန်…မင်း ယက္ခသုံးယောက်နဲ့ တွေ့ဖူးသလား"

ယန်ယုစိန်က ခေါင်းယမ်းခါလိုက်သည်။

"နာမည်သာ ကြားဖူးတယ်၊ လူချင်းတော့ မတွေ့ဖူးပါဘူး"

ဖန်းကျင်းရှမ်းက အနည်းငယ် စဉ်းစားလိုက်ပြီးနောက် ဆုံးဖြတ်ချက်တစ်ခု ချလိုက်လေသည်။



"ဒါဖြင့် တို့သွားတွေ့ကြရအောင်"

သူ၏မျက်လုံးအစုံသည် အနီးမှ ရပ်နေသော လူများအား တစ်ချက်ဝေ့ကြည့်လိုက်၏။

ပြီးတော့ ယို့လုံးအား လှမ်းပြောလိုက်၏။

"ယို့လုံး…မင်း ငါနဲ့လိုက်ခဲ့၊ ကျွန်းအော့နဲ့ ချန်းတဟောင်တို့က ဒီမှာနေခဲ့၊ မြည်းလှည်းတွေကိုလည်း ခုခံကာကွယ်ဖို့ ပြင်ဆင်ထားလိုက်၊ ဒီအခေါက်က ငါတို့အလုပ်ရှင်ဟာ ရာထူးရာခံရှိတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အပြင် မိသားစုလည်း ပါလာသေးတယ်၊ သူတို့က တို့ကိုယုံကြည်လို့ အားလုံးအပ်ထားတာ၊ ဒါကြောင့် အန္တရာယ်ကြုံလာရင် ငါတို့ဟာ အသက်နဲ့ရင်းပြီး သူတို့ရဲ့အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးရလိမ့်မယ်"

ချန်းတဟောင်က ဖန်းကျင်းရှမ်းအား ဦးညွှတ်ကာ…

"စိတ်ချပါ ဦးလေးဖန်း ကျွန်တော် တာဝန်ယူပါတယ်"

ဖန်းကျင်းရှမ်းက ကျေနပ်စွာပြုံးရင်း…

"အေး…အရေးအကြီးဆုံးကတော့ ငါ့အမိန့် မရမချင်း မြင်းလှည်းကနေ တဖဝါးမှ မခွာရဘူး၊ ကဲ..ငါတို့သွားမယ်"

သူက လက်တစ်ချက်ဝှေ့ယမ်းလိုက်ပြီး..

"ယို့လုံး လိုက်ပို့စမ်း"

ထို့နောက် ဖန်းကျင်းရှမ်းတို့ လူစုသည် မြင်းများကို ဒုန်းစိုင်းစီးကာ ဆီးခြံဘက်သို့ ဦးတည်ထွက်လာခဲ့လေတော့သည်။

* * *

ချန်းတပေါင်သည် စိတ်မြန်ကိုယ်မြန်ဖြစ်သော်လည်း သိုင်းလောက၌ နှစ်ရှည်လများကြာမြင့်စွာ အာမခံလုပ်ငန်းကို လုပ်ကိုင်လာခဲ့သဖြင့် အတွေ့အကြုံရှိသည်။ လုပ်ငန်းကျွမ်းကျင်သည်။

ကျားမာန်အာမခံဌာန၌ တာဝန်ကျေပွန်စွာ သစ္စာရှိစွာ ထမ်းဆောင်လာခဲ့လေသည်။

သူသည် ဖန်းကျင်းရှမ်းတို့ လူစုထွက်သွားသည်နှင့် သူ၏ မြင်းလှည်းများဆီသို့ လျှောက်လာလေသည်။

ထို့နောက် မြင်းလှည်းငါးစင်းကို စက်ဝိုင်းပုံသဏ္ဍာန်အနေအထားအဖြစ် ထားရှိရန် ချက်ချင်းအမိန့်ပေးလိုက်လေသည်။

မြင်းသမားရှစ်ယောက်ကိုလည်း အဆင်သင့် အရေးကြုံလျှင် ခုခံတိုက်ခိုက်ရန် နေရာယူထားခိုင်းလေသည်။

မြင်းလှည်းမောင်းသမား ငါးယောက်တို့သည်လည်း ဓားကိုယ်စီဖြင့် မိမိ၏မြင်းလှည်း နံဘေး၌ ရပ်၍စောင့်ကြပ်နေ၏။

သူသည် ဘုနှစ်လုံးကို ကိုင်၍ အန္တရာယ်နှင့်ကြုံလာလျှင် အချိန်မရွေး တိုက်ခိုက်နိုင်ရန် အသင့်ပြင်ထားလေသည်။

* * *



ယို့လုံးသည် ရှောင်ကြွတ်ထံသို့ အရင်ဦးဆုံး အကြောင်းကြားရန် ရောက်ရှိသွားလေသည်။ အသင့်စောင့်နေသော ရှောင်ကြွတ်ကို တွေ့ရလေသည်။

သူသည် လက်နှစ်ဘက်ကို ဆုပ်လိုက်ပြီး ဦးညွတ်လိုက်လေသည်။

"ကျေးဇူးပြုပြီး ခင်ဗျားတို့ရဲ့ ခေါင်းဆောင်ကြီးကို အကြောင်းကြားပေးပါ၊ ကျုပ်တို့ ကျားမာန်အာမခံဌာနက တာဝန်ခံ ဖန်းကျင်းရှမ်း ရောက်ရှိနေပါတယ်၊ လာရောက်တွေ့ဆုံပါလို့"

ရှောင်ကြွတ် ခေါင်းညိတ်ပြီး...

"ကောင်းပြီ၊ ကျုပ် အကြောင်းကြားပေးမယ်၊ ခဏစောင့်ပါ"

ရှောင်ကြွတ်သည် မြင်းဇက်ကြိုးကို လှည့်လိုက်ပြီးနောက် ဆီးပင်ခြံရှိရာသို့ မောင်းနှင်ဝင်ရောက်သွားလေသည်။

မကြာပါချေ။ လူလေးယောက်သည် ဆီးပင်ခြံထဲမှ ဖန်းကျင်းရှမ်းတို့ လူစုဆီသို့ ဦးတည်လျှောက်လာလေတော့သည်။

— * * *

ဆီးခြံထဲမှ ထွက်လာသော လူလေးယောက်သည် မြင်းကို အသုံးမပြုဘဲ ခြေကျင်လျှောက်လာကြသည်။ သူတို့၏ ခြေလှမ်းများမှာ အလွန်လျင်မြန်သောကြောင့် ထိုလူများသည် အတွင်းအား အဆင့်မြင့်ကြောင်းကို သိနိုင်လေသည်။

မကြာမီမှာပင် ယို့လုံးနှင့် ဝါးတရိုက်ခန့်အကွာသို့ ရောက်ရှိလာပြီး ရပ်တန့်လိုက်လေသည်။ ရှေ့ဆုံးမှလူသည် ရှောင်ကြွတ်ဖြစ်သည်။

"ကဲ မိတ်ဆွေ၊ ကျုပ်တို့ခေါင်းဆောင် ရောက်လာပါပြီ ခင်ဗျားတို့ တာဝန်ခံက ပြောစရာရှိရင် ပြောနိုင်ပါပြီ"

ယို့လုံးသည် ရှောင်ကြွတ်၏နောက်တွင် ရောက်ရှိနေသော လူသုံးဦးအား အကဲခတ်ကြည့်လိုက်သည်။

အလယ်၌ရပ်နေသောလူသည် စာပေသမားများ ဆောင်းလေ့ရှိသောဦးထုပ်ကို ဆောင်းထားပြီး အနက်ရောင်အင်္ကျီလက်တိုအနက်ရောင်ဘောင်းဘီရှည် ဝတ်ဆင်ထားသည်။ ထိုလူ၏ကိုယ်ပေါ်၌ ကျားသားရေဝတ်ရုံ ခြုံထားလေသည်။

သူ၏လက်တွင် လက်မောင်းလုံးပတ်သဏ္ဌာန်မျှရှိသော ရှည်မျောမျော လက်နက်ဆန်းတစ်ခုကို ကိုင်ဆောင်ထားလေသည်။

ဗယ်ဘက်၌ ရပ်နေသူမှာ အပြာရောင်အင်္ကျီဝတ်ဆင်သည်။ သူ၏ရုပ်ရည်မှာ ချောမောခန့်ညားပြီး လက်ထဲ၌ ယပ်တောင်တစ်ချောင်းကို ကိုင်ဆောင်ထားလေသည်။

ညာဘက်တွင် ရပ်နေသောလူမှာ ပန်းရောင်ခေါင်းပေါင်းအနီရောင်အင်္ကျီနှင့် ပန်းရောင်သားရေဖိနပ်ကို ဝတ်ဆင်ထားပြီး ပန်းရောင်ဝတ်ရုံ ခြုံထားလေသည်။



ကိုယ်လုံးကိုယ်ပေါက်မှာ အချိုးအစား ပြေပြစ်သော မိန်းကလေးတစ်ယောက် ဖြစ်လေသည်။

နှင်းမှုန်များ တဖွဲဖွဲကျနေသောကြောင့် သူမ၏မျက်နှာကို ပီပြင်စွာ မမြင်တွေ့ရသော်လည်း အလွန်လှပသော မိန်းကလေးတစ်ယောက်ဖြစ်ရမည်ဟု ခန့်မှန်းရသည်။

ထိုစဉ် ဖန်းကျင်းရှမ်းက ခြေလှမ်းကျဲကျဲဖြင့် သူ့ထံသို့ လျှောက်လာလေသည်။ ယို့လုံးသည် ဖန်းကျင်းရှမ်းအား ဦးညွှတ်ကာ

"ဦးလေးဖန်း တွေ့ဆုံဖို့ သူတို့ရောက်နေပါပြီ"

"ကောင်းပြီ"

ယို့လုံးက ဦးညွှတ်လိုက်ပြီး နောက်မှ လိုက်သွားလေသည်။

* * *

ဖန်းကျင်ရှမ်းသည် ရောင်ကြွတ်တို့ လူစုအနီးသို့ ရောက်သောအခါ ခြေလှမ်းရပ်တန့်လိုက်လေသည်။

ယန်စုစိန်နှင့်ယို့လုံးကလည်း ဖန်းကျင်းရှမ်း၏ တဘက်စီတွင် နေရာယူ၍ ရပ်တန့်လိုက်လေသည်။

ထို့နောက် ဖန်းကျင်းရှမ်းက လက်နှစ်ဘက်ဆုပ်လိုက်လေသည်။

"ခင်ဗျားတို့က တောင်ပိုင်းက ယက္ခသုံးယောက် မဟုတ်လား"

ထိုအခါ အလယ်၌ရှိနေသောလူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်တို့က ယက္ခမောင်နှမသုံးဖော်ပဲ"

ဖန်းကျင်းရှမ်းက စကားဆက်လိုက်သည်။

"ကျုပ်သိသလောက်ဆိုရင် ကျုပ်တို့ ကျားမာန်အာမခံဌာနနဲ့ခင်ဗျားတို့ မောင်နှမနဲ့ ရန်ငြိုးမရှိခဲ့ပါဘူး။ ဒါကြောင့် ခင်ဗျားတို့က ကျုပ်တို့ သွားမယ့် လမ်းခရီးမှာ ဘာကြောင့် အနှောင့်အယှက်ပေးရတာလဲ"

ယက္ခမောင်နှမ သုံးယောက်တို့သည် မည်သူမျှ စကားမပြောဘဲ ဆိတ်ဆိတ်ငြိမ်နေကြလေသည်။

ဖန်းကျင်းရှမ်းက ချောင်းတစ်ချက်ဟန့်လိုက်ပြီး စကားကို ဆက်လိုက်ပြန်သည်။

"ကျုပ်တို့ အခုလိုက်ပို့တဲ့ ပစ္စည်းတွေဟာ တန်ဖိုးရှိတဲ့ပစ္စည်း လုံးဝမပါဘူး"



ထိုစဉ် ဗယ်ဘက်၌ရပ်နေသော အပြာရောင်အကျီဝတ်ဆင်းသော လူသည် ယပ်တောင်ကို ဖွင့်လိုက်ပြီး သူ၏ကိုယ်ပေါ်မှ းပွဲများကို ခါပစ်လိုက်သည်။

ပြီးနောက် ဖန်းကျင်းရှမ်းအား တစ်ချက်ကြည့်လိုက်ပြီး...

"ကျုပ်တို့ စုံစမ်းပြီးပါပြီ၊ သူတို့မှာ အဖိုးတန်တဲ့ပစ္စည်းပါည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ခင်ဗျားတို့ ပူစရာ မလိုပါဘူး၊ ကျုပ် မောင်နှမတွေနဲ့ ကျားမာန်အာမခံဌာနနဲ့လဲ ရန်ငြိုးမရှိပါဘူး၊ ကြောင့် ခင်ဗျားတို့က လက်နက်ချလိုက်ပြီး အေးအေးဆေးဆေး းလိုရာ သွားကြပါ။ ကျုပ်တို့ ခင်ဗျားတို့လူတွေကို လက်ဖျားနဲ့ တင် မထိပါဘူးဗျာ"

ယပ်တောင်နှင့်လူ၏ ပြောစကားကြောင့် ဖန်းကျင်းရှမ်း၏ က်နှာပေါ်တွင် ဒေါသအရောင်များ သန်းလာလေတော့သည်။

"ဒီလိုဆိုရင် ခင်ဗျားတို့က ကျုပ်တို့ ကျားမာန်အာမခံဌာန နာမည်ဖျက်မယ်ဆိုပါတော့"

အနီရောင်အကျီ ဝတ်ဆင်ထားသော မိန်းကလေးက ရယ် လိုက်သည်။

"ကျွန်မတို့က ကျားမာန်အာမခံဌာနကို လက်ဖျားနဲ့ တင် မထိဘူးလို့ ကြိုတင်ပြောထားပါတယ်၊ ရှင်တို့က တင်းမာ မယ်ဆိုရင်တော့ ကျွန်မတို့လည်း မတတ်နိုင်ဘူး"

ဖန်းကျင်းရှမ်းသည် ပြော၍မရမှန်း နားလည်လိုက်သည်နှင့် ရာယ်ကို ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်လေသည်။

"ဟား... ဟား... ဟား..."

သူသည် ခေါင်းမော့၍ အားရပါးရ ရယ်မောလိုက်လေ

"ကျုပ်တို့ ကျားမာန်အာမခံဌာနက ရန်မလိုပေမယ့် ရန်
လည်း မကြောက်တတ်ဘူးဆိုတာ ခင်ဗျားတို့ သိထားကြပါ"

အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသော လူက ရယ်မေ
ယင်း...

"ကောင်းပြီလေ... ခင်ဗျားက ယက္ခသုံးယောက်ကို ရင်ဆို
နိုင်မယ်ဆို့ ယူဆရင် စကားရှည်ရှည် ပြောစရာ မလိုတော့ပါဘူ
လေ"

အနီရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် ရုတ်
ရက် ဖန်းကျင်းရှမ်းရှေ့သို့ လျှောက်လာလေသည်။ ထို့နောက်...

"အချိန်လည်း သိပ်မရှိတော့ဘူး၊ ကျွန်မကပဲ ရှင့်ရဲ့ သိုင်း
ညာကို ယှဉ်ပြိုင်ပါရစေ"

သူမသည် စိန်ခေါ်လိုက်သည်ဖြစ်သော်လည်း သူမ၏လက်
ထဲ၌ မည်သည့် လက်နက်မှ လုံးဝမပါချေ။ ဖန်းကျင်းရှမ်းက ပြုံးလာ
သည်။

"မိန်းကလေးဟာ လက်နက်မပါပါလား"

မိန်းကလေး၏ ပြုံးနေသော မျက်နှာသည် ရုတ်တရက်
ပြုံးရောင် ကွယ်ပျောက်သွားပြီး လေသံအနည်းငယ် မာကျော
ပြောလိုက်သည်။

"လက်နက်ပါပါတယ် ရှင်တို့ မမြင်လို့ပါ"



ဖန်းကျင်းရှမ်းက ယို့လုံးဘက် လှည့်လိုက်သည်။

"ယို့လုံး... မင်း သူနဲ့ ယှဉ်စမ်း၊ ဒါပေမယ့် သတိထား ယှဉ်
င်ပါ။ သူ အသုံးပြုတဲ့ လက်နက်က ထူးဆန်းတဲ့ လက်နက် ဖြစ်ရ
ယ်၊ သူ့ရဲ့ လက်နက်ကို တွေ့မြင်မှ တိုက်ခိုက်ရင် ပိုကောင်းတယ်"

ယို့လုံးက ဦးညွှတ်လိုက်သည်။ ထို့နောက် သူသည် ခါးမှ
းကို ဆွဲထုတ်လိုက်ပြီး မိန်းကလေးထံသို့ လျှောက်သွားသည်။

"ကျုပ်က ယို့လုံးပါ၊ ကျေးဇူးပြုပြီး ယှဉ်ပြိုင်ဖို့ လက်နက်
တ်ပါ"

မိန်းကလေးက ပြုံးလိုက်သည်။

"မလိုပါဘူး၊ ရှင်နဲ့ ကျွန်မ ယှဉ်ပြိုင်ရင်းနဲ့ ကျွန်မ သုံးတဲ့
က်နက်ကို တွေ့ရမှာပေါ့ရှင်၊ သတိသာ ထားပေတော့"

စကားဆုံးသွားသည်နှင့် လက်ဝါးဖြင့် ယို့လုံးအား တိုက်
က်လိုက်သည်။

ယို့လုံးက ရှောင်တိမ်းလိုက်ပြီး မိန်းကလေးအား အော်ပြော
ိုက်သည်။

"ဒီမှာ... ညီမ၊ လက်နက်ထုတ်ပါ"

မိန်းကလေးက ပြယ်ရယ်ပြုလိုက်သည်။

"စိတ်ချ... လက်နက် အသုံးပြုသင့်တဲ့အချိန်မှာ ထုတ်သုံး
ပေါ့ရှင်"

သူမသည် ပြောယင်း လက်းဝါးနှစ်ဘက်ဖြင့် ဗယ်ညာစည်
းသိုင်းကွက်ဖြင့် ယို့လုံး၏ နားထင်နှစ်ဘက်သို့ ရိုက်ချလိုက်လေ

သည်။

ယို့လုံးက မျက်မှောင်ကြုတ်သွားသည်။ မိန်းကလေး
သိုင်းပညာလည်း မခေလှပေ။ ထို့ကြောင့် မိန်းကလေး၏ ရိုက်ချ
ကို ရှောင်လွှဲယင်း သူ၏ဓားသည် ဝဲမှယာသို့ ခပ်ဖွဖွကလေး ခု
လိုက်လေသည်။

"ဟား ဟား ဟား"

မိန်းကလေးက ရယ်မောယင်း သူမ၏ခန္ဓာကိုယ်အား ကျွ
တစ်ပတ် ပစ်လိုက်ပြီး ယို့လုံး၏ ခေါင်းပေါ်မှ ကျော်သွားလေသည်

တစ်ချိန်တည်းမှာပင် သူမ၏ခြေထောက်သည် ယို့လုံး
နောက်ကျောသို့ ကန်ချလိုက်လေသည်။

အကယ်၍သာ သူမ၏ခြေထောက် ထိမိသွားလျှင် အသ
မသေလျှင်ပင် ဒဏ်ရာပြင်းထန်စွာ ရသွားနိုင်သည်။

ယို့လုံး၏ခန္ဓာကိုယ်သည် မိန်းကလေး၏ကန်ချက်ကြော
ရုတ်တရက် ရှေ့သို့ငိုက်ချလိုက်လေသည်။ ထို့အပြင် သူ၏ယာဘ
လက်မှ ဓားသည် "လဝန်းလှည့်ကြည့်"သိုင်းကွက်ဖြင့် မိန်းကလေး
ခြေထောက်ကို နောက်ပြန် ခုတ်ချလိုက်သည်။

မိန်းကလေးသည် လေထဲတွင် ကျွမ်းတစ်ပတ် ပစ်လိုက်ပြ
ဝါးတစ်ရိုက်ခန့်အကွာတွင် မြေပေါ်သို့ ကျသွားသည်။

ယို့လုံးသည် ဓားကို ပြန်ရုပ်လိုက်ပြီး ရင်ဝတွင် ကန့်လန့်
ဖြတ် အနေအထားဖြင့် ရပ်လိုက်သည်။

"လက်နက်ကို ထုတ်လိုက်ပါလားဗျာ"



ယို့လုံးက ပြုံး၍ ပြောလိုက်သည်။

မိန်းကလေးက နှုတ်ခမ်းမဲ့လိုက်ပြီး...

"ကိုယ့်ကိုကိုယ် သိပ်အထင်မကြီးပါနဲ့"

သူမ၏ ဗယ်ဘက်လက် တစ်ချက်ဝှေ့ယမ်းလိုက်၏။ အနီ
ရောင်တန်းတစ်ခုသည် ယို့လုံးထံသို့ ပစ်လွှင့် ဝင်ရောက်လာလေ၏။

ယို့လုံး မျက်မှောင်ကြုတ်သွား၏။

"ဘယ်လိုလက်နက်မျိုးပါလိမ့်"

သူသည် ယင်းသို့ တွေးတောယင်း ရောက်ရှိလာသော အနီ
ရောင်တန်းကို ဓားဖြင့် ခုတ်ချလိုက်သည်။

ထိုစဉ် မိန်းကလေးက လက်တစ်ချက် ခါလိုက်သည်။

ထိုအနီရောင်တန်းသည် ယို့လုံး၏ ဓားကိုင်သော လက်ကို
ရစ်ပတ်ရန် ရောက်ရှိလာလေသည်။

ယို့လုံးသည် ယခုမှ ထိုအနီရောင်တန်းမှာ အနီရောင်ဖဲကြိုး
ဖြစ်နေသည်ကို တွေ့မြင်လိုက်ရ၏။ သူသည် ဘေးသို့ ခြေလေးငါး
လှမ်းစာမျှ ရှောင်တိမ်းလိုက်သည်။

"သတိထားနော်"

မိန်းကလေးက ပြောယင်း အနီရောင် ဖဲကြိုးဖြင့် ယို့လုံး၏
ခြေထောက်နှစ်ဘက်ကို ရစ်ပတ်လိုက်ပြန်လေသည်။

ယို့လုံးက အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းလိုက်ပြီး
ကိုယ်ဖော့ပညာကို အသုံးပြုကာ အပေါ်သို့ ခုန်တက်လိုက်သည်။

မိန်းကလေး၏အကြံသည် သူ့အား အပေါ်သို့ ခုန်စေခြင်း

ဖြစ်သည်။

ယို့လုံးအပေါ်သို့ ခုန်တက်သွားသည်ကို တွေ့မြင်လိုက်သည်နှင့် သူမသည် ခစ်ကနဲ ရယ်မောလိုက်လေသည်။

အနီရောင်ဖဲကြိုးကို အပေါ်သို့ လွှင့်သွားစေပြီး ယို့လုံး၏ ခြေထောက်နှစ်ဘက်ကို ရစ်ပတ်ထားလိုက်လေသည်။

ယို့လုံးသည် သူမ၏အကြံ ရိပ်မိသွားသည်။ သို့သော် အချိန်က နောက်ကျသွားလေသည်။

ထို့နောက် မိန်းကလေးက ဖဲကြိုးကို ဆောင့်ဆွဲလိုက်လေသည်။

"ဝုန်း"

ယို့လုံး၏ခန္ဓာကိုယ်သည် သူမရှေ့သို့ ကျလာလေသည်။

ထိုစဉ် ရောင်ကြတ်သည် ယို့လုံးထံပြေးလွှားလာပြီး သူ၏ လက်ညှိုးဖြင့် ယို့လုံး၏ သွေးကြောကို ပိတ်လိုက်လေတော့သည်။

* * *



ဖန်ကျင်းရှမ်းသည် ဣန္ဒြေမပျက်ဘဲ တည်ငြိမ်အေးဆေးစွာ ရပ်နေသည်။ သူသည် ယို့လုံးရှုံးနိမ့်သွားသည်ကို တွေ့လိုက်ရသောအခါ အနည်းငယ် မျက်နှာပျက်သွားသည်။

ယန်စုစိန်အား လေသံတိုးတိုးဖြင့် သတိပေးလိုက်၏။

"ဒီမိန်းကလေးရဲ့ ဖဲကြိုးနီကို မင်းလဲ နိုင်မှာ မဟုတ်ဘူး၊ အရမ်းမထွက်နဲ့"

ယန်စုစိန်က မျက်မှောင်ကြုတ်သွားသည်။

"ယို့လုံးကို မကယ်တော့ဘူးလား"

ဖန်းကျင်းရှမ်းက ခေါင်းခါယမ်းလိုက်ပြီး...

"သူတို့ ကြည့်ရတာ ယို့လုံးရဲ့အသက်ကို အန္တရာယ်ပေးမယ့် ပုံမပေါ်ဘူး၊ မင်းက မြင်းလှည်းဆီကို ပြန်သွားပြီး ကူပါ"

ယန်းစုစိန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

ယန်စုစိန်သည် ပြောပြောဆိုဆိုဖြင့် မြင်းလှည်းရှိရာသို့ ပြေးလွှားသွားလေတော့သည်။

* * *

မိန်းကလေးက ဖန်းကျင်းရှမ်းထံသို့ လျှောက်လာလေ၏။

"ရှင်တို့လူက ခံနိုင်ရည်မရှိဘူးရှင့်၊ ရှင်ကိုယ်တိုင် ယှဉ်ပြိုင်မှ ဖြစ်တော့မယ် ထင်တယ်"

ဖန်းကျင်းရှမ်းက မိန်းကလေးအား မဲ့ပြုံးပြုံးကာ...

"ကျုပ်လူက အတွေ့အကြုံနည်းလို့ ရှုံးသွားတာပါ။ ကျုပ်ကိုတော့ နိုင်မယ် မထင်နဲ့၊ ဒါပေမယ့် မယှဉ်ပြိုင်မီ စကားတစ်ခွန်းတော့ ပြောချင်တယ်"

မိန်းကလေးက ရယ်မောလိုက်၏။

ထို့နောက် အသာအယာ ခေါင်းညိတ်ကာ...

"ဟုတ်ကဲ့ ပြောပါရှင်"

ဖန်းကျင်းရှမ်းက နှာခေါင်းတစ်ချက် ရှုံ့လိုက်၏။

"သိုင်းလောကသားတွေက ကျုပ်ကို သံမဏိလက်ဝါး ရွှေကွင်းလို့ ခေါ်ပါတယ်"

မိန်းကလေးက ပြုံးလိုက်သည်။

"ဟုတ်ကဲ့ ကျွန်မ ကြားပြီးပါပြီ"

"ရွှေကွင်းဆိုတာ လက်နက်ပုန်းပါပဲ"

ဖန်းကျင်းရှမ်းက ဂုဏ်ယူဝင့်ကြွားသော လေသံဖြင့် ပြောလိုက်၏။

သို့သော် မိန်းကလေး ဘာမျှ မထူးခြားဟန်ဖြင့်...

"သိုင်းလောကသားတွေဟာ လက်နက်ပုန်း အသုံးပြုတာ မဆန်းပါဘူး"



မိန်းကလေး၏လေသံကား အေးတိအေးစက်နိုင်လှသည်။

"သိထားရင် ပြီးတာပါပဲ၊ ကျုပ်က လက်နက်ပုန်း အသုံးပြုတဲ့အခါ ကြိုတင်အကြောင်း မကြားတော့ဘူး"

ဖန်းကျင်းရှမ်းသည် ကသိကအောက် ဖြစ်သွားဟန်တူ၏။ စိတ်တိုသံဖြင့် ပြန်ပြောသည်။

မိန်းကလေးက ခေါင်းညိတ်လိုက်လေ၏။

"ရပါတယ်"

"ဒီလိုဆိုတော့လဲ ခင်ဗျားက သိုင်းလောကရဲ့ စည်းကမ်းတွေကို နားလည်သားပဲ"

ဖန်းကျင်းရှမ်းက သရော်သလို လေသံဖြင့် ပြောသည်။

မိန်းကလေးက ခေါင်းညိတ်လိုက်ပြန်၏။

"ကျွန်မတို့လဲ သိုင်းလောကသားတွေပဲ... သိုင်းလောကရဲ့ စည်းကမ်းတွေကို နားမလည်ဘဲ နေပါ့မလားရှင်"

ဖန်းကျင်းရှမ်းက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဒါဖြင့် ဟန်ကျတာပဲ၊ ခင်ဗျားတို့က ကျုပ်တို့ မြင်းလှည်းကို လုချင်တယ်ဆိုရင် သိုင်းလောကရဲ့ စည်းကမ်းချက်အတိုင်း လုပ်စေချင်တယ်"

မိန်းကလေးက သူ၏စကားကြောင့် မကျေမနပ်ဖြစ်ကာ မျက်မှောင်ကြုတ်ကာ မေးလိုက်သည်။

"ဘာလဲ၊ ပစ္စည်းလုတာလည်း သိုင်းလောကရဲ့ စည်းကမ်းချက် လိုအပ်သေးလို့လား"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်ပြီး...

"လိုတာပြော့ဗျာ"

မိန်းကလေး ခနဲ့သောလေသံဖြင့်...

"ဒါဖြင့်လည်း ပြောပြစမ်းပါရှင့်"

ဖန်းကျင်းရှမ်းသည် ယင်းသို့ အချိန်ဆွဲထားသည်မှာ သူ၏လူများ ပြန်လည်ခုခံနိုင်ရန် အဆင်သင့် ပြင်ဆင်ရန် အချိန်ရနိုင်ဖို့ ဖြစ်သည်။

သူသည် ယခုအချိန်... သူ၏လူများ တိုက်ခိုက်ရန် အားလုံး အဆင်သင့် ပြင်ဆင်ပြီးလောက်သော အချိန်၌ ဖန်းကျင်းရှမ်းသည် သူ၏အလိုဆန္ဒကို ဖွင့်ပြောလိုက်လေသည်။

"ဒီလိုပါ၊ ဒီလှည်းတန်းတွေကို အာမခံပြီး ပို့ဆောင်ပေးတဲ့ လူဟာ ကျားမာန်အာမခံဌာန ဖြစ်တယ်၊ ခင်ဗျားတို့ လုယူတာကို ခုခံတာက ကျုပ်ပါပဲ၊ ဒါကြောင့် ဘာပဲဖြစ်ဖြစ် ကျုပ်တို့ အာမခံပြီး ပို့တဲ့လူကို မထိခိုက်စေရဘူး"

"စိတ်ချ၊ ကျွန်မတို့က လူအများအသက်ကို အကြောင်းမဲ့ ရန်ရှာသတ်ဖြတ်တဲ့ ဓားပြမဟုတ်ဘူး"

သူမသည် ပြောပြီးသည်နှင့် ဖန်းကျင်းရှင်းအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ဖန်းကျင်းရှမ်းက အမျိုးသမီးကို ဟန့်တားလိုက်ပြီး

"နေဦး... ပြောစရာစကား ကျန်သေးတယ်"

မိန်းကလေးက မကျေမနပ်ဟန်ဖြင့် မျက်မှောင်ကြုတ်ပြီး...



"ပြောစရာရှိတာ အမြန်ပြောပါ"

ဖန်းကျင်းရှမ်း မိန်းကလေးအား အကဲခတ်ကြည့်လိုက်ပြီး စဉ်းစားဟန်ပြုပြီးမှ စကားကို ဖြည်းလေးစွာ ပြောလိုက်သည်။

"ကျုပ်ဟာ သိုင်းလောကရဲ့ စည်းကမ်းအရ ခင်ဗျားတို့ကို ရှုံးနိမ့်ပြီး သေဆုံးသွားခဲ့ရင်လည်း ကျုပ်ရဲ့ ကံတရားပါပဲ၊ သက်ဆိုင်ရာကို တိုင်ကြားခြင်း မလုပ်ပါဘူး၊ ဒါပေမယ့် ခင်ဗျားတို့က ဒီမြင်းလှည်း တွေကို ဘာမှမလုပ်ဘဲ သုံးလလောက် ထိန်းသိမ်းထားပါ၊ ကျုပ်တို့ ဌာနချုပ်ကိုလည်း စာရေးပြီး အကြောင်းကြားပေးပါ"

မိန်းကလေးက မျက်မှောင်ကြုတ်ပြီး စဉ်းစားလိုက်ကာ...

"တကယ်လို့ သုံးလပြည့်လို့မှ ရှင်တို့ဌာနချုပ်က မလာရင် ရော"

ဖန်းကျင်းရှမ်းက သက်ပြင်းကို ခပ်လေးလေးချကာ...

"ဒီတော့လည်း ခင်ဗျားတို့ သဘောအတိုင်း လုပ်ပေါ့ဗျာ"

မိန်းကလေးက အနည်းငယ်စဉ်းစားလိုက်ပြီး ဖန်းကျင်းရှမ်း အား...

"ကောင်းပြီလေ၊ ဒီကိစ္စကို စိတ်ချ ကျွန်မ တာဝန်ယူတယ်"

ထို့နောက် ဖန်းကျင်းရှမ်းက သူ၏နောက်မှ လူနှစ်ယောက် အား လှမ်းကြည့်လိုက်သည်။

"ခင်ဗျား တာဝန်ယူရင် သူတို့က ကန့်ကွက်မှာလား"

မိန်းကလေးက ရင်ကော့လိုက်သည်။

"စိတ်ချ၊ ကျွန်မမိန်းကလေးပေမယ့် ကတိတည်ပါတယ်"

ဖန်းကျင်းရှမ်းက လက်မထောင်လိုက်သည်။

"ခင်ဗျားကိုတော့ ကျုပ်ချီးကျူးပါတယ်ဗျာ"

မိန်းကလေးက...

"ရှင့်စကား ကုန်သွားပြီလား"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ကုန်ပါပြီဗျာ"

"ဒါဖြင့် သတိထားပေတော့"

သူမသည် ပြောယင်း လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

ဖန်းကျင်းရှမ်းက နောက်သို့ ခြေတစ်လှမ်းခန့် ဆုတ်လိုက်လေသည်။

တဆက်တည်းမှာပင် သူ့လက်ထဲမှ ကျောက်စိမ်းဆေးတံဖြင့် မိန်းကလေး၏ လက်ကောက်ဝတ်သို့ ထောက်လိုက်သည်။

မိန်းကလေးက လက်ကို ပြန်ရုပ်သိမ်းကာ ဖန်းကျင်းရှမ်း၏ ခေါင်းပေါ်မှ ကျွမ်းပစ်၍ ကျော်လိုက်သည်။

ယင်းသို့ ဖြတ်ကျော်စဉ်အခိုက်မှာပင် သူမ၏ခြေထောက်နှစ်ဘက်သည် ဖန်းကျင်းရှမ်း၏ နောက်စေ့သို့ နှစ်ချက်ဆင့်၍ ကန်လိုက်လေသည်။

ဖန်းကျင်းရှမ်းက ခြေထောက်မရွေ့ပါ။ ခါးကို ညွတ်ကိုင်းလိုက်ပြီး ခန္ဓာကိုယ်အပေါ်ပိုင်းကို နောက်သို့ လှည့်လိုက်လေသည်။

တချိန်တည်းမှာပင် လက်ထဲမှ ဆေးတံဖြင့် မိန်းကလေး၏ ခြေမျက်စေ့မှ သွေးကြောကို ထောက်လိုက်လေ၏။



မိန်းကလေးက ကျွမ်းတစ်ပတ်ပစ်၍ ခုန်ရှောင်လိုက်သည်။ ခြေထောက်မြေပြင်ပေါ်သို့ ပြန်ကျလာသည်နှင့် လက်တစ်ဘက်ကို နောက်ပြန်ဝှေ့ယမ်းလိုက်သည်။

အနီရောင်တန်းတစ်ခုသည် ဖန်းကျင်းရှမ်းထံသို့ ပစ်လွှင့်ဝင်ရောက်လာ၏။

ထိုအနီရောင်တန်းကား ဖဲကြိုးနီ ဖြစ်လေသည်။ ဖန်းကျင်းရှမ်းက လက်ထဲမှ ဆေးတံဖြင့် လိမ်လိုက်ရာ ဖဲကြိုးနီသည် ဆေးတံနှင့် ရစ်ပတ်မိသွားလေသည်။

မိန်းကလေးက တအားဆောင့်ဆွဲလိုက်သည်။

ဖန်းကျင်းရှမ်းက သတိထားနေသည့်ကြားမှ ဆွဲခေါ်ရာသို့ ပါသွားရန် သီသီကလေးသာ လိုတော့သည်။

မိန်းကလေး၏ အတွင်းအားကလည်း အံ့သြဖွယ်ကောင်းလှအောင် ထက်မြက်နေပေသည်။

သူသည် ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်ပြီး...

"သတိထားဟေ့ မိန်းကလေး"

ဖန်းကျင်းရှမ်းသည် ပြောပြောဆိုဆိုဖြင့် ဗယ်လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ ရွှေကွင်းကလေးသုံးခုသည် မိန်းကလေးထံသို့ လွင့်ပျံသွားလေသည်။

မိန်းကလေးက လွင့်ပျံလာသော ရွှေကွင်းကလေးများကို ကြည့်ကာ ရင်ထိတ်သွားလေသည်။ ထို့ကြောင့် မိန်းကလေးသည် မြေပေါ်သို့ ကမန်းကတန်း လှဲချ၍ ရှောင်တိမ်းလိုက်လေသည်။

သို့သော် ရွှေကွင်းတစ်ခုက သူမ၏ပခုံးပေါ်သို့ ရှပ်၍ ထိမှန်သွားသည်။ သူမ၏ပခုံးပေါ်မှ သွေးများသည် ရဲရဲနီသွားလေ၏။

ဖန်းကျင်းရှမ်းသည် ဆက်လက်မတိုက်ခိုက်ဘဲ ရပ်တန့်လိုက်သည်။

အကယ်၍သာ ရွှေကွင်းဖြင့် ဆက်လက်တိုက်ခိုက်လိုက်လျှင် မိန်းကလေးမှာ အသက်ဆုံးရှုံးသွားနိုင်လေသည်။

သို့သော် ဖန်းကျင်းရှမ်းသည် လူသတ်ရန်မှာ ဝန်လေးနေလေသည်။

မိန်းကလေးအား အကျပ်ကိုင်ရန် အရှင်ဖမ်းလိုသော ဆန္ဒဖြစ်ပေါ်လာသည်။

ထို့ကြောင့် သူသည် မိန်းကလေးထံသို့ လျင်မြန်စွာ ဖမ်းချုပ်လိုက်ပြီး လက်ထဲမှဆေးတံဖြင့် မိန်းကလေး၏သွေးကြောသို့ ထောက်လိုက်လေသည်။

သို့သော် ဖန်းကျင်းရှမ်းမှာ မိန်းကလေး၏ ထူးခြားသော ကိုယ်ဖော့ပညာကို သတိမထားမိချိန်၌ မိန်းကလေးသည် လက်တစ်ဘက်ဖြင့် ဆေးတံကို တွန်းပစ်လိုက်ကာ ကိုယ်ကို ခုန်ရှောင်လိုက်လေသည်။

တစ်ဆက်တည်းပင် နောက်သို့ ကျွမ်းတစ်ပတ် ပစ်လိုက်လေသည်။ ခြေထောက်မြေပေါ် ပြန်ကျလာသည်နှင့် လက်ထဲမှ ဖဲကြိုးနီဖြင့် ဖန်းကျင်းရှမ်း၏ ခြေထောက်ကို ရစ်ပတ်လိုက်လေသည်။

ဖန်းကျင်းရှမ်း ရင်ထိတ်သွားကာ ခြေတစ်လှမ်း ဆုတ်လိုက်



ပြီး မိန်းကလေး လက်ထဲမှ ဖဲကြိုးနီအား ဖမ်းဆွဲရန် ဟန်ပြင်လိုက်သည်။ သို့သော် ဖန်းကျင်းရှမ်း လှမ်းမဆွဲမီမှာပင် မိန်းကလေးက သူ့ထက် လျင်မြန်စွာ အားယူ၍ ဖဲကြိုးနီအား နောက်သို့ ဆောင့်ဆွဲယူလိုက်၏။

ထိုအခါ ဖန်းကျင်းရှမ်း၏ ခန္ဓာကိုယ်သည် အရှိန်မထိန်းနိုင်ဘဲ ခပ်လှမ်းလှမ်းသို့ လွင့်ကျသွားသည်။

ဖန်းကျင်းရှမ်းသည် ကိုယ်ကိုတစ်ချက် ထိန်းထားပြီး ပြန်လည်တိုက်ခိုက်ရန် ဟန်ပြင်လိုက်စဉ် မိန်းကလေးက ဖဲကြိုးနီတစ်ချောင်းဖြင့် ထပ်မံပစ်လွှင့် တိုက်ခိုက်ပြန်လေသည်။

ဖန်းကျင်းရှမ်းမှာ တိုက်ခိုက်ချိန် မရလိုက်ပါ။ အဘယ်ကြောင့်ဆိုသော် သူ၏ ခြေထောက်နှစ်ချောင်းကို ဖဲကြိုးနီက လာရောက် ရစ်ပတ်ထားသောကြောင့် ဖြစ်လေသည်။

* * *

ဖန်းကျင်းရှမ်းသည် သိုင်းလောကတွင် ကျင်လည်ကျက်စားခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ ဖြစ်သည်။

သို့သော် ယခုကဲ့သို့ အဖြစ်မျိုး တစ်ကြိမ်တစ်ခါမှ မကြုံဖူးခဲ့ချေ။

ဖန်းကျင်းရှမ်းသည် မိန်းကလေးတစ်ယောက်က သူ့အား သိုင်းပညာ ကျွမ်းကျင်စွာ တိုက်ခိုက်နိုင်ခဲ့သောကြောင့် ရှက်လည်းရှက်၊ စိတ်ထဲ၌လည်း ဒေါသထွက်သွားသည်။ မိန်းကလေးအား အနိုင်တိုက်ခိုက်ရန် ဆုံးဖြတ်ပြီး အတွင်းအားအသုံးပြုပြီး လက်နှစ်ဘက်ဖြင့် ဝေ့ယမ်းလိုက်ရာ လက်ထဲမှ ရွှေကွင်းလေးခုသည် မိန်းကလေးဆီသို့ ပစ်လွှင့်သွားပေသည်။

မိန်းကလေးက ထိတ်လန့်တုန်လှုပ်သွားကာ သူ၏ခန္ဓာကိုယ်ကို မြေပေါ်သို့ ကမန်းကတန်း လှဲချလိုက်သည်။ ထိုစဉ် မိန်းကလေးနှင့် ခပ်လှမ်းလှမ်းမှ ရပ်နေသော အပြာရောင်အင်္ကျီ ဝတ်ဆင်ထားသော လူက လျှင်မြန်စွာ ပြေးဝင်လာပြီး မိန်းကလေးဆီသို့ ပစ်လွှင့်လာသော ရွှေကွင်းလေးခုအား ယပ်တောင်ဖြင့် ခတ်ထုတ်လိုက်လေသည်။

ထိုအခါ ရွှေကွင်းကလေးများ မြေပေါ်သို့ လွင့်ဖဉ်ကျသွားလေသည်။

ထိုအခိုက်တွင် ဖန်းကျင်းရှမ်း ခြေထောက်မှ ဖိကြိုးကို ဖြုတ်လိုက်ပြီး မတ်တတ်ရပ်လိုက်လေသော အပြာရောင်အင်္ကျီ ဝတ်ဆင်ထားသော လူက ဖန်းကျင်းရှမ်းအား မဲ့ပြုံးပြုံးပြလိုက်ပြီး...



"ခင်ဗျားမှာ ရှိတဲ့ ရွှေကွင်းတွေ အားလုံး လွှင့်လိုက်စမ်းပါ"

ဖန်းကျင်းရှမ်းသည် အခြေအနေ မဟန်မှန်း သိလိုက်သဖြင့် လူများနှင့် မယှဉ်နိုင်တော့ဘဲ သူ၏မြင်းလှည်းများ ရှိရာသို့ တည်းဖြည်း ဆုတ်သွားလေသည်။

ထိုအခါ မိန်းကလေးနှင့် အပြာရောင်ဝတ်ဆင်ထားသည့် လူက ဖန်းကျင်းရှမ်း နောက်ဆုတ်သွားသည်ကို ကြည့်၍ အံ့အားသင့်သွားလေသည်။ မိန်းကလေးက မျက်မှောင်ကြုတ်သွားလေသည်။

"အစ်ကိုလတ်... ဖန်းကျင်းရှမ်းက သိုင်းပညာ အလွန်တော်တဲ့အပြင် ဉာဏ်လဲများတယ်၊ အတွေ့အကြုံလဲ ရင့်ကျက်တယ်၊ သူ မြင်းလှည်းဆီကို ဆုတ်သွားတာ လူအင်အားကို စုစည်းတာပဲ ဖြစ်ရမယ်"

အပြာရောင်အင်္ကျီ ဝတ်ဆင်ထားသော လူက ခေါင်းညိတ်လိုက်ပြီး တခဏမျှ စဉ်းစားကာ...

"အင်း... ဖြစ်နိုင်တယ်၊ တို့ သွားကြည့်ရအောင်"

* * *

မိန်းကလေးနှင့် အပြာရောင်ဝတ်ဆင်ထားသော လူသ
မြင်းလှည်းများအနီးသို့ ရောက်လာသောအခါ ခြေလှမ်းကို ရုတ်
ရက် ရပ်တန့်လိုက်လေသည်။ သူတို့သည် မြင်းလှည်းများကို အ
ခတ် ကြည့်လိုက်သောအခါ မြင်းလှည်းငါးစီးသည် စက်ဝိုင်းပမာ ဝို
ရံထားသည်ကို တွေ့မြင်လိုက်ရလေသည်။

မိန်းကလေးက မျက်မှောင်ကြုတ်သွားပြီး အပြာရောင်ဝ
လူအား လှမ်းသတိပေးလိုက်သည်။

"ကိုလတ်... သတိထား"

သူ၏စကားမဆုံးမီ မြင်းလှည်းများ၏နောက်ကွယ်မှ မြ
နှစ်စင်းသည် သူတို့ထံ ပစ်လွှင့်လာသည်ကို တွေ့မြင်လိုက်ရလေ

အပြာရောင်အင်္ကျီ ဝတ်ဆင်ထားသောလူက မြားကို သူ
ယပ်တောင်ဖြင့် ခတ်ထုတ်ပစ်နိုင်ခဲ့သော်လည်း မြား၏အရှိန်မှာ ပြ
ထန်လွန်းသောကြောင့် လက်ထဲမှ ယပ်တောင် လွတ်မကျသွားရ
တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်ရလေသည်။

အပြာရောင်ဝတ်စုံနှင့်လူသည် ခြေလှမ်းကို ရပ်တန့်လိုက်
ပြီး အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။ သူ၏နောက်မှ မိန်
ကလေး သတိထား၍ လိုက်လာလေသည်။

"အစ်ကိုလတ် ဘယ်လို အခြေအနေထူးလဲ"

အပြာရောင်အင်္ကျီ ဝတ်ဆင်ထားသူက ခေါင်းခါယမ်းပြီ
မြင်းလှည်းများကို ညွှန်ပြလိုက်သည်။

"သူတို့က မြင်းလှည်းများကို ကာကွယ်ယူပြီး မြားနဲ့ ပစ်



ယ်"

မိန်းကလေးက မျက်မှောင်ကြုတ်ပြီး ထိုလူအား တီးတိုး
ပြောလိုက်သည်။

"အစ်ကိုကြီးကို သွားအကြောင်းကြားလိုက်ရင် မကောင်း
ူးလား"

အပြာရောင်အင်္ကျီ ဝတ်ဆင်ထားသူက ခေါင်းခါယမ်းလိုက်
လသည်။

"မလိုပါဘူး"

မိန်းကလေးက စိတ်မရှည်ဟန်ဖြင့်...

"ကျွန်မတော့ အချိန်ဆွဲမထားချင်ဘူး၊ တိုက်စရာရှိရင် ဝင်
ိုက်ပစ်ချင်တယ်"

"နေဦး အစ်ကို အခြေအနေ ကြည့်ဦးမယ်"

သူတို့ ပြောဆိုနေစဉ်မှာပင် မြားနှစ်စင်း သူတို့အနီးသို့
စ်လွှင့်လာသည်။

အပြာရောင်ဝတ်ထားသော လူနှင့် မိန်းကလေးတို့မှာ လျင်
မြန်စွာ ရှောင်တိမ်းလိုက်ပြီး...

"ယား"

မိန်းကလေးမှာ ဒေါသထွက်လာပြီး မြင်းလှည်းရှိရာသို့ တ
ုန်တိုး ပြေးသွားလေသည်။

အပြာရောင်ဝတ်ထားသောသူသည် မိန်းကလေးအား ဟန့်
ားချိန် မရလိုက်ပေ။

တဖွတ်ထိုး ဝင်ရောက်တိုက်ခိုက်နေသည်ကို တွေ့ရသော
ခါ သူသည်လည်း မြင်းလှည်းများရှိရာသို့ ပြေးလွှားသွားပြီး တိုက်
ခိုက်ရန် ဝင်ရောက်လိုက်သည်။

ထိုအခါ မြင်းလှည်းများ၏နောက်ကွယ်မှ မြားတစ်စင်
သည် ထပ်မံပစ်လွှင့်လာသည်ကို တွေ့လိုက်ရသည်။

အပြာရောင်ဝတ်ဆင်ထားသောလူသည် မြင်းလှည်း၏အမိုး
ပေါ် ခုန်တက်ပြီး ရှောင်တိမ်းလိုက်လေသည်။

ထိုအခါ သူ၏ခြေထောက်နှစ်ဘက်သည် မြင်းလှည်း၏အမိုး
ပေါ်သို့ ခြေချမိသည်နှင့် မြင်းလှည်းတွင်းမှ ချန်းတပေါင်က သူ၏
လက်နက်တော် ဘုနှစ်လုံးဖြင့် တိုက်ခိုက်လိုက်လေသည်။

အပြာရောင်ဝတ်ဆင်ထားသူက ရှောင်တိမ်းလိုက်ပြီး သူ၏
ယပ်တောင်ခလုတ်နှိပ်လိုက်ရာ ယပ်တောင်ထဲမှ လက်နက်ပုန်းအပ်
ကလေးများသည် ချန်းတပေါင်ထံသို့ ပစ်လွှင့်လာလေသည်။

ချန်းတပေါင်၏ ကိုယ်ခန္ဓာမှာ ထွားကျိုင်းပြီး အသုံးပြု
သည့် လက်နက်မှာလည်း ကြီးမားသဖြင့် အပြာရောင်ဝတ်၏ လက်
နက်များကို ရှောင်တိမ်းနိုင်စွမ်းမရှိဘဲ သူ၏ပခုံးအား အပ်ကလေး
များ စိုက်ဝင်သွားလေသည်။ ချန်းတပေါင်သည် သူ၏ပခုံး ထိမိ
သွားသည်နှင့် လက်ထဲမှ သံမဏိဘုလည်း လွတ်ကျသွားလေသည်။

ထို့နောက် အပြာရောင်ဝတ်ဆင်ထားသော လူက ပြုံး
လိုက်ပြီး ရှေ့တိုးသွားကာ ချန်းတပေါင်၏ သွေးကြောများကို ပိတ်
လိုက်လေတော့သည်။



မိန်းကလေးသည် ကိုယ်ဖော့ပညာကို အသုံးပြုပြီး မြင်း
လှည်းဆီမှ ပစ်လွှင့်လာသော မြားများကို ရှောင်တိမ်းလိုက်သည်။

ထို့ပြင် သူမသည် လေထဲသို့ ကျွမ်းတစ်ပတ် ပစ်လိုက်ပြီး
နောက် မြင်းလှည်းတစ်စင်း၏ ခေါင်မိုးပေါ်သို့ ခုန်ပျံရောက်သွား
လေသည်။

သူမသည် မြင်းလှည်းခေါင်မိုးပေါ်မှ မြင်းလှည်းတွင်းသို့
ခုန်ချလိုက်ပြီး မြင်းလှည်းအတွင်းမှ အမျိုးသမီးတစ်ယောက်ကို ဆွဲ
ထုတ်လိုက်သည်။

မြင်းလှည်းအတွင်းမှ အမျိုးသမီးမှာ အသက်(၄၀)ကျော်
ခန့် ရှိသည်။

အပြာရောင် ဖဲပွမ်းကပ်အင်္ကျီ ဝတ်ဆင်ထားပြီး အပြာ
ရောင်မိုးကာကို ဝတ်ဆင်ထားသည်။

သူမ၏ခေါင်းပေါ်တွင် အဖိုးတန်သော ပုလဲပန်းများနှင့် ရွှေ
ထည်ပစ္စည်းများ ဝတ်ဆင်ထားသည်။

အမျိုးသမီးမှာ မင်းမျိုးမင်းနွယ်ထဲမှ ဖြစ်ရမည်ဟုလည်း
ခန့်မှန်းရသည်။

ထိုစဉ်မှာပင် ဖန်းကျင်းရှမ်းက အခြားမြင်းလှည်းတစ်စင်းမှ
ပြေးထွက်လာပြီး...

"ဟေ့... မိန်းကလေး၊ ဒီအမျိုးသမီးက မြို့တော်ဝန်က
တော်ကွ၊ သိုင်းပညာလဲ မတတ်ဘူး၊ သူ့ကို လွှတ်လိုက်စမ်း"

မိန်းကလေးသည် ဖန်းကျင်းရှမ်းကို မြင်လိုက်သည်နှင့် ဖန်း

ကျင်းရှမ်း၏ လက်နက်ပုန်းပညာကို သူမ ယှဉ်ပြိုင်ဖူးသဖြင့် ထိတ်လန့်ကာ ကမန်းကတန်းဖြင့် အမျိုးသမီးအား သူမရှေ့သို့ အကာအကွယ် ပြုထားလိုက်လေသည်။ မိန်းကလေးက ပန်းတစ်ချက်တွန့်ကာ...

"ဒီမှာ ရှင်ကသာ လက်နက်ပုန်းနဲ့ ပစ်မယ်ဆိုရင် မြို့တော်ဝန်ကတော် ထိမှာပဲ"

ဖန်းကျင်းရှမ်းသည် သူ၏လက်ထဲမှ လက်နက်ပုန်းကို အသုံးမပြုဝံ့တော့ပါ။

ဖန်းကျင်းရှမ်းသည် မည်သို့ တိုက်ခိုက်ရမည်ကို စဉ်းစားကာ အကျပ်ရိုက်နေသည်။

ထိုစဉ် အခြားမြင်းလှည်းထဲမှ မြို့တော်ဝန် ထွက်လာလေသည်။

သူ့လက်ထဲတွင် အထုပ်ကလေးတစ်ခု ပါလာပြီး ဖန်းကျင်းရှမ်းအား...

"ဒီမှာ... ဖန်းကျင်းရှမ်း၊ ကတိသစ္စာကို ကံတရားသာ ထားလိုက်ပေတော့၊ ဟောဒီအထုပ်ကိုသာ ကျုပ်ပြောတဲ့ဆီသာ ရောက်အောင် ပို့ပေးပါတော့"

ဖန်းကျင်းရှမ်းက နားမလည်နိုင်စွာဖြင့် မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"မြို့တော်ဝန်ကတော်ကို ဒီအတိုင်း ထားခဲ့ရမှာလား"

မြို့တော်ဝန်က ခေါင်းညိတ်ပြီး သက်ပြင်းတစ်ချက် ချလိုက်လေသည်။



"ဘယ်တတ်နိုင်ပါ့မလဲ၊ ခင်ဗျားပဲ လွတ်အောင်သာ သွားပါ"

ဖန်းကျင်းရှမ်းသည် တခဏမျှ စဉ်းစားလိုက်ပြီး ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်လေသည်။

"ကောင်းပါပြီလေ၊ ကျုပ်အတတ်နိုင်ဆုံး ဆောင်ရွက်ပါ့မယ်"

ဖန်းကျင်းရှမ်းသည် ထိုသို့ ပြောပြီးသည်နှင့် အထုပ်ကလေးကို လှမ်းယူလိုက်ပြီး ကိုယ်ဖော့အသုံးပြုကာ မြင်းလှည်းပေါ်ကို ကျော်၍ ခုန်တက်သွားသည်။

သူ့ခန္ဓာကိုယ်သည် ပေါ့ပါးစွာ လေထဲသို့ ခုန်တက်လိုက်ချိန်တွင် လူတစ်ယောက်သည် သူ့ထံသို့ ခုန်ဝင်လာပြီး လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။ ဖန်းကျင်းရှမ်းက လျင်မြန်စွာ လက်ဝါးတစ်ဘက်ဖြင့် တွန်းထုတ်ခုခံလိုက်၏။

"ဖုတ်"

လက်ဝါးနှစ်ဘက် ရိုက်မိသွားသော အသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သူတို့နှစ်ယောက်စလုံးသည် မြေပေါ်သို့ ကျလာလေ၏။

ယခုမှ ဖန်းကျင်းရှမ်းက ထိုလူအား ကြည့်လိုက်မိသည်။

မိမိအား ဝင်ရောက်တိုက်ခိုက်သူမှာ ယက္ခသုံးယောက်အ...က် အနက်ရောင်အကျီ ဝတ်ဆင်ထားသောလူ ဖြစ်သည်ကို တွေ့ရ...လသည်။

အနက်ရောင်ဝတ်ထားသောလူသည် သူ့အား စိုက်ကြည့်လိုက်ပြီး...

"ဒီမှာ... ဖန်းကျင်းရှမ်း၊ ခင်ဗျားကို ပြောထားတယ်၊ လက်နက်ချပြီး ထွက်သွားပါလို့၊ အခုတော့ ခင်ဗျားက ကိုယ့်ကိုကိုယ် လည်ပင်းကြိုးစွပ်သလို ဖြစ်မနေဘူးလား"

ဖန်းကျင်းရှမ်းသည် ထိုလူ၏စကားကို ဂရုမစိုက်ဘဲ မြင်းလှည်းများ၏ အခြေအနေကို သုံးသပ်လိုက်သည်။

မိမိ၏လူများသည် တစ်ဝက်ကျော်ခန့် အရေးနိမ့်နေသည်ကို တွေ့ရသောအခါ စိုးရိမ်စွာ လှမ်းအော်လိုက်၏။

"အားလုံးရပ်လိုက်"

ဖန်းကျင်းရှမ်း မိမိလူများ ထိခိုက်နစ်နာမှု မရှိစေရန် ဟန့်တားလိုက်ခြင်း ဖြစ်သည်။ ဖန်းကျင်းရှမ်း အော်ဟစ် တားမြစ်လိုက်သည်နှင့် ကျားမာန်အာမခံဌာနမှ လူညှိသမားများသည် တိုက်ခိုက်ရာမှ ရပ်တန့်သွားလေသည်။

* * *



အနက်ရောင်ဝတ်ဆင်ထားသော လူက မဲ့ပြုံးပြုံးလိုက်ပြီး ခေါင်းညိတ်ကာ...

"အင်း... ဘယ်ဆိုးလို့တုန်း၊ ခင်ဗျားက အခြေအနေကို ထိန်းထားနိုင်သားပဲ"

ဖန်းကျင်းရှမ်းက အေးစက်သော လေသံဖြင့်...

"ဒီမှာ ကျုပ်နဲ့ ခင်ဗျားတို့နဲ့ တိုက်ပွဲဆက်ရဦးမှာပဲ"

အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသော လူက မဲ့ပြုံးပြုံးလိုက်ပြီး...

"ခင်ဗျား မမျှော်လင့်နဲ့တော့၊ ဘာဖြစ်လို့လဲဆိုရင် ခင်ဗျားသတင်းပို့ခိုင်းတဲ့ လူကို ကျုပ်က လမ်းမှာ ဖမ်းထားလိုက်ပါပြီ..."

ဖန်းကျင်းရှမ်း၏မျက်နှာ ကွက်ခနဲ ပျက်သွားလေတော့၏။

ထိုစဉ် မြို့တော်ဝန်က သူတို့ထံ လျှောက်လာပြီး ဖန်းကျင်းရှမ်းအား...

"ကျုပ်က ခင်ဗျားတို့ အာမခံဌာနကို ယုံကြည်စိတ်ချလို့ အပ်တာ၊ စစ်တပ်က ပို့ဆောင်ပေးဖို့ ပြောတာတောင် ကျုပ်က ငြင်းပယ်လိုက်တာ၊ အခုတော့..."

ဖန်းကျင်းရှမ်း၏ မျက်နှာတစ်ခုလုံး နီရဲသွားသည်။

မြို့တော်ဝန်အား ခေါင်းညိတ်ဝန်ခံလိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်တို့ တာဝန်ရှိပါတယ်"

မြို့တော်ဝန်က စကားဆက်လိုက်သည်။

"သူတို့ အခုလို ဓားပြလာတိုက်တာ ရွှေငွေအတွက် မဟုတ်

ဘူးဆိုတာ ကျုပ် ခန့်မှန်းနိုင်တယ်၊ ဘာဖြစ်လို့လဲဆိုရင် ကျုပ်က နှစ်ပေါင်း နှစ်ဆယ်လောက် မြို့တော်ဝန်ရာထူး ရထားပေမယ့် မတရားမလုပ်တဲ့အတွက် ရွှေငွေ များများစားစား မရှိခဲ့ပါဘူး၊ တန်ဖိုးရှိတဲ့ ပစ္စည်းလည်း မရှိသလောက်ပါဘဲ"

ထို့နောက် မြို့တော်ဝန်က ဖန်းကျင်းရှမ်း၏ လက်ထဲမှာ ရောက်ရှိနေသော အထုပ်ကို ညွှန်ပြလိုက်သည်။

"ဒီအထုပ်ထဲမှာလည်း ဘာမှတန်ဖိုးရှိတဲ့ ပစ္စည်း မပါပါဘူး၊ အဲဒီတော့ သူတို့ဘာကိုလိုချင်တယ်ဆိုတာမေးပြီး တောင်းတာကို ပေးလိုက်ပါ"

ဖန်းကျင်းရှမ်းက အနက်ရောင်ဝတ်ထားသောလူအား ကြည့်လိုက်သည်။ ထို့နောက် ထိုလူများအား မေးလိုက်သည်။

"ကဲ..ခင်ဗျားတို့ မြို့တော်ဝန်ပြောတဲ့စကား ကြားတယ်မဟုတ်လား"

အနက်ရောင် ဝတ်ဆင်ထားသောလူက ဖန်းကျင်းရှမ်း၏ လက်ထဲမှ အထုပ်ကို လုယူလိုက်သည်။

သူသည် အထုပ်ကို ဖြေကြည့်လိုက်သောအခါ အနက်ရောင်ဝတ်ဆင်ထားသူ၏ မျက်လုံးများ၌ ဝင်းလက်တောက်ပသော အရိပ်အရောင် များ ပေါ်လွင်လာသည်။

အပြာရောင် ဝတ်ဆင်ထားသူနှင့် မိန်းကလေးတို့သည် အနက်ရောင်ဝတ်ဆင်ထားသူ၏ အနားသို့ ရောက်လာကြသည်။

အနက်ရောင် ဝတ်ဆင်ထားသူက အထုပ်ကလေးကို ဖြန့်



ပြလိုက်သည်။

"ဟောဒီမှာ တွေ့ပြီ၊ နောက်ကျန်တာကို လိုက်ရှာကြည့်ပါဦး"

အပြာရောင် ဝတ်ဆင်ထားသူနှင့် မိန်းကလေးတို့က ခေါင်းညိတ်လိုက်ကြပြီး အခြားမြင်းလှည်းများ ရှိရာသို့ လျှောက်သွားလေတော့သည်။

ဖန်းကျင်းရှမ်းသည် အထုပ်ကလေးထဲတွင် မည်သည့်ပစ္စည်းဟု မတွေ့မြင်လိုက်ရသော်လည်း အလွန်အဖိုးတန်သော ပစ္စည်းတစ်ခု ဖြစ်မည်ဟု ခန့်မှန်းမိလေသည်။

ဖန်းကျင်းရှမ်းသည် မကျေမနပ်ဖြစ်နေမိသည်။ ထို့အပြင် ကျားမာန်အာမခံဌာန၏ နာမည်ပျက်သတင်းကို လူအများ ကြားပြီး သိက္ခာကျရတော့မည်ကို တွေးကာ စိတ်မကောင်းဖြစ်စွာ ငိုင်နေမိလေသည်။

မြို့တော်ဝန်က အနက်ရောင် ဝတ်ဆင်ထားသူဘက်သို့ လှည့်လိုက်သည်။

"ကဲ..ခင်ဗျားတို့ လိုချင်တဲ့ပစ္စည်း ကြိုက်တာ အကုန်ယူသွားပါ၊ ကျုပ်တို့ကို အနှောင့်အယှက် မပေးနဲ့တော့"

မြို့တော်ဝန်က လေသံမာမာဖြင့် ပြောလိုက်သည်။ မြို့တော်ဝန်သည် သိုင်းပညာ မတတ်သော်လည်း အနည်းငယ်မျှ ကြောက်ရွံ့ခြင်းမရှိသည်ကို တွေ့ရလေသည်။

အနက်ရောင်အင်္ကျီဝတ်ဆင်ထားသူက မဲ့ပြုံးပြုံးလိုက်ပြီး..

"ပထမတုန်းကတော့ ကျုပ်က ပစ္စည်းကိုသာရဖို့ပဲ စိတ်ကူးထားတယ်၊ အခုတော့ ကျုပ်ရဲ့အမိန့်ကို ဖီဆန်တဲ့အတွက်"

မြို့တော်ဝန်က စိတ်မရှည်နိုင်စွာဖြင့် မျက်နှာကို မော့ကာ ခါးထောက်လိုက်ပြီး..

"ဒီမှာ ကျုပ်တို့ အချိန်မရဘူး၊ မင်းတို့ ပစ္စည်းရှာစရာရှိရင် မြန်မြန်ရှာပြီး သွားကြပါ"

ဖန်းကျင်းရှမ်းသည် မြို့တော်ဝန်အား ကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်သည်။

မြို့တော်ဝန်သည် သိုင်းလောက၏ ရက်စက်ကြမ်းကြုတ်မှုကို လုံးဝနားလည် သိရှိဟန်မတူပေ။

အနက်ရောင် ဝတ်ဆင်ထားသောလူ၏ စကားမှာ 'သူတို့စားပြတိုက်သည်ကို မပေါ်ရလေအောင် တစ်ယောက်မျှ အသက်ရှင်လျက်ထားမည်မဟုတ်' ဟူသောသဘောဖြင့် ပြောပြီးသည် မဟုတ်ပါလား"

* * *



ဖန်းကျင်းရှမ်းသည် သေရမည်ကို မကြောက်ပါ။

သို့သော် မိမိကြောင့် ကျားမာန်အာမခံဌာန နာမည်ပျက်သွားမည်ကို တွေးမိပြီး အလွန်ပင် စိတ်မကောင်းဖြစ်နေမိ၏။

ထို့အပြင် မြို့တော်ဝန်တို့ မိသားစုအား အသက်နှင့်လဲကာ ကယ်တင်နိုင်ရန် ကြိုးစားရပေမည်။ ထို့ကြောင့် သူသည် အနက်ရောင်ဝတ်ဆင်ထားသူအား အေးဆေးစွာတောင်းပန်လိုက်သည်။

"ဒီမှာ မိတ်ဆွေ၊ ကျုပ်တို့က သေရမှာမကြောက်ပါဘူး၊ ခင်ဗျားတို့လည်း လိုတဲ့ပစ္စည်းရပြီပဲ၊ ဒါပေမယ့် သိုင်းပညာလုံးဝမတတ်တဲ့ မြို့တော်ဝန်မိသားစုကို အသက်ချမ်းသာပေးပါခင်ဗျာ"

ဖန်းကျင်းရှမ်း၏ စကားကြောင့် အနက်ရောင်ဝတ်ဆင်ထားသူက မဲ့ပြုံးပြုံးလိုက်လေသည်။

"ဒီမှာ ဖန်းကျင်းရှမ်း ကျုပ်တို့ဟာ လျှို့ဝှက်ချက်တစ်ခုကို မပေါက်ကြားစေချင်ရင် ဘာလုပ်ရမယ်ဆိုတာ ခင်ဗျားနားလည်ပါတယ်"

ဖန်းကျင်းရှမ်း မျက်နှာတစ်ချက် ကွက်ခနဲပျက်သွားပြီးရင်ထဲ၌ လေးလံလာလေသည်။

ထိုစဉ် အပြာရောင်ဝတ်ထားသူနှင့် မိန်းကလေးကို့သည် အနက်ရောင်ဝတ်ဆင်ထားသူဆီသို့ အရေးတကြီး ပြေးလာကြသည်ကိုတွေ့ရလေသည်။

ထို့နောက် အပြာရောင်ဝတ်ဆင်ထားသူက အနက်ရောင်ဝတ်ဆင်ထားသူ၏ နားကိုကပ်၍ တိုးညင်းသော လေသံဖြင့် ပြော

လိုက်လေသည်။

သူတို့၏အသံက အလွန်တိုးနေသဖြင့် ဖန်းကျင်းရှမ်းတို့လူစု ကြားနိုင်စွမ်း မရှိချေ။

အပြာရောင်ဝတ်ဆင်ထားသောလူ၏ စကားကို ကြားရသောအခါ အနက်ရောင်ဝတ်ဆင်ထားသူ၏ မျက်နှာသည် ကွက်ခနဲ ပျက်သွားလေသည်။ တခဏမျှ တွေဝေနေလေသည်။

အတန်ကြာတော့မှ အနက်ရောင်ဝတ်ဆင်ထားသောလူက မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"မင်းတို့ သေချာရဲ့လား"

အပြာရောင်ဝတ်ဆင်ထားသူက ခေါင်းညိတ်လိုက်ပြီး...

"သေချာပါတယ်၊ ပိုပြီး တိကျအောင် အစ်ကိုကြီးကိုယ်တိုင် လိုက်ကြည့်ပါ"

အနက်ရောင်ဝတ်ဆင်ထားသူက အတန်ကြာမျှ စဉ်းစားပြီးနောက် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ကျုပ်သွားကြည့်မယ်"

ဟု ပြောကာ သူသည် နောက်သို့ငှဲ့ညို၍ လျှပ်တပြက် ဖန်းကျင်းရှမ်း၏ သွေးကြောကို ပိတ်လိုက်လေသည်။

ဖန်းကျင်းရှမ်းသည် မမျှော်လင့်ဘဲ အလစ်ခံလိုက်ရသဖြင့် မြေပေါ်သို့ လဲကျသွားလေသည်။

သို့သော် ဖန်းကျင်းရှမ်းက သတိမေ့သွားခြင်း မဟုတ်ပါ။ သူသည် ယကျွတို့လူစုအား အကဲခတ်ကြည့်လိုက်သည်။ ယကျွတို့လူစုသည် တစ်စုံတစ်ခုအား တွေ့မြင်လိုက်ရသဖြင့် ထိတ်လန့်အံ့ဩနေကြသည်ကို အကဲခတ်မိလေသည်။

ထို့ကြောင့် သူသည် ယကျွတို့မောင်နှမသုံးဖော် သွားရာသို့ လှမ်းကြည့်လိုက်သည်။

ယကျွမောင်နှမတို့သည် နောက်ဆုံး မြင်းလှည်းရှိရာသို့ လျှောက်သွားသည်ကို တွေ့ရသောအခါ ဖန်းကျင်းရှမ်းသည် စိုးရိမ်ပူပန်သွားလေသည်။

အဘယ်ကြောင့်ဆိုသော် နောက်ဆုံး မြင်းလှည်းပေါ်တွင် မြို့တော်ဝန်၏သမီးငယ်နှင့် အိမ်ဖော်များ စီးနင်းလိုက်ပါလာသော မြင်းလှည်းပင် ဖြစ်သည်။

မြို့တော်ဝန်သည် မောင်နှမသုံးဖော် သွားရာသို့ ကြည့်လိုက်ရာ မိမိ၏သမီး ရှိနေသော မြင်းလှည်းရှိရာသို့ သွားကြသောအခါ အံ့ဩထိတ်လန့်ကာ ကမန်းကတန်း ဟန့်တားလိုက်သည်။

"ဒီမှာ မောင်ရင်တို့ ကျုပ်သမီးမှာ အပြစ်မရှိဘူး၊ မင်းတို့ နှောင့်ယှက်စရာ မလိုဘူး"

မြို့တော်ဝန်က ရှေ့မှ ကာဆီးထား၏။

အပြာရောင်အင်္ကျီ ဝတ်ဆင်ထားသောလူက သူ့အား တွန်းထုတ်လိုက်ပြီး မြင်းလှည်းအဝ၌ ကာထားသော ယင်းကာကို ဆွဲမလိုက်လေသည်။

အနက်ရောင်ဝတ်ဆင်ထားသောလူက မြင်းလှည်းတွင်းကို လှမ်းကြည့်လိုက်သောအခါ တစ်ကိုယ်လုံး ကြက်သေသေသွား သည်

ကို တွေ့လိုက်ရလေ၏။ အတန်ကြာသောအခါ မျက်နှာပြုံးချို က
လေးလေးစားစားဖြင့် လက်ဆုပ်၍ အရိုအသေ ပြုလိုက်လေ၏။

"ကျုပ်တို့ မသိလို့ ခွင့်လွှတ်ပါ"

ဟု တောင်းပန်လိုက်လေတော့သည်။

* * *

မြို့တော်ဝန်သည် ယက္ခမောင်နှမသုံးဖော် မြင်းလှည်းပေါ်
သို့ တက်ရောက်သွားသည်ကို တွေ့ရသောအခါ အံ့သြပြီး ခြေလှမ်း
ရပ်တန့်လိုက်သည်။

ထို့နောက် အနက်ရောင်ဝတ်ဆင်ထားသောလူသည် ယ
ကာကို ပြန်ချလိုက်ပြီး...

အပြာရောင်ဝတ်ဆင်ထားသောလူဘက်သို့ လှည့်လိုက်၏

"ငါ့ညီ... ရှောင်ကြွက်ကို သွားပြောလိုက်၊ ယို့လုံးကို ပြ
လွှတ်လိုက်ပါလို့"

"ဟုတ်ကဲ့ အစ်ကိုကြီး"

အပြာရောင်ဝတ်ဆင်ထားသောလူက ဦးညွှတ်ကာ လျင်မြ
စွာ ထွက်သွားသည်။

ထို့နောက် အနက်ရောင်ဝတ်ဆင်ထားသောလူသည် ထို



င်းလှည်းနားမှ ထွက်ခွာလာရင်း ညီမဖြစ်သူအား မှာကြားလိုက်
လသည်။

"ညီမလေး မြို့ဝန်ကတော်ကို သူ့မြင်းလှည်းပေါ်ကို ပြန်
င်ပေးလိုက်ပါ၊ ကျားမာန်အာမခံဌာနက လူတွေကိုလဲ ပြန်လွှတ်
ပေးလိုက်ပါ၊ ဒဏ်ရာရတဲ့လူများကို ဆေးထည့်ပေးပါ..."

"ဟုတ်ကဲ့ အစ်ကိုကြီး"

မိန်းကလေးက ဦးညွှတ်လိုက်ပြီး ထွက်ခွာသွားသည်။

ထိုအခါ အနက်ရောင်ဝတ်ဆင်ထားသောလူသည် ဖန်း
ကျင်းရှမ်းထံသို့ တစ်လှမ်းချင်း လျှောက်လာလေသည်။

အနက်ရောင်ဝတ်ဆင်ထားသောလူသည် ဖန်းကျင်းရှမ်း၏
နီးတွင် ထိုင်ချလိုက်ပြီး သွေးကြောကို ဖွင့်ပေးလိုက်ပြီး ဖန်းကျင်း
ရှမ်းအား ရိုကျိုးစွာ ကြည့်လိုက်ကာ...

"မိတ်ဆွေ၊ ကျုပ်တို့ အခုလို ပြုလုပ်မိတာ တောင်းပန်ပါ
တယ်၊ ခွင့်လွှတ်ပါ"

ဖန်းကျင်းရှမ်းမှာ သူ၏စကားကြောင့် နားမလည်နိုင်
အောင် ဖြစ်သွားလေသည်။

ဖန်းကျင်းရှမ်းသည် အလိုက်သင့်ပင် စကားပြန်ပြောလိုက်
လေသည်။

"ကျုပ်တို့က အစစအရာရာကို သည်းခံတတ်ပါတယ်"

အနက်ရောင်ဝတ်ဆင်ထားသောလူသည် သက်ပြင်းတစ်
ချက်ချပြီး...

"အင်း... ခင်ဗျား စောစောကတည်းက ပြောရောပေါ့ဗျ
အခုလို ဖြစ်ရတာ ကျုပ်တို့မောင်နှမက စိတ်ဘယ်ကောင်းပါ့မ
ဒါပေမယ့် ဘာမှ ခြေလွန်လက်လွန် ဖြစ်မသွားတာ တော်သေး
ပေါ့ဗျာ"

ဖန်းကျင်းရှမ်းသည် နားမလည်နိုင်စွာဖြင့် ခေါင်းညိတ်လိုက်
ရလေသည်။

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

ထိုအခါ အနက်ရောင်ဝတ်ဆင်ထားသောလူသည် ဆေး
တစ်ဖူးကို ဖန်းကျင်းရှမ်းအား ထုတ်ပေးလိုက်သည်။

"ဒီမှာ ကျုပ် ဖြေဆေးတစ်ဖူး ပေးလိုက်မယ်၊ အခု ကျုပ်
ရဲ့ လက်နက်ပုန်းထိမှန်သွားတဲ့ အာမခံဌာနကလူတွေကို ဒီဆေး
တိုက်လိုက်ပါ၊ ဒဏ်ရာတွေ သက်သာလာပါလိမ့်မယ်"

ဖန်းကျင်းရှမ်းက ကြောင်အမ်းအမ်းဖြင့် လှမ်းယူလိုက်
အနက်ရောင်ဝတ်ဆင်ထားသောလူသည် ဖန်းကျင်းရှမ်း
ဆီမှ လှယူထားသော အထုပ်ကို ရှိသေစွာဖြင့် ပြန်ပေးလိုက်လေ

"မိတ်ဆွေ၊ ဒီအထုပ်ကိုလဲ ကျုပ်တို့ ပြန်ပေးလိုက်ပါတ
ခင်ဗျာ"

ဖန်းကျင်းရှမ်းသည် မည်သို့မျှ နားမလည်နိုင်စွာဖြင့်
ထုပ်ကလေးအား လှမ်းယူရင်း ကြောင်ပြီး ရပ်နေသည်။

အတန်ကြာရပ်နေပြီးမှ သူ၏နားထဲတွင် မြင်းခွာသံမျ
ကြားလိုက်မှ လှည့်ကြည့်လိုက်ရာ ယက္ခမောင်နှမတို့သည် မြင်း



းစိုင်းမောင်းနှင်သွားကြသည်ကို တွေ့မြင်လိုက်ရလေသည်။

* * *

မြင်းလှည်းမှ လူအားလုံးသည် အံ့သြစွာ ဖန်းကျင်းရှမ်းထံ
့ စုရုံးရောက်ရှိလာကြလေသည်။

ထို့နောက် ယန်စုစိန်သည် ဖန်းကျင်းရှမ်းအား မျက်မှောင်
ကြုတ်၍ မေးလိုက်သည်။

"ဦးလေးဖန်း၊ ဘယ်လိုဖြစ်သွားကြတာလဲ"

ဖန်းကျင်းရှမ်းက အတန်ကြာ စဉ်းစားလိုက်ပြီးမှ လက်ကာ
လိုက်သည်။

"နောက်တော့ ပြောပြမယ်"

သူသည် ပြောပြီး မြို့တော်ဝန်ဘက်သို့ လှည့်လိုက်ပြီး...

"မြို့တော်ဝန်ခင်ဗျာ၊ အပြင်မှာ နှင်းတွေ ကျနေပါတယ်၊
ည်းပေါ် တက်ပြီး ခရီးဆက်ကြတာပေါ့"

မြို့တော်ဝန်က ဖန်းကျင်းရှမ်းကို တစ်ချက်ကြည့်လိုက်ပြီး
ါင်းညိတ်ကာ မြင်းလှည်းပေါ် တက်သွားလေတော့သည်။

ဖန်းကျင်းရှမ်းသည် ကျွန်းအေဒ့နှင့် ယို့လုံးဘက်သို့ လှည့်
က်ပြီးနောက်...

"မင်းတို့ ဒဏ်ရာရကြသေးသလား"

"မရပါဘူးခင်ဗျာ"

ယန်စုစိန်က လေသံတိုးတိုးဖြင့် ဖန်းကျင်းရှမ်း အနီးကပ် ကာ...

"ဦးလေးဖန်း၊ ဘာများဖြစ်ကုန်ကြသလဲဆိုတာ ပြောပြပါဦး ခင်ဗျာ"

ဖန်းကျင်းရှမ်းက နားမလည်နိုင်စွာဖြင့် ခေါင်းခါယမ်းလိုက် ပြီး...

"ငါလည်း ဘာမှ နားမလည်လိုက်ဘူးကွာ"

ထို့နောက် ယန်စုစိန်အား အနက်ရောင်ဝတ်ဆင်ထား သောလူ ပေးလိုက်သော ဆေးဗူးကလေးကို လှမ်းပေးလိုက်လေ၏။

"ရော့ ယန်စုစိန်၊ သူတို့ရဲ့ လက်နက်ပုန်းကို ထိမှန်တဲ့ လူရှိ ရင် ဒီဆေးတိုက်လိုက်ပါ"

ယန်စုစိန်က ဦးညွှတ်၍ ဆေးဗူးကို ယူကာ ထွက်ခွာသွား လေတော့သည်။

* * *



ယို့လုံးနှင့် ကျွန်းအော့တို့သည် ဒဏ်ရာရရှိသော အဖွဲ့သား များကို ဆေးထည့်ပေးကြသည်။

မြင်းလှည်းများကိုလည်း ပြန်လည် တန်းစီစေလိုက်သည်။ အားလုံး အဆင်သင့် ပြင်ဆင်ပြီးနောက် ဖန်းကျင်းရှမ်းက မြို့တော် ဝန်၏ မြင်းလှည်းရှိရာသို့ ခပ်သုတ်သုတ် လျှောက်သွားလေသည်။

မြင်းလှည်းနား ရောက်သောအခါ လက်ကိုဆုပ်၍...

"ကျုပ်စကား နည်းနည်းပြောချင်ပါတယ်"

မြို့တော်ဝန်က ယင်းကာကို ဖွင့်ပေးလိုက်ပြီး ခေါင်းညိတ် လိုက်သည်။

"တက်ခဲ့ပါ၊ ကျုပ်လည်း ဆွေးနွေးချင်နေပါတယ်"

ဖန်းကျင်းရှမ်းက လက်မြှောက်၍ ယို့လုံးတို့အား လှမ်းမေး လိုက်သည်။

"အားလုံး အဆင်သင့် ဖြစ်ပြီလားဟေ့"

ယို့လုံးက ခေါင်းညိတ်လိုက်ပြီး...

"အဆင်သင့် ဖြစ်ပါပြီ ဦးလေးဖန်း"

ဖန်းကျင်းရှမ်းက လက်တစ်ချက် ဝှေ့ယမ်းလိုက်ပြီး အမိန့် ပေးလိုက်သည်။

"ဒါဖြင့် အားလုံး သွားကြမယ်"

သူသည် ပြောပြီး မြို့တော်ဝန်၏ လှည်းပေါ်သို့ တက်သွား သည်နှင့် မြင်းလှည်းများသည် တရွေ့ရွေ့ ထွက်ခွာသွားကြတော့၏။

* * *

ဖန်းကျင်းရှမ်းသည် အထုပ်ကလေးအား မြို့တော်ဝန်လက်သို့ ပြန်အပ်လိုက်လေသည်။

"ကျုပ်တို့ ခံလိုက်ရတဲ့အတွက် မြို့တော်ဝန်တို့ကို တောင်းပန်ပါတယ်ခင်ဗျာ"

မြို့တော်ဝန်က အထုပ်ကလေးကို လှမ်းယူလိုက်ပြီး...

"ကိစ္စမရှိပါဘူး၊ ကျုပ်ကို့မှာ ဘာမှနစ်နာမှုမှ မရှိပဲ"

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး

"အခုလို ကျုပ်တို့ အာမခံဌာနက မြို့တော်ဝန်ရဲ့ ကျေးဇူးကြောင့် အသေအပျောက် မရှိတာကိုပဲ ကျေးဇူးတင်ပါတယ်ဗျာ..."

မြို့တော်ဝန်က ရယ်မောလိုက်သည်။

"ကျုပ်တို့ ကျေးဇူးကြောင့် မဟုတ်ပါဘူးဗျာ၊ သူတို့က ခင်ဗျားတို့ကို တစ်နေ့မှာ လက်တုံ့ပြန်မှာမို့ စိတ်ထားပြောင်းသွားတာပါ"

ဖန်းကျင်းရှမ်းက မျက်နှာပျက်သွားပြီး ဣန္ဒြေဆည်ကာ စကားလွှဲလိုက်သည်။

"ဒါနဲ့ မြို့တော်ဝန်က သိုင်းပညာ တကယ် မတတ်ဘူးလား"

"ဟုတ်ပါတယ်၊ သိုင်းပညာဆိုလို့ ကျုပ် ခြေခံတောင် မတတ်ပါဘူး"

"ဒါဖြင့် မြို့တော်ဝန်ရဲ့ သမီးကရော မတတ်ဘူးလား"

"သူလည်း မတတ်ပါဘူး"



ဖန်းကျင်းရှမ်း မျက်မှောင်ကြုတ်သွားပြန်သည်။

"တကယ်လို့များ သူက မြို့တော်ဝန် မသိအောင် လျှို့ဝှက်သင်ထားမယ်ဆိုရင်"

မြို့တော်ဝန်သည် ပြုံးကာ ခေါင်းခါယမ်းလိုက်ယင်း...

"မဖြစ်နိုင်ပါဘူး၊ ကျုပ်သမီးက အိမ်ထဲကနေ အိမ်ပြင်ကို ထွက်ဖူးပါဘူး၊ စာပေကိုတောင် အိမ်က အမျိုးသမီးက သင်ပေးတာပါ"

ဖန်းကျင်းရှမ်းသည် မြို့တော်ဝန်၏ ဟန်မူရာသည် ရိုးသားပွင့်လင်းသည်ကို တွေ့ရသဖြင့် လိမ်ညာပြောခြင်း မဖြစ်နိုင်ဟုလည်း ယုံကြည်သည်။ သူသည် စကားကို ဆက်မေးလိုက်လေသည်။

"မြို့တော်ဝန်က သိုင်းလောကနဲ့ အဆက်အသွယ် ရှိဖူးသလား ခင်ဗျာ"

"မရှိပါဘူး"

ထိုသို့ ပြောပြီးနောက် မြို့တော်ဝန်သည် တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့်...

"ပြောရဦးမယ်၊ တချိန်တုန်းက ကျုပ်က ပင်လယ်ဓားပြနှစ်ယောက်ကို အပြစ်ရှိလို့ သေဒဏ်ပေးခဲ့ဖူးတယ်"

ဖန်းကျင်းရှမ်းက စိတ်ဝင်စားလာဟန်ဖြင့်...

"ဘယ်လောက်ကြာပြီလဲ"

မြို့တော်ဝန်က စဉ်းစားပြီးနောက်...

"အင်း... (၁၀)နှစ်ကျော်လောက် ရှိပါပြီ"

ထို့နောက် ဖန်းကျင်းရှမ်းသည် မြို့တော်ဝန်လက်ထဲမှ အထုပ်ကလေးအား စူးစိုက်ကြည့်လိုက်ပြီး...

"ဒီအထုပ်ကလေးထဲမှာ ဘာတွေများ ပါသလဲခင်ဗျာ"

မြို့တော်ဝန်က မျက်မှောင်ကြုတ်သွားပြီး ဖန်းကျင်းရှမ်းအား မေးလိုက်သည်။

"သူတို့ ဖြေကြည့်တုန်းက ခင်ဗျား မတွေ့ခဲ့ဘူးလား"

ဖန်းကျင်းရှမ်းက ခေါင်းခါယမ်းလိုက်သည်။

"မတွေ့လိုက်မိပါဘူး"

မြို့တော်ဝန်က ပြုံးလိုက်သည်။

"ခင်ဗျား ကြည့်ရတာ ဒီအထုပ်ကလေးကို သံသယဖြစ်တယ် မဟုတ်လား"

ဖန်းကျင်းရှမ်းက ခေါင်းခါယမ်းလိုက်သည်။

"သံသယဖြစ်တာ မဟုတ်ဘူး၊ ဒီအထုပ်ထဲက ပစ္စည်းပစ္စာ သိုင်းလောကများနဲ့ ပတ်သက်နေသလားလို့ပါ"

မြို့တော်ဝန်က အနည်းငယ် စဉ်းစားလိုက်သည်။ ပြီးနောက် ဖန်းကျင်းရှမ်းအား အထုပ်ကို ပေးလိုက်သည်။

"ဒါဖြင့် ခင်ဗျား ဖြေကြည့်လိုက်ပါ"

ဖန်းကျင်းရှမ်းက အထုပ်ကို လှမ်းယူလိုက်သည်။

"ကျေးဇူးတင်ပါတယ်ခင်ဗျာ"

* * *



ဖန်းကျင်းရှမ်းသည် အထုပ်ကို အသာအယာ ဖြေလိုက်၏။ ထိုအခါ အထုပ်ထဲမှ ပန်းချီကားချပ်တစ်ခု လိပ်ထားသည်ကို တွေ့မြင်ရလေသည်။

ဖန်းကျင်းရှမ်းသည် ပန်းချီကားချပ်ကို ကိုင်ကာ ကြောင်အမ်းအမ်း ဖြစ်သွားပြီး နားမလည်နိုင်စွာဖြင့် တွေးနေမိပြန်သည်။

တောင်ပိုင်း၌ နေထိုင်သော ယက္ခမောင်နှမသုံးဦးသည် အဘယ်ကြောင့် မိုင်ပေါင်းများစွာ ဝေးလွန်းသော ဤနေရာသို့ လာရောက်ပြီး ယင်းပန်းချီကားချပ်ကို လုယူရသနည်း။

ယင်းပန်းချီကားချပ်သည် ယက္ခမောင်နှမအတွက် မည်မျှတန်ဖိုးရှိနေပါသနည်း။

သူသည် စဉ်းစားယင်း လက်ထဲမှ ပန်းချီကားလိပ်ကို အသာအယာ ဖြန့်၍ ကြည့်လိုက်သည်။

* * *

## သိုးကျောင်းသော ပန်းချီကား

ပန်းချီကားလိပ်အား ဖြန့်လိုက်သောအခါ...

ပန်းချီကားချပ်၌ ထူးထူးခြားခြား မတွေ့ရဘဲ အဝတ်ပေါ်၌ ရေးဆွဲထားသော ပန်းချီကားချပ်တစ်ခု ဖြစ်နေလေသည်။

ပန်းချီကားချပ်၏ အထက်အောက်တွင် သစ်သားဘောင်လေးများ ကွပ်ထားသည်။

သစ်သားလုံးလေးများ၏ ဘောင်အတွင်း၌ သိုးကျောင်းသားတစ်ယောက်သည် ကျာပွတ်တစ်ချောင်း ကိုင်၍ မတ်တတ်ရပ်လျက်နေသောပုံ ဖြစ်သည်။



ပန်းချီကား၏နောက်ခံတွင် ညို့မှိုင်းသော တောင်တန်းများနှင့် စီတန်းအုပ်ဆိုင်းသော တောတန်းညို့ညို့ကလေးကို ရေးဆွဲထားသည်။

တောအုပ်၏ရှေ့တွင် ချောင်းကလေးတစ်ခုကို ကွေ့ကောက်စွာ တွေ့ရပြီး သိုးအုပ်များမှာ ချောင်းဘေးမြက်ခင်းပြင်တွင် မြက်များ အုပ်စုဖွဲ့ကာ စားသောက်နေကြသည်။

သိုးအုပ်များထဲတွင် သိုးကြီး၊ သိုးဂုလေး၊ တောင်ဆိတ်စသည့် သိုးအမျိုးမျိုးလည်း ပါရှိနေ၏။

ပန်းချီကားကလေးမှာ ကြည့်၍ ကောင်းလှသည်။

ဖန်းကျင်းရှမ်းသည် အတွေ့အကြုံ လွန်စွာရင့်ကျက်သူ ဖြစ်သော်လည်း ယင်းပန်းချီကားချပ်မှာ တန်ဖိုးရှိလိမ့်မည်ဟု မယူဆပါချေ။

တန်ဖိုးရှိသော ပန်းချီကားချပ် ဖြစ်သည့်တိုင်အောင် ယက္ခသုံးယောက် ဤမျှ သက်စွန့်ကြိုးပမ်း လုယူလိမ့်မည် မဟုတ်ဟု သူယုံကြည်လာလေသည်။

သူသည် အမျိုးမျိုး စဉ်းစားနေသော်လည်း စဉ်းစား၍ မရပါ။

သို့သော် ယက္ခမောင်နှမသုံးယောက်တို့မှာ တော်ရုံတန်ရုံ ဓားပြများ မဟုတ်ပါ။

သူတို့သည် ယင်းပန်းချီကားချပ်ကို လုယူခြင်းမှာ အကြောင်းတစ်ခု ရှိရမည်ဟု သူယုံကြည်လေသည်။

သို့သော် ယင်းပန်းချီကားချပ်သည် မည်မျှ တန်ဖိုးရှိသည်ကို သူခန့်မှန်း၍ မရပါချေ။

* * *

ဖန်းကျင်းရှမ်းသည် ပန်းချီကားချပ်ကို ပြန်လိပ်လိုက်လေသည်။

"လက်ရာတော့ မဆိုးဘူးဗျ"

မြို့တော်ဝန်က ပြုံးလိုက်သည်။

"ခင်ဗျားက အနုပညာကိုလည်း ခံစားတတ်သားပဲ"

ဖန်းကျင်းရှမ်းက ပြုံးသည်ဆိုရုံမျှ ပြုံးပြီး မြို့တော်ဝန်ကို လှမ်းကြည့်၏။

"ကျုပ် စကားတစ်ခွန်း မေးပါရစေ"

မြို့တော်ဝန်က ပန်းချီကားချပ်အထုပ်လေးကို လှမ်းယူလိုက်သည်။

"မေးပါ ရပါတယ်"

"ယက္ခမောင်နှမလာပြီး တိုက်ခိုက်တုန်းက ဒီအထုပ်ကို ပို့ပေးပါလို့ ကျုပ်ကိုခိုင်းတာ ယက္ခမောင်နှမက ဒီပန်းချီကားကို လုမယ်ဆိုတာ မြို့တော်ဝန်က ကြိုပြီး သိထားပုံရတယ်"

ဖန်းကျင်းရှမ်းက မြို့တော်ဝန်ကို အကဲခတ်သလို ကြည့်ယင်း မေးလိုက်၏။ မြို့တော်ဝန် ခေါင်းခါယမ်းလိုက်သည်။



"မဟုတ်ပါဘူး၊ ဒီပန်းချီကားချပ်ဟာ အခြားလူက ခိုင်ဖုန်းမြို့ကို ပို့ပေးဖို့ လူကြုံပါးလိုက်တာပါ။ ခားပြလက်ထဲ ပါသွားမှာစိုးလို့ ခင်ဗျားကို ခိုင်းတာပါ"

ဖန်းကျင်းရှမ်းက စိတ်ဝင်စားလာသည်။

"အဲဒီလူက ဘယ်သူလဲဆိုတာ ပြောပြနိုင်ပါ့မလား"

မြို့တော်ဝန်က သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"သူက လျှို့ဝှက်ထားခိုင်းလို့ မပြောပါရစေနဲ့၊ တစ်ခုတော့ ရှိတယ်၊ သူဟာ သိုင်းလောကသား မဟုတ်ဘူးဆိုတာ ယုံကြည်စေချင်တယ်"

ဖန်းကျင်းရှမ်းသည် ဆက်မေးလျှင်လည်း အကြောင်းထူးမည် မဟုတ်မှန်းသိသဖြင့် ဦးညွှတ်လိုက်လေသည်။

"ကဲ... မြို့တော်ဝန်လည်းပင်ပန်းလှပါပြီ၊ အနားယူလိုက်ပါဦး"

သူသည် ပြောပြီးသည်နှင့် မြင်းလှည်းပေါ်မှ ဆင်းလိုက်လေသည်။

* * *

ဖန်းကျင်းရှမ်းသည် မြင်းလှည်းပေါ်မှ ဆင်းလိုက်သည်နှင့် ကျန်ရှိသော မြင်းလှည်းများကိုလည်း တပတ်ပတ်၍ စစ်ဆေးကြည့်ရှုလေသည်။

အထူးသဖြင့် သူသည် မြို့တော်ဝန်၏သမီးဖြစ်သူ စီးနင်းလိုက်ပါလာသော မြင်းလှည်းကို သတိပြုပြီး လေ့လာကြည့်ရှုလေ၏။

သို့သော် သဲလွန်စဟူ၍ လုံးဝ မတွေ့ရချေ။

ထိုစဉ် မြို့တော်ဝန်သမီး စီးနင်းလိုက်ပါလာသော မြင်းလှည်း၏ ပြတင်းပေါက်သည် ရုတ်တရက် ပွင့်သွားလေ၏။

မိန်းကလေးတစ်ယောက်က ခေါင်းပြူထွက်လာသည်။

"ခဏရပ်ကြပါဦးရှင်"

ခေါင်းပြူထွက်လာသော မိန်းကလေးက လှမ်းပြောလိုက်သောအခါ မြင်းလှည်းမောင်းသူက မြင်းလှည်းကို ရပ်တန့်လိုက်၏။

ဖန်းကျင်းရှမ်းက အနီးသို့ ပြေးသွားလေသည်။

"ဘာဖြစ်လို့လဲ သခင်မ"

မိန်းကလေး၏ မျက်နှာတစ်ခုလုံးတွင် စိုးရိမ်ပူပန်သည့် အရိပ်အရောင်များ ထင်ဟပ်ယှက်သန်းနေလေ၏။

"သခင်မလေး ဖျားနေလို့ပါ"

မြင်းလှည်းရပ်တန့်သွားသည်နှင့် ကျန်ရှိသော မြင်းလှည်းအားလုံးသည်လည်း ရပ်တန့်သွားလေသည်။

တတိယမြင်းလှည်းပေါ်မှ မြို့တော်ဝန်ကတော်က ဆင်းလာပြီး သူမသည် နောက်ဆုံး မြင်းလှည်းရှိရာသို့ လျှောက်သွား၏။



မြင်းလှည်း၏ပြတင်းပေါက်မှ ခေါင်းပြူထွက်နေသော မိန်းကလေးအနီးသို့ ရောက်သော်...

"ချမ်းလန်... ဘယ်သူက ခိုင်းလိုက်လို့လဲ"

ခေါင်းပြူထွက်နေသော မိန်းကလေး၏**အမည်မှာ** ချမ်းလန်ဖြစ်၏။ ချမ်းလန်က...

"သခင်မလေး ဖျားနေလို့ပါ၊ အဖျားက**ကြီးလို့** သတိတောင် မရတော့ဘူး"

"ဒုက္ခပါပဲ"

မြို့တော်ဝန်ကတော်က ယင်းသို့ ရေရွတ်**ကာ** မြင်းလှည်းပေါ်သို့ တက်လိုက်လေသည်။

ဖန်းကျင်းရှမ်းက အပြင်ဘက်မှနေ၍ မေးလိုက်သည်။

"တော်တော် ဖျားနေသလားဗျာ"

မြို့တော်ဝန်ကတော်၏အသံ ထွက်ပေါ်လာသည်။

"သမီးက သိပ်ကြောက်တတ်တာ၊ ခုန ဓားပြ လာတိုက်တော့ လန့်ပြီး ဖျားတာ ဖြစ်မှာပေါ့"

ထိုစဉ် မြို့တော်ဝန် ရောက်ရှိလာသည်။ သူသည် မြင်းလှည်းပေါ်သို့ တက်သွားကာ စိုးရိမ်တကြီး လေသံဖြင့် လှမ်းမေးလိုက်လေ၏။

"သမီး ဘာဖြစ်သွားတာလဲ"

မြို့တော်ဝန်ကတော်၏ မျက်လုံးအစုံတွင် မျက်ရည်များ ဝဲကျလာသည်။

"သမီး ဘော်ဇော် ဖျားနေတယ်၊ ဘယ်လိုလုပ်ကြမလဲ"

မြို့တော်ဝန်ကတော်၏အသံက အနည်းငယ် တုန်ယင်နေ
သည်။ စိုးရိမ်ပူပန်နေကြောင်း ထင်ရှားသည်။

မြို့တော်ဝန်က ပြတင်းပေါက်မှ နေပြီး ခေါင်းပြူထွက်လာ
လေသည်။

"ဖန်ကျင်းရှမ်း ဒီကနေ မြို့အထိ ဘယ်လောက်တောင် ဝေး
သေးသလဲ"

ဖန်းကျင်းရှမ်းက အနည်းငယ် စဉ်းစားလိုက်သည်။ အတန်
ကြာမှ ဦးခေါင်းကို လေးပင်စွာ ခါယမ်းယင်း...

"ကျုပ်တော့ မမှတ်မိတော့ဘူးဗျာ"

ထိုသို့ ပြောပြီးနောက် ဖန်းကျင်းရှမ်းသည် မြင်းလှည်း
မောင်းသမားအား မော့ကြည့်ကာ...

"မင်းက ဒီလမ်းကို ခဏခဏ သွားဖူးတာဆိုတော့ သိမှာ
ပေါ့"

မြင်းလှည်းမောင်းသမားက ခေါင်းညိတ်လိုက်သည်။

ထို့နောက် အရှေ့စူးစူးသို့ ညွှန်ပြကာ...

"ဒီကနေ (၁၀)မိုင်လောက်သွားရင် မြို့ကလေးတစ်မြို့ကို
တွေ့ရလိမ့်မယ်"

ဖန်းကျင်းရှမ်း အနည်းငယ် အားတက်သွားသည်။

"အဲဒီမြို့ကလေးမှာ သမားတော်ကြီးများ ရှိသလား"

ဖန်းကျင်းရှမ်းက အလေးအနက်ကြီးပင် မေးမြန်းလိုက်သည်။



မြင်းလှည်းမောင်းသမားက ဦးညွတ်ကာ ပြောလိုက်သည်။

"ရှိပါတယ် ခင်ဗျာ"

ဖန်းကျင်းရှမ်းက ပြောလိုက်သည်။

"ကျုပ်တို့ မြို့ထဲရောက်မှ အနားယူကြတာပေါ့"

* * *

မြင်းလှည်းများသည် မြို့ကလေးသို့ ဆက်လက်ထွက်ခွာ
ကြသည်။

ထိုအချိန်တွင် ယန်စုစိန်က ရောက်လာသည်။ သူက...

"ဦးလေးဖန်း ဆက်သွားလို့ မဖြစ်တော့ဘူးထင်တယ်"

ယန်စုစိန်၏ စကားကြောင့် ဖန်းကျင်းရှမ်း မျက်နှာကွက်
ပျက်သွားသည်။

"သေချာရဲ့လားကွ"

"သေချာပါတယ်"

ဖန်းကျင်းရှမ်း မျက်မှောင်ကြုတ်သွားသည်။

"ကိုင်း ဒါဖြင့် မင်း ယို့လုံးကို သွားပြောချည်၊ သတိထား
လို့"

ယန်စုစိန် ခေါင်းညိတ်၍ ထိုနေရာမှ ခပ်သုတ်သုတ် ထွက်

ခွာသွားလေသည်။

ထိုနေရာသို့ မြို့တော်ဝန်ရောက်လာပြီး အခြေအနေ
မေးမြန်းလေသည်။

ဖန်းကျင်းရှမ်းက လေးနက်တည်ကြည်စွာဖြင့် မြို့တော်
အား စကားပြောဆိုရန် ခွင့်တောင်းလိုက်သည်။

ဖန်းကျင်းရှမ်းသည် မြို့တော်ဝန်နောက်မှ လိုက်သွားယ

"ဒါနဲ့ မြို့တော်ဝန် ကျုပ်မေးစရာစကား နည်းနည်းရှိ
တယ်၊ မေးတာမှားရင်လဲ ခွင့်လွှတ်ပေးပါ ခင်ဗျာ"

မြို့တော်ဝန်က ခေါင်းညိတ်လိုက်သည်။

"ခင်ဗျား မေးသင့်တဲ့စကားကို ပွင့်ပွင့်လင်းလင်း မေး
ခွင့်လွှတ်ပါတယ်"

ဖန်းကျင်းရှမ်းက ချောင်းတစ်ချက် ဟန့်လိုက်သည်။

"ကျားမာန်အာမခံဌာနဟာ နှစ်ပေါင်း(၂၀)လောက်၊ ဒီ
အမြဲတမ်းသွားလာ ပို့ဆောင်ပေးနေတာကို အားလုံးကလည်း ကျ
တို့မျက်နှာကို ထောက်ထားကြပြီး အနှောင့်အယှက် မပေးကြပါဘူ
အခုကျမှ..."

မြို့တော်ဝန်က စဉ်းစားဟန်ပြုကာ မျက်မှောင်ကြုတ်သွာ
ပြီး...

"ခင်ဗျားက ဘာကို ဆိုလိုတာလဲ"

"ဒီလိုပါ လူကြီးမင်းမှာ လျှို့ဝှက်ချက် အကြောင်းရှိရင် အ
မှန်အတိုင်း ဖွင့်ပြောစေချင်ပါတယ်"



မြို့တော်ဝန်က တွေဝေသွားသည်။ အတန်ကြာမှ...

"ကျုပ်မှာ ဘာလျှို့ဝှက်ချက်မှလည်း မရှိပါဘူး"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်ပြီး...

"ဒါဖြင့် ကျုပ်မေးပါရစေ၊ ဒီသိုးကျောင်းပန်းချီကားချပ်က
လို့ တခြားဘာလျှို့ဝှက်စရာ ပါသေးသလဲဗျ"

မြို့တော်ဝန်က ပခုံးတွန့်လိုက်သည်။

"ကျုပ်မှာ ပန်းချီကားချပ်နည်းနည်းနဲ့ ရှေးဟောင်းပစ္စည်း
နည်းငယ်ပဲ ပါတယ်၊ ဒါတွေဟာ သိုင်းလောကသားနဲ့ ဘာမှ မ
တ်သက်ဘူးလို့ ထင်ပါတယ်၊ ဒီတစ်ခါ သူတို့လာရင် ပေးလိုက်စမ်း
လူကို မနှောင့်ယှက်ဘူးဆိုရင် ကျုပ်တို့ရဲ့ ပစ္စည်းတွေအားလုံး
ချင်ရင် ပေးမှာပဲ"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်ပြီး...

"ဒါဖြင့် သူတို့က သိုးကျောင်းပန်းချီကားချပ်ကို လိုချင်
ယ်ဆိုရင်ကောဗျာ"

"ကျုပ်ပြောပြီးပြီပဲ၊ ဒီပစ္စည်းဟာ ကျုပ်ရဲ့ပစ္စည်း မဟုတ်ပါ
း၊ မပေးရရင်တော့ ပိုကောင်းတာပေါ့၊ တကယ်လို့ သူတို့က လို
င်တယ်ဆိုရင်လည်း ပေးလိုက်၊ ဘာပဲဖြစ်ဖြစ် ဘယ်ဟာမှ လူထက်
န်ဖိုးမရှိပါဘူးကွာ"

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး စကားဆက်လိုက်
လသည်။

"ကျုပ်စကားကုန် ပြောပြီးပြီပဲ၊ ခင်ဗျားကြည့်ပြီး စီစဉ်ပေ

တော့"

မြို့တော်ဝန်သည် ပြောပြီးသည်နှင့် မြင်းလှည်းပေါ်
တက်ရောက်သွားလေတော့သည်။

* * *

ဖန်းကျင်းရှမ်း၏စိတ်သည် တွေဝေသွားပြီး စဉ်းစားနေ
မြို့တော်ဝန်၏စိတ်မှာ အလွန်ပွင့်လင်းသည်ကိုလည်း
သိရှိလိုက်လေသည်။

သို့သော် မြို့တော်ဝန်၏သမီးမှာ အများမသိအောင် လျှ
ဝှက်ထားသော ထိပ်တန်းသိုင်းပညာရှင် ဖြစ်ရမည်ဟု သူထင်ထ
မိသည်။

ထို့အပြင် မြို့တော်ဝန်မှာ သူ၏သမီးသည် သိုင်းပညာရ
တစ်ယောက် လုံးဝမဖြစ်နိုင်ဟုလည်း ယုံကြည်ထား လေသည်။

သူသည် ထိုသို့ စဉ်းစားနေစဉ် အနီးသို့ ယန်စုစိန်က ထ
မံ ရောက်ရှိလာသည်။

ဖန်းကျင်းရှမ်းက လှမ်း၍ မေးလိုက်သည်။

"အခြေအနေ ဘယ်လိုလဲကွ"

ယန်စုစိန် မျက်နှာပြင်၌ ပြောရမည့်စကားကို ဝန်လေး



ည့် အရိပ်အရောင်များ ပေါ်လွင်နေ၏။

"ဆက်သားမရှိတော့ဘူး ဦးလေးဖန်း၊ သူရောက်ခဲ့တဲ့ နေ
တိုင်းမှာ ကျန်းမာပါစေဆိုတဲ့စာလုံး ရေးသားတာ တွေ့ရတယ်"

ဖန်းကျင်းရှမ်းသည် ယင်းစကား ကြားလိုက်ရသောအခါ
၍ အံ့သြတုန်လှုပ်သွားလေသည်။

* * *

## သံသယဝက်ပါ

ဖန်းကျင်းရှမ်းသည် ယန်စုစိန်အား တစ်ချက်**ကြည့်လိုက်**လေသည်။

"ငါ့တပည့်များထဲမှာ မင်းဟာ ဉာဏ်အကောင်းဆုံး **လူတစ်**ယောက်ပဲ၊ ဒါကြောင့် မင်းကို ငါစကား မေးရအုံးမယ်"

ယန်စုစိန်က ပြုံးလိုက်၍ ခေါင်းညိတ်ပြ[illegible]က်**သည်။**

"မေးပါ ဦးလေးဖန်း"

ဖန်းကျင်းရှမ်းက လေသံတိုးတိုးဖြင့်...

"မြို့တော်ဝန်တို့မိသားစုမှာ ထူးခြားချက် လျှို့ဝှက်နေတာ



ကို မင်းတွေ့သလား"

**ယန်စုစိန်** မျက်မှောင်ကြုတ်**သွားပြီး...**

"ကျွန်တော် မတွေ့မိဘူး၊ ဦးလေးဖန်း **တွေ့ထားလို့**လား"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်ပြီး...

"ယက္ခတို့မောင်နှမဟာ တို့ကို ဓားပြတိုက်ဖို့ **သေသေချာ**ချာ အကွက်ချပြီးမှ တိုက်ခိုက်တယ်ဆိုတာ ငါယုံကြည်တယ်၊ **သူတို့** အနိုင်ရရှိပြီးမှ တို့ကို တောင်းပန်ပြီး ထွက်သွားတာဟာ **အင်မတန်** လျှို့ဝှက်စရာအချက် ဒါမှမဟုတ်ရင် သူတို့ ကြောက်ရတဲ့ လူကို တွေ့ လို့ပဲလို့ ငါထင်တယ်"

**ယန်စုစိန်**က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျွန်တော်လည်း အံ့ဩနေတယ်ဗျ"

ဖန်းကျင်းရှမ်းက သူ့အနားသို့ ကပ်လိုက်ပြီး **တိုး**တိုးပြောလိုက်ပြန်သည်။

"ငါ့စိတ်ထဲမှာ ထင်ထားတာကတော့ မြို့တော်ဝ**န်ရဲ့သမီး**လေးဟာ ထိပ်တန်းသိုင်းပညာရှင်တစ်ယောက် ဖြစ်နိုင်**တယ်**"

ယန်စုစိန်က အံ့အားသင့်ကာ...

"ဗျာ... ဟို အသက်ငယ်ငယ်နဲ့ ကောင်မလေး**လား**"

ယန်စုစိန်က လွှတ်ခနဲ အော်ပြောမိလေ**သည်။**

"**ရှူး... တိုးတိုး**"

**ဖန်းကျင်းရှမ်းက** ဟန့်တားလိုက်လေသည်။ **သူသည်** နောက်သို့ တစ်ချက်လှည့်ကြည့်ပြီးမှ စကားဆက်လိုက်သည်။

"မင်းစဉ်းစားကြည့်လေ၊ ယက္ခမောင်နှမတို့က မြင်းလှည်းတံခါးကို ဖွင့်ကြည့်လိုက်တာနဲ့ ချက်ချင်း သဘောထား ပြောင်းသွားတယ်၊ တို့ကို တောင်းပန်ပြီး ပြန်ထွက်သွားကြတယ်လေ"

ယန်စုစိန် ပါးစပ်ဟောင်းလောင်း ဖြစ်သွားလေသည်။ အတန်ကြာမှ သူက ခေါင်းခါယမ်းလိုက်သည်။

"ဦးလေးဖန်း ပြောလို့သာ ယုံရတာ"

ဖန်းကျင်းရှင်းက ပြုံးလိုက်သည်။

"ဒီအကြောင်းနဲ့ ပတ်သက်ပြီး တခြားလူတွေ အသိမပေးနဲ့ဦး"

"စိတ်ချပါ ဦးလေးဖန်း"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်ပြီး...

"မင်းဟာ ဉာဏ်ကောင်းတယ်၊ ဇွဲစပ်သေချာတယ်၊ ဒါကြောင့် မင်းကို တိုင်ပင်ပြောပြရတာ၊ အခုချိန်ကစပြီး ဒီကောင်မလေးကို တစေ့တစောင်း အကဲခတ်ကြည့်ဖို့ လိုတယ်"

"စိတ်ချပါ ဦးလေးဖန်း၊ ကျွန်တော်တတ်နိုင်သလောက် ကြိုးစားပါ့မယ်"

ဖန်းကျင်းရှမ်းက လက်တစ်ချက် ဝှေ့ယမ်းလိုက်ပြီး...

"ကဲ...ကိုယ့်နေရာကိုယ် သွားပေတော့"

ဖန်းကျင်းရှမ်း စကားဆုံးသောအခါ ယန်စုစိန်သည် သူ၏မြင်းလှည်းဆီသို့ လျှောက်သွားလေသည်။

* * *



ကျားမာန်အာမခံဌာနမှ မြင်းလှည်းများသည် ကြွေမြို့ထဲသို့ ချဉ်းနင်းဝင်ရောက်လာပြီဖြစ်သည်။

မြင်းလှည်းများသည် ဆမ်းထိုင်တည်းခိုခန်းရှိရာသို့ ရောက်သွားကြသည်။

ဆမ်းထိုင်တည်းခိုခန်းသည် ကြွေမြို့တော်၏ ကြီးကျယ်ခမ်းနားဆုံးသော တည်းခိုခန်းဖြစ်သည်။

ကျားမာန်အာမခံဌာနမှ လူများသည် ဤမြို့သို့ရောက်ရှိတိုင်း ဤတည်းခိုခန်း၌ အမြဲတမ်း တည်းခိုစားသောက်လေ့ရှိသည်။

ထို့ကြောင့် တည်းခိုခန်း၏ ပိုင်ရှင်နှင့်တကွ ဆိုင်လုလင်များတို့သည် ကျားမာန်အာမခံဌာနမှ လူများနှင့်ရင်းနှီးပြီး ရောက်လာတိုင်း နေရာထိုင်ခင်းများ စီစဉ်ပေးလေ့ရှိသည်။

ဖန်းကျင်းရှမ်းသည် မြင်းလှည်းပေါ်မှ ဆင်းလာမည့် မြို့တော်ဝန်၏သမီးကို အကဲခတ်ကြည့်နေ၏။

မြို့တော်ဝန်၏ သမီးအား မြို့တော်ဝန်ကတော်နှင့် အိမ်ဖော်ချမ်းလန်တို့ကတွဲ၍ မြင်းလှည်းပေါ်မှ ဆင်းလာကြသည်။

မိန်းကလေး၏မျက်နှာပေါ်တွင် သွေးရောင်ပင် မရှိပါ။ တကယ့်ဝေဒနာသည် တစ်ယောက်နှင့် တူလှပေသည်။

ဖန်းကျင်းရှမ်းက အကဲခတ်ကြည့်နေသော်လည်း မည်သို့မျှ အကဲခတ်၍ မရဘဲဖြစ်နေသည်။

မြို့တော်ဝန်သည် ဖန်းကျင်းရှမ်းထံသို့ လျှောက်လာသည်။

"ဒီမှာ ဌာနမှူး သမီးရောဂါ အခြေအနေက မသက်သာ

ဘူး၊ ဒီမြို့ **ကလေး**မှာ တစ်ရက်နှစ်ရက်လောက် အနားယူရင် **ကောင်း
မယ်ထင်တယ်"**

ဖန်းကျင်းရှမ်းသည် မိန်းကလေး မကျန်းမမာဖြစ်**နေသည်**
မှာ ဟန်ဆောင်နေခြင်း ဖြစ်သည်ကို ယုံကြည်သော်လည်း **မြို့တော်**
ဝန် စိတ်ချမ်းသာစေရန် ခေါင်းညိတ်လိုက်လေသည်။

"ကောင်းပါတယ်၊ သူနေကောင်းမှပဲ ခရီးဆက်ကြ**တာပေါ့**"

ညဘက်ရောက်သောအခါ ဆိုင်အမှုထမ်းတစ်ယောက်က
သမားတော်ကြီးတစ်ယောက် ပင့်လာလေသည်။

သမားတော်ကြီးသည် မြို့တော်ဝန်၏သမီးအား **ကြည့်ရှုပြီး**
နောက် ဝေဒနာ၏ အကြောင်းရင်းကို ပြောပြခဲ့၏။

**"မိန်းကလေးက** အခုလိုဖြစ်တာ ထိတ်လန့်စရာ **တွေ့မြင်**
လို့ လန့်ဖျား ဖျားသွားတာပါ၊ စိုးရိမ်စရာမရှိပါဘူး၊ ကျုပ်**ဆေးတစ်**
ခွက်သောက်လိုက်ရင် ချက်ချင်းသက်သာမှာပါ"

ဖန်းကျင်းရှမ်းသည် သမားတော်ကြီး၏ စကား **ကြားလိုက်**
ရသောအခါ တစ်ချက်တွေဝေ သွားပြန်လေသည်။

"ဒေါင်...ဒေါင်"

အုန်းမောင်းခေါက်သံ နှစ်ချက်တိတိ ထွက်ပေါ်**လာသည်။**

**အားလုံးသော**လူများသည် ခရီးပန်းလာကြသဖြင့် **အိပ်မော**
ကျနေကြ**လေသည်။**

**ဖန်းကျင်းရှမ်းမှာမူ အိပ်လို့မရဘဲ** လမ်းခရီး၌ **ဖြစ်ပျက်**ခဲ့
သမျှနှင့် မြို့တော်ဝန်၏သမီးအကြောင်း တွေဝေစဉ်းစားနေသည်။



**ထိုအခိုက်...**

**"ဒေါက်...**ဒေါက်"

**အခန်းတံခါး**ခေါက်သံ ကြားလိုက်လေသည်။ **ဖန်းကျင်းရှမ်း**
က **လှမ်းအော်**မေးလိုက်၏။

"ဘယ်သူလဲဟေ့"

"ယို့လုံးပါ"

"တံခါးစေ့ထားတယ်၊ တွန်းဖွင့်ဝင်လာခဲ့"

**အခန်း**တံခါး ပွင့်သွားသည်။ အခန်းထဲသို့ ယို့လုံး ဝင်လာ
ပြီး **ဖန်း**ကျင်းရှမ်းနားကပ်၍ မတ်တပ်ရပ်လိုက်၏။

ဖန်းကျင်းရှမ်း မျက်မှောင်ကြုတ်သွားပြီး...

"မင်း..မအိပ်သေးဘူးလား"

ယို့လုံး ခေါင်းခါယမ်းရင်း အိတ်ထဲမှ စာတစ်စောင် ထုတ်ယူ
လိုက်ပြီး ရိုသေစွာ လှမ်းပေးလိုက်သည်။

"ဦးလေးဖန်းရဲ့စာ"

ဖန်းကျင်းရှမ်းက စာကိုယူ၍ ဖောက်ဖတ်လိုက်သည်။

"နောင်ကြီးကျင်းရှမ်း၊ အခုတခါ နောင်ကြီး**က** မြို့တော်ဝန်
တို့ကို ပို့ဆောင်လာတယ်လို့ ကြားတယ်၊ နောင်ကြီးပို့ဆောင်တဲ့
**ပစ္စည်းကို** ဓားပြအများစုက လုယူဖို့ကြံစည်နေကြတယ်၊ ဒါကြောင့်
အစစအရာရာ သတိရှိပါလို့ ကြိုတင်သတိပေးပါရစေခင်ဗျာ"

ဖန်းကျင်းရှမ်းသည် စာကိုဆုံးအောင် ဖတ်ပြီးသည့်နောက်
စာပို့သူမှာ မည်သူမည်ဝါဖြစ်သည်ကို ကြည့်လိုက်လေသည်။

သို့သော် နာမည်ပါမလာသည်ကို တွေ့ရလေသည်။

ဖန်းကျင်းရှမ်းက စားပွဲကို တစ်ချက်ပုတ်လိုက်ပြီး...

"ကျုပ်က သိန်းနဲ့သောင်းနဲ့ချီပြီး ပို့ဆောင်ဖူးပါတယ်၊ အခုလိုလမ်းမှာ အနှောင့်အယှက်ပေးတာ ကျုပ် ခံပြင်းလွန်းပါတယ်"

သူသည် ယို့လုံးအား လှည့်ကြည့်ပြီးနောက် စာအိတ်ကို ကိုင်ကာ..

"ဒီစာကို ဘယ်ကရလာတာလဲ"

"သူတောင်းစားလေးတစ်ယောက် လာပို့သွားတာပါ"

"ဒီသူတောင်းစားလေးကို မင်းမှတ်မိသလား"

ယို့လုံးကခေါင်းခါယမ်းလိုက်သည်။

"မမှတ်မိတော့ပါဘူး"

ဖန်းကျင်းရှမ်းက ယို့လုံး၏လက်ထဲသို့ စာကိုပြန်ထည့်လိုက်သည်။

"ဒီစာကို ဖတ်ကြည့်စမ်း"

ယို့လုံးက ခေါင်းညိတ်လိုက်ပြီး စာကို ဖတ်ကြည့်လိုက်၏။

"ဟုတ်ကဲ့၊ စောစောတုန်းကလည်း ဖတ်ပြီးပါပြီ၊ ဒါကြောင့်လည်း ဦးလေးဖန်းဆီကို လာပို့တာပေါ့၊ စာမှာ နာမည်လည်းမထိုးထားဘူးဆိုတာ သိရပါတယ်၊ နောက်ပြီး စာကလည်း မဆုံးသေးဘူးလို့ ကျွန်တော်ထင်မိတယ်"

ဖန်းကျင်းရှမ်းက ပြုံး၍ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ မင်းအကဲခတ်တော်တယ်"



သူသည် ပြောပြီး သက်ပြင်းချလိုက်လေသည်။

"ယန်စုစိန်ကို သွားခေါ်လိုက်စမ်းပါ"

ယို့လုံးသည် ရိုကျိုးစွာ ခေါင်းညိတ်၍ အပြင်သို့လှမ်းထွက်သွားလေတော့သည်။

* * *

တခဏအကြာတွင် ယို့လုံး ပြန်လည်ရောက်ရှိလာသည်။ သူ၏နောက်တွင် ယန်စုစိန်ပါလာသည်။

ယန်စုစိန်က ဦးညွတ်လိုက်ပြီး…

"ဦးလေးဖန်း ကျွန်တော့်ကို ခေါ်တယ်ဆို"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ရော့ ဒီစာကို ဖတ်ကြည့်စမ်း"

သူသည် စာကိုလှမ်းပေးလိုက်သည်။ ယန်စုစိန်က ဖတ်ပြီးနောက် မျက်မှောင်ကြုတ်လိုက်သည်။

"ဦးလေးဖန်း အခြေအနေအားလုံးဟာ တမျိုးဖြစ်နေတယ်လို့ ကျွန်တော်ထင်တယ်"

ဖန်းကျင်းရှမ်းက ပြုံး၍ထောက်ခံလိုက်ပြီး…

"ဟုတ်တယ်၊ ငါလည်း ဒီလိုပဲယူဆတယ်"

ယန်စုစိန်က…

"ယက္ခသုံးဖော်များ လက်တုံ့ပြန်ဖို့အတွက် လိုက်လာကြတာလို့ ကျွန်တော်ထင်တယ်"

ဖန်းကျင်းရှမ်းက အနည်းငယ်စဉ်းစားလိုက်ပြီး…

"မြို့တော်ဝန်ရဲ့ သမီးဟာ သိုင်းပညာရှင်တစ်ယောက်ဖြစ်နေတယ်ဆိုရင် မင်းပြောတာ ဖြစ်နိုင်တယ်"

ယန်စုစိန်က ဝင်ရောက်ပြောလိုက်၏။

"ဒီမိန်းကလေး သိုင်းပညာမတတ်ရင် ယက္ခတို့မောင်နှမ ပျောက်လျှော့သွားပါ့မလား"



ဖန်းကျင်းရှမ်းက ခေါင်းညိတ်ပြီး…

"ဟုတ်တယ်၊ ငါလည်း ဘယ်လိုစဉ်းစားရမှန်းတောင် မသိတော့ဘူး"

"ဒါနဲ့ ဦးလေးဖန်း စာပို့တဲ့လူက ဘယ်သူဖြစ်နိုင်သလဲ"

ဖန်းကျင်းရှမ်းက စာကိုကြည့်ပြီး စဉ်းစားလိုက်သည်။ ပြီးနောက် လက်ဖျောက်တီးကာ…

"သိပြီ…ဒီလက်ရေးကို ငါမှတ်မိတယ်၊ သူ့နာမည်က စင်းကြည့်စန်း"

ယန်စုစိန်က မျက်မှောင်ကြုတ်၍ မေးလိုက်သည်။

"စင်းကြည့်စန်းဆိုတာ သိုင်းသမားပဲလား ဦးလေးဖန်း"

ဖန်းကျင်းရှမ်း ခေါင်းခါယမ်းလိုက်သည်။

"သူက သူခိုးတစ်ယောက်ပါ၊ ဒါပေမယ့် မတရား စီးပွားရှာတဲ့လူတွေရဲ့ပစ္စည်းကို ခိုးတာပါ၊ လူကောင်းကိုတော့ ဒုက္ခမပေးဘူး"

"ဦးလေးဖန်းက သူ့အပေါ်မှာ ကျေးဇူးရှိခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်၊ တစ်ကြိမ်က သူဒဏ်ရာရသွားပြီး ငါနဲ့တွေ့လို့ ကယ်တင်ခဲ့တယ်"

ယန်စုစိန်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"သူ့ကိုသာတွေ့ရရင် အတော်အဆင်ပြေမှာပဲ"

ဖန်းကျင်းရှမ်း ပခုံးတစ်ချက်တွန့်လိုက်သည်။

"သူကိုယ်တိုင် မလာနိုင်လို့ပဲ စာရေးပြီးအကြောင်းကြား

လိုက်တာပေါ့"

ယန်စုစိန် မျက်မှောင်ကြုတ်လိုက်သည်။

"ကျွန်တော်တို့ သံသယဖြစ်တဲ့အကြောင်းကို မြို့တော်ဝ
ကို ဖွင့်ပြောလိုက်ရင် မကောင်းဘူးလား"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းသားပဲ"

သူသည် ယန်စုစိန်အား ကြည့်လိုက်ပြီး…

"ကဲ မင်းတို့လည်း အနားယူကြဦး"

ယန်စုစိန်နှင့်ယို့လုံးတို့သည် ထိုင်ရာမှ ထလိုက်ပြီး ဦးညွတ်
ကာ အခန်းတွင်းမှ ထွက်ခွာသွားလေတော့သည်။

* * *



ဖန်းကျင်းရှမ်းသည် အိပ်၍မပျော်ပါ။ ဖြစ်ရပ်အားလုံးကို
သည်တွေးတောရင်း စိတ်ထဲ၌ မကျေမနပ်ဖြစ်နေမိသည်။

ကျားမာန်အာမခံဌာနသည် တန်ဖိုးမဖြတ်နိုင်သော ရွှေငွေ
က်သံပတ္တမြားကို နယ်အနှံ့ပို့ဆောင်ပေးခဲ့သော်လည်း လမ်း
တလျှောက်၌ မည်သည့်အနှောင့်အယှက်မျှ မရှိဘဲ ချောချော
မော ရှိခဲ့လေသည်။

ယခုတစ်ခါ သူသည် လူလေးယောက်ကိုသာ ပို့ဆောင်ခဲ့၏။

ယင်းလူလေးယောက်အား ပို့ဆောင်ရာတွင် လမ်းခရီး၌
ခမောင်နှမတို့က ဝင်ရောက်လုယက်ရန် ကြိုးစားသည်။

သို့သော် ထိုယက္ခမောင်နှမသည် မမျှော်လင့်ဘဲ အ
င်းတစုံတရာကြောင့် တောင်းပန်ပြီး ပြန်လည်ထွက်ခွာသွား
သည်။

ဖန်းကျင်းရှမ်းတို့ ငွေစုမှာ နားမလည်နိုင်အောင် ဖြစ်သွား၏
န် အခြားအခြားသော ဓားပြဂိုဏ်းတို့ကလည်း ကျားမာန်အာမခံ
၏ မျက်နှာကိုပင် မထောက်ထားဘဲ တိုက်ခိုက်လုယူရန် ကြံစည်
ကြသည်ဟု သတင်းကြားခဲ့ရလေသည်။

ဤသို့ဆိုလျှင် ထိုလူများသည် အဘယ်ကြောင့် ယခုကဲ့သို့
မဲမဲ မည်သည့်ပစ္စည်းကို လုယက်လိုနေပါသနည်း။

အကယ်၍သာ ရွှေငွေနှင့်ကျောက်သံပတ္တမြားအတွက် လု
လျှင် မိမိသိထားသလောက် မြို့တော်ဝန်တို့မှာ တန်ဖိုးကြီးကြီး
သောပစ္စည်းများ လုံးဝမရှိပါ။

အကယ်၍ မြို့တော်ဝန်အား လက်တုံ့ပြန်ကလဲ့စားချေ
ဖြစ်နေလျှင်လည်း သူတို့သည် အချိန်မရွေး လက်တုံ့ပြန်၍ရ
သည်။

ကျားမာန်အာမခံဌာနနှင့် ထိပ်တိုက်ရင်ဆိုင်ဖွယ်ရာ မ
အပ်ပေ။

ထို့ကြောင့် ဖန်းကျင်းရှမ်းသည် နောက်ဆုံးတွေးစရ
ချက်မှာ မြို့တော်ဝန်၏သမီး၌ အလွန်တန်ဖိုးရှိသောပစ္စည်းတစ်
မိဘများမသိအောင် လျှို့ဝှက်ယူဆောင်လာသလား..

ထို့အပြင် ယက္ခတို့မောင်နှမ လုယူပြီးမှ ပြန်ပေးလိ
သော သိုးကျောင်းပန်းချီပုံသည် ရိုးရိုးပန်းချီကားချပ်တစ်ခု မဟု
သည်မှာ သေချာသည်ဟု တွေးမိလေသည်။

သူသည် ယင်းသို့အတွေးပေါင်းစုံ တွေးပြီးနောက် စိတ်
တုံးတုံးချကာ အိပ်ပျော်သွားလေတော့သည်။

* * *



ဖန်းကျင်းရှမ်းသည် အိပ်ရာမှ နိုးလာသောအခါ မိုးစင်စင်
င်းနေပြီ ဖြစ်သည်။

အိပ်ရာထပြီး အခန်းပြင်သို့ ရောက်ရှိလာသောအခါ မြို့
တော်ဝန်အား တွေ့ရှိလိုက်လေသည်။

ဖန်းကျင်းရှမ်းအား မြို့တော်ဝန်က ပြုံး၍ နှုတ်ဆက်လိုက်
း...

"လူကြီးမင်းရဲ့သမီး နေမှ မကောင်းသေးဘဲ၊ တစ်ရက်နှစ်
က်လောက်တော့ နေရလိမ့်မယ်"

မြို့တော်ဝန်က စကားကို ဖြည်းလေးစွာ ပြောလိုက်သည်။

"သမီးကတော့ ဆေးသောက်ပြီး အတော်လေး သက်သာ
ားပါပြီ၊ ခင်ဗျားတို့ ခရီးဆက်သွားမယ်ဆိုရင် သွားနိုင်ပါတယ်"

ထိုစဉ် ကျွန်းအော့ သူတို့ဆီသို့ လျှောက်လာသည်။

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်ပြီး ကျွန်းအော့အား
မ်းမေးလိုက်သည်။

"ဘာပြောမလို့လဲ ကျွန်းအော့"

ကျွန်းအော့က ဖိတ်စာတစ်စောင်ကို လက်နှစ်ဘက်ဖြင့်
မ်းပေးလိုက်သည်။

"ဖိတ်စာတစ်စောင် လာပေးသွားလို့ပါ"

ဖန်းကျင်းရှမ်းက ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဘယ်သူ့ ဖိတ်စာလဲ"

ကျွန်းအော့က ပြောလိုက်သည်။

"ဦးလေးဖန်းကို ထမင်းကျွေးမလို့ ဖိတ်တဲ့ဖိတ်စာပါ"

ဖန်းကျင်းရှမ်း၏ရင်ထဲ၌ စိုးရိမ်ပူပန်သွားသော်လည်း မျ

နှာကို အပြုံးနိုင်ဆုံး ပြုံးထားလိုက်သည်။

"မိတ်ဆွေပေါင်းထဲကနဲ့ တူပါတယ်"

သူသည် ဖိတ်စာကို ဖွင့်ကြည့်လိုက်သည်။

"ဖန်းကျင်းရှမ်း ခင်ဗျာ (၁၂)လ (၅)ရက် မွ

တည့်ချိန်မှာ ကျုပ်တို့ ဧည့်ခံကျွေးမွေးမည် ဖြစ်ပါသ

ကျေးရွာ စားသောက်ဆိုင်သို့ ကြွပါခင်ဗျာ"

ပုံ၊မိတ်ဆွေပေါင်း(၅)ယော

ဖန်းကျင်းရှမ်းသည် ဖိတ်စာကို ဖတ်ပြီး ပြန်လည်သိ

ဆည်းလိုက်သည်။

"မိတ်ဆွေတွေ ဖိတ်တော့လဲ သွားရမှာပေါ့ဗျာ"

မြို့တော်ဝန်က ပြုံးလိုက်ပြီး...

"အတော်ပါပဲလေ ခင်ဗျားလည်း မိတ်ဆွေပေါင်းနဲ့ တေ

ဆုံရတာပေါ့။ ကျုပ်တို့လည်း တရက်နားချိန် ရသွားတာပေါ့"

သူသည် ပြောပြီးသည်နှင့် စားပွဲမှထကာ ထွက်သွားေ

သည်။

* * *

## မိတ်ဆွေပေါင်း၏ထမင်းစားပွဲ

ဖန်းကျင်းရှမ်းသည် ယန်စုစိန်အား အစစအရာရာ သတိရှိစွာဖြင့် စောင့်ရှောက်ရန် မှာကြားပြီးနောက် ကျေးရွာစားသောက်ဆိုင်သို့ တစ်ယောက်တည်း ထွက်လာခဲ့လေသည်။

ယန်စုစိန်သည် ဖန်းကျင်းရှမ်းသွားရာနောက်သို့ စိတ်မချ၍ ယို့လုံးအား ရုပ်ဖျက်ကာ နောက်မှ မယောင်မလည် လိုက်သွားစေသည်။

ဖန်းကျင်းရှမ်းသည် ကျေးရွာစားသောက်ဆိုင်သို့ ရောက်ရှိလာသောအခါ မွန်းတည့်ချိန်ပင် ဖြစ်သည်။

ဆိုင်လုလင်က သူ့အား ဆီး၍ ကြိုဆိုလိုက်လေသည်။

"ကျားမာန်အာခံဌာနက ဒုဌာနမှူး ဖန်းကျင်းရှမ်း မဟုတ်လား"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

ဆိုင်လုလင်က ဦးညွှတ်လိုက်ပြီး အပေါ်ထပ်သို့ လက်ညှိုးညွှန်ပြလိုက်ပြီး...

"အပေါ်ထပ်မှာ အဆင်သင့် စောင့်နေကြပါတယ်၊ ကြွပါခင်ဗျာ"

ဖန်းကျင်းရှမ်းသည် အပေါ်ထပ်သို့ တစ်ချက် အကဲခတ်ကြည့်ပြီး ခြေလှမ်းသွက်လက်စွာဖြင့် တက်ရောက်သွားလေတော့၏။

* * *



ဖန်းကျင်းရှမ်းသည် အပေါ်ထပ်သို့ ရောက်ရှိလာသောအခါ စားသောက်ခန်း အလယ်တည့်တည့်၌ စားပွဲတခုမှအပ အခြားစားပွဲနှင့် ကုလားထိုင်များအားလုံး သိမ်းဆည်းထားသည်ကို တွေ့ရသည်။

အလယ်စားပွဲဝိုင်းတွင် လူ(၅)ယောက် ထိုင်နေသည်ကို တွေ့ရသည်။ ထို့အပြင် လွတ်နေသော ကုလားထိုင်တစ်လုံးကိုလည်း တွေ့ရှိလိုက်လေသည်။

သူတို့သည် ဖန်းကျင်းရှမ်း ရောက်လာသည်ကို တွေ့ရသောအခါ ပြုံးရွှင်သော မျက်နှာဖြင့် မတ်တတ်ရပ်၍ ကြိုဆိုကြ၏။

"ကြွပါခင်ဗျာ"

ဖန်းကျင်းရှမ်းက ထိုလူ(၅)ယောက်အား အကဲခတ်ကြည့်လိုက်သည်။

ထိုလူ(၅)ယောက်အနက် (၂)ယောက်ကိုသာ မြင်ဖူးတွေ့ဖူးသည်ဟု ထင်ရသည်။ ကျန်(၃)ယောက်ကို လုံးဝ မမြင်ဖူးခဲ့ပေ။

ဖန်းကျင်းရှမ်းသည် ဣန္ဒြေမပျက် ဆေးတံကို မီးညှိလိုက်ပြီး လွတ်နေသော ကုလားထိုင်တွင် ထိုင်ချလိုက်လေသည်။

သူသည် ဆေးတံကို တစ်ချက်နှစ်ချက် ဖွာလိုက်ပြီးမှ ထိုလူ(၅)ယောက်အား တစ်ချက်ဝေ့ကြည့်လိုက်သည်။ ပြီးနောက် လိုရင်းစကား အားလုံးကို ကြည့်ယင်း မေးလိုက်သည်။

"ကဲ ပြောပါ၊ ကျုပ်ကို ဘာကိစ္စနဲ့ အခုလို ဖိတ်တာလဲ"

ထိုလူ(၅)ယောက်အနက် မုတ်ဆိတ်မွေးရှိသောလူက ပြုံး

ပြလိုက်ပြီး...

"ခင်ဗျားတို့ ဒီကို ရောက်လာတယ်လို့ သတင်းကြားတာနဲ့ ကျုပ်တို့က ဧည့်ဝတ်ပြုချင်လို့ပါ"

ဖန်းကျင်းရှမ်းက အေးစက်သော လေသံဖြင့်...

"ကျုပ်မှာ အချိန်မရလို့ ခင်ဗျားတို့ ဘာကို ဆိုလိုချင်တာလဲဆိုတာ ပွင့်ပွင့်လင်းလင်း ပြောပြပါ"

မုတ်ဆိတ်မွေးရှိသောလူက ပြုံးလိုက်သည်။

"ခင်ဗျား ဒီလိုမေးမှတော့ ပြောရမှာပေါ့"

"ဒီလိုပါ ကျားမာန်အာမခံဌာနနဲ့ ကျုပ်တို့နဲ့ ဘာရန်ငြိုးမှ မရှိပါဘူး၊ ဒါပေမယ့် ခင်ဗျားတို့ ပို့ဆောင်လာတဲ့လူနဲ့ ကျွန်တော်တို့နဲ့ ပတ်သက်နေပါတယ်၊ ဒါကြောင့် အခုလို ထမင်းစားဖိတ်ပြီး တောင်းပန်ချင်လို့ပါ"

ဖန်းကျင်းရှမ်းက အနည်းငယ် တွေဝေပြီးနောက် ခေါင်းညိတ်လိုက်သည်။

"ဆက်ပြောပါဦး"

မုတ်ဆိတ်မွေးရှိသောလူက စကားဆက်လိုက်သည်။

"ဒီလိုပါ ကျုပ်တို့ လုပ်နေတဲ့ အလုပ်မှာ ချောမောသွားအောင် ခင်ဗျားတို့ မျက်စိမှိတ် ထားလိုက်ပါဗျာ အလွန်ကြာရင် ထမင်းတစ်အိုးကျက်ပါပဲ"

ဖန်းကျင်းရှမ်း မဲ့ပြုံးပြုံးလိုက်ပြီး...

"ရှင်းရှင်းပဲ ပြောစမ်းပါဗျာ၊ လူသတ်မလို့လား၊ ပစ္စည်းလုမလို့လား"

မုတ်ဆိတ်မွေးရှိသောလူက အရက်ခွက်ကို မြှောက်ပြလိုက်လေသည်။

"ကျားမာန်အာမခံဌာနရဲ့ မျက်နှာကို ထောက်လို့ ကျုပ်တို့ လူမသတ်ပါဘူး"

ဖန်းကျင်းရှမ်းက မဲ့ပြုံးပြုံးလိုက်လေသည်။

"ဒါဖြင့် ပစ္စည်းလုမယ်ဆိုပါတော့ ကျုပ်သိသလောက်ဆိုရင် သူတို့မှာ တန်ဖိုးရှိတဲ့ ပစ္စည်းဆိုလို့ ဘာမှ မပါပါဘူးဗျာ"

မုတ်ဆိတ်မွေးရှိသောလူက မျက်မှောင်ကြုတ်သွားပြီး စိတ်မရှည်ဟန်ဖြင့်...

"ဒါ ခင်ဗျားအလုပ် မဟုတ်ဘူး၊ ကျုပ် ပြောသလိုသာ ခင်ဗျားတို့ ခဏလေး ရှောင်ပေးလိုက်ပါ"

ဖန်းကျင်းရှမ်းက ထိုသူ့အား စိုက်ကြည့်ကာ...

"ဩော်... ခင်ဗျားတို့ နာမည်တွေတောင် မသိရသေးပါလား"

မုတ်ဆိတ်မွေးနှင့်လူက ပြုံးပြီး...

"ကျုပ်နာမည် အိထန်ပါ"

ဖန်းကျင်းရှမ်းသည် ထိုနာမည်ကို ကြားရသောအခါ ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွားသည်။

"ကျုပ်မှတ်မိပြီ ခင်ဗျားတို့က ယန့်စန်းတောင်က သခဲ့(၅)ကောင် မဟုတ်လား"

အိထန်က ခေါင်းညိတ်လိုက်သည်။

"ခင်ဗျား သတိရသေးတာပဲ၊ ခင်ဗျားတို့ ကျားမာန်အာမခံ ဌာနက သတင်း အနံ့ခံ တယ်ကောင်းပါလား"

ဖန်းကျင်းရှမ်းက မဲ့ပြုံးပြုံးလိုက်လေသည်။

"သိတာပေါ့ဗျာ၊ ခင်ဗျားတို့(၅)ယောက်က မင်းသားလေး ကပ်ဟို့လျှန်လက်အောက် ရောက်နေတယ် မဟုတ်လား"

အိထန်က ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်ပါတယ်၊ ကျုပ်တို့တစ်တွေက မင်းသားလေးကပ်ဟို့ လျှန်ရဲ့ တပည့်တွေပါ"

ဖန်းကျင်းရှင်း၏မျက်နှာ ကွက်ကနဲ ပျက်သွားသည်။

"ဒါဖြင့် မင်းသားလေးကလည်း ဒီမှာ ရှိနေမှာပေါ့"

အိထန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ အခုလောက်ဆိုရင် ခင်ဗျားတို့ တည်းခိုခန်း ကို ရောက်နေလောက်ပြီ ထင်တယ်"

ဖန်းကျင်းရှမ်းက ဒေါသဖြစ်စွာဖြင့် ဆက်ကနဲ မတ်တတ် ရပ်လိုက်ပြီး...

"ဩော်... ခင်ဗျားတို့က ကျုပ်ကို လိမ်ခေါ်တယ်ဆိုတော့"

အိထန်ကလည်း မတ်တတ်ရပ်လိုက်သည်။

"ဒီမှာ ဖန်းကျင်းရှမ်း ခင်ဗျားသိတာ နောက်ကျသွားပါပြီ"

ဖန်းကျင်းရှမ်းသည် ရင်ထဲ၌ မခံမရပ်နိုင်အောင် ဒေါသဖြစ် လာပြီးလျှင် တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။



ထိုစဉ်မှာပင် လူတစ်ယောက်သည် ဆိုင်လှလင်အား တွန်း ဖယ်၍ အပေါ်ထပ်သို့ လျှင်မြန်စွာ တက်လာသည်ကို တွေ့ရသည်။

* * *

ဖန်းကျင်းရှမ်းသည် အပေါ်ထပ်သို့ တက်လာသောလူ အား လှမ်းကြည့်လိုက်သည်။

ထိုလူသည် အစိမ်းရောင်အင်္ကျီရှည် ဝတ်ဆင်ထားသည်။

ခြေထောက်မှာလည်း ညှပ်ဖိနပ်စီးထားသည်။

သူ၏ကျောပေါ်တွင် ရှည်လျားသော အထုပ်လေးတစ်ထုပ် စည်းထားသည်ကို တွေ့ရသည်။

ထိုလူ၏မျက်နှာမှာ ရွာသားတစ်ယောက်နှင့် တူလှပေ၏။

သူသည် အပေါ်ထပ်သို့ တက်ရောက်လာသည်နှင့် အခန်း ထဲသို့ တစ်ချက်ဝှေ့ကြည့်လိုက်သည်။

အခန်းထဲမှာ စားပွဲနှင့် ကုလားထိုင် သိမ်းဆည်းထားသည် ကို တွေ့ရသောကြောင့် မျက်မှောင်ကြုတ်သွားလေသည်။

"ဘယ်လိုဖြစ်တာလဲ၊ စားပွဲနဲ့ ကုလားထိုင် သိမ်းထားကြပါ လား..."

စားပွဲဝိုင်းတွင် ထိုင်နေကြသော လူ(၅)ယောက်အနက်

တစ်ယောက်သည် ထရပ်လိုက်ပြီး ထိုလူ့ထံ လျှောက်သွားပြီး ခါးထောက်မေးလိုက်လေသည်။

"ဟေ့… ဒီမှာ ဘာဖြစ်လို့လာပြီး ဆူဆူညံညံ လုပ်နေတာလဲ…"

သူသည် ပြောယင်း ထိုလူ၏ပခုံးကို လှမ်းဆွဲလိုက်လေ၏။

အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသောလူက အသာအယာ ရှောင်တိမ်းလိုက်ပြီး…

"ဘယ်လိုလဲဗျ။ ကျုပ်ကို ဘာလို့ ဒီလိုလုပ်ရတာလဲ"

ထိုလူက လက်သီးဖြင့် ထပ်မံထိုးလိုက်လေသည်။

အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသောလူက ရှောင်တိမ်းလိုက်ယင်း…

"ဘယ်လိုလဲဗျ… နေ့ခင်းကြောင်တောင် လူကို အပြစ်မရှိဘဲ သတ်မလို့လား၊ မင်းတို့က ဥပဒေကို မကြောက်ကြတော့ဘူးလား"

လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်ပြီး တိုက်ခိုက်လိုက်ပြန်သည်။

အစိမ်းရောင်ဝတ်ဆင်ထားသောလူက ထိုလူ တိုက်ခိုက်မှုအားလုံးကို ရှောင်တိမ်းနိုင်ခဲ့သည်။

ယင်းအစိမ်းရောင် ဝတ်ဆင်ထားသောလူသည် ထိပ်တန်း သိုင်းပညာရှင် ဖြစ်သည်မှာ သေချာလှပေသည်။

ထိုစဉ်… နောက်ဘက်မှ…



"ရပ်လိုက်"

အိထန်က သူ့လူအား အမိန့်ပေး၍ ဟန့်တားလိုက်လေ၏။

ထိုလူသည် တိုက်ခိုက်ရာမှ ရပ်တန့်လိုက်လေသည်။

အစိမ်းရောင်ဝတ်ဆင်ထားသောလူသည် စားပွဲဝိုင်းအား ဖျင့်ယှက်ရန် သက်သက်ရောက်ရှိလာခြင်း ဖြစ်သည်ဟု ယုံကြည်လေသည်။

ထို့ကြောင့် ဖန်းကျင်းရှမ်းသည် လက်နှစ်ဘက် နောက်ပစ်က အကဲခတ်ကြည့်နေ၏။

အိထန်သည် အစိမ်းရောင်ဝတ်ဆင်ထားသောလူသည် သူ့ဆီသို့ လျှောက်လာသည်ကို တွေ့မြင်လိုက်သဖြင့် လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်နှင့် သူ့ဘေးမှ ထိုင်နေသော လူနှစ်ယောက်က ထလာကြပြီး…

အစိမ်းရောင်ဝတ်ဆင်ထားသော လူရှေ့သို့ သွားရောက်ရပ်လိုက်သည်။

ထိုလူ(၂)ယောက်အမည်မှာ အရက်သရဲ ချန်းဟုနှင့် အဖြူရောင်သရဲ ဝမ်းပင်တို့ပင် ဖြစ်သည်။

အစိမ်းရောင်ဝတ်ဆင်ထားသောလူက ခြေလှမ်းရပ်တန့်လိုက်ပြီး ချန်းဟုနှင့် ဝမ်းပင်တို့အား မထီမရီ ပြုံးပြလိုက်ယင်း…

"ဘယ်လိုလဲ ခင်ဗျားတို့ ရန်ဖြစ်ချင်ပြန်ပြီလား"

အရက်သရဲ ချန်းဟုက အေးစက်သော အသံဖြင့်…

"ဟေ့… မင်းဘယ်သူလဲ"

အစိမ်းရောင်ဝတ်ဆင်ထားသောလူက ရယ်မောလိုက်၏။

"ဟင်း... ဟင်း... မင်းတို့က ကျုပ်နာမည်ကို မေးတာလား"

သူ၏အသံသည် ပြောင်းလဲသွားသည်။

ပထမတွင် သူက စုချွမ်းလေသံဖြင့် ပြောသည်။

ယခုတစ်ဖန် ပီကင်းအသံစစ်စစ်ဖြင့် ပြောလာသည်။

ဖန်းကျင်းရှမ်းက လျှပ်တပြက် လူတစ်ယောက်ကို ရုတ်တရက် သတိရလာလေတော့သည်။

* * *



အရက်သရဲ ချန်းဟု ဒေါသထွက်နေ၏။

"ဟုဝ်တယ်၊ မင်းနာမည်ကိုမေးတာ၊ နားတော့ မကန်းပါးနော်"

အစိမ်းရောင်ဝတ်ဆင်ထားသောလူက ညင်သာစွာ ခေါင်းယမ်းလိုက်သည်။

"မင်းက ငါ့ကို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံတယ်၊ ဟုတ်လား၊ ...တ်ကြာ ငါက မင်းကို ပါးရိုက်ရင် စိတ်မဆိုးနဲ့နော်"

အရက်သရဲ ချန်းဟုက ဒေါသဖြင့် အော်ငေါက် မေးနေ၏။

"နာမည်ပြောစမ်း၊ ကျုပ်တို့က နာမည်မရှိတဲ့လူနဲ့ ရန်မ...စ်ချင်ဘူး"

အစိမ်းရောင်ဝတ်ဆင်ထားသောလူက ရယ်မောလိုက်၏။

"ဟား... ဟား... ဟား ကျုပ်ကိုယ်ကျုပ်တော့ နာမည်မရှိ...ဘူး၊ ဒါပေမယ့် အများကတော့ ကျုပ်ကို သရဲဖမ်းတဲ့လူလို့ ခေါ်...ကြတယ်ဗျ"

အဖြူရောင်သရဲ ဝမ်းပင်က စိတ်ကို မထိန်းနိုင်တော့ဘဲ ...က်ဝါးဖြင့် တိုက်ခိုက်လိုက်လေသည်။

အရက်သရဲ ချန်းဟုကလည်း ဝင်ရောက်တိုက်ခိုက်လိုက်...ည်။ ထိုအခါ အစိမ်းရောင်ဝတ်ဆင်ထားသောလူသည် အသာအ...သာ ရှောင်တိမ်းလိုက်ရာ အရက်သရဲ ချန်းဟုက အရှိန်လွန်၍ သူ၏...င်ဝနှင့် အစိမ်းရောင်ဝတ်ဆင်ထားသောလူ၏ ပခုံးနှင့် တိုက်မိသွား...လသည်။

"အား"

သူသည် ဗိုက်ကိုနှိပ်ကာ ဖင်ထိုင် လဲကျသွားလေသည်
အဖြူရောင်သရဲ ဝမ်းပင်မှာလည်း ကိုက်ခိုက်ရင်း သူ၏ခြေထောက်
က အစိမ်းရောင်ဝတ်ဆင်ထားသောလူ၏ ခြေထောက်နှင့် ခလု
တိုက်မိသဖြင့် မှောက်လျက် လဲကျကာ သူ၏မျက်နှာနှင့် စားပွဲရှိ
မိပြီး မျက်နှာတစ်ခြမ်းလုံး ရောင်ကိုင်းသွားလေသည်။

အိထန်က ထိုလူအား အံ့အားသင့်စွာ စိုက်ကြည့်လိုက်ပြီး

"မိတ်ဆွေ... ခင်ဗျားက ဘယ်ဆိုးလို့တုံး"

အစိမ်းရောင်ဝတ်ဆင်ထားသောလူက သူ၏ပခုံးကို ပွတ်
ရင်း...

"ခင်ဗျားမြင်တဲ့အတိုင်းပဲ ကျုပ်က သူတို့ကို တိုက်ခိုက်တာ
လား၊ သူတို့က ကျုပ်ကို စော်ကားတာလား"

မှောင်အိထန်က လက်နှစ်ဘက် ဆုပ်လိုက်သည်။

"ကျုပ်လူတွေ မသိလို့ အခုလို ဖြစ်ရတာ၊ သူ့အပြစ်နဲ့ပါ
ဒါပေမယ့် ခင်ဗျားနာမည်ကိုတော့ ပြောပြဖို့ ကောင်းပါတယ်"

အစိမ်းရောင်ဝတ်ဆင်ထားသောလူက စကားမပြော
လွတ်နေသော ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

ထို့နောက် အရက်ငှဲ့၍ သောက်နေလေသည်။

ထိုသူ၏ အေးတိအေးစက် အပြုအမူကြောင့် မှောင်အိထ
မှာ ဒေါသကို အနိုင်နိုင် ချုပ်တည်း[illegible]သည်။

"မိတ်ဆွေနာမည်ကို ပြောရမှာ ကြောက်နေလို့လား"



မှောင်အိထန်က ဒေါသစိတ်ကို မျိုသိပ်ယင်း ပြောလိုက်
သည်။

အစိမ်းရောင်ဝတ်ဆင်ထားသောလူက မှောင်အိထန်အား
ကြည့်သည်။

သူ၏မျက်လုံးအစုံသည် ရူးရှတောက်ပနေသည်ကို တွေ့ရ
သည်။

"ဒီမှာ မှောင်အိထန်၊ ကျုပ် ခင်ဗျားနဲ့ ရန်ဖြစ်လို့ လာတာ
ဟုတ်ဘူး"

မှောင်အိထန်က မျက်မှောင်ကြုတ်သွားသည်။

"ဒါဖြင့်..."

အစိမ်းရောင်ဝတ်ဆင်ထားသောလူက ကြားဖြတ်လိုက်
သည်။

"ခင်ဗျားတို့သခင် မင်းသားလေးနဲ့ တွေ့ချင်လို့"

သူ၏စကား ဆုံးသွားသည်နှင့် ရယ်မောသံတစ်သံ ရုတ်တ
[illegible] ထွက်ပေါ်လာလေသည်။

"ဟား... ဟား... ဟား"

* * *

ဖန်းကျင်းရှမ်းနှင့် အစိမ်းရောင်ဝတ်ဆင်ထားသော လူတို
သည် လှေကားဝသို့ ပြိုင်တူလှည့်ကြည့်မိလိုက်ကြသည်။

လူတစ်ယောက်သည် ခေါက်ယပ်တောင်တစ်ချောင်းကို
လျက် အပေါ်သို့ အေးတိအေးစက် တက်လာသည်ကို တွေ့ရလေ
သည်။

ထိုသူမှာ အသက်(၂၀)ကျော် ဝန်းကျင်ခန့်သာ ရှိသေ
သည့် လူငယ်တစ်ဦး ဖြစ်၏။

ရုပ်ရည်ချောမောသော လူငယ်တစ်ယောက်ပင် ဖြစ်သည်

"ဝုန်း..."

ထိုလူငယ်အား ကြည့်ယင်း အစိမ်းရောင်ဝတ်ဆင်ထား
သောလူက လက်ဝါးဖြင့် စားပွဲကို တအားရိုက်ချလိုက်သည်။

"ခြွမ်း... ခြွမ်း"

စားပွဲပေါ်၌ ပန်းကန်၊ ဇွန်း၊ အရက်ခွက်များ စသည်တို့
သည် ကွဲရှလွင့်စဉ်ကုန်သည်။

"ဒီမှာ ကပ်ဟို့လျန် မင်းနောက် ငါလိုက်နေတာ လေးငါး
လောက် ရှိသွားပြီကွ၊ ခုမှ တွေ့ရတော့တယ်"

ကပ်ဟို့လျန်က ပြုံးလိုက်သည်။

"ဩော်... ဘယ်သူများမှတ်တယ် လျှမ်းလျှမ်းတောက်
ကျော်ကြားနေတဲ့ လေပွေသိုင်းသမားကိုး"

လေပွေသိုင်းသမားဟူသော အမည်ကို ကြားလိုက်ရသေ
အခါ အိထန်မှာ ရင်ထိတ်သွားလေသည်။



သူသည် ဤတိုက်ပွဲတွင်းသို့ ဝင်ရောက် တိုက်ခိုက်ခြင်း
ပြုသည်မှာ ကံကောင်းလေစွဟုလည်း တွေးလိုက်မိလေသည်။

လေပွေသိုင်းသမားက ထိုင်ရာမှ ထရပ်လိုက်သည်။

"ပြောစမ်း၊ မင်း ငါ့တူမကို ဘယ်လို ဖြားယောင်းထားသလဲ"

ကပ်ဟို့လျန်က ခေါင်းခါယမ်းလိုက်ပြီး...

"ဗျာ... အများကြား မကောင်းအောင် မတရား မစွပ်စွဲပါ
နဲ့ဗျာ..."

လေပွေသိုင်းသမားက...

"စကားမရှည်နဲ့ ကျုပ်တူမ ဘယ်မှာ ရှိတယ်ဆိုတာ ပြော
ပါ"

ကပ်ဟို့လျန်က မျက်မှောင်ကြုတ်၍...

"နေပါဦး ခင်ဗျားတူမက ဘယ်သူလဲဗျ"

"ဟိုလျန်ဝါး"

ကပ်ဟို့လျန်က အနည်းငယ် စဉ်းစားလိုက်သည်။

"သူ အခု ပျော်ပျော်ရွှင်ရွှင် ရှိနေပါတယ်ဗျာ"

"သူ အခု ဘယ်မှာလဲ"

ကပ်ဟို့လျန်က ခေါင်းခါယမ်းလိုက်ပြီး...

"ပြောမပြနိုင်တာ ဝမ်းနည်းပါတယ်"

"ဒါဖြင့် ကျုပ်က မင်းကို ပြောလာအောင် လုပ်ရလိမ့်မယ်
ထင်ပါတယ်"

"ခင်ဗျား ကျုပ်ကို နိုင်လိမ့်မယ်လို့ ယူဆထားလို့လား"

လေပွေသိုင်းသမားက မဲ့ပြုံးပြုံးလိုက်ပြီး...

"ဘာပဲဖြစ်ဖြစ် မင်းနဲ့ ငါနဲ့ အပြတ်ရှင်းမှပဲ ပြီးပြတ်လိမ့်မယ်"

ကပ်ဟို့လျှန်က လက်ကာပြလိုက်သည်။

"ခဏနေပါဦးဗျာ၊ အေးအေးဆေးဆေး ဆွေးနွေးကြတာပေ့ါ"

သူသည် ဖန်းကျင်းရှမ်းဘက်သို့ လှည့်လိုက်သည်။

"ခင်ဗျားက ကျားမာန်အာမခံဌာန ဒုဌာနမှူး ဟုတ်လား"

ဖန်းကျင်းရှမ်းက လက်နှစ်ဘက်ဆုပ်လိုက်သည်။

"ဟုတ်ပါတယ် ကျုပ်က ဖန်းကျင်းရှမ်းပါ"

ကပ်ဟို့လျှန်က ပြုံးပြလိုက်သည်။

"ခင်ဗျားတပည့် ယန်စုစိန်က မှာလိုက်ပါတယ်၊ ခင်ဗျားကို တွေ့ရင် တည်းခိုခန်းကို အမြန်ဆုံး ပြန်ခဲ့ပါလို့ မှာလိုက်တယ်"

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်သွားပြီး...

"ခင်ဗျားက ကျုပ်လူနဲ့ တွေ့ခဲ့လို့လား"

"တွေ့ခဲ့ပါတယ်၊ မြို့တော်ဝန်ရဲ့သမီးကိုလည်း တွေ့ခဲ့ပါတယ်"

ဖန်းကျင်းရှမ်း၏ရင်ထဲ၌ လေးလံသွားလေသည်။ ကပ်ဟို့လျှန်က စကားဆက်လိုက်သည်။

"မြို့တော်ဝန်ရဲ့ သမီးနာမည်က လျှူဝမ်းအော့လို့ သိခဲ့ရပါတယ်ဗျာ"



ဖန်းကျင်းရှမ်းသည် ရင်ထဲ၌ မခံမရပ် ဖြစ်လာလေသည်။ အကာယ်၍သာ ကပ်ဟို့လျှန်က သူမအား စော်ကားခဲ့လျှင်သည် အသက်ချင်းလဲပစ်ရန်ပင် စိတ်ကူးမိသည်။

"ခင်ဗျား သူ့ကို ဘာလုပ်ခဲ့သေးလဲ"

ဖန်းကျင်းရှမ်း၏အသံသည် အေးစက်ပြီး မာကျောနေ၏။

ပ်ဟို့လျှန်က လက်ကာပြလိုက်သည်။

"စိတ်ချပါ ကျုပ်လက်ဖျားနဲ့ မတို့တဲ့အပြင် သူ့ရဲ့ရောဂါက်သာသွားအောင် ဆေးတစ်လုံးတောင် တိုက်ခဲ့သေးတယ်၊ အခုာ့ သက်သာသွားပါပြီ"

ယင်းစကား ကြားလိုက်တော့မှ စိတ်သက်သာရာ ရသွားသသည်။

"ဒါနဲ့ ခင်ဗျားက ဒီမြို့ကလေးကို လာတယ်ဆိုတော့ အကြောင်းမရှိဘဲနဲ့ ရောက်မလာနိုင်ဘူး ထင်တယ်"

ကပ်ဟို့လျှန်က ပြုံးလိုက်ပြီး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် အရေးကြီးတဲ့ကိစ္စ မရှိဘဲ ဒီလောက်ခေါင်တဲ့ ရာကို မလာပါဘူးဗျာ"

ဖန်းကျင်းရှမ်းက စိတ်ဝင်စားစွာ မေးလိုက်သည်။

"ကျုပ်တို့ အာမခံဌာနနဲ့ ပတ်သက်နေတယ် မဟုတ်လား"

"ခင်ဗျားတို့ အာမခံဌာနနဲ့တော့ မပတ်သက်ပါဘူး၊ ဒါပေမဲ့ ခင်ဗျားတို့ ပို့ဆောင်လာတဲ့ လူများနဲ့ ပတ်သက်နေပါတယ်၊ တော့..."

"ဒီတော့ ဘာဖြစ်သလဲ"

"ဒါပေမယ့် ခင်ဗျားတို့ကို ဘယ်သူကမှ လာပြီး မနှော
ယှက်လို့ စိတ်ချနိုင်ပါတယ်"

ဖန်းကျင်းရှမ်း၏ ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွားသည်။

"ခင်ဗျား ဆိုလိုတာက..."

ကပ်ဟို့လျန်က ပြုံးလိုက်သည်။

"ကျုပ်ကသာ ခင်ဗျားတို့ကို မလုယူဝံ့ဘူးဆိုရင် လော
ပေါ်မှာ လုယူဝံ့မယ့်လူ မရှိသလောက်ပါပဲ"

သူသည် ပြုံး၍ စကားဆက်လိုက်သည်။

"တစ်ခုတော့ ရှိတယ်၊ အခုလို ကျုပ်က နောက်ဆုတ်သွ
တာ ခင်ဗျားတို့ ကျားမာန်အာမခံဌာနကို ကြောက်လို့ မဟုတ်ဘူး
သိထားစေချင်တယ်"

ဖန်းကျင်းရှမ်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဘာပဲဖြစ်ဖြစ်၊ အခုလို နောက်ဆုတ်သွားတာကိုပဲ ကျေး
တင်ပါတယ်"

ကပ်ဟို့လျန် လက်နှစ်ဘက်ဆုပ်လိုက်သည်။

"ခင်ဗျား ကိစ္စရှိရင် သွားနိုင်ပါပြီ၊ ကျုပ်နဲ့ လေပွေသိုင်း
မားနဲ့ ဆွေးနွေးစရာရှိလို့ နေခဲ့ပါဦးမယ်"

ဖန်းကျင်းရှမ်းက လက်နှစ်ဘက်ဆုပ်လိုက်ပြီး...

"ကောင်းပါပြီ ခင်ဗျား၊ ကျုပ်ကို သွားခွင့်ပြုပါဦး"

သူသည် ပြောပြီး ကျေးရွာစားသောက်ဆိုင်မှ လျှင်မြန်



ထွက်ခွာသွားလေတော့သည်။

* * *

ဖန်းကျင်းရှမ်းသည် စားသောက်ဆိုင်အပြင်သို့ ရောက်လာ
သောအခါ ရုပ်ဖျက်ထားသော ယို့လုံးအား တွေ့မြင်လိုက်လေသည်။

သူတို့သည် စကားမပြောတော့ဘဲ တည်းခိုခန်းရှိရာသို့
လျှင်မြန်စွာ ပြေးလွှားသွားလေသည်။

တည်းခိုခန်းသို့ ရောက်ရှိသွားသောအခါ ယန်စုစိန်နှင့်
ကျွန်းအော့တို့ စကားပြောနေသည်ကို တွေ့မြင်လိုက်လေသည်။

သူတို့သည် ဖန်းကျင်းရှမ်း ရောက်ရှိလာသည်ကို တွေ့ရ
သောအခါ ဦးညွှတ်၍ အရိုအသေ ပြုလိုက်လေသည်။

ယန်စုစိန်က ဖန်းကျင်းရှမ်းအား စတင် စကားပြောလိုက်
လေသည်။

"ဦးလေးဖန်း... ခုနက မင်းသားလေး ကပ်ဟို့လျန် လာ
သွားသေးတယ်"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ကျုပ်သိပြီးပြီ၊ တို့ဘက်ကလူတွေ ထိခိုက်သေးသလား"

ယန်စုစိန်က သက်ပြင်းချလိုက်လေသည်။

"ပြောရမှာတောင် ရှက်ပါတယ်၊ ကျွန်တော်နဲ့ သူနဲ့ သိုင်း
ကွက်(၃)ကွက်လောက် ယှဉ်ပြိုင်လိုက်ရတယ်၊ သွေးကြောလဲ အပိတ်

ခံလိုက်ရတာယ်၊ ကျန်တဲ့လူတွေလည်း ဒီအတိုင်းပါပဲ"

ဖန်းကျင်းရှမ်းက သက်ပြင်းချလိုက်သည်။

"အင်း... ကျုပ်တို့ ကျားမာန်အာခံဌာနတော့ ကျုပ်တို့ကြောင့် နာမည်ပျက်တော့မှာပဲဗျာ"

သူသည် အတန်ကြာမျှ စဉ်းစားနေပြီး သူ၏လူများဘက်သို့ လှည့်ကာ...

"အားလုံးကို အဆင်သင့် လုပ်ခိုင်းထားလိုက်၊ ကျုပ်တို့ ကနေ့ညနေ စပြီးထွက်မယ်"

ဖန်းကျင်းရှမ်းက အမိန့်ပေးပြီးနောက် ယန်စုစိန်နှင့် ကျွန်းအော့သည် ဦးညွှတ်ကာ အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

* * *



နှင်းဖွဲ့များသည် တဖွဲဖွဲကျနေရာမှ အနည်းငယ် စဲသွားလေသည်။

သို့သော် ကောင်းကင်တစ်ခုလုံးမှာ ညိုမှိုင်း၍ နေသေး၏။ အနောက်မြောက်လေသည် တဟူးဟူး တိုက်ခတ်နေသောကြောင့် အရိုးကွဲမတတ်အောင် အေးစိမ့်နေလေသည်။

ကျားမာန်အာမခံဌာနမှ လူများသည် ခရီးဆက်လက် ထွက်ရန် အားလုံး အသင့်ပြင်ဆင်ထားပြီး ဖြစ်လေသည်။

ဖန်းကျင်းရှမ်းသည် မြို့တော်ဝန် နေထိုင်သော အခန်းသို့ သွားရောက် ပြောပြလေသည်။

"လူကြီးမင်းခင်ဗျာ၊ ခရီးထွက်ဖို့ အားလုံးအဆင်သင့် ရှိနေပြီ"

မြို့တော်ဝန်က ခေါင်းညိတ်လိုက်ပြီး...

"ကောင်းပြီလေ... မြန်မြန်ရောက်တော့ ခင်ဗျားတို့ တာဝန်ပြီးသွားတာပေါ့"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်... ဒါနဲ့ မြို့တော်ဝန်ရဲ့သမီး နေကောင်းသွားပြီလား"

"တော်တော်လေး သက်သာသွားပါပြီ"

ဖန်းကျင်းရှမ်းက မြို့တော်ဝန်အား အားတုံ့အားနာသော အကြည့်ဖြင့် ကြည့်လိုက်သည်။

"ကျုပ်ရင်ထဲမှာ မရှင်းတဲ့ မေးချင်တဲ့ စကားတစ်ခု ရှိပါ

တယ်၊ မေးခွင့်ပြုပါ"

မြို့တော်ဝန်သည် ခေါင်းမော့လာပြီး...

"မေးပါ မေးနိုင်ပါတယ်လေ"

"ကျုပ် မရှိတုန်း မင်းသားလေး ကပ်ဟို့လျှန် ရောက်လာ

တယ်၊ သူက လူကြီးမင်းရဲ့သမီးကို ဆေးလုံးတစ်လုံး ပေးသွားတ

လို့ ပြောပါတယ်"

မြို့တော်ဝန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမယ့် ကျုပ်လည်း မရှိ

သေသေချာချာ မသိလိုက် မမြင်လိုက်ဘူး"

ဖန်းကျင်းရှမ်းက ရိုကျိုးစွာဖြင့်...

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်ကိုယ်တိုင် ခင်ဗျားရဲ့သမီး

မေးချင်ပါတယ် ခွင့်ပြုနိုင်ပါ့မလား"

မြို့တော်ဝန်က အံ့သြစွာဖြင့်...

"အကြောင်းထူးများ ရှိလို့လား"

ဖန်းကျင်းရှမ်းက သက်ပြင်းချလိုက်ပြီး...

"ကျုပ် ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် ကပ်ဟို့လ

ဟာ ပစ္စည်းလုဖို့ လာတာတော့ သေချာတယ်၊ ခင်ဗျားသမီးကို

တော့ စိတ်ထားပြောင်းသွားတဲ့အပြင် ဖျားနေတာတွေ့လို့ ဆေး

တစ်လုံးတောင် ပေးလိုက်ပါသေးတယ်"

မြို့တော်ဝန် မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျား ဘာကို ဆိုလိုတာလဲ"



ဖန်းကျင်းရှမ်းက အနည်းငယ် စဉ်းစားပြီးမှ...

"ခင်ဗျားရဲ့သမီးဟာ ထိပ်တန်းပညာရှင် ဖြစ်ရမယ်လို့

ကျုပ်စိတ်ထဲမှာ သံသယဖြစ်နေတယ်ဗျာ"

မြို့တော်ဝန်က မျက်မှောင်ကြုတ်သွားသည်။

"ဒါဖြင့် ခင်ဗျားကိုယ်တိုင် လိုက်ပြီး အကဲခတ်ကြည့်ရင် ပို

ကောင်းပါတယ်"

ဖန်းကျင်းရှမ်းက ဝမ်းသာသော လေသံဖြင့်...

"ကျေးဇူးတင်ပါတယ်ဗျာ"

* * *

မြို့တော်ဝန်ကတော်သည် မြို့တော်ဝန်က ဖန်းကျင်းရှမ်းက
ခေါ်၍ အခန်းထဲသို့ ဝင်ရောက်လာသည်ကို တွေ့ရသောအခါ မျက်
မှောင်ကြုတ်သွားလေသည်။

"သမီး နေမကောင်းမှန်းသိလျက်နဲ့ ဘာဖြစ်လို့ လူစိမ်းက
ခေါ်လာရတာလဲရှင်"

မြို့တော်ဝန်က ပြုံးပြလိုက်ပြီး...

"ဒုဌာနမှူးက သမီးရဲ့ ဝေဒနာကို နည်းနည်းပါးပါး ကြည့်
တတ်လို့ သမီးအခြေအနေကို လာကြည့်တာပါ၊ သိပ်ပြီး အရေးမကြီး
လည်း အခုညနေ ခရီးဆက်ထွက်မလို့ပါ"

မြို့တော်ဝန်ကတော်က ပါးစပ်ပိတ်ထားလိုက်သည်။

မြို့တော်ဝန်က ဖန်းကျင်းရှမ်းဘက်သို့ လှည့်လိုက်ပြီး...

"ကဲ... သမီးကို ကြည့်နိုင်ပါပြီ"

ဖန်းကျင်းရှမ်းသည် ကုလားထိုင်တစ်လုံးယူ၍ ခုတင်အနီး၌
ချထားလိုက်သည်။

သူသည် ထိုင်ချလိုက်ပြီး လက်ခလယ်နှင့် လက်ညှိုးဖြင့် မိန်း
ကလေး၏ လက်ကောက်ဝတ်ပေါ်သို့ ထောက်ထားလိုက်လေသည်။

သူသည် သွေးကြောပညာကို အလွန် ကျွမ်းကျင်သော လူ
တစ်ယောက် ဖြစ်သည်။ သူ၏လက်ညှိုးနှင့် လက်ခလယ်တို့သည်
မိန်းကလေး၏ လက်ကောက်ဝတ်ကို ထောက်လိုက်သောအခါ မိန်း
ကလေး၏သွေးကြော ခုန်ပုံများသည် လူနာတစ်ယောက်နှင့် မတူဘဲ
အလွန်အားကောင်းနေသည်ကို တွေ့ရှိရလေသည်။ သူသည် မျက်



မှောင်ကြုတ်သွားသည်။ မြို့တော်ဝန်က...

"ဘယ်လို အခြေအနေလဲ"

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်လိုက်သည်။

"အင်း... တော်တော် ထူးဆန်းတာပဲ"

မြို့တော်ဝန်က အံ့သြစွာဖြင့်...

"ဘယ်လို ထူးဆန်းတာလဲ"

"မိန်းကလေးရဲ့ သွေးကြောခုန်ပုံဟာ လူနာတစ်ယောက်နဲ့
တူဘူး"

မြို့တော်ဝန်ကတော်က မကျေမနပ် ဖြစ်သွားပြီး ဖန်းကျင်း
ရှမ်းအား...

"ကျွန်မသမီး ဘာရောဂါမှ မရှိဘဲ ဟန်ဆောင်တယ်လို့
ပြောချင်လို့လား"

ဖန်းကျင်းရှမ်းသည် ပျာပျာသလဲဖြင့် မြို့တော်ဝန်ကတော်
အား တောင်းပန်လိုက်သည်။

"စိတ်မရှိပါနဲ့ဗျာ၊ ကျုပ်က ဒီလိုဆိုလိုတာ မဟုတ်ပါဘူး"

သူသည် တစ်စုံတစ်ခုကို သတိရလာသဖြင့်...

"ဒါနဲ့ ကပ်ပဲ့လျှံက ဒီအခန်းထဲ ဝင်လာခဲ့တယ်လို့ ပြော
ယ်၊ ခင်ဗျား ရှိသလား"

မြို့တော်ဝန်ကတော်သည် ခေါင်းညိတ်အဖြေပေးလိုက်၏။

"ရှိပါတယ်"

မြို့တော်ဝန်က သူ၏မိန်းမကို မကျေနပ်သော မျက်လုံး

များဖြင့် ကြည့်လိုက်ပြီး...

"မင်းဘာဖြစ်လို့ အဝင်ခံရတာလဲ"

မြို့တော်ဝန်ကတော်က...

"ရှင်တို့လူတွေ အသုံးမကျလို့ သူက သမီးအခန်းထဲကို ဝင်လာနိုင်တာပေါ့။ ကျွန်မက ဟန့်တားတာတောင် သူက တွန်းပ လိုက်တယ်၊ ကံကောင်းပေလို့ပေါ့။ သူက သမီးဖျားနေတာ တွေ တော့ ဘာအနှောင့်အယှက်မှ မပေးတော့ဘဲ သမီးနာမည် မေးပြ ဆေးတစ်လုံး ပေးလိုက်သေးတယ်"

ဖန်းကျင်းရှမ်းသည် သေချာစွာ နားထောင်ပြီးမှ...

"ဒါနဲ့ ဆေးလုံးက ဘာအရောင်လဲဗျ"

ချမ်းလန်က အနည်းငယ်စဉ်းစားကာ...

"အဖြူရောင်ပါ"

ဖန်းကျင်းရှမ်းသည် ခေါင်းညိတ်လိုက်ပြီး စကားလွှဲလိုက် ထိုင်ရာမှ ထလိုက်လေသည်။

"ကဲ... အားလုံး ခရီးထွက်ဖို့ အသင့်ရှိပါပြီ၊ ကျေးဇူးပြု မြင်းလှည်းပေါ်တက်ကြပါ"

မြို့တော်ဝန်မိသားစုသည် လှည်းပေါ်တက်ရန် ပြင် လိုက်ကြလေသည်။

နှင်းဖွဲများ ရပ်တန့်သွားသော်လည်း... မြေပေါ်၌ နှင်း နှင်းခဲများ ထူထပ်နေ၏။

ကျားမာန်အာမခံဌာနမှ မြင်းလှည်းသမားများသည် တ



နှမှ စတင်ထွက်ခွာလေသည်။

ယို့လုံးနှင့် ချန်းတပေါင်တို့သည် မြင်းကိုယ်စီဖြင့် ရှေ့ဆုံး လမ်းပြခေါ်ဆောင်သွားလေသည်။

ယန်စုစိန်နှင့် ဖန်းကျင်းရှမ်းတို့သည် အဝါရောင် အမိုးရှိ ာ ပထမမြင်းလှည်းပေါ်တွင် လိုက်ပါသွားကြသည်။

မြို့တော်ဝန်နှင့် သူ၏အိမ်ဖော်သည် ဒုတိယမြင်းလှည်း ၌ လိုက်ပါပြီး မြို့တော်ဝန်ကတော်နှင့် ချမ်းလန်တို့သည် လျူ အေ့အား စောင့်ရှောက်ရန် တတိယမြင်းလှည်းပေါ်၌ လိုက်ပါ ကြသည်။

ဖန်းကျင်းရှမ်း၏ စိတ်အလျဉ်သည် အမြန်ဆုံး ခိုင်ဖုန်းမြို့သို့ က်ရှိရန်သာ စိတ်စောနေလေသည်။

ထို့နောက် သူ၏ ဦးနှောက်ထဲမှာလည်း လျှို့ဝှက်ဆန်း ယ်လှသော မြို့တော်ဝန်၏ သမီးဖြစ်သူ လျူဝမ်းအေ့၏ အ င်းကို ခေတ္တမေ့ပျောက် ဖယ်ရှားထားလိုက်ရလေသည်။

မြင်းလှည်းသမားများသည် ခိုင်ဖုန်းမြို့သို့ ဦးတည်၍ တ ွ့ မောင်းနှင်ထွက်ခွာသွားကြလေသည်။

* * *

ဝန်းကျင်တစ်ခုလုံးသည် မှောင်မည်းနေ၏။

သို့သော် မြင်းလှည်းသမားများသည် လမ်းခရီးများ၌
နားခြင်း မရှိဘဲ ဆက်လက်၍ ခရီးဆက်နေကြလေသည်။

သူတို့သည် မနားလို၍ မဟုတ်ပါ။ နားခိုရန် နေရာကော
မွန်စွာ မရှိသောကြောင့် ရှေ့ခရီးကို ဆက်လက်မောင်းနှင်ခဲ့ခြင်း
သည်။

မကြာမီ ဝန်းကျင်တခွင်၌ အလွန် မှောင်မည်းနေသေ
ကြောင့် သူတို့သည် မြင်းလှည်းများ ဆက်လက်ထွက်ခွာရန်မှာ
ခဲ၍နေလေသည်။

ဖန်းကျင်းရှမ်းသည် ဝန်းကျင်အား တစ်ချက်ဝေ့ကြည့်
မြင်းလှည်းများကို ရပ်တန့်ရန် အမိန့်ပေးလိုက်ရာ မြင်းလှည်းသ
များသည် ရပ်တန့်သွားကြလေသည်။

ဖန်းကျင်းရှမ်းသည် မြင်းလှည်းပေါ်မှ ဆင်းလိုက်ပြီး
ကျင်သို့ တစ်ဖန် တစ်ချက်အကဲခတ် ကြည့်လိုက်သည်။

ယို့လုံးက ဖန်းကျင်းရှမ်းထံသို့ ရောက်ရှိလာလေသည်

ဖန်းကျင်းရှမ်းသည် အရှေ့စူးစူးဘက်သို့ စူးစိုက်ကြည့်
ပြီး...

"ယို့လုံး အရှေ့ဘက်ကို ကြည့်လိုက်စမ်း၊ အိမ်ခြေများ
နေမလား"

ဖန်းကျင်းရှမ်းက ညွှန်ပြယင်း မေးလိုက်သည်။

ယို့လုံးက လှမ်းကြည့်လိုက်ပြီး...



"ဖြစ်နိုင်တယ်၊ ကျွန်တော် သွားကြည့်လိုက်ဦးမယ်လေ"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"အေး... သတိဝီရိယနဲ့ သွားကွာ"

ယို့လုံးက မြင်းပေါ်တက်လိုက်ပြီး အရှေ့ဘက်သို့ မောင်း
သွားလေသည်။

* * *

တခဏအကြာတွင် ယို့လုံး ပြန်လည်ရောက်ရှိလာသည်။

"ဦးလေးဖန်း ဟိုမှာ ဟိုမှာ ဘုံကျောင်းပျက်တစ်ခုတော့
တယ်"

ဖန်းကျင်းရှမ်းက ဝမ်းသာစွာဖြင့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပြီ အထဲမှာ လူရှိသလား"

"မရှိဘူး ဦးလေးဖန်း"

"မြင်းလှည်းပါသွားလို့ ရရဲ့လား"

"ကျွန်တော် မြေကြီးကို သေသေချာချာ နင်းကြည့်ပါတယ်၊
ည်းသွားလို့ ရတယ်"

"ဒါဖြင့် ယန်စုစိန်ကို ပြောလိုက်၊ တို့ ဟိုမှာ တစ်ညလော
သွားတည်းမယ်"

ယို့လုံးသည် ယန်စုစိန်၏ မြင်းလှည်းဘက်သို့ ခပ်သွ
သွက် လျှောက်သွားလေသည်။

* * *

မြင်းလှည်းတန်းသည် ဘုံကျောင်းပျက်ရှေ့တွင် နေရာ
ထားကြလေသည်။

ယန်စုစိန်နှင့် ချန်းတပေါင်တို့သည် မြင်းလှည်းမျာ
စောင့်ကြပ်ရန် ပြင်ဆင်နေ၏။

မြို့တော်ဝန်တို့မိသားစုကိုလည်း ဘုံကျောင်းပျက်ထဲ၌
ရာချထားလေသည်။

ဖန်းကျင်းရှမ်းသည် အစစအရာရာ ပြင်ဆင်ပြီးမှ မြို့တေ
ဝန်အား...

"လူကြီးမင်းခင်ဗျာ ခဏအနားယူပါ၊ ကျုပ်က အခြေအ
လေ့လာထားကြည့်ရဦးမယ်"

မြို့တော်ဝန်က ပြုံးလိုက်ကာ...

"ကျုပ်လည်း ပတ်ဝန်းကျင် လေ့လာရင်း လိုက်ကြည့် မ



ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ၊ ဒါပေမယ့် သတိတော့ ထားရလိမ့်မယ်"

* * *

ဘုံကျောင်းအပြင်ဘက်၌ မီးအိမ်များ ထွန်းညှိထားသဖြင့်
ထိန်နေ၏။

ဖန်းကျင်းရှမ်းနှင့် မြို့တော်ဝန်တို့သည် ဘုံကျောင်းပျက်
လှမ်းထွက်လာသောအခါ ယို့လုံးနှင့်ကျွန်းအော့တို့သည် ဓားကို
ခင့်ကိုင်ဆောင်ထားပြီး မြင်းလှည်းရှေ့ ခြေလှမ်းငါးဆယ်ခန့်
ွာတွင် အခြားမြင်းစီးလူစိမ်းရှေ့၌ ရပ်နေသည်ကို တွေ့လိုက်ရ
သည်။

ဖန်းကျင်းရှမ်းမှာ အနည်းငယ် အံ့သြသွားပြီးနောက်၊ မြို့
ော်ဝန်အား လေသံတိုးတိုးဖြင့်...

"လူကြီးမင်း ဒီမှာပဲ ရပ်နေပါ၊ ကျုပ်သွားကြည့်လိုက်ဦး
"

ဖန်းကျင်းရှမ်းသည် ပြောပြီးသည်နှင့် ရှေ့သို့လျင်မြန်စွာ
က်သွားလေသည်။

မြို့တော်ဝန်သည် ခြေလှမ်းရပ်တန့်လိုက်ပြီး အခြေအနေ

ကို အကဲခတ်ရင်း လှမ်းကြည့်လိုက်ရာ ယို့လုံးနှင့်ကျွန်းအောင်တို့

နေရာ ရှေ့တွင် မြင်းများ ရပ်တန့်နေသည်ကို တွေ့ရလေသည်။

မြင်းပေါ်မှလူများသည် ဝတ်ရုံများခြုံလျက် မျက်နှာမျ

ခက်ထန်စွာဖြင့် ထိုင်နေသည်။

သူတို့သည် တစ်ယောက်နှင့်တစ်ယောက် စကားမပြော

ဘဲ ကျောက်ရုပ်ပမာ ရပ်တန့်နေကြလေသည်။

ဖန်းကျင်းရှမ်းက ထိုလူများဆီသို့ ခြေလှမ်းကျဲကျဲဖြင့် ယို့

လုံးတို့ကို ကျော်၍ရပ်လိုက်လေသည်။

ထို့နောက် လက်နှစ်ဘက် ဆုပ်လိုက်ပြီး...

"ကျုပ်က ကျားမာန်အာမခံဌာနက ဖန်းကျင်းရှမ်းပါ၊ မိတ်

ဆွေတို့က ဘယ်ကပါလဲခင်ဗျာ"

"ဩော်...သံမဏိလက်ဝါး ဖန်းကျင်းရှမ်းကို တွေ့ရတာ ဝမ်း

သာပါတယ်"

သူသည် ပြုံးလျက်သား စကားဆက်လိုက်ပြန်သည်။

"ကျုပ်တို့က ခရီးသွားရင်း မိုးချုပ်သွားလို့ ဘုံကျောင်း

ပျက်မှာ တစ်ညနားခိုမလားလို့ စိတ်ကူးထားတာပါ"

ဖန်းကျင်းရှမ်းသည် အနည်းငယ် စဉ်းစားလိုက်ပြီး...

"ရပါတယ်ဗျာ၊ တည်းခိုတဲ့လူ အချင်းချင်းပဲ ကျုပ်တို့လည်း

မီးပုံတွေ လုပ်ထားပါတယ်၊ အစားအသောက်လည်းရှိပါတယ်၊ ကြွနိုင်

ပါတယ်ခင်ဗျာ"

မြင်းပေါ်မှလူသည် လက်နှစ်ဘက်ဆုပ်လိုက်ပြီး ခေါင်းခါ



ချ၍...

"ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ အေးအေးလူလူတည်းကြပါ။

များတို့ အနှောင့်အယှက်ဖြစ်နေပါ့မယ်၊ ကျုပ်တို့ ရှေ့ဆက်လိုက်

မယ်"

သူတို့သည် မြင်းများကို တဘက်လှည့်လိုက်ပြီး မောင်းနှင်

တ်စွာသွားပြန်လေသည်။

ဖန်းကျင်းရှမ်းက ယို့လုံးဘက်သို့ လှည့်လိုက်ပြီး လေသံ

တိုးဖြင့်...

"ယို့လုံး အစစအရာရာ မပေါ့ဆနဲ့၊ သတိရှိရှိနေကြရလိမ့်

မယ်"

"ဟုတ်ကဲ့ ဦးလေးဖန်း"

ဖြို့ကော်ဝန်က ဖန်းကျင်းရှမ်းအနီးသို့ လျှောက်လာ၏။

"ဘယ်သူတွေလဲ"

"မသိဘူး၊ ကြည့်ရတာ အနှောင့်အယှက်နဲ့တော့ ရင်ဆိုင်ရ

ဦးမယ်နဲ့ ထင်ပါရဲ့"

"သူတို့ ထွက်သွားကြပြီ မဟုတ်လား"

"သူတို့က ကျုပ်တို့ရဲ့အခြေအနေကို လာကြည့်သွားတာ

ကျုပ်ယူဆတယ်"

"လူကြီးမင်းနဲ့ မိသားစုအားလုံး အပြင်မထွက်ပါနဲ့လို့ ကျုပ်

ပြောပါရစေ"

"ကောင်းပြီလေ"

မြို့တော်ဝန်က တဘက်သို့လှည့်သွားရန်ဟန်ပြင်လိုက်စ
ဖန်းကျင်းရှမ်းက စကားဆက်လိုက်ပြန်သည်။

"ဒါနဲ့ မြို့တော်ဝန်ကို မေးရဦးမယ်"

မြို့တော်ဝန်က ခြေလှမ်းရပ်လိုက်ပြီး လှည့်ကြည့်လိုက်၏

"ဘာမေးမလို့လဲ မေးပါ"

"လူကြီးမင်းဆီမှာ သိုးကျောင်းတဲ့ပန်းချီကားချပ်ကလွဲလို့ တခြားတန်ဖိုးရှိတဲ့ပစ္စည်း ရှိသေးသလား"

မြို့တော်ဝန်က ပခုံးတစ်ချက် တွန့်လိုက်သည်။

"ကျုပ်လည်း မပြောတတ်တော့ဘူး၊ ကျုပ်မှာ တန်ဖိုးရှိတဲ့ ပစ္စည်းဆိုလို့ မရှိပါဘူး၊ ဒီလိုလုပ်လေ ကျုပ်ရဲ့ပစ္စည်းကို ခင်ဗျားအား တဲ့အခါ စစ်ဆေးကြည့်နိုင်ပါတယ်"

ဖန်းကျင်းရှမ်းက ပြုံးလိုက်သည်။

"ကျေးဇူးတင်ပါတယ်ခင်ဗျာ"

* * *



ညသည် မှောင်မည်းကာ တိတ်ဆိတ်နေသည်။

ထိုအချိန်ဖန်းကျင်းရှမ်းတစ်ယောက် အိပ်၍မပျော်ဘဲ ရှိနေသည်။

ထို့ကြောင့် သူသည် မြင်းလှည်းများကို လှည့်လည်စစ်ဆေးပြီးနောက် ဘုံကျောင်းပျက်ထဲသို့ ပြန်လှည့်ဝင်လိုက်လေသည်။

ဘုံကျောင်း၏ ထောင့်တစ်နေရာတွင် မြို့တော်ဝန်သည် မအိပ်သေးဘဲ ဖယောင်းတိုင်မီးထွန်း၍ တစုံတခုအား စိတ်ဝင်စားစွာ ကြည့်နေသည်ကို တွေ့ရလေသည်။

သူသည် ချောင်းတစ်ချက်ဟန့်လိုက်ရာ မြို့တော်ဝန်က သူ့အားမော့ကြည့်လိုက်လေသည်။

"လူကြီးမင်း မအိပ်သေးဘူးလား"

"အိပ်မပျော်လို့ ပန်းချီကားကို လေ့လာနေတာပါ"

မြို့တော်ဝန်သည် နေရာတိုင်ခင်း ပေးလိုက်ပြီး ဖန်းကျင်းရှမ်းအား ဖိတ်ခေါ်လိုက်၏။

ဖန်းကျင်းရှမ်းက ထိုင်ချလိုက်၏။

"ကြည့်စမ်းပါဦးဗျာ၊ ဒီပန်းချီကားချပ်မှာ ဘာများ ထူးခြားနေလို့လဲ"

ဖန်းကျင်းရှမ်းက သေချာစွာ ကြည့်လိုက်သည်။

ထိုပန်းချီကားတွင် သိုးများ၏ လှုပ်ရှားပုံ ကိုယ်နေဟန်ထားစသောပုံများမှာ အတော်အသက်ဝင်သည်ကို တွေ့ရသည်မှအပ မည်သည့်ထူးခြားချက်မျှ မတွေ့ရချေ။

"ခင်ဗျား ဘာထူးခြားချက်တွေ့သလဲဗျ"

"ပန်းချီလက်ရာကောင်းတာပဲ တွေ့တယ်၊ တခြား ဘာမှ မတွေ့ပါဘူး"

မြို့တော်ဝန်က ခေါင်းညိတ်လိုက်သည်။

"ဒီပန်းချီကားချပ်ဟာ ကျော်ကြားတဲ့ ပန်းချီဆရာရဲ့ လက်ရာ မဟုတ်ပေမယ့် ဘယ်ပန်းချီဆရာကိုမဆို ယှဉ်ပြိုင်တဲ့ လက်ရာမျိုးပဲ"

ဖန်းကျင်းရှမ်းက ချောင်းတစ်ချက် ဟန့်လိုက်သည်။

"တကယ်လို့ ဒီပန်းချီကားချပ်ဟာ ကျော်ကြားတဲ့ ပန်းချီကားချပ်တစ်ခုဆိုရင် တန်ဖိုးဘယ်လောက်ရှိမယ် ထင်သလဲ"

မြို့တော်ဝန်က အနည်းငယ် စဉ်းစားကာ...

"ငွေတစ်ထောင်ထက်တော့ ပိုမတန်ပါဘူးဗျာ"

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်လိုက်သည်။

"ငွေတစ်ထောင်ဆိုတာ လူဆင်းရဲသားအတွက် နည်းတဲ့ငွေ မဟုတ်ပေမယ့် ယက္ခဝို့မောင်နှမအတွက်ကျတော့လဲ ဒီငွေတစ်ထောင်ဟာ တန်ဖိုးမရှိပြန်ဘူး"

"ဟုတ်ကယ်၊ ဒါကြောင့် ဒီပန်းချီကားချပ်ဟာ ယက္ခမောင်နှမမှာ အကြောင်းတစ်ခုခုတော့ ရှိလိမ့်မယ်လို့ ကျုပ်ယူဆထားတယ်"

"အင်း... ခက်တာက ကျုပ်ကလည်း ဒီပန်းချီကားကို သေသေချာချာ ကြည့်တာပဲ၊ တခြား ဘာကိုမှ ထူးခြားမှု မတွေ့ဘူး"

မြို့တော်ဝန်က အနည်းငယ် စဉ်းစားလိုက်ပြီး ပန်းချီကား



ချပ်ကို မီးရောင်၌ထောင်၍ ကြည့်လိုက်လေသည်။

သူသည် အတန်ကြာ ကြည့်ပြီးမှ ဖန်းကျင်းရှမ်းလက်သို့ ပေးလိုက်သည်။

"ခင်ဗျား သေသေချာချာ ကြည့်စမ်းပါဦး"

ဖန်းကျင်းရှမ်းသည် ပန်းချီကားကို မီးရောင်နှင့် ထောင်၍ ကြည့်လိုက်ရာ ယင်းပန်းချီကားချပ်မှာ စုတ်ချက်များ ရှုပ်ထွေးနေသည်ကို တွေ့ရလေသည်။

သူသည် နားမလည်နိုင်ဘဲ ဖြစ်သွားသည်။

"ပန်းချီကားက တော်တော် ရှုပ်ထွေးတာကိုပဲ တွေ့ရတယ်ဗျ..."

မြို့တော်ဝန်က တဖန် သေသေချာချာ စူးစမ်းကြည့်လိုက်ပြီး အံ့ဩဟန်ဖြင့်...

"ဒီပန်းချီရေးတဲ့ ပိတ်သားဟာ အထူးစီမံထားတာကို တွေ့ရတယ်၊ ဘာဖြစ်လို့လဲဆိုရင် ပိတ်နှစ်ခုကြားမှ မြေပုံတခု ရှိနေတာ တွေ့ရတယ်"

"လူကြီးမင်း ကြည့်တာ မမှားပါဘူးနော်"

"မှားစရာအကြောင်း မရှိဘူး၊ အထဲမှာ ဝှက်ထားတဲ့ပုံရဲ့ လက်ရာနဲ့ အပြင်မှာရှိတဲ့ ပန်းချီလက်ရာနဲ့ လုံးဝမတူဘူး"

"ကြားထဲမှာ ရှိတဲ့ပုံက ဘာပုံတွေလဲဆိုတာ တွေ့ရဲ့လား ဗျာ"

မြို့တော်ဝန်က ပန်းချီကားချပ်ကို ချထားလိုက်လေသည်။

ပြီးမှ ခေါင်းယမ်းပြကာ...

"ဘာပုံမှန်းတောင် မသိဘူးဗျာ၊ ဒါပေမယ့် မီးရောင်လင်းလင်းနဲ့ ကြည့်မယ်ဆိုရင် ထူးခြားတာ တွေ့ချင်တွေ့နိုင်မယ်"

"လူကြီးမင်းက ဒီပန်းချီနဲ့ ပတ်သက်ပြီး ဘာမှ မသိဘူးလား"

"မသိပါဘူး၊ ဒါပေမယ့် ဒီပန်းချီကားဟာ အတော် ထူးခြားတယ်လို့တော့ စိတ်ထဲမှာ ထင်မိတယ်၊ ပန်းချီကားတွင်းကြားမှာ တခြားပုံတစ်ခု လျှို့ဝှက်ထားတယ်ဆိုတာတော့ မတွေ့မိဘူး"

ဖန်းကျင်းရှမ်းက အသံတိုးတိုးဖြင့်...

"ဒီအကြောင်းကို ဘယ်သူမှ မသိအောင် လျှို့ဝှက်ထားစေချင်ပါတယ်၊ ဖြစ်နိုင်ရင် မြို့တော်ဝန်ကတော်ကိုလည်း အသိမပေးပါနဲ့ဦး"

မြို့တော်ဝန်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ"

ဖန်းကျင်းရှမ်းသည် ပန်းချီကားကို သေသေချာချာ ကြည့်ကာ...

"ဒါနဲ့ ဒီပန်းချီကားကို ခွဲလိုက်ရင် ပျက်စီးသွားနိုင်သလား"

မြို့တော်ဝန်က အနည်းငယ် စဉ်းစားလိုက်ပြီး...

"ဒီပန်းချီကားကို ကျွမ်းကျင်တဲ့ ပန်းချီကားချုပ် ဘောင်သွင်းတဲ့လူ ခွဲရင်တော့ မပျက်စီးပါဘူး"

ဖန်းကျင်းရှမ်းက အနည်းငယ် စဉ်းစားလိုက်သည်။



"ပန်းချီကားချုပ်ထဲမှာ တခြား ပန်းချီကားချုပ်တခု ဝှက်ထားတယ်ဆိုတာ အကြောင်းရှိရမယ်၊ ဒါကြောင့် သူ့ကို ပေါ့ပေါ့တန်တန် ထားလို့မရဘူး"

မြို့တော်ဝန်က ခေါင်းညိတ်လိုက်သည်။

"ကျုပ် နားလည်ပါတယ်"

ဟု ပြောပြီး မြို့တော်ဝန်သည် ပန်းချီကားချုပ်ကို ဖန်းကျင်းရှမ်း၏ လက်ထဲသို့ အပ်လိုက်လေသည်။

"ခင်ဗျားပဲ သိမ်းထားပါ၊ ခိုင်ဖုန်းမြို့ရောက်မှ ကျုပ်ကို ပြန်ပေးပါ"

ဖန်းကျင်းရှမ်းက ပန်းချီကားချုပ်ကို ယူ၍ သိမ်းဆည်းလိုက်လေသည်။ ထိုစဉ် ယန်စုစိန်၏အသံ ထွက်ပေါ်လာသည်။

"ဦးလေးဖန်း... ဧည့်သည်"

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။

"ဘယ်သူလဲ"

"စာလာပို့တဲ့ စင်းကြည့်စန်းပါ"

"သူ အခု ဘယ်မှာလဲ"

"ဘုံကျောင်းအပြင်ဘက်မှာ စောင့်နေပါတယ်"

ဖန်းကျင်းရှမ်းက ယန်စုစိန်နှင့်အတူ အပြင်ဘက်သို့ ထွက်လာလေသည်။

စင်းကြည့်စန်းဆိုသူသည် အသက်(၄၀)ကျော်ခန့်ရှိသော လူတစ်ယောက် ဖြစ်သည်။ အရပ်ရှည်ပြီး ပိန်ပိန်ပါးပါး သွယ်လျသော

ကိုယ်ခန္ဓာရှိသည်။

သူသည် ဖန်းကျင်းရှမ်းအား မြင်တွေ့လိုက်သောအခါ လက်နှစ်ဘက်ဆုပ်၍ အရိုအသေ ပြုလိုက်သည်။

"ဦးရဲ့ ကျေးဇူးကြောင့် အခုလို အသက်ချမ်းသာတာကို မမေ့ပါဘူး"

ဖန်းကျင်းရှမ်းက လက်ကာပြလိုက်သည်။

"ပြီးခဲ့တာတွေ ထားလိုက်ပါတော့၊ အခုလို အချိန်မတော်မှာ ရောက်လာတာ ဘာများ အကြောင်းရှိနေလို့လဲ"

စင်းကြည့်စန်းဆိုသူက ခေါင်းညိတ်ပြလိုက်ပြီး...

"ဟုတ်ကဲ့ အကြောင်းမရှိရင်လည်း လာဖြစ်မှာ မဟုတ်ပါဘူး"

"ဒါဖြင့် ပြောပါဦး"

"ဒီလိုပါ... တချိန်တုန်းက သိုင်းလောကမှာ အနားယူသွားတဲ့ အမည်းရောင်ထိပ်သီးသိုင်းသမားတချို့က ဦး ပို့ဆောင်နေတဲ့ ပစ္စည်းကို လုယူဖို့ စီစဉ်နေပါတယ်"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်ပြီး...

"ကဲ... လာ၊ အထဲမှာ အေးအေးဆေးဆေး စားသောက်ယင်း ဆွေးနွေးကြတာပေါ့"

စင်းကြည့်စန်းက ခေါင်းခါယမ်းလိုက်ပြီး...

"ကျွန်တော် သိပ်ကြာကြာနေလို့ မဖြစ်ပါဘူး၊ အမှန်အတိုင်းပြောရမယ်ဆိုရင် ဦးတို့ရဲ့ ခရီးစဉ်ကို ဆက်ပြီး ခြေရာခံစုံစမ်းတဲ့



လူစုထဲမှာ ကျွန်တော်လည်း ပါပါတယ်၊ ဒါပေမယ့် ဦးက ကျွန်တော့်အ ပေါ်မှာ အသက်ကယ်ခဲ့ဖူးလို့ အခုလို သူများမသိအောင် စေတနာ အပြည့်နဲ့ လာပြီး အကြောင်းကြားပေးရတာပါ"

စင်းကြည့်စန်း၏လက်မောင်းကို အသာအယာ ဆုပ်ကိုင်လိုက်ပြီး ပြုံးကာ...

"မင်း အခုလို လာပြောတာ ကျေးဇူးတင်လို့ မဆုံးပါဘူးကွာ"

သူသည် ချောင်းတချက် ဟန့်လိုက်သည်။

"ဒါနဲ့ သူတို့က ဘယ်သူတွေဆိုတာ ပြောပြပါဦးဗျာ"

စင်းကြည့်စန်းက သက်ပြင်းတချက်ချကာ ခေါင်းခါယမ်းလိုက်သည်။

"အမှန်ပြောရရင် သူတို့ ဘယ်သူတွေဆိုတာ ကျုပ်လည်း သေသေချာချာ မသိပါဘူး"

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။

"ဒါဖြင့် မင်းက ဘယ်လို..."

စင်းကြည့်စန်းကို ဖန်းကျင်းရှမ်းက ကြားဖြတ်မေးလိုက်၏။

"ဒီလိုပါ၊ ကျွန်တော်လည်း တဆင့်ဆက်သွယ်ပြီး လုပ်နေရတာပါ"

စင်းကြည့်စန်းက တစုံတခု သတိရလာဟန်ဖြင့်...

"ဒီထဲမှာတော့ ကျွန်တော် သိထားတဲ့ လူတယောက်ပါတယ်လို့ သိလိုက်ရတယ်"

"ဘယ်သူများပါလိမ့်"

"ယမ်းဘီလူး ဝမ်းချောင်ပါ"

ဖန်းကျင်းရှမ်းနှင့် ယန်စုစိန်တို့သည် ထိုအမည်ကို ကြားရသဖြင့် ပါးစပ်ဟောင်းလောင်း ဖြစ်သွားသည်။

* * *



အတန်ကြာမှ ဖန်းကျင်းရှမ်းက လေပူတချက် မှုတ်ထုတ်လိုက်ယင်း...

"အင်း ယမ်းဘီလူး ဝမ်းချောင်ဟာ အသက်ရှင်နေသေးတာကိုး"

စင်းကြည့်စန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ယမ်းဘီလူး ဝမ်းချောင်ဟာ သိုင်းပညာမှာကျမသွားတဲ့အပြင် ယမ်းမီးများ အသုံးပြုတဲ့ နေရာမှာလည်း အများကြီး တိုးတက်လာတယ်လို့ ကြားရတယ်"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်လေသည်။

"အခုလို ကြိုတင်သိထားရတဲ့အတွက် မင်းကို ကျေးဇူးတင်ပါတယ်ကွာ"

စင်းကြည့်စန်း လက်နှစ်ဘက်ဆုပ်လိုက်သည်။

"ဦး... ကျွန်တော် ကြာကြာနေလို့ မဖြစ်ဘူး၊ သွားခွင့်ပြုပါဦး"

သူသည် ပြောပြီးသည်နှင့် ချာကနဲလှည့်ကာ ထွက်သွား၏။

* * *

## သူတောင်းစား

ဖန်းကျင်းရှမ်းသည် ယန်စုစိန်အား ကြည့်ကာ ပြော[illegible]
ရင်း သက်ပြင်းရှည်တချက်ချ[illegible]က်သည်။

"အင်း... ယမ်းဘီလူး ဝမ်းချောင်လို လူမျိုးကကောင် တို[illegible]
စိတ်ဝင်စားလာရင် ဘို့ရဲ့ အခြေအနေဟာ ရှေ့မှာပိုပြီး ဆိုးရွာ[illegible]
ထွေးလာပြီကွယ့်..."

ယန်စုစိန်က မျက်မှောင်[illegible]က်သွားသည်။

"ကျုပ်တို့ ဘာ[illegible]လိုလုပ်[illegible]ရင် ကောင်းမလဲ"



ဖန်းကျင်းရှမ်းက သက်ပြင်းတချက်ချလိုက်သည်။

"ငါတို့က အတတ်နိုင်ဆုံး ကာကွယ်ရုံကလွဲလို့ ဘာတတ်
[illegible]င်မှာလဲ"

သူလည်း လက်တဘက် ဇွေ့ယမ်းလိုက်ပြီး...

"ကဲ... မင်းလည်း သွားအိပ်တော့၊ မနက်ဖြန် စောစော
[illegible] ဆက်မယ်"

* * *

မိုးလင်းနေပြီ ဖြစ်သည်။

မြင်းလှည်းများသည် ထွက်ခွာရန် အသင့်ပြင်ထားပြီး ဖြစ်
[illegible]သည်။

ယန်စုစိန်နှင့် ဖန်းကျင်းရှမ်းတို့သည် ပစ္စည်းများ တခုမှ
[illegible]ျန်ရလေအောင် ဘုံကျောင်းထဲမှာ ထပ်မံစစ်ဆေးကြည့်လိုက်
[illegible]သည်။

ထို့နောက် အပြင်ဘက်သို့ လှမ်းထွက်လိုက်လေသည်။

ထိုစဉ်မှာပင် လူတယောက်၏ အပျင်းဆန့်ကာ သမ်းလိုက်
[illegible] အသံကို ကြားလိုက်ရလေသည်။

ယင်းအသံသည် ကျယ်လောင်လွန်းသည် မဟုတ်သော်

လည်း ဖန်းကျင်းရှမ်းနှင့် ယန်စုစိန်တို့၏နားထဲတွင် မိုးခြိမ်းသံ က
လိုက်ရသကဲ့သို့ ထိတ်လန့်တုန်လှုပ်သွားရလေသည်။

အသံလာရာသို့ ပြိုင်တူလှည့်ကြည့်လိုက်သည်။

ဘုံကျောင်းပျက်၏ နတ်စင်များထားသော နေရာ၌ လူ
ယောက် ရပ်နေသည်ကို တွေ့မြင်ရလေသည်။

ထိုလူသည် အသက်(၂၀)ကျော်ခန့်ရှိမည်ဟု ထင်ရပြီး
ပင်များ ရှုပ်ပွပြီး အဝတ်အစားများ ညစ်နွမ်းပြီး ဖာထေးထားသ

သူ၏မျက်နှာတခုလုံးမှာလည်း ပေကျံနေပြီး ခြေထော
မှာ ဖိနပ်မပါပါ။

ယန်စုစိန်းက လေသံတိုးတိုးဖြင့်...

"ဒီသူငယ်က ဒီလောက်အေးတဲ့ ရာသီမှာ ဂွမ်းကပ်အ
မဝတ်ဘဲ ချည်ဗလာ ဝတ်ထားဝံ့တာဆိုရင် အဆင့်မြင့်တဲ့ သိုင်းသမ
ဖြစ်ရမယ်လို့ ကျုပ်ထင်မိတယ်"

ဖန်းကျင်းရှမ်းက ထိုလူငယ်ကို လှမ်းကြည့်ယင်း ခေါင်းညိ
လိုက်သည်။

"သူကသာ အသံမပေးရင် တို့လည်း သူ့ကို တွေ့မိမှာ
ဟုတ်ဘူး"

ယန်စုစိန်သည် အကဲခတ်သော မျက်လုံးများဖြင့် ကြ
ကာ...

"ရန်သူလား၊ မိတ်ဆွေလားဆိုတာ သွားပြီး လေ့လာလိုက်
ဦးမယ်"



သူသည် ပြောပြီး ထိုလူငယ်ဆီသို့ လျှောက်သွားသည်။

လက်နှစ်ဘက်ကို ဆုပ်ကိုင်ကာ ဦးညွတ်လိုက်ပြီး...

"မိတ်ဆွေ... ခင်ဗျားက ခေတ်ပန်းဂိုဏ်းသားနဲ့တူတယ်၊
တ်လား..."

လူငယ်က ပြုံးလိုက်ပြီး ခေါင်းယမ်းပြလိုက်သည်။

"ကျုပ်က မဟုတ်ဘူးပြောရင် ခင်ဗျား ယုံမလား"

ယန်စုစိန်က မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားရဲ့ ကိုယ်ဖော့ပညာ ဘယ်လောက်ထက်တယ်ဆို
ခင်ဗျား ဘုံကျောင်းထဲ ရောက်တာတောင် ကျုပ်တို့က မသိ
တ်ဘူး"

လူငယ်က ပြုံးလိုက်သည်။

"ကျုပ်က ခင်ဗျားတို့ မရောက်ခင်ကတည်းက ဘုံကျောင်း
ာ ရောက်နေတာပါဗျာ"

ယန်စုစိန်က ခေါင်းခါယမ်းလိုက်ပြီး...

"မဖြစ်နိုင်ဘူး၊ ကျုပ်က ဘုံကျောင်းကို သေသေချာချာ စစ်
းပြီးမှ စခန်းချတာ"

လူငယ်က ခေါင်မိုးပေါ်သို့ ညွှန်ပြလိုက်ပြီး...

"ခင်ဗျားတို့က အပေါ်မှ မော့မကြည့်ဘဲ၊ ကျုပ်က ဝ
းပေါ်မှာ အိပ်နေတာဗျ"

ဖန်းကျင်းရှမ်းက လူငယ်ရှေ့သို့ လျှောက်လှမ်းလာပြီး
်နှစ်ဘက် ဆုပ်လိုက်သည်။

"ထားပါတော့လေ... ခင်ဗျားရဲ့နာမည် ကျေးဇူးပြုပြီး ပြော
ပြပါဦးဗျာ"

လူငယ်က ပြုံးလိုက်သည်။

"ကျုပ်နာမည်က မိုးနဂါးပေါင်းချိန်းပါ"

ဖန်းကျင်းရှမ်းက ပြုံးပြလိုက်လေသည်။

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

ယန်စုစိန်က ကြားဖြတ်၍ မေးလိုက်လေသည်။

"ခင်ဗျား ဒီဘုံကျောင်းပျက်ကို ရောက်လာတာ အကြောင်း
တော့ မရှိဘဲ ရောက်လာမှာ မဟုတ်ဘူး ထင်တယ်"

ပေါင်းချိန်းက ပခုံးတချက် တွန့်လိုက်ပြီး...

"ဟုတ်ပါတယ်၊ အကြောင်းရှိလို့ပါ"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ကျုပ်တို့နဲ့ ပတ်သက်နေသလား"

"ဟုတ်ပါတယ်"

ဖန်းကျင်းရှမ်းက အေးဆေးတည်ငြိမ်သော လေသံဖြင့်...

"ပတ်သက်တဲ့အကြောင်းကို ပြောပါဦး"

ပေါင်းချိန်းက ဖန်းကျင်းရှမ်းအား တချက်ကြည့်လိုက်လေ
သည်။

"အကြောင်းက ဒီလိုပါ၊ ခင်ဗျားတို့ မြင်းလှည်းတွေဟာ
နိုင်ဖုန်းမြို့ကို ရောက်ဖို့ မလွယ်ပါဘူး"

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်သွားပြီး...



"ခင်ဗျားက ဘာကို ဆိုလိုတာလဲ"

"အဓိပ္ပါယ်က ရှင်းပါတယ်၊ ခင်ဗျားတို့ ကျားမာန်အာမခံ
...ကလူတွေ၊ ဒီမြင်းလှည်းပေါ်က လူတွေအားလုံး ထားခဲ့ပြီး ခင်
...တို့ဘာသာ ရှေ့ဆက်သွားကြရင် ကောင်းမယ်လို့ ကျုပ်က အ
...ပေးတာပါ"

ဖန်းကျင်းရှမ်း ဒေါသထောင်းကနဲ ထွက်သွား၏။ စိတ်ကို
...ချုပ်ထိန်းလိုက်ပြီး...

"ဒီမှာ မောင်ရင်... ကျုပ်တို့က ဘယ်လုပ်ငန်းမျိုးမဆို စည်း
...နှိုပြီး ကတိသစ္စာ ရှိကြပါတယ်၊ ကျုပ်တို့မှာ ဘယ်လိုအန္တရာယ်
...ရင်ဆိုင်ရ ရင်ဆိုင်ရ ကိုယ့်တာဝန်ကိုတော့ ကျေပွန်ရမှာပဲ၊ မင်း
...ရဲ့ဆန္ဒကို မလိုက်လျောနိုင်ပါဘူး"

ပေါင်းချိန်းက မနဲ့ပြုံးပြုံးလိုက်ပြီး...

"ဒါဖြင့်ရင် ရင်ဆိုင်ဖို့သာ အသင့်ပြင်ထားပေတော့"

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်သွားပြီး လက်ကာပြ
...

"ကျုပ် မရှင်းတာ တခုရှိတယ်၊ မေးပါရစေ"

"မေးပါဗျာ၊ ကျုပ်သိရင်လဲ ဖြေပါ့မယ်"

ဖန်းကျင်းရှမ်းက...

"ဒီလိုပါ၊ ကျုပ်အခု ပို့ဆောင်ခဲ့တဲ့ လူနဲ့ ပစ္စည်းတွေဟာ
...ဒီလောက် မရှိဘူးလို့ ထင်ပါတယ်၊ ဘာဖြစ်လို့ လုယက်ချင်တဲ့
...က ဒီလောက် များနေကြတာလဲဆိုတာ မရှင်းလို့ပါ"

ပေါင်းချိန်းက ပြုံးလိုက်ပြီး လေသံတိုးတိုးဖြင့်...

"ခင်ဗျားတို့ တာဝန်ယူ ပို့ဆောင်ပေးတဲ့ မြို့တော်ဝန်ရဲ့ အတိတ်ကို ခင်ဗျားတို့ သိသလား"

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။

"သူက မြို့တော်ဝန်ရာထူး ထမ်းဆောင်ခဲ့တယ်ဆိုတာပဲ သိရတယ်"

"ဟုတ်ပါပြီ၊ ဒါဖြင့် သူတာဝန် ထမ်းဆောင်စဉ်တုန်းက နာမည်ပျက် ရှိခဲ့သလားဆိုတာ ခင်ဗျား သိသလား"

ဖန်းကျင်းရှမ်းက ခေါင်းယမ်းပြကာ...

"မသိဘူး"

"သူတို့မှာ ဘာပစ္စည်းတွေ ပါတယ်ဆိုတာ ခင်ဗျားတို့ သိသလား"

"အိမ်အသုံးအဆောင်နဲ့ အဝတ်အစားတွေပါပဲ"

"အိမ်အသုံးအဆောင်နဲ့ အဝတ်အစားများသာပါရင် သိုင်းလောကသားတွေ ဘာကြောင့် ဒီလောက် သဲသဲမဲမဲ လိုက်နေရတာလဲဗျ"

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။

"ကျုပ်လည်း ဒါကို သံသယဖြစ်နေလို့ မြို့တော်ဝန်နဲ့ ဆွေးနွေးခဲ့ပါတယ်၊ မြို့တော်ဝန်လည်း ဘာမှ မသိဘူးလို့ ပြောပါတယ်"

ယန်စုစိန်က ကြားဖြတ်လိုက်လေသည်။

"ဖြစ်နိုင်မယ်ဆိုရင် သိထားတာတွေ ကျေးဇူးပြုပြီး ပြောပါ



ဗျာ"

ပေါင်းချိန်းက ပတ်ဝန်းကျင်ကို တချက်အကဲခတ်ပြီး လေသံတိုးတိုးဖြင့်...

"မြို့တော်ဝန်မှာ သိုင်းလောကနဲ့ ပတ်သက်တဲ့ ပစ္စည်းပါတယ်လို့ သတင်းကြားတယ်"

ဖန်းကျင်းရှမ်းက ပြုံး၍ငင်ကာ...

"သိုးကျောင်းတဲ့ပန်းချီကားချပ်ကို ပြောတာလား၊ ဟုတ်တယ်မဟုတ်လား"

ပေါင်းချိန်းက အနည်းငယ် စဉ်းစားလိုက်ပြီး...

"ပန်းချီကားချပ်တစ်ခု ပါတယ်လို့တော့ သိထားတယ်၊ ဒါပေမယ့် ဘယ်လို ပန်းချီကားလည်းဆိုတာတော့ မသိဘူး၊ တခြားပစ္စည်းတစ်ခု ရှိတယ်လို့ ကြားတယ်"

ဖန်းကျင်းရှမ်းက လက်နှစ်ဘက်ဆုပ်လိုက်သည်။

"အခုလို ပြောပြတာကို ကြားရတော့ ဝမ်းသာပါတယ် ခင်ဗျာ"

ပေါင်းချိန်းက လက်နှစ်ဘက်ကို ဆုပ်လိုက်သည်။

"ကဲ... ကျုပ်ကိုလည်း ခွင့်ပြုပါဦးဗျာ"

သူသည် ပြောပြီးသည်နှင့် ချာခနဲ ထွက်ခွာသွားလေ၏။ တဒင်္ဂအချိန်အတွင်းမှာပင် သူ၏ကိုယ်ခန္ဓာသည် နှင်းတဖွဲဖွဲကျနေသော မြင်ကွင်းမှ ပျောက်ကွယ်သွားလေတော့သည်။

* * *

ပေါင်းချိန်း ထွက်သွားပြီးသည့်နောက် ဖန်းကျင်းရှမ်းသည် တယောက်တည်း ❖❖းစားနေလေ၏။

ယန်စုစိန်က သက်ပြင်းတချက်ချလိုက်သည်။

"အခြေအနေ ကြည့်ရတာ ပစ္စည်းလုမယ့် သူတွေ ကျုပ်တို့ ရှေ့မှာ စောင့်နေလိမ့်မယ်နဲ့ တူတယ်"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်လေသည်။

သူ၏မျက်နှာတစ်ခုလုံးမှာလည်း တည်ကြည်လေးနက် နေပြီးတွေးနေမိသည်။ အတန်ကြာမှ သူသည် ယတိပြတ် ဆုံးဖြတ်ချက်တစ်ခု ချလိုက်လေသည်။

"ယန်စုစိန်... မင်းစဉ်းစားကြည့်လေ၊ တို့ခရီးဆက်ထွက်သွားရင် သူတို့ဆင်ထားတဲ့ ထောင်ချောက်ထဲ ဝင်မသွားနိုင်ဘူးလား"

ယန်စုစိန်က ခေါင်းညိတ်လိုက်ပြီး...

"စင်းကြည့်စန်းနဲ့ ပေါင်းချိန်းတို့ရဲ့ စကားအတိုင်း မှန်တယ်ဆိုရင် ဒီအတိုင်း ဖြစ်မှာပဲ"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ငါတို့ ဒီမှာပဲ နားမယ်၊ တို့လွှတ်ထားခဲ့တဲ့ ခိုတွေလည်း ဌာနမှူးဆီ ရောက်ရောပေါ့၊ သတင်းသိသိချင်း သူ အမြန်ဆုံး လိုက်လာလိမ့်မယ် ထင်တယ်"

ယန်စုစိန်က မျက်မှောင်ကြုတ်သွားသည်။

"ဌာနမှူးလာအောင် စောင့်မယ်ဆိုရင် အမြန်ဆုံးသုံးရက်နဲ့



❖က်တော့ စောင့်ရလိမ့်မယ် ထင်တယ်"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"သုံးလေးရက်တော့ စောင့်ရမှာပဲ၊ တို့က မသွားဘဲ ဒီမှာ ❖င့်နေမယ်ဆိုရင် ရန်သူတွေဟာ တို့ကို စောင့်ရင်းနဲ့ မောသွား ❖ယ်၊ ဒီကိုသာ လိုက်လာမယ်ဆိုရင် ဒီနေရာဟာ ခံစစ်လုပ်ဖို့ အ ❖ကာင်းဆုံးနေရာ ဖြစ်တဲ့အတွက် တို့အဖို့ တပန်းသာမယ်"

ယန်စုစိန်က စဉ်းစားဟန်ပြုပြီး ခေါင်းညိတ်လိုက်လေ၏။

"ဦးလေးဖန်းရဲ့ အကြံက မဆိုးပါဘူး၊ ဒီမှာပဲ စောင့်ကြတာ ❖ါ"

ဖန်းကျင်းရှမ်းက လေပူတချက် မှုတ်ထုတ်လိုက်သည်။

"ကဲ... အားလုံးကို အကြောင်းကြားလိုက်၊ ဒီမှာ သုံးရက် ❖လောက် နားမယ်၊ ရန်သူလာရင် ခုခံဖို့ အသင့်ပြင်ထားဖို့ ပြော ❖လိုက်"

* * *

မြို့တော်ဝန်သည် ဖန်းကျင်းရှမ်းတို့ နားခိုရန် နေရာကို ပြင်ဆင်နေသည်ကို တွေ့ရသဖြင့် နားမလည်နိုင်ဘဲ ဖြစ်သွားလေ၏။

"ဒုဌာနမှူး၊ ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ"

ဖန်းကျင်းရှမ်းက...

"ကျုပ်တို့ ဒီမှာ သုံးလေးရက်လောက်နေဖို့ အစီအစဉ် လုပ်နေတာပါ"

မြို့တော်ဝန်က မျက်မှောင်ကြုတ်သွားလေသည်။ နားမလည်နိုင်စွာဖြင့်...

"ဘာများအကြောင်းထူးလဲ"

"ကျုပ်တို့သွားရင် ရန်သူရဲ့ ထောင်ချောက်ထဲ ကျရောက်သွားမှာ သေချာတယ်"

မြို့တော်ဝန်က ခေါင်းခါယမ်းပြီး လက်မခံနိုင်စွာ ပြောလိုက်သည်။

"ကျုပ်တို့ ဒီမှာ နေတော့ကော သူတို့က မလာတော့ဘူးလား"

"ဒီမှာက မြင်ကွင်းကျယ်တယ်၊ ခုခံဖို့ အလွန်ကောင်းတဲ့နေရာ ဖြစ်တယ်၊ ဒါကြောင့် ခံစစ်အနေနဲ့ ဒီနေရာမှာ ဆက်နေဖို့ စီစဉ်လိုက်တာ"

"ခင်ဗျားတို့ ဘယ်လောက်ကြာကြာ ဒီမှာနေမှာလဲ"

"အင်း... သုံး... လေးရက်လောက် ဒီမှာနေရင် ကျုပ်တို့ ဌာနမှူးကိုယ်တိုင် စစ်ကူခေါ်ဆောင်ပြီး ရောက်လာလိမ့်မယ်"



"ခင်ဗျားတို့ ဌာနမှူးက သုံးလေးရက်နဲ့ ရောက်လာနိုင်ပါ့မလား"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ရောက်လာနိုင်ပါတယ်၊ အလွန်ဆုံးကြာ တစ်ပတ်ပေါ့"

မြို့တော်ဝန်က ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် မစောင့်နိုင်ဘူး ထင်တယ်"

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ"

"အကြောင်းရှိလို့ပါ"

"အကြောင်းက သိပ်အရေးကြီးနေသလား"

"အရေးကြီးလို့ ပြောတာပေါ့"

ဖန်းကျင်းရှမ်းက တောင်းပန်လိုက်သည်။

"ပြောပြနိုင်ရင်တော့ ပြောပြစေချင်ပါတယ်၊ ဒါမှလည်း ကျုပ်က ချင့်ချိန်လို့ရမှာ"

မြို့တော်ဝန်က စဉ်းစားလိုက်ပြီး သက်ပြင်းချကာ...

"အကြောင်းက ဒီလိုပါ၊ ကျုပ်သမီးရဲ့ စေ့စပ်ပြီးသား သတို့သားဟာ မကြာသေးမီက အသက်အန္တရာယ်စိုးရိမ်ရတဲ့ ရောဂါရထားပါတယ်၊ သမားတော်ကြီးကတော့ နှစ်ကုန်အထိ မခံဘူး ပြောပါတယ် သူတို့ဘက်ကလူတွေကတော့ ကျုပ်သမီးကို ချက်ချင်းလက်ထပ်ပေးဖို့ တောင်းဆိုပါတယ်၊ ဒီလိုလက်ထပ်ပေးလိုက်ရင် သတို့သားရဲ့ရောဂါဝေဒနာ ပျောက်ကင်းနိုင်တယ်လို့ အယူအဆရှိနေလို့ပါ"

ဖန်းကျင်းရှမ်းက နားလည်သဘောပေါက်လိုက်လေသည်

"ဒါကြောင့် နှစ်မကုန်မီ ခိုင်ဖုန်းမြို့ကို ရောက်အောင် သွား ချင်တယ်ဆိုပါတော့"

"ဟုတ်ပါတယ်ဗျာ"

ဖန်းကျင်းရှမ်းက သက်ပြင်းချလိုက်လေသည်။

"အင်း ခင်ဗျားသိပ်ပြီး သွားချင်တဲ့ဆန္ဒရှိရင်တော့ ကျုပ်တို့ သွားရုံပဲ ရှိတာပေါ့"

မြို့တော်ဝန်က ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်၏ မိုးပွဲများ တဖွဲဖွဲကျရောက်လျက် ရှိနေသေး၏။

"ဘာပဲဖြစ်ဖြစ် ၅ရက်ထက် နောက်မကျပဲ ခိုင်ဖုန်းမြို့ကို ရောက်ရင်တော်ပါပြီ၊ ခင်ဗျားကပဲ အခြေအနေကြည့်ပြီး စီစဉ်ပါတော့ ဗျာ"

ဖန်းကျင်းရှမ်းသည် အပြင်သို့ တစ်ပတ်လှည့်လည်ကြည့်ရှု ပြီးမှ ဘုံကျောင်းဘက်သို့ လှည့်လိုက်လေသည်။

ရုတ်တရက် မြင်းခွာသံများ ကြားလိုက်ရသဖြင့် ဖန်းကျင်း ရှမ်းသည် လှည့်ကြည့်လိုက်ရာ မြင်းဖြူတစ်ကောင်သည် သူ့ထံသို့ တည့်မတ်စွာ ပြေးဝင်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

မြင်းပေါ်တွင် လူတစ်ယောက် မောင်းနှင်လိုက်ပါလာ၏။

"ရပ်လိုက်"

ဖန်းကျင်းရှမ်းက ဟန့်တားလိုက်သည်။

မြင်းဖြူပေါ်မှ စီးလာသူသည် မြင်းကို ရပ်တန့်လိုက်သည်။



မြင်းပေါ်မှလူသည် ခေါင်းငုံ့ကြည့်၍ စကားပြောရန် ပါးစပ် ဟလိုက်သည်။

သို့သော် စကားပင်မပြောနိုင်ဘဲ အောက်သို့ထိုးကျသွား လေသည်။ ဖန်းကျင်းရှမ်းသည် ကမန်းကတန်းလျှောက်သွားပြီး ထို လူအားပွေ့ထူလိုက်သည်။

ယင်းလူ၏မျက်နှာကို ကြည့်လိုက်သောအခါ ညိုမည်းနေ သည်ကို တွေ့မြင်လိုက်ရသဖြင့် ထိုလူသည် တစုံတယောက်၏ လုပ်ကြံခြင်းခံရသည်ကို နားလည်လိုက်လေသည်။

သူသည် ထိုလူအားပွေ့ချီလိုက်ပြီး ဘုံကျောင်းထဲသို့ ပြေး ဝင်ခဲ့လေသည်။

မြင်းဖြူကလည်း ထက်ကြပ်မကွာ လိုက်လာလေသည်။

ဖန်းကျင်းရှမ်းက ထိုမြင်းအား လှည့်ကြည့်လိုက်သည်။

မြင်းဖြူသည် အလွန်လိမ္မာပြီး သခင်အပေါ်သစ္စာရှိသော မြင်းတစ်ကောင်ဖြစ်သည်ကို အကဲခတ်မိလေသည်။

သူက လှည့်၍ပြုံးပြလိုက်သည်။

"မင်းသခင်ကို ငါတို့က ကယ်မှာပါ၊ မင်းစိတ်မပူပါနဲ့"

မြင်းသည် ဖန်းကျင်းရှမ်း၏စကားကို နားလည်လိုက်သည့် အလား ခေါင်းငုံ့ကာ တစ်ချက်ဟီလိုက်ပြီး ရပ်တန့်သွားလေသည်။

ဖန်းကျင်းရှမ်းသည် သတိမေ့နေသောလူအား စားပွဲပေါ်၌ တင်ထားလိုက်ပြီး ဒဏ်ရာများကို ရှာဖွေ၍ကြည့်နေလေသည်။

ထိုလူ၏မျက်နှာကိုလည်း သေချာစွာ ကြည့်လိုက်မိသည်။

ထိုလူသည် အသက် ၁၈–၁၉နှစ်ခန့်ရှိပြီး မျက်နှာ၌
မည်းနေသော်လည်း ရုပ်ရည်ချောမောသော လူငယ်တစ်ယော
ဖြစ်သည်ကို တွေ့ရလေသည်။

ဖန်းကျင်းရှမ်းသည် အတွေ့အကြုံရင့်ကျက်သော သိုင်း
မားတစ်ယောက်ဖြစ်သည်။

ထိုလူငယ်၏ဒဏ်ရာမှာ သေးငယ်ပြီး အဆိပ်လူးထားသေ
လက်နက်ပုန်း ထိမှန်သွားသည်ဟု ယုံကြည်သည်။

ထို့ကြောင့် သူသည် ထိုလူငယ်၏ခန္ဓာကိုယ်အား သေ
ချာချာရှာ ဖွေကြည့်ရာ ထိုလူ၏ပခုံးပေါ်၌ အမြီးနှစ်ခွရှိသော အပ်
လေးတစ်ခု စိုက်ဝင်နေသည်ကို တွေ့လိုက်ရသည်။

ယင်းအမြီးနှစ်ခွ၏ အရောင်အသွေးမှာလည်း စိမ်းဖန့်ဖ
အရောင်သန်းနေသည်။

"ဟင် အမြီးနှစ်ခွ အဆိပ်အပ်ပါလား"

ဟုလွှတ်ခနဲ ပြောလိုက်မိလေသည်။

ထိုစဉ် မြို့တော်ဝန်သည် ခြေလှမ်းကျဲကျဲဖြင့် ဖန်းကျင်းရှ
ထံသို့ လျှောက်လာလေသည်။

"ဘာတွေဖြစ်နေတာလဲ"

ဖန်းကျင်းရှမ်းက စားပွဲပေါ်မှလူအား ညွှန်ပြလိုက်သည
"ဒီသူငယ် အဆိပ်အပ်မိသွားလို့"

မြို့တော်ဝန် မျက်မှောင်ကြုတ်သွားသည်။

"ဒါဖြင့် ဘာလုပ်နေကြတာလဲ၊ သူ့ကိုကုပေးဦးမှပေါ့"



"သိုင်းလောကအကြောင်း လူကြီးမင်း မသိဘဲကိုး၊ ဒီလိုအ
အပ်ထိထားတဲ့ လူတစ်ယောက်ကို ကယ်တင်ဖို့ဆိုတာ အဆိပ်
ဆေးရှိမှ ကယ်လို့ရမှာ"

"ခင်ဗျားမှာ ဒီအဆိပ်ဖြေဆေး မရှိဘူးလား"

"မရှိပါဘူး"

ထိုစဉ်မှာပင် လူငယ်သည် သတိရလာပြီး သူ၏လက်ကို
ညင်းစွာလှုပ်ရှားပြီး ရင်ဘတ်ကိုစမ်းနေသည်။

ဖန်းကျင်းရှမ်းက သူ၏အင်္ကျီကြယ်သီးကိုဖြုတ်လိုက်ပြီး အ
းသို့လက်နှိုက်ကြည့်ရာ အင်္ကျီအတွင်းအိတ်ထဲမှာ ဆေးဗူးတစ်ခု
နေသည်ကို တွေ့လိုက်ရလေသည်။

ဖန်းကျင်းရှမ်းသည် ဆေးဗူးဖွင့်ကြည့်လိုက်ရာ အဖြူရောင်
းလုံးများရှိနေသည်ကို တွေ့လိုက်ရလေသည်။

ဖန်းကျင်းရှမ်းသည် အဖြူရောင်ဆေးလုံးတစ်လုံးကို သွန်ချ
က်ပြီး လူငယ်၏ပါးစပ်ထဲ ထည့်ပေးလိုက်လေသည်။

ထို့နောက် အဆိပ်အပ်ကလေးကို ဆွဲနှုတ်ပြီးလျှင် ထိုလူ
ငအား အတွင်းအားဖြင့် ကုသပေးလေတော့သည်။

ထမင်းတစ်အိုးကျက်ခန့်အချိန် ကုန်လွန်သွားပြီးနောက်
ငယ်၏ မျက်နှာပေါ်မှ ဒဏ်ရာများနှင့် ညိုမည်းသည့်အဖုများ
သည် တဖြည်းဖြည်း ကွယ်ပျောက်သွားလေသည်။

လူငယ် ညည်းညူနေရာမှ တဖြည်းဖြည်းငြိမ်ကျပြီး မှိန်းနေ
သည်။

ဖန်းကျင်းရှမ်းသည် လူငယ်အနည်းငယ် သက်သာ
သည်ကို တွေ့ရသောအခါ ကုသမှုကို ခေတ္တရပ်တန့်လိုက်လေသ

လူငယ်သည် ဖြည်းညင်းစွာ ထထိုင်လိုက်ပြီး ဖန်းကျင်း
အားဦးညွတ်လိုက်သည်။

"အခုလို ကျွန်တော့်အသက်ကိုကယ်တာ ကျေးဇူးတ
တယ်ခင်ဗျာ"

"မလိုပါဘူးကွာ၊ မင်း အားအလွန်နည်းသေးတယ်၊ အ
ယူပါဦး"

"ကျေးဇူးတင်ပါကယ်ဦး၊ ကျွန်တော့်ကိုယ် ကျွန်တော် က
လို့ရပါပြီ"

သူသည် ပြောပြီးသည်နှင့် တင်ပျဉ်ခွေထိုင်ကာ မျက်လု
ထားလိုက်ပြီး သူ၏လက်နှစ်ဘက်သည် လက်အုပ်ချီအနေအ
ပြုလုပ်ပြီးနောက် ထိုလူငယ်မှာ မိမိအတွင်းအားဖြင့် ကိုယ့်ကိုယ
ကုသနေသည်။

ဖန်းကျင်းရှမ်းက ထိုလူငယ်သည် အတွင်းအားဖြင့် ကုသ
သည်ဟု နားလည်လိုက်သဖြင့် ထိုနေရာတွင်ထိုင်၍ အကဲခတ်
နေလေသည်။

တခဏကြာသွားသောအခါ လူငယ်၏ မျက်လုံးအစုံသ
ပွင့်လာလေသည်။

လူငယ်သည် လေကို တစ်ချက်မှုတ်ထုတ်လိုက်သည်။
ထို့နောက် ဖန်းကျင်းရှမ်းအား အရိုအသေပြုလိုက်သ



"အခုလိုကူညီတာ ကျေးဇူးတင်ပါတယ်ဗျာ"

သူသည် ယင်းသို့ပြောပြီးသည်နှင့် ထိုင်ရာမှထလိုက်ပြီး
ပြင်သို့ ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်ပြီးနောက် အသင့်
စောင့်နေသော သူ၏မြင်းဖြူပေါ်သို့ ခုန်တက်၍ ထွက်သွားလေ
တော့သည်။

* * *

ယန်စုစိန်သည် မျက်မှောင်ကြုတ်သွားပြီး ထိုလူငယ်ထွ
သွားပြီး အတန်ကြာသောအခါ…

"ဦးလေးဖန်း…သူက ဘယ်သူလဲ"

"သူ ပြောမသွားဘူး"

ယန်စုစိန် မခံမရပ်ဖြစ်လာလေသည်။

"ဦးလေးဖန်း မမေးလိုက်ဘူးလား"

"အင်း…အစကတော့ မေးဖို့ပါပဲ၊ ဒါပေမယ့် ဒီသူငယ်
လေး အခုလိုရုတ်တရက် သွားလိမ့်မယ် မထင်လို့ မမေး လိုက်မိ

ယန်စုစိန်က သက်ပြင်းတစ်ချက် ချလိုက်ပြီး ထွက်သွားသေ
လူငယ်အား မကျေမနပ်ပြောနေလေသည်။

"တော်တော်ကျေးဇူးကန်းတဲ့လူ၊ သူ့ကို အသက်ကယ်တ
တောင် နာမည်ပြောမသွားဘူး"

ဖန်းကျင်းရှမ်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တို့ သိုင်းသမားတွေဟာ သူများရဲ့အသက်ကို က
တာ ကျေးဇူးတင်ခံချင်လို့မှ မဟုတ်ပဲကွယ်"

ယန်စုစိန် ပါးစပ် ပိတ်ထားလိုက်လေတော့သည်။

ယန်စုစိန် ပါးစပ်ပိတ်ထားသော်လည်း စိတ်ထဲ၌ မခံမ
ဖြစ်နေသည်။

"ဒါနဲ့ ဒီလူ ဘယ်လိုလက်နက်ပုန်းနဲ့ ထိထားလို့လဲ"

"အမြီးနှစ်ခွ အဆိပ်အပ်"

"ဒီလက်နက်အမည် ကြားဖူးသလိုပဲ"



"ဟုတ်တယ်၊ အမြီးနှစ်ခွ အဆိပ်အပ်ဟာ သိုင်းလောကမှာ
တော်နာမည်ကြီးခဲ့ဖူးတယ်"

ယန်စုစိန် မျက်မှောင်ကြုတ်သွားသည်။

"ဒါနဲ့ အမြီးနှစ်ခွ အဆိပ်အပ်ကို အသုံးပြုတဲ့လူက ဘယ်သူ
ဦးလေးဖန်း"

ဖန်းကျင်းရှမ်းက အနည်းငယ် စဉ်းစားလိုက်ပြီး…

"ကျုပ် သိသလောက် ပြောရမယ်ဆိုရင် ဒီအဆိပ်အပ်ကို
ုံးပြုတဲ့လူဟာ သိုင်းလောကမှာ တစ်ယောက်ပဲရှိသေးတယ်"

"ဘယ်သူများပါလိမ့်"

"သရဲလက်မှုကျင်း"

ယန်စုစိန် ခေါင်းညိတ်လိုက်ပြီး လက်ဖျောက်တစ်ချက်တီး၍

"ဘီလူးဓားနဲ့တွဲတဲ့ မှုကျင်း ဟုတ်လား"

"ဟုတ်တယ်"

"ဒါနဲ့ ဘီလူးဓားလည်း ဒီလူနဲ့အတူ ရှိလိမ့်မယ်ထင်တယ်"

ဖန်းကျင်းရှမ်း ခေါင်းညိတ်လိုက်လေသည်။

"ရှိနိုင်တာပေါ့"

ယန်စုစိန်က ပါးစပ်ပိတ်ထားလိုက်လေသည်။

* * *

## ခံစစ်

ဖန်းကျင်းရှမ်းသည် ဘုံကျောင်းပျက်ကို ခြေကုပ်ယူ၍ ခံစ
အဖြစ် ခုခံတိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ပြီး ဖြစ်လေသည်။

သူသည် ၃–၄ရက်ခန့် ခုခံထားနိုင်လျှင် သူ၏ဌာနမှူးက
အချိန်မီ ရောက်လာလိမ့်မည်ဟု သူယုံကြည်ထားလေသည်။

ထို့ကြောင့် ပါလာသောပစ္စည်းများနှင့် သောက်ရေများ
စားနပ်ရိက္ခာများ အားလုံးတို့ကို ဘုံကျောင်းပျက်ထဲသို့ ပြောင်းရွှေ့
သိမ်းဆည်းထားလိုက်လေသည်။

မြင်းများကို ဘုံကျောင်းပျက်ထဲရှိ ဝင်းအတွင်း၌ နေရာ



းသည်။ မြင်းလှည်း၅စီးကိုမူ ဘုံကျောင်း၏ ပတ်ပတ်လည်၌ နေ
ချထားသည်။

မြင်းလှည်းများ၏နောက်တွင် မြားသမားများက ရန်သူကို
က်ခိုက်ရန် အသင့်အနေအထားဖြင့် နေရာယူထားကြလေသည်။

ယို့လုံး၊ ခန်းတပေါင်စသည့် သိုင်းသမားအများတို့သည်
ရာယူ၍ အသင့်စောင့်ကြပ်နေကြ၏။

ယခုအခါ ဘုံကျောင်းပျက် အတွင်းအပြင်မှာ ခံတပ်သဖွယ်
တောင့်တင်းခိုင်မာနေသည်ကို တွေ့မြင်ရလေသည်။

ဖန်းကျင်းရှမ်းသည် မိမိ၏လူများနှင့် စီစဉ်မှုတိကျစွာ ပြု
ပ်ထားသောကြောင့် ကျရောက်လာမည့်အန္တရာယ်အတွက်
နည်းငယ် စိတ်သက်သာသွားလေသည်။

* * *

နေဝန်းနီသည် တောင်ကုန်း၏ နောက်ကွယ်သို့ တဖြည်းဖြည်း ငုပ်လျှိုးသွားပြီးဖြစ်လေသည်။

အမှောင်ထုသည် ကမ္ဘာမြေတလွှားသို့ လွှမ်းခြုံထားပြီးဖြစ်လေသည်။

ညမှောင်လာသည်နှင့် အခြေအနေသည် တမျိုးပြောင်းလဲလာနိုင်သည်ဟု ထင်ရသည်။

ထိုအချိန်၌ တဖွဲဖွဲကျနေသော မိုးဖွဲများသည် ရပ်တန့်သွားလေသည်။

တိမ်တိုက်တိမ်လိပ်များသည် ကောင်းကင်၌ ကင်းရှင်းသွားသဖြင့် ပြာလဲ့လဲ့ကောင်းကင်ပေါ်တွင် အေးမြသော လဝန်းသည် ထွက်ပေါ်လာလေသည်။

လရောင်နှင့် နှင်းဖွဲတို့၏အရောင်များသည် ထင်ဟပ်ကာ ငွေရောင်လောကအဖြစ်သို့ ဖန်တီးထားလိုက်လေသည်။

ထိုမြင်ကွင်းကို မြင်တွေ့လိုက်သူအဖို့ ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားမှုတရပ် ခံစားရမည်သာ ဖြစ်သည်။

* * *



ဘုံကောင်းပျက်ထဲ၌ မီးထွန်းထားခြင်း မရှိသောကြောင့် အမှောင်ထုက ကြီးစိုးနေသည်။

တချက်တချက် ထွက်ပေါ်လာသော မြင်းဟီသံမှအပ တိတ်ဆိတ်၍နေလေသည်။

"ဒေါင်...ဒေါင်"

ထိုစဉ် အုန်းမောင်းခေါက်သံ ၂ချက် ထွက်ပေါ်လာသည်။

ကျားမာန်အာမခံဌာနက ကင်းလှည့်ရင်း ခေါက်လိုက်သော အုန်းမောင်းခေါက်သံဖြစ်သည်။

ဖန်းကျင်းရှမ်းက မအိပ်သေးပါ။ အမှောင်ထုအတွင်း၌ လျှောက်လှမ်းနေရင်း ဘုံကျောင်းပျက်တံခါးကို အကာအကွယ်ယူ၍ အပြင်သို့ အကဲခတ်ကြည့်နေသည်။

လရောင်သည် ထိန်ထိန်လင်းနေသဖြင့် အပြင်ဘက်မှ မြင်ကွင်းတစ်ခုလုံး ပီပီပြင်ပြင်ရှိလှလေသည်။

ရုတ်ရက် မြင်းခွာသံများသည် တိတ်ဆိတ်သောပတ်ဝန်းကျင် တစ်ခုလုံးကို ဖြိုခွင်းဖျက်ဆီးလိုက်လေသည်။

မြင်းခွာသံ ထွက်ပေါ်လာပြီး မကြာမီမှာပင် ဖန်းကျင်းရှမ်း၏မြင်ကွင်းရှေ့သို့ မြင်းလေးကောင် ဝင်ရောက်လာသည်ကို တွေ့ရလေသည်။

မြင်းလေးကောင်သည် ဘုံကျောင်းပျက်နှင့် ဝါးသုံးရိုက်ခန့် အကွာတွင် ဖြိုင်တူရပ်တန့်လိုက်ကြသည်။

ထို့နောက် မြင်းပေါ်မှ လူလေးယောက် ခုန်ဆင်းလိုက်ပြီး

၄ယောက်သည် မြင်းဇက်ကြိုးကို ကျန်နေသော လူတစ်ယောက်၏ လက်ထဲသို့ ပေးလိုက်သည်။

ထို့နောက် ဘုံကျောင်းပျက်တွင်းသို့ ဦးတည်၍ တဖြည်းဖြည်း လျှောက်လာလေသည်။

ဖန်းကျင်းရှမ်းသည် အနီးသို့ရောက်လာသော ယန်စုစိန်အား အသံတိုးတိုးဖြင့်...

"ကြည့်ရတာ သူတို့လိုချင်တဲ့ ပစ္စည်းကို အတည့်အလင်း တောင်းဆိုမယ့်ပုံပဲ"

ယန်စုစိန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အခုလာတဲ့လူတွေဟာ နာမည်ရှိတဲ့ လူဆိုးတွေဖြစ်ရမယ်"

* * *



ထိုလူ၃ယောက်သည် ဘုံကျောင်းတွင်း မရောက်မီ ဝါးတရိုက်အကွာမှာ ရပ်တန့်လိုက်လေသည်။

ရပ်နေသော လူ၃ယောက်အနက် အလယ်မှာရပ်နေသော လူက လက်နှစ်ဘက်ဆုပ်လိုက်သည်။

"ဒီက ကင်းတာဝန်ခံဟာ ဘယ်သူလဲဗျ၊ မင်းတို့ဌာနမှူးကို ပြောလိုက်ပါ၊ ယမ်းဘီလူး ဝမ်းချောင်းက တွေ့ချင်ပါတယ်လို့"

ယန်စုစိန်းသည် ထိုလူ၏အသံ ကြားသောအခါ အပြင်သို့ လှမ်းထွက်လိုက်လေသည်။

"ဪ... အလွန်ကျော်ကြားနေတဲ့ ယမ်းဘီလူး ဝမ်းချောင်းကိုး၊ တွေ့ရတာ ဝမ်းသာပါတယ်"

ဝမ်းချောင်းက သူ့အား စိုက်ကြည့်လိုက်ပြီး...

"ခင်ဗျားက ဘယ်သူလဲ"

ယန်စုစိန်က လက်နှစ်ဘက်ဆုပ်လိုက်သည်။

"ယန်စုစိန်ပါ"

ဝမ်းချောင်းက နှာခေါင်းတချက် ရှုံ့လိုက်သည်။

"ဖန်းကျင်းရှမ်းကို ပြောပေးစမ်းပါ၊ ဧည့်သည်ကို ထွက်တွေ့မလား၊ မတွေ့ဘူးလားလို့"

ယန်စုစိန်က မဲ့ပြုံးပြုံးလိုက်လေသည်။

"ကိုယ့်ဆီလာတဲ့ ဧည့်သည်ကို မတွေ့ဘဲ နေပါ့မလား၊ ဒါပေမယ့် ညအချိန်မတော်"

ဝမ်းချောင်းက စိတ်မရှည်ဟန်ဖြင့် ကြားဖြတ်လိုက်သည်။

"စကားမရှည်နဲ့၊ သူက ထွက်မတွေ့ရင်လဲ ကျုပ်တို့က ဝင်တွေ့ရမှာပဲ"

ဖန်းကျင်းရှမ်းသည် တံခါး၏နောက်ကွယ်မှ လှမ်းထွက်လေသည်။

"ဘယ်က ဧည့်သည်များလဲဗျ"

ဝမ်းချောင်းက လက်နှစ်ဘက် ဆုပ်ကိုင်ကာ ဦးညွှတ်၍...

"ကျုပ်က ယမ်းဘီလူး ဝမ်းချောင်းပါ"

ဖန်းကျင်းရှမ်းကလည်း လက်နှစ်ဘက် ဆုပ်လိုက်လေ၏။

"တွေ့ရတာ ဝမ်းသာပါတယ်၊ အချိန်မတော် ဘာကိစ္စများရှိလို့လဲဗျ"

ဝမ်းချောင်းက ပြုံးလိုက်သည်။

"ကျုပ် ဘာကိစ္စလာတယ်ဆိုတာ ပြောစရာလိုသေးလား"

ဖန်းကျင်းရှမ်းသည် ခေါင်းညိတ်လိုက်သည်။

"ဘာပဲဖြစ်ဖြစ်လေ၊ ကျုပ်က ဘာမှ လုပ်ပိုင်ခွင့် မရှိပါဘူး၊ ခင်ဗျား ဘာကို အလိုရှိတယ်ဆိုတာ ပြောပြပါ၊ ကျုပ်က ဌာနမှူးကို တင်ပြပြီး အကြောင်းပြန်ပါ့မယ် ခင်ဗျား..."

ဝမ်းချောင်းက ရယ်မောလိုက်သည်။

"ဟား ဟား ဟား... ဘယ်လိုလဲ၊ ခင်ဗျားက ပြောပိုင်ခွင့် မရှိဘူးလား"

ဖန်းကျင်းရှမ်းက ပြုံး၍...

"ဒီလိုဆိုရင် ခင်ဗျားက ကျုပ်တို့ ပစ္စည်းကို လုယူဖို့ လာတယ်ဆိုပါတော့..."

ဝမ်းချောင်းက ခေါင်းညိတ်လိုက်သည်။

"သိပ်မှန်တာပေါ့"

သူသည် စကားဆက်လိုက်သည်။

"ကျားမာန်အာမခံဌာနက ပစ္စည်းဆိုရင် ဘယ်သူမှ မလုယက်ဝံ့ဘူး၊ ဒါကြောင့် ကျုပ်က ဘဝင်မကျလို့ အခုလို လုယက်ဖို့ ကြိုးစားတာပါ"

ဖန်းကျင်းရှမ်းက မဲ့ပြုံးပြုံးလိုက်သည်။

"ရပါတယ်၊ ခင်ဗျား ကြိုးစားကြည့်ပေါ့ဗျာ"

သူသည် လက်ဝှေ့ယမ်းပြလိုက်သည်။

"ကဲ... ကျုပ်သွားမယ်၊ ခင်ဗျားတို့ သတိထားပေါ့ဗျာ"

သူသည် ပြောယင်း ဝမ်းချောင်းအား စိုက်ကြည့်ပြီး ဘုံကျောင်းပျက်ထဲမှ နောက်သို့ ဆုတ်သွားလေသည်။

ဝမ်းချောင်းသည် ဖန်းကျင်းရှမ်းက ဘုံကျောင်းပျက်သို့ ဆုတ်သွားသည်ကို တွေ့လိုက်ရသောအခါ သူသည် နောက်သို့ တဖြည်းဖြည်း ဆုတ်သွားလေသည်။

သူသည် ဖန်းကျင်းရှမ်း၏အကြောင်းကို ကောင်းစွာ သိထားလေသည်။

ဖန်းကျင်းရှမ်း၏ ရွှေကွင်းလက်နက်ပုန်းမှာ အလွန်ကြောက်မက်ဖွယ်ရာ ကောင်းသည်ဟု သူယုံကြည်ထားလေသည်။

ထို့ကြောင့် ပေါ့ပေါ့တန်တန် သဘောမထားဝံ့ဘဲ သူသည်

သတိကြီးစွာဖြင့် နောက်သို့ ခြေတလှမ်းချင်း ဆုတ်သွားခြင်း ဖြစ်၏

ဝမ်းချောင်းတို့ သုံးယောက်သည် မြင်းများ ရပ်တန့်သော
နေရာသို့ ရောက်သောအခါ မြင်းပေါ်သို့ လျင်မြန်စွာ တက်သွားကြ
ပြီး ပြေးလွှား ထွက်ခွာသွားကြလေသည်။

* * *



ယန်စုစိန်သည် ဝမ်းချောင်းတို့ လူစု ထွက်သွားသည်ကို
တွေ့ရသောအခါ အံ့အားသင့်သွားလေသည်။

အကြောင်းမှာ ယမ်ဘီလူးဝမ်းချောင်းသည် အမည်းရောင်
သိုင်းလောကတွင် အလွန်နာမည်ကျော်ကြားသော လူဆိုးတယောက်
ဖြစ်သည်။

သူသည် ကျားမာန်အာမခံဌာန၏ ပစ္စည်းများကို လုယက်
ယူမည်ဟု အဟုန်အလင်း ကြေငြာပြီးမှ ယခုကဲ့သို့ နောက်ဆုတ်
သွားသည်ကို စဉ်းစား၍ မရဘဲ ဖြစ်နေ၏။

ဖန်းကျင်းရှမ်းကလည်း ဝမ်းချောင်းတို့ လူစု ဆုတ်ခွာသွား
သည်ကို အံ့အားသင့်နေ၍ ကြောင်အမ်းအမ်းဖြင့် ရပ်ကြည့်နေလေ
သည်။

ထိုစဉ်မှာပင် ယို့လုံးသည် ဖန်းကျင်းရှမ်းထံသို့ ပြေးလွှား
လာသည်ကို တွေ့မြင်ရလေသည်။

* * *

ဖန်းကျင်းရှမ်းသည် မျက်မှောင်ကြုတ်သွားပြီး...

"ယို့လုံး... မင်းနေရာ မင်းမနေဘဲ ဘာဖြစ်လို့ ပြေးလာ
တာလဲ"

ယို့လုံးက ဦးညွှတ်လိုက်ပြီး မောပန်းစွာဖြင့်...

"ကျွန်တော် စောင့်ကြပ်နေတဲ့ နေရာမှာ လူလေးယောက်
ပုန်းကွယ်ပြီး လာနေတာကို တွေ့ရပါတယ်"

ဖန်းကျင်းရှမ်းက ကြားဖြတ်မေးလိုက်လေသည်။

"ရန်သူလာရင် မင်းက အကြောင်းကြားပြီး ခုခံရမှာပေ
ဘယ့်နှယ် ပြေးလာရတာလဲ"

"ဟုတ်ပါတယ်... ကျွန်တော်လဲ အချက်ပြပြီး တိုက်ခိုက်မ
လို့ပါပဲ၊ ဒါပေမယ့်..."

ဖန်းကျင်းရှမ်းက စိတ်မရှည်နိုင်တော့ဘဲ ယို့လုံးအား အော်
ငေါက်လိုက်သည်။

"ဘာဖြစ်သလဲ၊ မြန်မြန်ပြောစမ်း"

"အဲဒီ လူလေးယောက်က ဘုံကျောင်းအနီး ကပ်လာတဲ့အခါ
သူတို့ထဲက လူတစ်ယောက်က ရုတ်တရက် လဲကျသွားတယ်"

ဖန်းကျင်းရှမ်းက အံ့အားသင့်သွားသည်။

"ဆက်ပြော"

ယို့လုံးက စကားဆက်လိုက်သည်။

"အဲဒီ လဲကျတဲ့လူ မတ်တတ်ရပ်လိုက်တဲ့အခါမှာ အခြားတ
ယောက်က ရုတ်တရက် လဲကျသွားပြန်တယ်၊ အဲဒီ လေးဦးဟာ တ



ယောက်တလဲစီ လဲကျနေတာနဲ့ ဆက်မလာဝံ့တော့ဘဲ ပြန်ပြေးသွား
ကြတယ်ဗျ"

ဖန်းကျင်းရှမ်းနှင့် ယန်းစုစိန်တို့သည် ယို့လုံး၏စကား ကြား
လိုက်ရသောအခါ အံ့အားသင့်သွားကြလေသည်။

ယို့လုံးက စကားဆက်လိုက်ပြန်၏။

"ကျွန်တော်လဲ စဉ်းစားလို့မရလို့ ဦးလေးဖန်းကို လာပြီး
သတင်းပို့တာ"

ဖန်းကျင်းရှမ်းက ခေါင်းကုတ်လိုက်ပြီး ညည်းတွားယင်း
ပြောလိုက်သည်။

"အင်း... ငါလဲ မပြောတတ်အောင် ဖြစ်နေပြီ"

ယန်စုစိန်က မျက်မှောင်ကြုတ်သွားသည်။

"ကျွန်တော်တို့ကို ထိပ်တန်းသိုင်းသမားတစ်ယောက်
ယောက်ကများ လိုက်ပြီး တိတ်တဆိတ်ကလေး ကူညီနေသလား
မသိဘူး"

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်သွားပြီး အတန်ကြာ
စဉ်းစားနေလေသည်။

"အင်း... မြို့တော်ဝန်ရဲ့သမီး လျှူဝမ်းအော့များ ဖြစ်နေမ
လား"

ယန်စုစိန်သည် ခေါင်းညိတ်လိုက်ပြီး...

"ယို့လုံး ပြောပြတဲ့အတိုင်းဆိုရင် ဖြစ်နိုင်တယ်လို့ ကျွန်
တော် ယူဆတယ်"

ဖန်းကျင်းရှမ်းက အနည်းငယ် စဉ်းစားလိုက်သည်။

"ကျုပ် သွားပြီး အကဲခတ်ကြည့်မယ်"

သူသည် ပြောပြီး မြို့တော်ငန်ထံသို့ ထွက်ခွာသွားလေ

* * *



ယန်စုစိန်က လေသံတိုးတိုးဖြင့်...

"ယို့လုံး... မင်းနေရာ မင်းပြန်သွားပေတော့၊ အခုလို ဖြစ်တဲ့ကိစ္စဟာ ကျုပ်တို့လို ထိပ်တန်းသိုင်းသမား တစ်ယောက်က တဆိတ် ကူညီနေတာ သေချာတယ်၊ ဒါပေမယ့် အစစအရာရာ နဲ့နော်"

ယို့လုံးက ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်ကဲ့... အဲဒီ သိုင်းပညာရှင် တကယ် ရှိနေမယ်ဆိုရင် ဂိုဏ်းတန်ရဲ့ သိုင်းသမားတယောက် မဟုတ်ဘူးဆိုတာ သေချာ ဘာဖြစ်လို့လဲဆိုရင် လရောင် ထိန်ထိန်သာနေတော့ ဘာမဆို င်းကောင်း မြင်ရတယ်၊ အဲဒီ လူ(၄)ယောက်ဟာ တစ်ယောက် တစ်ယောက် ချော်လဲနေတာ တွေ့ရတယ်၊ တခြားလူ မတွေ့ရ

ယန်စုစိန် ခေါင်းညိတ်လိုက်သည်။

"ယမ်းဘီလူးဝမ်းချောင်းလိုလူမျိုးကို ဒီလို ပညာပြနိုင်တယ် ဒီလူဟာ သိုင်းပညာအတော့်ကို အဆင့်မြင့်တဲ့လူ ဖြစ်ရမယ်"

ယို့လုံးက သက်ပြင်းတချက်ချလိုက်သည်။

"တကယ်လို့ လျှုဝမ်းအော့ ဖြစ်တယ်ဆိုရင် ကျုပ်တို့တော့ ကောင်းတယ်"

ယန်စုစိန် ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်တာပေါ့၊ သူများက ငွေအကုန်အကျခံပြီး ကျုပ်တို့ နိုင်းတာ၊ အခု သူတို့တွေက ရန်သူကို နှိမ်နင်းနေရတယ်ဆို

တော့ သိပ်အားနာဖို့ ကောင်းတယ်"

ယို့လုံးက သက်ပြင်းတချက်ချလိုက်ပြီး…

"ကျွန်တော် သွားမယ်၊ ဒီသိုင်းပညာရှင်ကို ကျွန်တော်…ပြီး တွေ့ချင်ပါတယ်"

သူသည် ပြောပြီးသည်နှင့် အပြင်သို့ ပြန်လည်ထွ…သွားလေတော့သည်။

* * *



ဖန်းကျင်းရှမ်းသည် မြို့တော်ဝန်နှင့် စကားပြောနေလေ၏။ မြို့တော်ဝန်သည် အိပ်မပျော်သဖြင့် ထိုင်ပြီး စာဖတ်နေစဉ် …ကျင်းရှမ်းသည် အခန်းတွင်းသို့ ရောက်လာသည်ကို တွေ့ရသော…ဝမ်းသာသွားသည်။

"ဘယ့်နှယ်လဲ ဒုဗ္ဗာနမှူး အိပ်မပျော်သေးဘူးလား"

ဖန်းကျင်းရှမ်းက ဝင်ရောက်ထိုင်ချလိုက်ပြီး ခေါင်းညိတ်…သည်။

"ဟုတ်ကဲ့ မြို့တော်ဝန်လဲ မအိပ်သေးဘူးလား"

မြို့တော်ဝန်က ခေါင်းညိတ်လိုက်ပြီး…

"မအိပ်သေးပါဘူးဗျာ၊ စဉ်းစားနေတာပါ"

"ခင်ဗျားသမီးရော နေကောင်းရဲ့လား"

"ကောင်းပါတယ်၊ အခန်းထဲမှာ အိပ်နေပါတယ်"

"သေချာရဲ့လား"

"ဟုတ်ကဲ့… သေချာပါတယ်"

မြို့တော်ဝန်ကို ထပ်မံ၍ သေချာရန် အခန်းတွင်းသို့ လွှတ်…တ်သည်။

"လူကြီးမင်း သွားကြည့်လိုက်ပါဦးဗျာ"

"အကြောင်းထူး ရှိလို့လား"

"ကျုပ်က သိချင်တာပါ"

"ဟုတ်ကဲ့ ကြည့်လိုက်ပါဦးမယ်"

မြို့တော်ဝန်သည် ထိုင်ရာမှ ထလိုက်ပြီး အခန်းတွင်းသို့

လှမ်းဝင်သွားလေသည်။

* * *

မြို့တော်ဝန်အခန်းတွင်းသို့ ဝင်ရောက်ပြီး အတန်ကြာ
သောအခါ မြို့တော်ဝန်သည် အခန်းတွင်းမှ ပြန်လည်ထွက်လာသ
"သမီးလေး အိပ်ပျော်နေပါတယ်"

"ဗျာ... ခင်ဗျားသမီး အိပ်ပျော်နေတယ် ဟုတ်လား"

"ကျုပ်က လိမ်ပြောတယ်များ ထင်လို့လား"

"ဒီလို မဟုတ်ရပါဘူးဗျာ"

"ခင်ဗျားက အခုလို အချိန်မတော်လာပြီး ဟိုမေး ဒီမေ
မေးတာ ကျုပ်တို့မိသားစုကို မယုံလို့လား"

"မဟုတ်ရပါဘူးဗျာ... အခုလိုလာပြီး မေးမြန်းတာက
ကြောင်းရှိလို့ပါ"

"ဘာအကြောင်းရှိလို့လဲ"

"ရှင်းရှင်းပြောရမယ်ဆိုရင် ခုန လူ(၃)ယောက် လုဖို့ လ
ကြတယ်၊ ဒါပေမယ့် သူတို့ ဘုံကျောင်းအနီး ရောက်တဲ့အခါမှာ ပြ
ထွက်ပြေးသွားကြလို့ ထူးဆန်းတာနဲ့ ကျုပ် ဒီအခန်းကို လိုက်လ
ကာပါ"



မြို့တော်ဝန်က မသင်္ကာသော မျက်လုံးများဖြင့်...

"ဟုတ်ရဲ့လားဗျာ"

"ဒီလူတွေဟာ ပစ္စည်းလုဖို့ လာကြပြီး ဘာကြောင့် ပြန်
သွားရတာလဲ"

"ဒါ စဉ်းစားစရာ ဖြစ်နေပါတယ်"

"ဒါကြောင့် ကျုပ်က သံသယ ဖြစ်လာလို့ပါ၊ သေချာစဉ်း
တဲ့အခါ အကြောင်း(၂)ခုကို တွေ့ရတယ်"

ထိုအခါ မြို့တော်ဝန်က ဖန်းကျင်းရှမ်းဘက်သို့ နိုးရိမ်တ
း မေးလိုက်၏။

"ကျုပ်သမီးနဲ့ ပတ်သက်နေလို့လား"

"ပထမအချက်ကတော့ ကျုပ်တို့ကို ထိပ်တန်းသိုင်းသမား
ယောက်ယောက်က လျှို့ဝှက်ပြီး အကူအညီ ပေးနေတယ်လို့ ထင်
တယ်"

"ဒုတိယအချက်က..."

"ဒုတိယအချက်ကတော့ ဒီလျှို့ဝှက်သိုင်းသမားဟာ လူကြီး
င်း သမီးများ ဖြစ်နေမလားလို့"

"မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်"

"ယက္ခမောင်နှမတို့ လာပြီး လုယက်တုန်းက ခင်ဗျားသမီး
နေတဲ့ မြင်းလှည်းဆီ ရောက်သွားတာနဲ့ သူတို့က ချက်ချင်းပြန်
ားကြတယ်"

"ဒါက တိုက်ဆိုင်မှု ဖြစ်ချင်လဲ ဖြစ်မှာပေါ့"

"မဖြစ်နိုင်ဘူး ဘာဖြစ်လို့လဲဆိုရင် မင်းသားလေးကစ်
လျှန်ဟာ ကျုပ်တို့လူတွေကို နိုင်ပြီးမှ ခင်ဗျားသမီး အခန်းထဲ
ထပ်ဝင်ပြီး မရေမရာနဲ့ ပြန်ဆုတ်သွားကြတယ် မဟုတ်လား"

"ကျုပ်လည်း မပြောတတ်တော့ပါဘူးလေ၊ မနက်ဖြန်ကျ
သမီးနဲ့ စကားပြောကြည့်ဦးပေါ့"

ထိုစဉ်မှာပင် အခန်းတွင်းမှ လျှုဝမ်းအော့၏အသံ ကြ
လိုက်ရလေသည်။

"ဖေဖေ မအိပ်သေးဘူးလား"

ဖန်းကျင်းရှမ်း အခန်းတွင်းသို့ လှမ်းကြည့်လိုက်စဉ်တွင် လျှ
ဝမ်းအော့သည် ဆံပင်များ ဖားလျားချကာ သူတို့ဆီသို့ လျှော
လာနေသည်ကို တွေ့ရလေသည်။

မြို့တော်ဝန်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး...

"ဖေဖေ အိပ်လို့ မရသေးလို့"

လျှုဝမ်းအော့က ပြုံးလိုက်သည်။

"ဒီတစ်ရက်နှစ်ရက်မှာ သမီး ရုတ်တရက် နေကောင်းလာ
သလိုပဲ၊ အားလည်း ပြည့်လာတယ်လို့ ထင်ရတယ်"

ဖန်းကျင်းရှမ်းက ကြားဖြတ်မေးလိုက်၏။

"မင်းသားလေးရဲ့ဆေးကြောင့် ထင်တယ် ဟုတ်လား"

"ဟုတ်တယ်လို့ ထင်တာပဲရှင်"

သူမသည် ဖန်းကျင်းရှမ်းဘက်သို့ လှည့်လိုက်သည်။

"ရှင်က ကျွန်မအပေါ်မှာ သံသယဖြစ်နေတယ် မဟုတ်



း"

"ဟုတ်တယ်၊ အရာရာဟာ တိုက်ဆိုင်လွန်းလို့ ကျုပ်တို့က
သယ ဖြစ်လာတာပါ"

လျှုဝမ်းအော့က ပြုံးလိုက်သည်။

"ဒါဖြင့် ကျွန်မကို မေးစရာရှိရင် မေးနိုင်ပါတယ်"

ဖန်းကျင်းရှမ်းက လက်နှစ်ဘက်ဆုပ်လိုက်သည်။

"မိန်းကလေးဟာ ထိပ်တန်းသိုင်းပညာရှင် ဖြစ်တဲ့အတွက်
ရလို ရန်သူများကို အကြိမ်ကြိမ် တွန်းလှန်ပေးတာကို ကျုပ်တို့
ကျေးဇူးတင်လို့ မဆုံးပါဘူးဗျာ"

လျှုဝမ်းအော့သည် ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

"အထင်မလွဲပါနဲ့ရှင်၊ ကျွန်မ သိုင်းပညာ လုံးဝ မတတ်ပါ
ူး"

"မိန်းကလေးက ပညာကို လျှို့ထားပေမယ့် ကျုပ်တို့ သိ
ထားပါပြီဗျာ"

လျှုဝမ်းအော့က ပခုံးတချက် တွန့်လိုက်သည်။

"ကျွန်မ အမှန်အတိုင်း ပြောနေတာပါ၊ မယုံလည်း မတတ်
နိုင်ဘူး"

ဖန်းကျင်းရှမ်း သူမ၏ စကားကြောင့် ကြောင်အမ်းအမ်း
ဖြစ်သွားသည်။ လျှုဝမ်းအော့က ဆက်၍ ရှင်းပြလိုက်သည်။

"ကျွန်မ အမှန်အတိုင်း ပြောနေတာပါ၊ သိုင်းပညာ မတတ်
ပါဘူး၊ သာမန်လူတယောက်က ကျွန်မကို လက်သီးနဲ့ ထိုးလာရင်

တောင် ခံနိုင်တဲ့ အရည်အချင်း မရှိပါဘူးရှင်"

ဖန်းကျင်းရှမ်းက မိန်းကလေး၏စကားကို လက်မခံနိုင်စွာဖြင့်...

"ကျုပ်လည်း ပထမတော့ ခင်ဗျား သိုင်းပညာ မတတ်ဘူးဆိုတာ ယုံကြည်ပါတယ်"

မိန်းကလေးက ဆက်၍...

"ဟုတ်လား၊ နောက်ဘာဖြစ်သွားလို့လဲ"

"ကြုံတွေ့ရတဲ့ အဖြစ်အပျက်တွေဟာ မိန်းကလေး သိုင်းပညာတတ်တဲ့ လက္ခဏာကို တွေ့ရလို့ပါ"

လျှုဝမ်းအော့က သက်ပြင်းတစ်ချက် ချလိုက်သည်။

ထို့နောက် မျက်နှာလေး ညှိုးရော်သွားကာ...

"ကျွန်မ စကားကို ယုံကြည်စေချင်ပါတယ်ရှင်"

ဖန်းကျင်းရှမ်းသည် လျှုဝမ်းအော့အား တခဏမျှကြည့်လိုက်ပြီး...

"ကဲ...သိပ်လည်း စိတ်မကောင်းမဖြစ်ပါနဲ့၊ အေးအေးဆေးဆေးပြန်အိပ်လိုက်ပါဦးဗျာ"

လျှုဝမ်းအော့က အနည်းငယ်စဉ်းစားလိုက်သည်။

"ရှင့်ရဲ့ရင်ထဲမှာ မရှင်းတာရှိသေးတယ်ဆိုရင် ကျေးဇူးပြုပြီး တခါတည်း မေးလိုက်ပါရှင်"

ဖန်းကျင်းရှမ်းသည် မိန်းကလေး၏စကားကြောင့် အားတက်သွား၏။



"ဒီလိုဆိုရင် ကျုပ်တစ်ခု မေးမယ်"

လျှုဝမ်းအော့ ခေါင်းညိတ်လိုက်၏။

"မေးပါရှင်"

"ကောင်းပြီ၊ မင်းသားလေး ကပ်ဟို့လျန်က မိန်းကလေးအခန်းထဲ ဝင်သွားပြီး မိန်းကလေးကို အနှောင့်အယှက် မပေးတဲ့အပြင် တန်ဖိုးရှိတဲ့ဆေးကို ပေးခဲ့တာ ဘာကြောင့်လဲ"

လျှုဝမ်းအော့သည် ရုတ်တရက် အဖြေမပေးနိုင်ဘဲ စဉ်းစားနေ၏။

မြို့တော်ဝန်က...

"သမီး၊ အမှန်ကို အမှန်အတိုင်း ဖွင့်ပြောလိုက်ပါ"

"ကျွန်မ အမှန်အတိုင်း ပြောရမယ်ဆိုရင် သူက ဘာကြောင့်ကျွန်မကို ဆေးဝါးပေးသွားတယ်ဆိုတာ နားမလည်ပါဘူး"

ဖန်းကျင်းရှမ်း ပြုံးလိုက်၏။

"ယက္ခမောင်နှမတို့နဲ့ မင်းသားလေးကပ်ဟို့လျန်တို့ဟာ အကြောင်းမရှိဘဲ လာကြမှာ မဟုတ်ဘူး"

"ဟုတ်တယ်၊ သူတို့ ဘာလာလုပ်ကြသလဲဆိုတာ ကျွန်မလည်း နားမလည်ဘူး"

ဖန်းကျင်းရှမ်းသည် လျှုဝမ်းအော့ကို တချက်အကဲခတ်လိုက်ပြီး...

"ကလေးမတို့ရဲ့ ပစ္စည်းကို လာလုမလို့ပါပဲ"

လျှုဝမ်းအော့က မျက်မှောင်ကြုတ်သွားသည်။

"တန်ဖိုးရှိတဲ့ပစ္စည်းဆိုလို့ ကျွန်မတို့မှာ အနည်းအပါး လောက်ရှိပါတယ်၊ သူတို့တွေက ဘာများလိုချင်ကြလို့လဲ"

လျှူဝမ်းအေးက မြို့တော်ဝန်ဘက် လှည့်လိုက်သည်။

"ဖေဖေတို့မှာ ဘာတွေများပါသလဲ"

မြို့တော်ဝန် သက်ပြင်းချလိုက်သည်။

"ဒုဋ္ဌာနမှူးက ပြောတဲ့အတိုင်းဆိုရင် ဖေဖေတို့မှာ ပါတဲ့ ပစ္စည်းတွေဟာ သူတို့က ကြည့်တောင်မကြည့်ဘူးလို့ ပြောတယ်၊ သူတို့ ဘာတွေလိုချင်မှန်း ဖေဖေလည်းမသိဘူး"

ဖန်းကျင်းရှမ်းက တစဏမျှစဉ်းစားပြီး...

"ကျုပ်သိသလောက် ပြောရမယ်ဆိုရင် သူတို့လိုချင်တဲ့ ပစ္စည်းထဲမှာ သိုးပန်းချီကားလည်း ပါဝင်နေတယ်"

မြို့တော်ဝန်က အနည်းငယ်စဉ်းစားကာ စိတ်ပျက်သော လေသံဖြင့်...

"တခြားပစ္စည်းဆိုရင် ကျုပ်လည်း မသိဘူး၊ သိုးကျောင်း ပန်းချီကားသာ သူတို့လိုချင်ရင် ပေးသာပေးလိုက်ပါဗျာ၊ ကျုပ်တို့ရဲ့ လိုရာခရီးရောက်ချင်လှပြီ"

"လူကြီးမင်းက တကယ်ပြောတာလား"

မြို့တော်ဝန်က သက်ပြင်းချလိုက်ပြီး ပန်းချီကားကို စိတ်ဝင်စားဟန်မရှိဘဲ ပြောလိုက်၏။

"ဒီပန်းချီကားက အတော်တန်ဖိုးရှိတဲ့ ပစ္စည်းတစ်ခု ဖြစ်ချင် ဖြစ်မယ်၊ ဒါပေမယ့် ကျုပ်တော့ ဘာတန်ဖိုးမှ မတွေ့ရှိဘူးလို့ထင်



တယ်"

ဖန်းကျင်းရှမ်း ခေါင်းခါယမ်းလိုက်သည်။

"ဒီလိုမပြောပါနဲ့၊ ဘာပဲဖြစ်ဖြစ်လေ...ကျုပ်တို့ကျားမာန် အာမခံဌာနက အသက်နဲ့လဲပြီး အစစအရာရာ ကာကွယ်ပေးမှာပါ"

မြို့တော်ဝန်က ခေါင်းခါယမ်းလိုက်ရင်း...

"ဒီလိုမလုပ်ပါနဲ့ဗျာ၊ ဘယ်ပစ္စည်းမှ အသက်ထက်တန်ဖိုး မရှိနိုင်ပါဘူး"

သူသည် စကားကို ခေတ္တရပ်နားလိုက်ပြီးမှ...

"ဒီလိုလုပ်ပါ၊ နောက်တခါ သူတို့လာရင် သူတို့ကို ဘာလို ချင်သလဲဆိုတာသာ အမိကမေးလိုက်ပါ၊ ကျုပ်မှာရှိရင် ပေးလိုက်ပါ့ မယ်ဗျာ"

ဖန်းကျင်းရှမ်းက ယင်းစကားကြားလိုက်သည်နှင့် စိတ်မ ကောင်းဖြစ်သွားလေသည်။ မြို့တော်ဝန်က လျှူဝမ်းအေးအား လှည့်ကြည့်လိုက်သည်။

"သမီး ပြန်အိပ်ပေတော့"

လျှူဝမ်းအေးက ခေါင်းညိတ်လိုက်ပြီး အခန်းထဲသို့ ပြန် ဝင်သွားသည်။

ဖန်းကျင်းရှမ်းသည် မြို့တော်ဝန်အား နှုတ်ဆက်၍ အပြင် သို့ထွက်လာလေသည်။

အပြင်၌ ယန်စုစိန်က စောင့်နေသည်ကို တွေ့မြင်လိုက်ရ လေသည်။

ဖန်းကျင်းရှမ်းက သူ့အားကြည့်လိုက်သည်။

“ငါတို့ပြောနေတာ မင်းကြားတယ် မဟုတ်လား”

“ကြားပါတယ် ဦးလေးဖန်း”

ယန်စုစိန်က ပခုံးတစ်ချက် တွန့်လိုက်သည်။

“ကျွန်တော်လည်း မပြောတတ်တော့ပါဘူးဗျာ”

ဖန်းကျင်းရှမ်းသည် အပြင်ဘက်သို့ ရောက်သောအခါ ပတ်ဝန်းကျင်အား တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး...

“လာ..ယို့လုံးစောင့်တဲ့နေရာဘက်ကို သွားကြရအောင်၊ သဲလွန်စများ တွေ့ရမလားလို့”

“ဟုတ်ကဲ့ ဦးလေးဖန်း”

ယန်စုစိန်သည် ဖန်းကျင်းရှမ်းအား ယို့လုံးကင်းစောင့်နေသောနေရာသို့ ခေါ်ဆောင်သွားလေသည်။

လရောင်ဖြင့် မည်သည့်နေရာသို့ ကြည့်ကြည့် ပီပီပြင်ပြင် တွေ့မြင်နိုင်လေသည်။ ထို့ကြောင့် ဘုံကျောင်းပျက်နှင့် ဝါးခုရိုက်ခန့်အကွာရှိ မြေပေါ်တွင် ခြေရာအားလုံး ရှုပ်ထွေးနေသည်ကို တွေ့ရလေသည်။

ယန်စုစိန်နှင့် ဖန်းကျင်းရှမ်းတို့သည် လျှောက်လှမ်းလာရင်း ယန်စုစိန်က ခြေရာများကို ညွှန်ပြလိုက်သည်။

“ဦးလေးဖန်း..ဒီနေရာဟာ ယို့လုံးပြောတဲ့ လူ(၄)ယောက်လဲတဲ့နေရာဖြစ်ရမယ်”

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်ပြီး ဘုံကျောင်းပျက်သို့



မ်းကြည့်လိုက်လေသည်။

ဘုံကျောင်းပျက်၏ အုတ်နံရံနှင့်ကပ်လျက်တွင် သစ်ပင်ရှိနေသည်ကို တွေ့ရသည်။ ဖန်းကျင်းရှမ်းက ထိုသစ်ပင်အား ညွှန်ပြလိုက်သည်။

“လျှို့ဝှက်တဲ့သိုင်းသမားက ဒီသစ်ပင်ကို အကာအကွယ်ယူ ရန်သူကို ခြောက်လှန့်လိုက်တာနဲ့တူတယ်”

သူတို့သည် ယင်းသို့ပြောပြီး သစ်ပင်အနီးသို့ လျှောက်သွားပြီး ခြေရာစရှာလေသည်။ သို့သော် သစ်ပင်အနီးတဝိုက်၌ ခြေရာများ လုံးဝမတွေ့ရပေ။

ဖန်းကျင်းရှမ်းက သက်ပြင်းချလိုက်သည်။

“အင်း...ကျုပ်တော့ မစဉ်းစားတတ်အောင် ဖြစ်နေပြီ”

“ဦးလေးဖန်း ဌာနမှူးက ဒီတစ်ရက် နှစ်ရက် ရောက်တော့ ပဲ၊ အပင်ပန်းခံမနေပါနဲ့တော့”

ထိုစဉ်မှာပင် ယို့လုံး၏အသံကို ကြားလိုက်ရသည်။

“ဘယ်သူလဲ..ရပ်လိုက်”

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။

“ယို့လုံး...ကျုပ်ပါ”

သူသည် ယင်းသို့ပြောပြီးမှ ယို့လုံးသည် တခြားလူကို မေးလိုက်ခြင်းဖြစ်သည်ကို ဖန်းကျင်းရှမ်း သိလိုက်ရလေသည်။

ဖန်းကျင်းရှမ်းသည် ချာခနဲလှည့်လိုက်ပြီး ပတ်ဝန်းကျင်အား အကဲခတ်ကြည့်လိုက်လေသည်။

ယန်စုစိန်ကလည်း ခြေလှမ်းရပ်တန့်လိုက်ပြီးအသံလာရ
ဘက်ကို ကြည့်လိုက်၏။

ထိုအခါ သူတို့နှင့် နှစ်လံအကွာတွင် အမည်းရောင်ကိုယ
ကျပ်အင်္ကျီ ဝတ်ဆင်ထားသော လူတစ်ယောက် ရပ်နေသည်ကိုတွေ
မြင်လိုက်လေသည်။

ဖန်းကျင်းရှမ်းက ခြေလှမ်းကျဲကျဲဖြင့် ထိုလူထံသို့ လျှောက်
သွားသည်။ သူသည် လက်နှစ်ဘက်ဆုပ်လိုက်သည်။

"မိတ်ဆွေက ဘယ်သူလဲ၊ ကျုပ်က ကျားမာန်အာမခံဌာ
က ဖန်းကျင်းရှမ်းပါ"

အမည်းရောင်အင်္ကျီဝတ်ဆင်ထားသူက မလှုပ်မယှက်ရပ်
ပြီး ဦးညွှတ်လိုက်လေသည်။

"ကျုပ်က ခင်ဗျားတို့ကို ရန်မူဖို့ လာတာမဟုတ်ပါဘူး"

"ဒါဖြင့် အပြင်မှာ အေးပါတယ်၊ အထဲကိုကြွပါဗျာ"

အမည်းရောင်ဝတ်ဆင်ထားသူက လက်နှစ်ဘက်ဆုပ်
လိုက်လေသည်။

"ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျုပ်မှာ ကိစ္စရှိနေလို့ပါ"

"ဒါဖြင့် လာရင်းအကြောင်းကို ပြောပါ"

"ကျုပ်ကို သတင်းပေးခိုင်းလို့ လာတာပါ"

ဖန်းကျင်းရှမ်း မျက်မှောင်ကြုတ်သွားသည်။

"ဘယ်သူက ဘာအကြောင်းကြားလို့ သတင်းပို့လိုက်တာ
လဲ"



"မင်းသားလေးကပ်ဟို့လျန်က ဖြစ်ပါတယ်"

"သူက ဘာအကြောင်းများ ပို့ခိုင်းလိုက်တာလဲ"

"မင်းသားလေးက မှာလိုက်တယ်၊ ယမ်းဘီလူးဝမ်းချောင်း
ထိပ်သီးသိုင်းသမားဟာ ဘုံကျောင်းပျက်အနားကို ရောက်ရှိနေ
လို့ အကြောင်းကြားခိုင်းလိုက်တာပါ"

ဖန်းကျင်းရှမ်းက ပြုံး၍ခေါင်းညိတ်လိုက်သည်။

"အခုလိုလာပြီး သတင်းပေးပို့တာ အထူးပဲ ကျေးဇူးတင်ပါ
ယ်ဗျာ"

အမည်းရောင် ဝတ်ဆင်ထားသူက ပြုံးလိုက်လေသည်။

"မင်းသားလေးက ပြောလိုက်ပါသေးတယ်"

"ဟုတ်ကဲ့ ပြောပါ"

"သူက ခင်ဗျားတို့ အကူအညီလိုရင် သူက ကူညီမယ်လို့
ပြာပါတယ်"

ဖန်းကျင်းရှမ်း အံ့သြသွားကာ..

"သူနဲ့ ကျုပ်တို့နဲ့ ကျေးဇူးခံမရှိပါဘူး၊ ကူညီမယ်ဆိုတာဟာ
ကြောင်းများရှိနေလို့လား"

အမည်းရောင်ဝတ်ဆင်ထားသူက ပြုံးလိုက်သည်။

"ဟုတ်ကဲ့...သူ့အတွက်တော့ ထိုက်သင့်တဲ့ ကျေးဇူးတော့
ရမှာပေါ့ဗျာ"

"သူက ဘယ်လိုကျေးဇူးမျိုး လိုချင်လဲဆိုတာ ပြောပါ"

အမည်းရောင်ဝတ်ဆင်ထားသူက ခေါင်းညိတ်လိုက်သည်။

"ပြောရမှာပေါ့ဗျာ၊ မြို့တော်ဝန်ဟောင်းမှာ ပါလာတဲ့ မ
ချိကားချပ် တစ်ခုရှိပါတယ်၊ သူက ပေးမယ်ဆိုရင် မင်းသားလေး
ခင်ဗျားတို့ ကျားမာန်အာမခံဌာနနဲ့ မြို့တော်ဝန်မိသားစု မှ
ပေါက်မှ မစွန်းစေဘဲ ပို့ပေးမယ်လို့ ပြောပါတယ်"

သူက ပြုံး၍စကားဆက်လိုက်သည်။

"တကယ်လို့ ခင်ဗျားက ပြောဖို့ခက်ခဲနေမယ်ဆိုရင် ကျ
ကိုယ်တိုင် မြို့တော်ဝန်နဲ့ တွေ့ပါရစေ"

"ခင်ဗျားတို့ မင်းသားလေးကို ပြောလိုက်ပါ၊ ကူညီမယ်
တာ ကျေးဇူးတင်ပါတယ်လို့၊ မြို့တော်ဝန်နဲ့ တွေ့ဖို့ဆိုတာ မလွ
တော့ပါဘူး"

အမည်းရောင် ဝတ်ဆင်ထားသူက အေးဆေးစွာ ထ
ပြောလိုက်၏။

"ခင်ဗျားက မြို့တော်ဝန်ကို တဆင့်ပြောပေးပါ"

"မဟုတ်ပါဘူး၊ ကျုပ်တို့ ကျားမာန်အာမခံဌာနက အစ
အာမခံပြီး ပို့ဆောင်ခဲ့တာ နှစ်ပေါင်းအတော်ကြာပြီ၊ တခါခါမှပိုင်
ရဲ့ပစ္စည်းပေးရမယ်လို့ မပြောခဲ့ဖူးပါဘူးကွာ"

အမည်းရောင် ဝတ်ဆင်ထားသူက မဲ့ပြုံးပြုံးကာ...

"ကျုပ်တို့စေတနာကို နားလည်စေချင်ပါတယ်"

ဖန်းကျင်းရှမ်းက လက်ကာပြလိုက်ပြီး...

"တော်ပြီ၊ ဆက်မပြောနဲ့ မင်းသားလေးက ကျုပ်ကို
ချင်ရင် ဒီဘုံကျောင်းပျက်ထဲမှာ ရှိတယ်လို့ ပြောလိုက်ပါ"



အမည်းရောင်ဝတ်ဆင်ထားသူသည် ဖန်းကျင်းရှမ်းကို စူးစူး
ကြည့်ကာ ထွက်ခွာသွားလေတော့သည်။

* * *

ယန်စုစိန် သက်ပြင်းတစ်ချက် ချလိုက်ပြီး...

"ဦးလေးဖန်း...ကျုပ်တို့ အခုလို အန္တရာယ်အသွယ်သွယ ရင်ဆိုင်ရတာ ဒီပန်းချီကားချပ်ကြောင့် ဖြစ်တယ်ဆိုတာ သေချ

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"အတော်ပဲ ဌာနမှူးရောက်တဲ့အခါ ပြောပြနိုင်တာပေ

"ဦးလေးဖန်း ကပ်ဟို့လျှန်လာရင် ဘယ်လိုအစီအစဉ် မလဲ"

"သူလာလိမ့်မယ် မထင်ပါဘူး"

သူတို့သည် ပြောပြောဆိုဆိုဖြင့် ယို့လုံးကင်းစောင့် နေရာသို့ လျှောက်သွားသည်။ ယို့လုံးက ဦးညွတ်လိုက်လေသ

ဖန်းကျင်းရှမ်းက လက်ကာပြလိုက်သည်။

"မင်းဆီလာခဲ့တာ၊ ရန်သူရဲ့အခြေအနေကို နည်းနည်း ချင်လို့"

"ဦးလေးဖန်းက ဘာမေးချင်လို့လဲ"

ဖန်းကျင်းရှမ်းက အနည်းငယ် စဉ်းစားလိုက်သည်။

"ရန်သူလာတဲ့အခါမှာ ဘာကြောင့် ပြန်ဆုတ်သွားတယ တာ စူးစမ်းမိသလား"

ယို့လုံးက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော်တော့ ဘာမှမတွေ့ရဘူး"

ဖန်းကျင်းရှမ်းက လေသံတိုးတိုးဖြင့်...

"မင်းသေသေချာချာ စဉ်းစားစမ်းပါ၊ စိတ်ထဲမှာသံသ



တာတွေ ပြောပြစမ်းပါ"

ယို့လုံးသည် အတန်ကြာစဉ်းစားပြီးမှ ခေါင်းညိတ်လိုက်၏။

"ကျွန်တော့စိတ်ထဲမှာ ထူးဆန်းတာ တစ်ခုတော့ ဖြစ်မိ "

"ကဲ ပြောစမ်း ဘာများလဲ"

"ရန်သူဟာ တိုက်ခိုက်လုယက်ဖို့ ရောက်လာကြတယ်၊ မယ့် ဘုံကျောင်းပျက်အနီးရောက်လာတဲ့အခါ သူတို့ အလွန် ကြောက်စရာကောင်းတဲ့ အရာတစ်ခုကို မြင်တွေ့လိုက်ရသလို ချက် လှည့်ပြေးသွားကြတယ်"

ယို့လုံး၏စကားကြောင့် ဖန်းကျင်းရှမ်း၏ ဦးနှောက်၌ အ ွးပေါင်းမြောက်များစွာမှာ တစ်ခုချင်း တန်းစီဝင်ရောက်နေတော့ သည်။

အတန်ကြာမျှ တိတ်ဆိတ်နေ၏။ ထို့နောက်မကြာမီ ယန်စု သည် တိတ်ဆိတ်မှုကို ဖြိုခွင်းကာ ဖန်းကျင်းရှမ်းဘက် လှည့်ကာ

"ဦးလေးဖန်း ယို့လုံးပြောတဲ့အတိုင်းသာ မှန်မယ်ဆိုရင် န်တော်တို့ကို ထိပ်တန်းသိုင်းသမား တစ်ယောက်က တိတ်တ တ် ကူညီနေတယ်ဆိုတာ ဖြစ်နိုင်ပါတယ်"

ဖန်းကျင်းရှမ်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ငါလည်း ဒီလိုပဲတွေးမိတယ်"

သူသည် ယို့လုံးဘက်သို့ လှည့်လိုက်သည်။

"အစစအရာရာ သတိဝိရိယနဲ့နေပါ၊ အကြောင်းထူးရင်

ချက်ချင်းအကြောင်းကြားပါ"

ယို့လုံးက ဦးညွှတ်လိုက်သည်။

"စိတ်ချပါ ဦးလေးဖန်း"

ဖန်းကျင်းရှမ်းသည် ထိုသို့မှာကြားပြီးနောက် ဘုံကျော

ပျက်ထဲသို့ ပြန်လှည့်လျှောက်သွားပြီးနောက် သူသည် တင်ပျဉ်

ထိုင်၍ မျက်လွှာချထားကာ အနားယူလိုက်လေတော့သည်။

ထိုည အခြေအနေ အေးအေးချမ်းချမ်း ရှိသည်။

* * *

နောက်တစ်နေ့ တစ်နေကုန် အနေအထိုင်အယှက် လုံးဝမ

ရပဲ အေးအေးချမ်းချမ်းနှင့်ပင် ကုန်ဆုံးသွားလေသည်။

ညနေဆည်းဆာမှ နေဝန်းနီသည် တဖြည်းဖြည်းပျော

ကွယ်သွားချိန်တွင် မြို့တော်ဝန်သည် ဖန်းကျင်းရှမ်းထံ လျှောက်လ

လေသည်။

"ဒီမှာ ဒုဌာနမှူး၊ အခြေအနေအားလုံး အေးအေးချမ်းချ

ရှိတယ်ထင်တယ်၊ ကျုပ်တို့ ဒီမှာ ဘယ်လောက်ကြာကြာ ဆက်

ဦးမှာလဲ"

"မနက်ဖြန်တစ်ညတော့ စောင့်ပါဦး၊ ကျုပ်တို့ဌာနမှူးက



းတည့်ချိန်လောက် ရောက်လာလိမ့်မယ်၊ သူရောက်လာရင် ချက်

င်းသွားကြတာပေါ့"

မြို့တော်ဝန်က သက်ပြင်းချလိုက်သည်။

"သမီးရဲ့ယောက္ခမလောင်းဟာ ကျုပ်နဲ့အလွန်ရင်းနှီးတယ်၊

ကြောင့် နှစ်မကူးခင် ဟိုရောက်အောင် သွားချင်တယ်၊ ခင်ဗျားတို့

ာ ရောက်အောင်ပို့ပေးမယ်ဆိုရင် ကျုပ် ငွေပိုပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်၊ ငွေလည်းပိုပြီး မလိုချင်ပါဘူး၊ ဒါပေ

ယ့် ဌာနမှူး မနက်ဖြန်မွန်းတည့်ချိန်ဆိုရင် ရောက်တော့မှာပဲ၊

ဒီထိအောင်တော့ သည်းခံစောင့်ပါခင်ဗျာ"

မြို့တော်ဝန်က သူ့အားစိုက်ကြည့်လိုက်ပြီး...

"တကယ်လို့ ခင်ဗျားတို့ ဌာနမှူး အချိန်မီရောက်မလာရင်

တယ့်နယ်လုပ်မလဲ"

ဖန်းကျင်းရှမ်းက အနည်းငယ်စဉ်းစားလိုက်ပြီး သက်ပြင်း

ချလိုက်၏။

"တကယ်လို့ ကျုပ်တို့ဌာနမှူးက မွန်းတည့်ချိန်ထိ ရောက်

မလာခဲ့ရင် ညနေစရီးဆက်သွားကြတာပေါ့ဗျာ"

မြို့တော်ဝန်က သဘောတူစွာ ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ၊ ခင်ဗျားစကားကို ကျုပ်ယုံကြည်ပါတယ်"

နောက်တစ်နေ့...

မွန်းတည့်ချိန်ပင် ရောက်ရှိနေပြီဖြစ်ပါသည်။

သို့သော် ဌာနမှူး ရောက်မလာသေးပါ။

အချိန်သည် တဖြည်းဖြည်းကုန်လွန်သွားသည်။

မွန်းတည့်ချိန် ရောက်ရှိလာသည်နှင့် မြို့တော်ဝန် ရောက်ရှိလာလေသည်။

"ကဲ... ဌာနမှူး၊ မွန်းတည့်ချိန် ရောက်လာပြီ၊ ခင်ဗျား ဌာနမှူး ရောက်မလာသေးပါလား"

ဖန်းကျင်းရှမ်းက ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက် စိုးရိမ်စွာဖြင့် သက်ပြင်းချလိုက်သည်။

"ခဏစောင့်ပါဦးဗျာ၊ ရောက်လာမှာပေါ့"

မြို့တော်ဝန်က မျက်မှောင်ကြုတ်သွားလေသည်။

"ခင်ဗျားတို့ သိုင်းလောကသားတွေဟာ ကတိအလွ တည်တယ်လို့ ကြားပါတယ်၊ ခင်ဗျား ပေးထားတဲ့ ကတိလည်း တည် စေချင်တယ်"

ဖန်းကျင်းရှမ်းသည် ခဏမျှ တွေးကာ မြို့တော်ဝန်၏ဆ ကြည့်လိုက်သည်။

"ကဲ... ခင်ဗျား ဒီလောက်သွားချင်ရင်လဲ သွားကြတာပေ ဗျာ"

ဖန်းကျင်းရှမ်းသည် ယို့လုံးဘက်သို့ လှည့်ကြည့်လိုက်ပြီး အမိန့်ပေးလိုက်သည်။

"ယို့လုံး... ထွက်ဖို့ အဆင်သင့် ပြင်ထားပေတော့"

* * *



တခဏအကြာတွင် မြင်းလှည်းများသည် ထွက်ခွာရန် အသင့်ပြင်ထားပြီး ဖြစ်လေသည်။

ဖန်းကျင်းရှမ်းက ချောင်းတစ်ချက် ဟန့်လိုက်ပြီး...

"လူကြီးမင်းခင်ဗျား... မြင်းလှည်းပေါ်သို့ ကြွကြပါ၊ ကျုပ်တို့ ချက်ချင်း ခရီးစပါတော့မယ်"

မြို့တော်ဝန်သည် ၁; မိသားစုတို့ကို မြင်းလှည်းပေါ်သို့ အသီးသီး တက်စေပြီးနောက် ဖန်းကျင်းရှမ်းဘက်သို့ လှည့်လိုက်ပြီး

"ဒီမှာ... ဌာနမှူး၊ လမ်းမှာ တကယ်လို့ ဓားပြတွေ့ရင် သူတို့ ဘာလိုချင်သလဲဆိုတာမေးပြီး ကျုပ်ကို ပြောပါဗျာ"

ဖန်းကျင်းရှမ်းသည် မဲ့ပြုံးပြုံးလိုက်ပြီး...

"ဒါ ကျုပ်ကိစ္စပါ၊ လူကြီးမင်း ဘာမှ ဝင်မစွက်ပါနဲ့"

မြို့တော်ဝန်သည် စကားဆက်မပြောတော့ဘဲ မြင်းလှည်းပေါ်သို့ တက်သွားလေသည်။

ထိုစဉ် ယန်စုစိန် ရောက်ရှိလာသည်။

"ဦးလေးဖန်း... သွားတော့မလို့လား"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... မင်းက ငါတို့သွားတဲ့အချိန်နဲ့ သွားမယ့်နေရာတွေမှာ အမှတ်အသားလုပ်ခဲ့"

ယန်စုစိန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့... ဦးလေးဖန်း"

ယန်စုစိန်သည် ဘုံကျောင်းပျက်၏ တံခါးပေါ်၌ လျှို့ဝှက်

အမှတ်အသားများ ရေးသားထားခဲ့လေသည်။

* * *

မြင်းလှည်းများသည် ဘုံကျောင်းပျက်မှ ထွက်ခွာလာပြီး မင်းလမ်းပေါ်သို့ ရောက်ရှိလာလေသည်။

သူတို့သည် မင်းလမ်းအတိုင်း ဆက်လက်ထွက်ခွာသွားရာ တစ်မိုင်ကျော်ကျော်ခန့် ရောက်ရှိလာသောအခါ လူသုံးယောက်က လမ်းပိတ်၍ ရပ်နေကြသည်ကို တွေ့လိုက်ရလေသည်။

ယို့လုံးသည် နောက်ဘက်သို့ လက်မြှောက်အချက်ပြလိုက်သည်နှင့် မြင်းလှည်းများသည် ရပ်တန့်လိုက်ကြလေသည်။

ဖန်းကျင်းရှမ်းသည် မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်ပြီး ခြေလှမ်းကျဲကျဲဖြင့် ယို့လုံးထံသို့ လျှောက်လာပြီး…

"ယို့လုံး… မင်းတိုက်ခိုက်ဖို့ အားလုံးသွားပြီး အသင့်ပြင်ထားခိုင်းပေတော့"

ယို့လုံးသည် မြင်းလှည်းဆီသို့ ပြေးလွှားသွားပြီးနောက် မြင်းလှည်းများကို စက်ဝိုင်းပုံသဏ္ဌာန် အနေအထားဖြင့် ပြင်ဆင်လိုက်လေသည်။

* * *



ဖန်းကျင်းရှမ်းသည် ထိုလူသုံးယောက်ထံသို့ လျှောက်သွားသည်။ အနီးရောက်သော် ခြေလှမ်းရပ်တန့်လိုက်ပြီး…

"ကျုပ်က ဖန်းကျင်းရှမ်းပါ၊ မိတ်ဆွေတို့ ဘယ်ကလဲ"

ထိုလူသုံးယောက်မှာ အသက်လေးဆယ်ကျော်ခန့် ရှိနေကြသည်ဟု ခန့်မှန်းရပေသည်။

အလယ်၌ ရှိနေသော လူသည် လက်နှစ်ဘက်ဆုပ်လိုက်လေသည်။

"ကျုပ်တို့က ကျုပ်တို့ရဲ့ ခေါင်းဆောင် စေလွှတ်လိုက်တဲ့ လူတွေပါ၊ နာမည်သိစရာ မလိုပါဘူး"

ဖန်းကျင်းရှမ်းသည် မျက်မှောင်ကြုတ်ယင်း မေးလိုက်လေသည်။

"ဒါဖြင့် ဘယ်သူက စေလွှတ်လိုက်သလဲဆိုတာ ပြောပါ"

"ယမ်းဘီလူးဝမ်းချောင်းပါ"

ဖန်းကျင်းရှမ်းသည် အေးစက်စက်လေသံဖြင့်…

"ဝမ်းချောင်း ဟုတ်လား၊ သူတို့က ဘာတွေပြောခိုင်းလို့လဲ"

"ခင်ဗျားတို့ ပို့ဆောင်ပေးတဲ့ မြို့တော်ဝန်ဆီမှာ ပန်းချီကားတစ်ချပ် ရှိပါတယ်"

ဖန်းကျင်းရှမ်းက ကြားဖြတ်၍…

"သိုးကျောင်းပန်းချီကား မဟုတ်လား"

"ဟုတ်ပါတယ်"

ထိုလူက တဖန် ဆက်ပြောပြန်သည်။

"ခက်တာပဲဗျာ၊ သိုးကျောင်းပန်းချီဟာ တစ်ခုတည်း ရှိနေပါ တယ်၊ အဲဒီ သိုးကျောင်းပန်းချီတစ်ခုကိုမှ ယမ်းဘီလူးစမ်းချောင်းက လိုချင်တယ်လို့ ပြောပါတယ်"

"ဒီပန်းချီကားကို လူတယောက်က သူ့အတွက် ထားရမယ် လို့ ပြောပြီးပါပြီ၊ တကယ်လို့ တခြားဘာပစ္စည်း လိုတယ်ဆိုတာ ပြောပါ"

ထိုလူ(၃)ယောက်အနက် အလယ်၌ ရပ်နေသော လူက မျက်မှောင်ကြုတ်သွားပြီး...

"သိုးကျောင်းပန်းချီပုံကို ဘယ်သူက သူ့အတွက် ထားရ မယ်လို့ ပြောတာလဲ"

ဖန်းကျင်းရှမ်းက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းသားလေး ကပ်ဟို့လျန်ပါ၊ ခင်ဗျားတို့ ကြားဖူးတယ် မဟုတ်လား"

ထိုစကားကို ကြားရသောအခါ ထိုလူသုံးယောက်၏ မျက်နှာများမှာ ကွက်ခနဲ ပျက်သွားလေသည်။

အလယ်၌ ရပ်နေသော လူက...

"ခင်ဗျားပြောတဲ့ စကားကိုတော့ ကျုပ်ယုံကြည်ပါတယ် ဗျာ"

ဖန်းကျင်းရှမ်းသည် ပြုံး၍...

"ကျုပ်က မလိမ်တတ်ပါဘူး၊ ဒါပေမယ့် သူ့ကို ပေးမယ် မပေးဘူးဆိုတာတော့ ကျုပ် ကတိမပေးရသေးပါဘူး"



အလယ်မှာ ရပ်နေသော လူက မျက်မှောင်ကြုတ်သွား၏။

"ဩော်... ဒီလိုကိုး"

ဖန်းကျင်းရှမ်းသည် သူ၏မြင်းလှည်းများဆီသို့ လှည့်ကြည့် လိုက်သည်။

သူ၏လူများသည် တိုက်ခိုက်ရန် အသင့်ပြင်ထားပြီးသည်ကို တွေ့ရှိရသဖြင့် သူအားတက်သွားလေသည်။

သူသည် ရင်ကို ကော့လိုက်သည်။

"ခင်ဗျားတို့ ဘာပြောချင်သေးလဲ"

ထိုလူသုံးယောက်က လက်နှစ်ဘက်စီဆုပ်၍ အရိုအသေ ပြုလိုက်ကြလေသည်။

"အခုလို အနှောင့်အယှက်ပေးတာ ခွင့်လွှတ်ပါဗျာ"

ဟု ပြောကာ သူတို့သည် ဖန်းကျင်းရှမ်းအား လမ်းဖယ် ပေးလိုက်ကြလေသည်။

ဖန်းကျင်းရှမ်းသည် အံ့သြသွားပြီး...

"ခဏနေပါအုံး"

ဖန်းကျင်းရှမ်းက လူ(၃)ယောက်အား ဟန့်တားလိုက်၏။

ထိုလူ(၃)ယောက်သည် ပြန်လှည့်လာပြီး ခြေလှမ်းများ ရပ် တန့်လိုက်လေသည်။

"ဘာပြောမလို့လဲဗျ"

ဖန်းကျင်းရှမ်းက ပြုံးပြလိုက်သည်။

"ခင်ဗျားတို့သုံးယောက်ရဲ့နာမည်ကို ဖြစ်နိုင်ရင် ပြောပြပါ

ခင်ဗျာ"

အလယ်တွင် ရပ်နေသော လူက ပြုံးလိုက်လေသည်။

"ခင်ဗျားက ဒီလောက် သိချင်မှတော့ ပြောရမှာပေါ့ဗျာ၊ ကျုပ်တို့ညီအစ်ကိုသုံးယောက်ကို တောင်ပိုင်းအရပ်မှာ ငှက်ခါးသုံးကောင်လို့ ခေါ်ပါတယ်"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ သိရတာ ဝမ်းသာပါတယ်ဗျာ"

ထိုလူ(၃)ယောက်သည် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

* * *

ထိုလူ(၃)ယောက် ထွက်ခွာသွားပြီ ဖြစ်သော်လည်း မြင်းလှည်းများသည် တိုက်ခိုက်မည့် အနေအထားတွင် ရှိနေသေး၏။

မြို့တော်ဝန်က မြင်းလှည်းပေါ်မှ ခေါင်းပြူ၍ ထွက်လာသည်။

"ရန်သူတွေ သွားကုန်ကြပြီပဲ၊ ဘာဖြစ်လို့ မထွက်ကြသေးတာလဲ"

ဖန်းကျင်းရှမ်း ခေါင်းခါယမ်းလိုက်သည်။



"သွားလို့ မဖြစ်သေးလို့ပါ"

မြို့တော်ဝန်က မျက်မှောင်ကြုတ်သွားပြီး မကျေနပ်စွာဖြင့်

"ဘာဖြစ်လို့ မသွားတာလဲ"

ဖန်းကျင်းရှမ်းသည် အတန်ကြာ တွေဝေနေပြီးမှ…

"ကျုပ်ရဲ့ အယူအဆ မမှားဘူးဆိုရင် ယမ်းဘီလူးဝမ်းချောင်းဟာ ကျုပ်တို့ကို တိုက်ခိုက်လာတော့မယ်ဆိုတာ သေချာတယ်"

မြို့တော်ဝန်က မဲ့ပြုံးပြုံးလိုက်သည်။

"သူတို့က တိုက်ခိုက်မယ်ဆိုရင် အခု ဘာလို့ ပြန်သွားကြတာလဲ"

သူ၏စကား မဆုံးမီ နောက်ဘက်ဆီမှ အမည်းရောင်ရှိသော အလုံး(၂)လုံးသည် သူတို့ထံလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

* * *

ဖန်းကျင်းရှမ်းသည် မြို့တော်ဝန်အား ထိတ်ထိတ်ပျာပျာ
ဖြင့်...

"လူကြီးမင်း၊ ရန်သူတွေ လာနေပြီ၊ မြင်းလှည်းနောက်ကို
အမြန်ဆုံးသွားပြီး ပုန်းကွယ်နေပါ"

မြို့တော်ဝန်သည် မျက်နှာကွက်ကနဲ ပျက်သွားပြီး မြင်း
လှည်းနောက်သို့ ပြေးလွှားသွားလေသည်။

ဖန်းကျင်းရှမ်းသည် ထိုအမည်းရောင်အလုံး လိမ့်လာနေ
သည်ကို သေချာစွာ အကဲခတ်ကြည့်နေ၏။

ရုတ်တရက် ထိုအမည်းရောင် အလုံး(၂)လုံးသည် ကြည့်နေ
ယင်းမှ ပေါက်ကွဲသွားလေသည်။



"ဝုန်း... ဝုန်း"

တဆက်တည်းမှာပင် မီးတောက်မီးလျှံများသည် တောက်
...င်လာလေသည်။

သို့သော် မြေပေါ်မှာ နှင်းများ ဖုံးလွှမ်းထားသဖြင့် မီးများ
...ည် ဆက်လက်ကူးလာခြင်း မရှိဘဲ ဖန်းကျင်းရှမ်း ရပ်နေသော
...နှင့် ခြေလှမ်းတစ်ရာခန့်တွင် တောက်လောက်နေ၏။

ဖန်းကျင်းရှမ်းသည် အသံကျယ်လောင်စွာဖြင့်...

"ယမ်းဘီလူးဝမ်းချောင်း၊ ခင်ဗျား ရောက်လာမှတော့ ကျုပ်
...တွေ့ပါဗျာ"

သူ၏စကားဆုံးသွားသည်နှင့် ကျယ်လောင်သော ရယ်မော
...များ ထွက်ပေါ်လာလေသည်။

"ဟား ဟား ဟား ဟား..."

ထိုရယ်မောသံနှင့်အတူ ယမ်းဘီလူးဝမ်းချောင်းသည် မီး
...က်မီးလျှံများ၏ နောက်ကွယ်မှ တဖြည်းဖြည်း ထွက်ပေါ်လာ
...သည်။

* * *

ယမ်းဘီလူးဝမ်းချောင်း၏ ဝတ်စားဆင်ယင်ပုံသည် အမြင်တစ်မျိုး ဖြစ်နေသည်။

သူ၏ခေါင်းပေါ်၌ အနီရောင်ပိုးပဝါဖြင့် စည်းထားပြီး သူ၏ကိုယ်ပေါ်တွင် အရောင်အသွေးစုံသော အပေါ်အင်္ကျီရှည်တစ်ထည် ဝတ်ဆင်ထားသည်ကို တွေ့ရလေသည်။

သူသည် ရယ်မောရာမှ ရပ်တန့်လိုက်ပြီး ဖန်းကျင်းရှမ်းအား ခပ်တည်တည်ဖြင့် ကြည့်လိုက်သည်။

"ကျုပ် ဒီအဝတ်အစား မဝတ်ကာ နှစ်ပေါင်း ( ) ရှိခဲ့ပါပြီဗျာ၊ အခု ခင်ဗျားနဲ့ ရင်ဆိုင်ဖို့မှာမို့ [illegible] ပြန်ပြီဗျ"

ဖန်းကျင်းရှမ်းက မဲ့ပြုံးပြုံးလိုက်သည်။



"ခင်ဗျားကို ကျုပ်က လေးစားပါတယ်၊ ဒါပေမယ့် ကျုပ်တို့ကျားမာန်အာမခံဌာနရဲ့ နာမည်ကိုတော့ အပျက်မခံချင်ပါဘူး"

ဝမ်းချောင်းက ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားကိုတော့ ကျုပ်ယုံပါတယ်"

သူသည် ပြုံး၍ စကားဆက်လိုက်သည်။

"ကျုပ်ကလဲ ကျားမာန်အာမခံဌာနကို လက်ဖျားနဲ့တောင် [illegible]ပါဘူးဗျာ၊ ကျုပ်လိုချင်တာက မြို့တော်ဝန်ဟောင်းဆီက ပန်းချီ[illegible]ပ်တစ်ခုပါပဲ"

ဖန်းကျင်းရှမ်းက မဲ့ပြုံးပြုံးလိုက်လေသည်။

"မြို့တော်ဝန်ကို ကျုပ်တို့က ခိုင်ဖုန်းမြို့အထိ ပို့ပေးဖို့ [illegible]နဲ့ယူထားတယ်၊ ခိုင်ဖုန်းမြို့ မရောက်မချင်း ဘယ်သူကမှ သူ့[illegible] ပစ္စည်းယူလို့ မရပါဘူး"

ယမ်းဘီလူးဝမ်းချောင်းသည် မျက်နှာတင်းမာ ခက်ထန်[illegible]...

"စဉ်းစဉ်းစားစား လုပ်ပါ၊ ခင်ဗျားက ကျုပ်ကို နိုင်လိမ့်မယ်[illegible]ယူဆသလား"

ဖန်းကျင်းရှမ်းသည် ဒေါသထွက်လာကာ...

"ကျုပ်က တာဝန်ကို အစွမ်းကုန် ထမ်းဆောင်ရမှာပဲ"

သူသည် လက်တချက် ဝှေ့ယမ်းလိုက်သည်။

ယို့လုံးနှင့် ကျွန်းအော့တို့လူစုသည် ဝဲယာ တဘက်တချက်

ဆီမှ ထွက်ပေါ်လာပြီး ဝမ်းချောင်းတို့အား မြားဖြင့် ချိန်ရွယ်ထား
လိုက်ကြလေသည်။

ထိုစဉ်မှာပင် ခပ်လှမ်းလှမ်းမှ ရယ်မောသံတခု ထပ်မံကြား
ရလေသည်။

"ဟား ဟား ဟား..."

ဖန်းကျင်းရှမ်းနှင့် ဝမ်းချောင်းတို့သည် အသံကြားရာသို့
လှမ်းကြည့်မိကြသည်။

* * *

ထိုစဉ် လူတစ်ယောက်သည် ယပ်တောင်တစ်ချောင်းကို
ကိုင်၍ သူတို့ဆီသို့ အေးဆေးစွာ လျှောက်လာသည်ကို တွေ့မြင်
လိုက်ရလေသည်။

ထိုလူအား တွေ့မြင်လိုက်သည်နှင့် ဖန်းကျင်းရှမ်း၏ ရင်ထဲ
တွင် လေးလံ၍ လာလေတော့သည်။

ထိုသူမှာ တခြား မဟုတ်ပါ။

မင်းသားလေး ကပ်ဟို့လျှန်ပင် ဖြစ်သည်။

မင်းသားလေး ကပ်ဟို့လျှန်သည် ဖန်းကျင်းရှမ်းနှင့် ဝါးတ
ရိုက်ခန့်အကွာတွင် ရပ်တန့်လိုက်လေသည်။

"ဒီမှာ ဒုဌာနမှူး ခင်ဗျာ၊ ကျုပ်က ဒီပန်းချီကားချပ်ကို ယူ



ယ်လို့ ပထမဆုံးလာပြီး အကြောင်းကြားထားတယ် မဟုတ်လား"

ဖန်းကျင်းရှမ်းက မဲ့ပြုံးပြုံးလိုက်သည်။

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ်က ပေးမယ်လို့မှ ကတိမ
ပေးသေးဘဲ"

မင်းသားလေး ကပ်ဟို့လျှန်က ပြုံးလိုက်လေသည်။

"ဒါကို သိရရင် တော်ပါပြီ၊ ဘာပဲဖြစ်ဖြစ် ရစရာရှိရင် ကျုပ်
ကသာ အရင်ရရမယ့် သဘောပါ"

သူသည် ပြောပြီးသည်နှင့် ယမ်းဘီလူးဝမ်းချောင်းဘက်သို့
သိမသာ ကြည့်လိုက်လေသည်။

* * *

မင်းသားလေး ကပ်ဟို့လျှန်၊ ယမ်းဘီလူးဝမ်းချောင်းနှင့်
ဖန်းကျင်းရှမ်းတို့၏ ရပ်နေသော အနေအထားမှာ (၃)ပွင့်ဆိုင် အနေ
အထား ဖြစ်နေ၏။

မင်းသားလေး ကပ်ဟို့လျှန်၏စကားသည် ယမ်းဘီလူးဝမ်း
ချောင်းအား ဦးတည်၍ ပြောနေသည်ကို ဖန်းကျင်းရှမ်း နားလည်
လိုက်လေသည်။

ဝမ်းချောင်း မျက်မှောင်ကြုတ်သွားပြီး လေသံမာမာဖြင့်...

"ဒီမှာ မင်းသားလေး၊ စကားကြည့်ပြောပါဗျာ"

မင်းသားလေးက ရယ်မောလိုက်သည်။

ပြီးနောက် ဝမ်းချောင်းအား မထီမဲ့မြင် ကြည့်လိုက်ပြီ

"နေပါဦး၊ သိုင်းလောကမှာ ခင်ဗျားကို မတွေ့မိပါလာ

ဝမ်းချောင်းက မျက်မှောင်ကြုတ်သွားပြန်သည်။

"ဘယ်တွေ့မလဲ၊ ကျုပ်က သိုင်းလောကမှာ အနားယူသွ

တာ နှစ်ပေါင်း(၂၀) ရှိနေပြီဗျ"

မင်းသားလေးက ခေါင်းတညိတ်ညိတ်ဖြင့်...

"ဪ... ဒီလိုကိုး"

သူသည် ဝမ်းချောင်းအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်

"ကောင်းသားပဲ၊ ဘာဖြစ်လို့ သိုင်းလောကထဲ ပြန်ဝင်လာ

တာလဲ"

ဝမ်းချောင်း၏မျက်နှာမှာ နီရဲသွားသည်။

"ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ"

မင်းသားလေးက ပြုံးလိုက်သည်။

"ဆိုင်တော့ မဆိုင်ပါဘူး၊ ဒါပေမယ့် အချင်းချင်းမို့ စေတန

နဲ့ ပြောတာပါ"

ဝမ်းချောင်းက မျက်မှောင်ကြုတ်သွားသည်။

"ဘာစေတနာလဲ"

မင်းသားလေးက ပြုံးလိုက်သည်။

"ခင်ဗျားက ဆက်ပြီး အနားယူရင် အသေဆိုးနဲ့ မသေ

တော့ဘူးလို့ ပြောချင်တာပါ"

ဝမ်းချောင်းသည် အမျက်ခြောင်းခြောင်း ထွက်လာသည်။

"ခင်ဗျားက ဘာကို ဆိုလိုတာလဲ"

မင်းသားလေးက ပြုံးလိုက်သည်။

"ခင်ဗျားက အခုလို ဝင်ပြီး နှောင့်ယှက်ဦးမယ်ဆိုရင် အ

သေဆိုးနဲ့ သေနိုင်တယ်လို့ ပြောတာပါ"

ဝမ်းချောင်း၏ဒေါသတို့သည် ပေါက်ကွဲမှုသို့ ရောက်ရှိလာ

ပြီး...

"ခင်ဗျားက ကျုပ်ကို တိုက်ခိုက်နိုင်လိမ့်မယ်လို့ ထင်လို့

လား"

မင်းသားလေးက ဝမ်းချောင်းရှေ့သို့ တိုးလာပြီး...

"မယုံရင် စမ်းကြည့်ပေါ့"

ဖန်းကျင်းရှမ်း၏မျက်နှာ၌ အပြုံးရိပ် သမ်းသွားလေသည်။

ထို(၂)ယောက်သည် အချင်းချင်း တိုက်မိုက်လာလျှင် မိမိ

အဖို့ အကျိုးရှိလာမည်ကို ကျိတ်၍ ဝမ်းသာမိလေသည်။

သို့သော်... မင်းသားလေးက သူ့ဘက်သို့ လှည့်လိုက်

သည်။

"ဒုဋ္ဌာနမှူး ကျုပ်တို့ပြောကာ ကြားတယ် မဟုတ်လား"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်ပြီး အဖြေပေးလိုက်၏။

"ကြားပါတယ်"

မင်းသားလေးက ပြုံးလိုက်ပြီး...

"ဒီသိုးကျောင်းပန်းချီကားကို လိုချင်တဲ့လူဟာ ကျုပ်တ ယောက်တည်း မဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်"

ဖန်းကျင်းရှမ်းက မဲ့ပြုံးပြုံးလိုက်လေသည်။

"ဘယ်သူမဆို သိုးကျောင်းပန်းချီကို လိုချင်ရင် ကျားမ အာမခံဌာနကို အရင်ဆုံး ကျော်လွှားနိုင်ရပ့်မယ်"

မင်းသားလေးက ဖန်းကျင်းရှမ်း၏စကားကို ကြားလိုက်ပြ မကျေမနပ်ဖြင့်...

"ဘာပဲဖြစ်ဖြစ် ကျုပ်က ဒီပန်းချီကားကို ပထမဦးဆုံး ပြေ ထားတဲ့လူပါ။ ခင်ဗျားက ပေးဖို့ စိတ်ကူးရင် ကျုပ်ကို ဦးစားပေး လိမ့်မယ်ဆိုတာ သိထားပါ"

ဖန်းကျင်းရှမ်းက ဖြည်းညင်းစွာ ခေါင်းခါယမ်းလိုက်ပြီး...

"ကျုပ် ဘယ်သူ့ကိုမှ ပေးဖို့ စိတ်မကူးပါဘူး"

မင်းသားလေးက မဲ့ပြုံးပြုံးကာ...

"ကျုပ်က ရှင်းအောင် ပြောထားတာပါ။ ပေးမယ်မပေးဘူး ဆိုတာ ခင်ဗျားသဘောပဲ"

ထိုအချိန်၌ သူတို့ပြောဆိုနေသည်ကို တချိန်လုံး ရပ်ကြည့် နေသော မြို့တော်ဝန်သည် သူတို့အနားသို့ လျှောက်လာပြီး စကား ကို ကြားဖြတ် ပြောလိုက်လေသည်။

"ကျုပ်က ပေးမယ်ဆိုရင် ခင်ဗျားတို့က ကျုပ်ကို အခွင့်အ ရေးတစ်ခု ပေးမလား"

ဝမ်းချောင်းက လျင်မြန်စွာ စကားကို လုပြောလိုက်၏။



"လူကြီးမင်းက အခုလို အေးအေးဆေးဆေး ပေးမယ်ဆိုရင် လိုတဲ့ အခွင့်အရေးကို တောင်းနိုင်ပါတယ်"

မြို့တော်ဝန်သည် ခဏမျှ စဉ်းစားပြီးနောက်...

"ကျုပ်တောင်းတဲ့ အခွင့်အရေးက တခြား မဟုတ်ပါဘူး၊ ကျုပ်တို့မိသားစု နှစ်မကူးခင် နိုင်ဖုန်းမြို့ကို ရောက်ဖို့ပါပဲ"

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်သွားပြီး...

"လူကြီးမင်းက ဘယ်သူ့ကို ပေးချင်လို့လဲ"

မြို့တော်ဝန်က အနည်းငယ် စဉ်းစားလိုက်ပြီး...

"ဘယ်သူပဲဖြစ်ဖြစ်၊ ကျုပ်ကို နိုင်ဖုန်းမြို့ရောက်အောင် ပို့ပေးတဲ့ လူဆိုရင် ပေးလိုက်မှာပဲ"

မင်းသားလေးက ပြုံးလိုက်ပြီး...

"ဒါဖြင့် ခင်ဗျား လူရွေးတတ်ဖို့ လိုပြီ"

ဝမ်းချောင်း ခေါင်းညိတ်လိုက်သည်။

"ကဲ... ကျုပ်တို့ထဲမှာ ဘယ်သူ့ကို ရွေးမယ်ဆိုတာ ပြောပါ"

မြို့တော်ဝန်က ဖန်းကျင်းရှမ်းဘက်သို့ လှည့်လိုက်သည်။

"ကဲ... ဒုဌာနမှူး ကျုပ်က ဘယ်သူ့ကို ပေးဖို့သင့်သလဲ"

ဖန်းကျင်းရှမ်းသည် စိတ်မပါစွာဖြင့် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ကတော့ ဘယ်သူမှ မပေးချင်ဘူး"

မင်းသားလေးက ချောင်းတစ်ချက် ဟန့်လိုက်သည်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်အကြံတခု ပေးပါရစေ"

ဖန်းကျင်းရှမ်းသည် စိတ်ဝင်စားစွာဖြင့်...

"ပြောပါ"

မင်းသားလေးက စကားဆက်လိုက်သည်။

"အခုနေအခါမှာ ပန်းချီကားကို လိုချင်တဲ့ လူတွေဟာ များကြီး ရှိပါတယ်၊ အဲဒီ လူများထဲမှာ ကျုပ်နဲ့ ယမ်းဘီလူးတို့ အင်အားဟာ အတောင့်တင်းဆုံးနဲ့ အများဆုံးပဲ၊ ဒါကြောင့် ကျုပ်တို့ နှစ်ယောက် အရှုံးအနိုင်ကိုလုကြမယ်၊ နိုင်တဲ့လူကို ခင်ဗျားက သိုး ကျောင်းပန်းချီ ပေးလိုက်ပေါ့"

မြို့တော်ဝန်က အနည်းငယ် စဉ်းစားလိုက်ပြီး သူ၏အ ကြောင်းရင်းကို ပြောလိုက်သည်။

"မင်းတို့ နိုင်တာ ရှုံးတာက အရေးမကြီးဘူး၊ ကျုပ်တို့ နှစ်မကူးခင် ခိုင်ဖုန်းမြို့ကို ရောက်ဖို့ပါပဲ"

မင်းသားလေးသည် ခေါင်းညိတ်လိုက်ပြီး...

"စိတ်ချ ဒါကိုတော့ ကျုပ်တာဝန်ယူတယ်"

ဝမ်းချောင်းက ကြားဖြတ်ပြောလိုက်သည်။

"ဘာလဲ... ခင်ဗျားကိုယ်ခင်ဗျား နိုင်လိမ့်မယ်လို့ ထင်သ လား"

မင်းသားလေး ခေါင်းညိတ်ပြီး လက်မထောင်ပြလိုက်လေ သည်။

"ကျုပ်ကိုယ်ကျုပ်တော့ ကျုပ်ယုံကြည်တယ်၊ ခင်ဗျား သ ဘောမတူချင် မပါနဲ့တော့"



ဝမ်းချောင်း မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က ဘာဖြစ်လို့ မပါရမှာလဲ"

မင်းသားလေးက သူ့အား စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး...

"ဒါဖြင့် ခင်ဗျား သဘောတူပြီပေါ့"

ဝမ်းချောင်းသည် မဲ့ပြုံးပြုံးလိုက်ပြီး ရှေ့သို့ တိုးလိုက်လေ သည်။

"မင်းကို ငါ ကြောက်နေရဦးမှာလား"

မင်းသားလေးက မြို့တော်ဝန်ဘက်သို့ လှည့်လိုက်ပြီး...

"ကဲ... ကျုပ်တို့နှစ်ယောက်တော့ ယှဉ်ပြိုင်ရလိမ့်မယ်၊ နိုင် တဲ့လူကို ခင်ဗျားက သိုးကျောင်းပန်းချီကား ပေးမယ် မဟုတ်လား"

မြို့တော်ဝန်က ခေါင်းညိတ်လိုက်သည်။

"ပေးရမှာပေါ့ဗျာ၊ ဒါပေမယ်..."

မင်းသားလေးက စိတ်မရှည်ဟန်ဖြင့်...

"ဒါပေမယ့် ဘာဖြစ်သလဲဗျ"

မြို့တော်ဝန်သည် သူတို့နှစ်ယောက်အား တစ်ချက်လှည့် ကြည့်လိုက်သည်။

"သိုးပန်းချီကိုတော့ ခိုင်ဖုန်းမြို့ကို ရောက်မှ ပေးနိုင်မယ်"

ဝမ်းချောင်းက မျက်မှောင်ကြုတ်သွားပြီး...

"ခိုင်ဖုန်းရောက်ရင် ခင်ဗျားက မပေးနိုင်ဘူးဆိုရင်တော့ ဘယ်လိုလုပ်မလဲ"

မြို့တော်ဝန်က အနည်းငယ် စဉ်းစားလိုက်သည်။

"ကျုပ် စာတစောင် ရေးပေးပါ့မယ်၊ ဒီစာထဲမှာ ခိုင်ဖုန်းမြို့ ရောက်ရင် သိုးကျောင်းပန်းချီ ပေးပါ့မယ်ဆိုတာ ရေးပြီး လက်မှတ် ထိုးထားပါ့မယ်"

မင်းသားလေးက မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားကို ကျုပ် ဘယ်လိုယုံရမှာလဲ"

မြို့တော်ဝန်က မင်းသားလေးအား စိုက်ကြည့်လိုက်ပြီး...

"ခင်ဗျားတို့ သိုင်းလောကသားတွေဟာ ကတိကို တန်ဖိုး ထားတယ်လို့ သိရပါတယ်၊ ဒါကြောင့် ဒုဋ္ဌာနမှူးကို သက်သေအဖြစ် လက်မှတ်ထိုးခိုင်းပါ့မယ်"

မင်းသားလေးက ခေါင်းညိတ်လိုက်သည်။

"ဒုဋ္ဌာနမှူးက လက်မှတ်ထိုးမယ်ဆိုရင် ကျုပ်လက်ခံပါ့ မယ်"

မြို့တော်ဝန်က ဝမ်းချောင်းဘက်သို့ လှည့်လိုက်ပြီး...

"ခင်ဗျားကော ဘယ်လိုသဘောရသလဲ"

ဝမ်းချောင်းက ခေါင်းညိတ်သဘောတူလိုက်သည်။

"ဒုဋ္ဌာနမှူးက လက်မှတ်ထိုးမယ်ဆိုရင် ကျုပ်လက်ခံပါ့ မယ်"

ဖန်းကျင်းရှမ်းက လက်ကာပြလိုက်ရင်း...

"ကျုပ် လက်မှတ်မထိုးနိုင်ဘူးဗျာ"

မြို့တော်ဝန်က တောင်းပန်သောအကြည့်ဖြင့် ကြည့်လိုက်



ပြီး...

"ဘာဖြစ်လို့လဲဗျာ"

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်၍...

"ကျုပ် လက်မှတ်ထိုးပေးရင် ကျားမာန်အာမခံဌာန သိက္ခာ ကျမှာပေါ့ဗျ"

မြို့တော်ဝန်က ခေါင်းခါယမ်းလိုက်ပြီး...

"ဒါဟာ ကျုပ်သဘောနဲ့ ကျုပ်စီမံတာပါ၊ ကျားမာန်အာမခံ ဌာနနဲ့ ဘာမှမပတ်သက်ပါဘူး"

မင်းသားလေးက ယပ်တောင်ကိုခတ်ရင်း ပြုံးလိုက်ပြီး...

"ဟုတ်ပါတယ်ဗျာ၊ ဒါက ကျုပ်တို့နဲ့မြို့တော်ဝန်တို့ရဲ့ ကိစ္စ ပါ၊ ခင်ဗျားအနေနဲ့ သက်သေအဖြစ် လက်မှတ်ထိုးပေးထားတာပါ"

ဝမ်းချောင်းကလည်း ကြားဖြတ်ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ ဒီကိစ္စမှာ ကျားမာန်အာမခံဌာနအဖို့ သိက္ခာကျစရာအကြောင်း တစုံတခုမှ မရှိပါဘူး"

ဖန်းကျင်းရှမ်းသည် မည်သည့်စကားမျှ မပြောနိုင်ဘဲ တွေ ဝေငေးငိုင်စွာ စဉ်းစားနေမိသည်။

* * *

မြို့တော်ဝန်သည် ကတိစာချုပ်ကို ရေးပြီးနောက် လက်မှတ် ရေးထိုးထားလိုက်လေသည်။ တဖန် မင်းသားလေးနှင့် ဝမ်းချောင်းတို့အား ပြသလိုက်ပြီး...

"ကဲ... ခင်ဗျားတို့ ကျေနပ်ကြရဲ့လား"

မင်းသားလေသည် သဘောကျစွာဖြင့် ခေါင်းညိတ်လိုက်သည်။

"ကျေနပ်ပါတယ်ဗျာ၊ ဥာနမှူး လက်မှတ်ထိုးရင် လုံလောက်ပါပြီ"

ဖန်းကျင်းရှမ်းသည် ကတိစာချုပ်ကို ဖတ်ကြည့်လိုက်၏။

ယင်းကတိစာချုပ်ပေါ်တွင် မိမိတို့ ကျားမာန်အာမခံဌာနနှင့် လုံးဝပတ်သက်ခြင်း မရှိသည်ကို တွေ့ရသဖြင့် ကျေနပ်သွားသည်။

သူသည် စုတ်တံကို လှမ်းယူလိုက်ပြီး လက်မှတ်မထိုးသေးဘဲ မင်းသားလေးထံ တချက်ကြည့်လိုက်ပြီး...

"ကျုပ်က မေးစရာတစ်ခု ရှိနေပါတယ်၊ မင်းသားလေးက အမှန်အတိုင်း ပြောပြမယ်ဆိုရင် ကျုပ်ချက်ချင်း လက်မှတ်ထိုးပါ့မယ်"

မင်းသားလေးက သိလိုဇောဖြင့်...

"ခင်ဗျား ဘာမေးမလို့လဲ မေးနိုင်ပါတယ်"

ဖန်းကျင်းရှမ်းက အနည်းငယ်စဉ်းစားလိုက်ပြီး...

"ခင်ဗျားဟာ သိုးကျောင်းပန်းချီကားကို လိုချင်လို့ ဒီ



...က်ဆိုးတဲ့ ရာသီဥတု အခြေအနေမှာ ကျုပ်တို့နောက်ကို ကြိုး...မ်းစား လိုက်လာခဲ့တယ်"

သူသည် ပြောယင်း ကပ်ဟို့လျန် ကြားနိုင်လောက်သော ...သံတိုးတိုးဖြင့် ပြောလိုက်လေ၏။

"ခင်ဗျားက ကျုပ်ကို လိမ်ထုတ်လိုက်ပြီး တည်းခိုခန်းကို ...က်အောင်သွားတယ်၊ အဲဒီတုန်းက ပန်းချီကားကို အလွယ်တကူ ...သား...့ ဘာဖြစ်လို့ မယူဘဲ အခုလို ဒုက္ခခံပြီး လိုက်လာပြီး ...င်ရတာလဲ"

"ခင်ဗျားသိလျက်နဲ့ ဘာကြောင့် မေးချင်ရတာလဲ"

"ကျုပ်ကသိရင် ဘာဖြစ်လို့ မေးရမှာလဲ၊ မသိလို့ မေးတာ...ပ"

" ခင်ဗျား လျှူဝမ်းအောင့်ကို မမေးဘူးလား"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်ယင်း...

"မေးပါတယ်ဗျာ... သူက မပြောဘူးဗျ"

ကပ်ဟို့လျန်၏ မျက်နှာတစ်ခုလုံးသည် တွေဝေသွားသည်။

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျား ပြောရမှာ ခက်နေလို့လား"

ကပ်ဟို့လျန်၏မျက်နှာတစ်ခုလုံးသည် လေးနက်တည်...ည်လာသည်။

သူသည် လေသံတိုးတိုးဖြင့်...

"ကျုပ်က လျှူဝမ်းအောင့်ရဲ့ သွေးကြောကို စစ်ဆေးကြည့်ခဲ့

တယ်၊ သူက တကယ်ပဲ သိုင်းပညာ မတတ်ပါဘူး၊ ကျုပ်က ဘာ
ကြောင့် အေးအေးဆေးဆေး ပြန်ထွက်လာတယ်ဆိုတာ ခင်ဗျား မသိ
ရင်တော့ ကျုပ်ပြောရမှာ ခက်နေပါတယ်”

ဖန်းကျင်းရှမ်းက ခေါင်းခါယမ်းလိုက်သည်။

“ကျုပ်က တကယ် မသိလို့ မေးနေတာပါ”

ကပ်ဟို့လျှန်၏မျက်နှာပေါ်တွင် လေးနက်တည်ကြည်သော အရိပ်အရောင်များ ပေါ်လွင်လာသည်။

စာစဉ်(၁)ပြီး၏။

စာစဉ်(၂) ဆက်လက်ဖတ်ရှုပါရန်။

# မိုးကျော်သူ

# သိုးပန်းချီနှင့်သိုင်းဒေဝီ

(တစဉ်–၂)

စာမူခွင့်ပြုချက်အမှတ် ၅၀၀၉၀၂၀၆၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၈၆၆၀၆၀၇

၂၀၀၆ ခုနှစ်
ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ ( ၃ )
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

## နဂါးပတ်အာမခံဌာနအလဲ

ကပ်ဟို့လျှန်က ဖန်းကျင်းရှမ်းအား စိုက်ကြည့်ယင်း လေသံ
တိုးတိုးဖြင့် ပြောလိုက်၏။

"နဂါးပတ်အာမခံဌာနအလံနဲ့ ခင်ဗျားတို့ ကျားမာန်အာမ
ခံဌာနနဲ့ တကယ်ပဲ ဘာမှ မပတ်သက်ဘူးလား"

ဖန်းကျင်းရှမ်းက သူ၏စကားကြောင့် ကြောင်အမ်းအမ်း
ဖြစ်သွားလေသည်။

"ဗျာ... နဂါးပတ်အာမခံဌာနအလံ ဟုတ်လား"

ကပ်ဟို့လျှန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... လွန်ခဲ့တဲ့ နှစ်(၃၀)ခန့်က သိုင်းလောကတစ်

ခုလုံး ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ခဲ့တဲ့ နဂါးပတ်အာမခံဌာနအလံ
လေ"

ဖန်းကျင်းရှမ်းက ရုတ်တရက် နားမလည်နိုင် ဖြစ်သွားပြီး
ကပ်ဟို့လျှန်၏စကားကို နားထောင်နေပြန်သည်။

"နဂါးပတ်အာမခံဌာနအလံဟာ ဘာကြောင့် ဖိန့်ဖိန့်တုန်
အောင် ကြောက်ရတယ်ဆိုတာ ကျုပ်က မသိပေမယ့် သိုင်းလောက
အဖွဲ့အသီးသီးက သူတို့အဖွဲ့သားများကို အမိန့်တစ်ခု ချပေးခဲ့တယ်
အဲဒါ ဘာလဲဆိုရင် ဘယ်သူမဆို နဂါးပတ်အာမခံဌာနအလံကို တွေ့
မြင်လိုက်ရတာနဲ့ ပစ္စည်းလုံးဝ မယူရဘူး၊ စကားနားမထောင်ဘဲ
ယူမိရင် ယူတဲ့ အဖွဲ့တစ်ဖွဲ့လုံး ကြီးမားတဲ့ အန္တရာယ်နဲ့ ရင်ဆိုင်ရ
လိမ့်မယ်၊ တကိုယ်တော် သူခိုးဆိုရင် သားစဉ်မြေးဆက်အထိ ဒုက္ခ
ရောက်လိမ့်မယ်"

* * *

ဖန်းကျင်းရှမ်းသည် ယင်းစကား ကြားလိုက်ရသောအခါ
ထိတ်လန့်တုန်လှုပ်သွားလေသည်။

သူသည် အတန်ကြာတော့မှ မျက်မှောင်ကြုတ်ကာ မေး
လိုက်၏။

"ဒီအလံကို ခင်ဗျား ဘယ်မှာ တွေ့ခဲ့တာလဲဗျ"



ကပ်ဟို့လျှန်သည် ယပ်တောင်ကို ခတ်ရင်းမှ...

"ခင်ဗျား ဘကယ် မသိတာလား၊ သက်သက် မသိချင်ဟန်
ဆောင်နေတာလားဗျ"

ဖန်းကျင်းရှင်းက စကားမပြောတော့ပါ။

သူသည် စာချုပ်ပေါ်သို့ လက်မှတ်ထိုးလိုက်ပြီး ပြန်ပေး
လိုက်လေသည်။

ကပ်ဟို့လျှန် ထိုစာချုပ်ကို လှမ်းယူလိုက်သည်ကို ဝမ်း
ချောင်းက မကြိုက်နှစ်သက်စွာဖြင့် မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျား ဘာလုပ်တာလဲဗျ"

ကပ်ဟို့လျှန်က ပြုံးလိုက်သည်။

"ဒီစာချုပ်ကို မြို့တော်ဝန်ကိုယ်တိုင် ရေးပေးတယ်၊ ဌာန
မှူးကိုယ်တိုင် သက်သေအဖြစ် လက်မှတ်ထိုးထားတယ်၊ ဒါကြောင့်
ကျုပ်က ရရှိပြီလို့မှတ်ပါ၊ ခင်ဗျား မကျေနပ်ရင် ကျုပ်နဲ့ရှင်းပါ"

ဝမ်းချောင်းက ကပ်ဟို့လျှန်အား စူးစူးရဲရဲ ကြည့်လိုက်ပြီး

"ကောင်းပြီလေ၊ မင်း သတိထား"

သူသည် ပြောပြီးသည်နှင့် လျှပ်တပြက် မင်းသားလေး
ကပ်ဟို့လျှန်အား တိုက်ခိုက်လိုက်လေသည်။

ကပ်ဟို့လျှန်က မဲ့ပြုံးပြုံးလိုက်ပြီး သူ၏ယပ်တောင်ဖြင့်
ဝမ်းချောင်း၏ညာဘက်ပခုံးသို့ ရိုက်ချလိုက်လေသည်။

"ယား"

ဝမ်းချောင်းက ယင်းသို့အော်ယင်း သူ၏ခန္ဓာကိုယ်သည်
အပေါ်သို့ ခုန်တက်သွားပြီး ကပ်ဟို့လျှန်ခေါင်းပေါ်မှ ကျော်လွှား

သွားလေသည်။

ကပ်ဟို့လျှန်က ဘေးသို့ခုန်၍ ရှောင်ထွက်လိုက်လေသည်

"ဝုန်း..."

ကပ်ဟို့လျှန် ပထမ ရပ်နေသော နေရာသည် ယမ်းမီးတ
လုံး ပေါက်ကွဲသွားပြီး မီးတောက်မီးလျှံများသည် တဟုန်းဟု
တောက်လောင်လာလေသည်။

ဖန်းကျင်းရှမ်းနှင့် မြို့တော်ဝန်တို့သည် ထိတ်လန့်တုန်လှု
သွားကြလေသည်။ ထိုစဉ်မှာပင် ဝမ်းချောင်း၏ စူးရှသော အော်
ကို ကြားလိုက်ရလေသည်။

"အား..."

ဖန်းကျင်းရှမ်းနှင့် မြို့တော်ဝန်တို့ လှည့်ကြည့်လိုက်သေ
အခါ မင်းသားလေးကပ်ဟို့လျှန်သည် အေးတိအေးစက်ဖြင့် ပြုံး
လျင်မြန်စွာ ပြေးလွှားသွားနေသော ဝမ်းချောင်းအား ကြည့်ယ
ရပ်နေသည်ကို တွေ့ရလေတော့သည်။

* * *



ဖန်းကျင်းရှမ်းက ချောင်းတစ်ချက် ဟန့်လိုက်သည်။

"မင်းသားလေး၊ ဝမ်းချောင်း ဒဏ်ရာရသွားတယ် ဟုတ်
သား"

ကပ်ဟို့လျှန်က လှည့်၍ ပြုံးပြလိုက်သည်။

"သူက ကျုပ်ရဲ့ အဆိပ်အပ်ချောင်း မိသွားလို့ပါ"

ဖန်းကျင်းရှမ်းက စိတ်ဝင်စားစွာဖြင့်...

"ဒဏ်ရာတော်တော် ပြင်းထန်သွားသလား"

ကပ်ဟို့လျှန် ခေါင်းခါယမ်းလိုက်ပြီး...

"ပြင်းထန်လှတယ်လို့ မဟုတ်ဘူး၊ ဒါပေမယ့် အချိန်တော်
တော်ကြာကြာ ကုရမယ်"

ဖန်းကျင်းရှမ်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ဝမ်းချောင်းတို့လို လူမျိုးကို ခင်ဗျားက သိုင်းကွက်နှစ်
ကွက်တည်းနဲ့ အနိုင်ရလိုက်တာ အလွန်ချီးကျူးစရာ ကောင်းတယ်"

ကပ်ဟို့လျှန်က ပြုံးလိုက်သည်။

"ကျုပ်ကလည်း ကံကောင်းတယ်လို့ ဆိုရမှာပါ၊ တစ်ကွက်
နှစ်ကွက်တည်းနဲ့ မနိုင်ရင် ကျုပ်လည်း သက်သာမှာ မဟုတ်ဘူး"

သူသည် မြို့တော်ဝန်အား လှည့်၍ နှုတ်ဆက်လိုက်သည်။

"လူကြီးမင်း ခင်ဗျား၊ ခိုင်ဖုန်းမြို့မှာ ပြန်ပြီး တွေ့ကြတာ
ပေါ့"

သူသည် ပြောပြီး ချာခနဲ လှည့်လိုက်လေသည်။

"မင်းသားလေး ခဏ"

ဖန်းကျင်းရှမ်းသည် ကပ်ဟို့လျှန်အား ဟန့်တားလိုက်

သည်။

ကပ်ပဟို့လျှံက လှည့်ကြည့်လိုက်ပြီး…

"ဘာလဲ၊ ကျုပ် ဒီတိုင်း ထွက်သွားမှာ ပြောမလို့ မဟုတ်လား"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားက မြို့တော်ဝန်မိသားစုကို နိုင်ဖုန်းမြို့ကို ပို့ပေးဖို့ တာဝန်ရှိသေးတယ် မဟုတ်လား"

ကပ်ပဟို့လျှံက ပြုံးလိုက်ပြီး…

"စိတ်ချပါဗျာ၊ ဓားပြလဲ ဓားပြစည်းကမ်း ရှိပါတယ်၊ ကျုပ်အခု အရင်ထွက်ခွာသွားတာက လမ်းရှင်းပေးဖို့ပါပဲ၊ ဝမ်းချောင်းတို့လူစုက ရှုံးသွားရင် ဒီခရီးလမ်းမှာ လုယက်ဝံ့တဲ့လူ မရှိနိုင်တော့ဘူးလို့ ထင်ပါတယ်"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားပြောတဲ့ အတိုင်းဆိုရင် ကောင်းပါတယ်ဗျာ"

ကပ်ပဟို့လျှံက လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်။

"ကဲ၊ ကျုပ်တို့ နိုင်ဖုန်းမြို့ကို သွားကြစို့"

သူသည် ပြောပြီးသည်နှင့် ရှေ့ဆုံးမှ ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်ခွာသွားလေသည်။

* * *



မြင်းလှည်းတန်းများသည် ဆက်လက်ထွက်ခွာသွားကြပြန်သည်။

ယန်စုစိန်က ဖန်းကျင်းရှမ်းထံသို့ လျှောက်လာပြီး…

"ဦးလေးဖန်း… ကပ်ပဟို့လျှံက တကယ်ပဲ လမ်းရှင်းပေးမယ်ဆိုတာ ဖြစ်နိုင်ပါ့မလား"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"သူ့ကို အကဲခတ်ကြည့်ရတာ ကတိတည်မယ့် လူတစ်ယောက်ပါ"

ယန်စုစိန်က လေသံတိုးတိုးဖြင့်…

"ဒီလူက သိပ်ဉာဏ်များတယ်၊ ကျုပ်တို့ သတိထားရင် ကောင်းမယ် ထင်တယ်"

ဖန်းကျင်းရှမ်းက သက်ပြင်းချလိုက်သည်။

"မြို့တော်ဝန်ကိုယ်တိုင်က သဘောတူတဲ့ ကိစ္စပဲ၊ ကျုပ်တို့ ဘာတတ်နိုင်မှာလဲ"

ယန်စုစိန်က လေသံတိုးတိုးဖြင့်…

"ဦးလေးဖန်း… ကျွန်တော် မရှင်းတာ တစ်ခု မေးချင်တယ်"

"မေးပါ"

"မြို့တော်ဝန်က သိုးကျောင်းပန်းချီရဲ့ လျှို့ဝှက်ချက်ကို တကယ် မသိဘူးလား"

ဖန်းကျင်းရှမ်းသည် အနည်းငယ် စဉ်းစားလိုက်ပြီးနောက်

"သူ့ကို ကြည့်ရတာ လိမ်ညာတဲ့ပုံတော့ မပေါ်ဘူးဗျ"

ယန်စုစိန်သည် မကျေနပ်ဟန်ဖြင့်…

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော် ဘဝင်မကျဘူး"

ဖန်းကျင်းရှင်းက ပခုံးတစ်ချက် တွန့်လိုက်သည်။

"မင်းက ဘာလုပ်ချင်သလဲ"

"ဒီသိုးပန်းချီကားကို ဦးလေးဖန်းက ရအောင် ယူထား ချင်တယ်"

"မင်းသားလေးက ကျေနပ်ပါ့မလားကွာ"

"ကျုပ်တို့ ဌာနမှူးကိုယ်တိုင် ရောက်လာရင် သူမကျေ မှာ မကြောက်ဘူးလား"

ဖန်းကျင်းရှမ်းက အနည်းငယ် စဉ်းစားလိုက်သည်။

"မင်းက သိုးကျောင်းပန်းချီနဲ့ ပတ်သက်ပြီး ဘာတွေ သိ ထားလို့လဲ"

ယန်စုစိန်က ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော်လည်း မသိပါဘူးဗျာ၊ ဒါပေမယ့် လုချင်တဲ့လူ ဒီလောက်များတော့ တန်ဖိုးရှိတဲ့ ပစ္စည်း ဖြစ်ရမှာပေါ့ဗျာ"

ဖန်းကျင်းရှမ်းက ခေါင်းခါယမ်းလိုက်သည်။

"သိုးကျောင်းပန်းချီကားဟာ ဘယ်လောက်ပဲ တန်ဖိုးရှိရှိ ကျုပ်တို့ အပိုင်စီးဖို့ မသင့်ဘူး ထင်တယ်"

ယန်စုစိန်က ပြုံးလိုက်ပြီး...

"ကျွန်တော်တို့ အပိုင်စီးဖို့ မဟုတ်ပါဘူး၊ ကပ်ဟို့လျန် လက်ထဲ မရောက်အောင်လို့ပါ"

ဖန်းကျင်းရှမ်းက ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်ပြီး လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။



"ဘာပဲဖြစ်ဖြစ် ဌာနမှူး ရောက်လာနိုင်ရင် အကောင်းဆုံး ပဲလေ"

သူ၏စကား ဆုံးသွားသည်နှင့် သူ၏နားထဲသို့ မြင်းခွာသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

* * *

ယန်းစုစိန်နှင့် ဖန်းကျင်းရှမ်းတို့သည် ပြိုင်တူလှည့်ကြည့် လိုက်ကြလေသည်။

မြင်းတစ်ကောင်သည် အရှိန်ပြင်းစွာဖြင့် သူတို့ထံသို့ မောင်းနှင်လာသည်ကို တွေ့လိုက်ရလေသည်။

ယန်စုစိန်က ဝမ်းသာသွားပြီး အပြေးအလွှား ခရီးဦးကြို ပြုလိုက်သည်။

"ဌာနမှူးတို့ပါလား"

ဟု လွှတ်ခနဲ ခေါ်လိုက်မိလေသည်။

တချိန်တည်းမှာပင် ထိုမြင်းသည် မြင်းလှည်းတန်းကို ဖြတ် ကျော်ပြီးလျှင် သူတို့ထံ ပြေးလွှားလာပြီး အရှိန်အဟုန် လျှင်မြန်စွာ ဖြင့် သူတို့နှစ်ယောက်ရှေ့သို့ ရောက်ရှိလာလေတော့သည်။

ထို့နောက် မြင်းကို ရပ်တန့်စေလေသည်။

မြင်းပေါ်၌ စီးနင်းလိုက်ပါလာသော လူသည် အသက်လေး

ဆယ်ကျော်ခန့်ရှိသော လူတစ်ယောက် ဖြစ်သည်။

ထိုလူ၏မျက်နှာသည် လေးထောင့်ပုံဖြစ်ပြီး မည်းနက်နေသော မျက်ခုံး၊ ဖြောင့်တန်းသော နှာတံ၊ စူးရှသော မျက်လုံးများဖြင့် အလွန်ခန့်ညားပြီး ရှည်လျားသော မုတ်ဆိတ်မွေးကြောင့်လည်း ပို၍ ကြည်ညိုဖွယ်ကောင်းလှသည်ဟု ထင်ရပေသည်။ ယန်စုစိန်က အရို အသေ ပြုလိုက်သည်။

"ဌာနမှူးကို ကြို့ဆိုပါတယ်"

* * *

ထိုလူသည် ကျားမာန်အာမခံဌာန၏ ဌာနမှူးချုပ် ဖြစ်သော "ကွမ်းကျုံးရုပ်"ပင် ဖြစ်သည်။ ကွမ်းကျုံးရုပ်သည် ခေါင်းညိတ်ပြလိုက်ပြီး...

"နေပါ... ယန်စုစိန်"

သူ၏မျက်လုံးအစုံသည် ဖန်းကျင်းရှမ်းဘက်သို့ ရောက်ရှိသွားသည်။

"ခင်ဗျား တော်တော် ပင်ပန်းနေပြီ ထင်တယ်"

ဖန်းကျင်းရှမ်းက လက်နှစ်ဘက်ဆုပ်လိုက်သည်။

"ကျုပ်တာဝန် ညံ့ဖျင်းလို့ အခုလို ဌာနမှူးကိုယ်တိုင် လိုက်လာရတာ စိတ်မကောင်းပါဘူးဗျာ"



ကွမ်းကျုံးရုပ်က လိုရင်းကို မေးလိုက်သည်။

"အဖြစ်အပျက်အားလုံးကို အကြမ်းအားဖြင့်တော့ သိထားပါပြီ၊ ဒီတခါ ဖြစ်ပျက်ရတဲ့ ပြဿနာဟာ ကျားမာန်အာမခံဌာန တည်ထောင်လာတဲ့ တလျှောက်လုံးမှာ အကြီးအကျယ်ဆုံး ဖြစ်တဲ့ ပြဿနာပါပဲလေ"

ယန်စုစိန်က ဦးညွှတ်လိုက်သည်။

"ဌာနမှူးက အားလုံးသိပြီးပြီ ထင်တယ်"

"ကျုပ်က အသေးစိတ်ကိုတော့ မသိသေးပါဘူး"

ဖန်းကျင်းရှမ်းက ဦးညွှတ်လိုက်သည်။

"ဌာနမှူး မြင်းလှည်းပေါ်ကြွပါ၊ မြင်းလှည်းထဲကျမှ အသေးစိတ် ရှင်းပြပါ့မယ်ခင်ဗျာ"

ကွမ်းကျုံးရုပ်သည် သူ၏မြင်းကို ရောက်ရှိလာသော ငယ်သားတစ်ယောက်အား အပ်လိုက်ပြီးနောက် သူတို့သုံးယောက်သည် မြင်းလှည်းပေါ်သို့ တက်သွားကြလေသည်။

ကွမ်းကျုံးရုပ်သည် ဖန်းကျင်းရှမ်း ပြောလာမည့်စကားကို စိတ်ရှည်လက်ရှည်ဖြင့် နားစွင့်နေ၏။

ဖန်းကျင်းရှမ်းသည် အဖြစ်အပျက် အလုံးစုံကို တစ်ခုမကျန် ရှင်းလင်းပြောပြလိုက်လေသည်။

"ကျုပ် အခုလို လက်မှတ်ထိုးပေးလိုက်တာ မှားသွားသလား မသိဘူးဗျာ"

ကွမ်းကျုံးရုပ်က အနည်းငယ် စဉ်းစားလိုက်ပြီးမှ...

"ပြီးတဲ့ကိစ္စ ပြီးသွားပါပြီ၊ ဒါကိုထည့်ပြီး မစဉ်းစားပါနဲ့

တော့"

"ဟုတ်ကဲ့...ခုန ယန်စုစိန်က အကြံတစ်ခုပေးနေတုန်း ဌာ
မှူးက ရောက်လာပါတယ်"

"ဘာအကြံများလဲ"

ဖန်းကျင်းရှမ်းသည် စဉ်းစားလိုက်ပြီး...

"ယန်စုစိန်အနေနဲ့ သိုးကျောင်းပန်းချီကို ကျုပ်တို့က ဖ
ထားသင့်တယ်လို့ အကြံပေးပါတယ်"

ကွမ်းကျုံးရှပ် ခေါင်းခါယမ်းလိုက်သည်။

"ဘယ်ဖြစ်ပါ့မလဲ၊ ခင်ဗျားက လက်မှတ်ထိုးထားပြီးပြီ
နာမည်အပျက်ခံလို့ ဘယ်ဖြစ်ပါ့မလဲဗျာ"

ဖန်းကျင်းရှမ်း သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း...ကျုပ်ရဲ့လုပ်ဆောင်ချက်တွေ ညံ့ဖျင်းလို့ ကျားမာ
အာမခံဌာနရဲ့ သိက္ခာကိုလည်း ထိခိုက်ပါတယ်"

ကွမ်းကျုံးရှပ် ပြုံးလိုက်သည်။

"ကျားမာန်အာမခံဌာနရဲ့ သိက္ခာမကျရအောင် ကတိပေ
ထားတဲ့အတိုင်း သိုးပန်းချီကို ကပ်ဟို့လျန်ကို ပေးလိုက်ပါ"

ယန်စုစိန်က မျက်မှောင်ကြုတ်သွားသည်။

"ဒါဖြင့်"

ကွမ်းကျုံးရှပ်က ကြားဖြတ်ပြောလိုက်သည်။

"သူ့ကို ပေးပြီးမှ ကျုပ်တို့ သူ့ဆီကရအောင် ပြန်ယူကြ
တာပေါ့"

ဖန်းကျင်းရှမ်း မျက်မှောင်ကြုတ်သွားသည်။



"ပေးပြီးမှ ပြန်လုရင် ရှုပ်ကုန်မှာပေါ့"

"ရှုပ်ချင်ရှုပ်ပါစေ၊ သိုးပန်းချီကို ပေးလိုက်တာ ကျုပ်တို့
ကတိတည်တဲ့အကြောင်း ပြလိုက်တာပါ။ သူ့ဆီက ပြန်လုယူတာက
တော့ ကျားမာန်အာမခံဌာနရဲ့ သိက္ခာမကျဖို့ပါပဲ"

ဖန်းကျင်းရှမ်းက တစုံတခုကို သတိရလာပြီး...

"ဒါနဲ့ ဌာနမှူးကို အရေးကြီးတဲ့သတင်းတခု ပြောရဦးမယ်"

"ဘာများလဲ ပြောပါ"

"နှစ်ပေါင်းသုံးဆယ်ကျော် ကွယ်ပျောက်သွားတဲ့ နဂါးပတ်
အာမခံဌာနကအလံကို ကျုပ်တို့ မြင်းလှည်းပေါ်မှာ တွေ့ရတယ်လို့
ကပ်ဟို့လျန်က ပြောသွားတယ်"

ကွမ်းကျုံးရှပ်က အံ့အားသင့်သွားသည်။

"ဟုတ်ရဲ့လားဗျ"

"ဟုတ်ပါတယ် ဌာနမှူး"

သူသည် ကပ်ဟို့လျန်က သိုးပန်းချီကား လာလုရင်း မြို့
တ်ဝန်၏သမီး စီးနင်းလိုက်ပါလာသော မြင်းလှည်းပေါ်သို့ တက်
လာပြီးမှ ထိုအလံကို တွေ့ရသောကြောင့် ပြန်လည်ဆုတ်ခွာသွားရ
သည့်အကြောင်းများကို ပြောပြလိုက်လေသည်။

ကွမ်းကျုံးရှပ်က မျက်မှောင်ကြုတ်သွားရင်း...

"အင်း...နဂါးပတ် အာမခံဌာနအလံဟာ တွေ့မြင်ရတဲ့လူ
တိုင်းဖိန့်ဖိန့်တုန်အောင်ကြောက်ပြီး ဘာပစ္စည်းမှ မလုယူဝံ့ဘဲ ထွက်
ပြေးကြတာချည်းပဲလို့ ကြားဖူးတယ်"

သူသည် ဖန်းကျင်းရှမ်းအား စိုက်ကြည့်လိုက်ရင်း စိတ်ဝင်

စားစွာ ပြောလိုက်၏။

"ဒီအလံကို ခင်ဗျားတွေ့ခဲ့သလား"

"မတွေ့ခဲ့ပါဘူး"

ယန်စုစိန်က ကြားဖြတ်၍ စကားပြောလိုက်သည်။

"နောက်တစ်ခု ပြောပြရအုံးမယ် ဌာနမှူး"

ကွမ်းကျုံးရုပ်က သူ့အားလှည့်ကြည့်လိုက်ပြီး…

"ပြောပါအုံး"

ယန်စုစိန် ခေါင်းညိတ်လိုက်သည်။

"ကျုပ်တို့ ဘုံကျောင်းပျက်မှာ စခန်းချတုန်းက ဝမ်းချောင်းတို့လူစုလည်း လာပါသေးတယ်၊ ဒါပေမယ့် ဘုံကျောင်းအနီးရောက်လာတာနဲ့ လူတစ်ယောက်ပြီးတစ်ယောက် လဲကျပြီး နောက်ဆုံးဆုတ်ခွာသွားတာကို တွေ့ရတယ်"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားပြီး…

"ဝမ်းချောင်းဆိုတာ ယမ်းဘီလူး ဝမ်းချောင်း မဟုတ်လား"

"ဟုတ်ပါတယ် ဌာနမှူး"

ကွမ်းကျုံးရုပ်သည် အတန်ကြာ စဉ်းစားလိုက်လေသည်။

အတန်ကြာတော့မှ ကွမ်းကျုံးရုပ်က စကားစလိုက်သည်။

"ယန်စုစိန် ပြောတဲ့အတိုင်းဆိုရင် ထိပ်တန်းသိုင်းသမားတစ်ယောက်ယောက်က ပန်းချီကားကို ရန်သူလက်ထဲ မရောက်အောင် ကာကွယ်ပေးနေပုံရတယ်"

"ဟုတ်တယ်၊ ကျွန်တော်လည်း ဒီလိုပဲတွေးမိတယ်"

"မင်းက ဘယ်သူ့ကို ထင်မိသလဲ"



ယန်စုစိန်က အနည်းငယ် စဉ်းစားလိုက်ပြီး…

"ကပ်ပဟို့လျန်များ ဖြစ်နေမလားလို့"

ဖန်းကျင်းရှမ်းက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး၊ သူဆိုရင် ကျုပ်ကို ဒီအကြောင်းဖွင့်ပြောသွားမှာပေါ့"

ကွမ်းကျုံးရုပ်က လက်ကာပြလိုက်သည်။

"ကျုပ် သိထားသလောက်ဆိုရင် သိုးပန်းချီကို အမည်းရောင်သိုင်းသမားတွေရော အဖြူရောင် သိုင်းသမားတွေပါ စိတ်ဝင်စားနေတယ်လို့ ထင်တယ်"

ယန်စုစိန်နှင့်ဖန်းကျင်းရှမ်းတို့သည် မမျှော်လင့်သောစကားများ ကြားလိုက်ရသဖြင့် အံ့အားသင့်သွားကြလေသည်။

အတန်ကြာမှ ယန်စုစိန်က စတင်မေးလိုက်သည်။

"ဒါဖြင့် ကပ်ပဟို့လျန်က ကျုပ်တို့ရှေ့မှ လမ်းရှင်းပေးမယ်လို့ပြောသွားတာ ဟုတ်မှဟုတ်ပါ့မလား မသိဘူး"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"မင်းသားလေး ကပ်ပဟို့လျန်အကြောင်းကို ကျုပ်တို့နည်းနည်းတော့ စုံစမ်းခဲ့တယ်"

သူသည် စကားကို ခေတ္တရပ်နားပြီးမှ ဆက်ပြောလိုက်၏။

"ကပ်ပဟို့လျန်က ဉာဏ်ကောင်းတယ်၊ သိုင်းပညာလည်း ထက်မြက်တယ်၊ အပေါင်းအသင်းလည်းဆန့်တယ်၊ သူ့လုပ်ရပ်တွေဟာ အကြံအစည်တစ်ခု ကြံစည်နေတယ်ဆိုတာ ထင်ရှားတယ်၊ သူက လမ်းရှင်းပေးမယ်ဆိုတာ ဟုတ်မဟုတ်တော့ ကျုပ်ကိုယ်တိုင်

လိုက်သွားပြီး အကဲခတ်မယ်"

သူသည် ဖန်းကျင်းရှမ်းဘက်သို့ လှည့်လိုက်သည်။

"ကဲ ကျုပ်ရှေ့က အရင်သွားနှင့်မယ်၊ ခင်ဗျားတို့ မြင်းလှည်းနဲ့အတူ နောက်ကလိုက်ခဲ့ပေတော့"

သူသည် ပြောပြီး သူ၏မြင်းဆီသို့ လျှောက်သွားသည်။

ထို့နောက် ဖန်းကျင်းရှမ်းတို့အား လက်ဝှေ့ယမ်းပြလိုက်ပြီး မြင်းကို မောင်းနှင်ထွက်ခွာသွားလေသည်။

* * *

မြင်းလှည်းတန်းသည် ဆက်လက် ထွက်ခွာသွားပြန်သည်။

မြို့တော်ဝန်သည် မြင်းလှည်းပေါ်မှ ခေါင်းပြူထွက်လာပြီး

"ဒုဌာနမှူး အခြေအနေကောင်းလို့ ထွက်ကြတော့မ လားဗျ"

ဖန်းကျင်းရှမ်း ပြုံးလိုက်သည်။

"ဟုတ်ကဲ့ ကျုပ်တို့ဌာနမှူးလည်း ရောက်လာပါပြီ"

မြို့တော်ဝန် ဝမ်းသာသွားလေသည်။

"ဟုတ်လား၊ သူအခု ဘယ်မှာလဲ"

"သူ ရှေ့ကနေ လမ်းရှင်းဖို့ သွားပါပြီ"

မြို့တော်ဝန်က စိတ်သက်သာရာရလာသည်။



"ဒါဖြင့် ကျုပ်တို့မိသားစု နှစ်မကူးမီ ခိုင်ဖုန်းမြို့ကို ရောက်နိုင်တာပေါ့နော်"

ဖန်းကျင်းရှမ်းက ပြုံးလိုက်ပြီး ခေါင်းညိတ်ပြလိုက်လေ၏။

"စိတ်ချပါ ဌာနမှူးရောက်လာပြီပဲ၊ လူကြီးမင်းတို့ မိသားစု ခိုင်ဖုန်းမြို့ကို နှစ်မကူးမီ ချောချောမောမော ရောက်ရမှာပေါ့ဗျာ"

* * *

မြင်းလှည်းတန်းသည် လျင်မြန်စွာဖြင့် မောင်းနှင်နေကြသည်။

နှင်းဖွဲများ ဖွဲဖွဲကျနေရာမှ ရပ်တန့်သွားပြီဖြစ်ရာ ဖန်းကျင်းရှမ်းတို့အဖို့ ခရီး ပိုမိုတွင်ကျယ်စေလေသည်။

သူတို့သည် ဆယ်မိုင်ခန့် မောင်းနှင်လာကြပြီးနောက် လမ်းဆုံလမ်းခွသို့ ရောက်ရှိလာလေတော့သည်။

* * *

လမ်းဆုံ၏နံဘေးတွင် အလွန်ကြီးမားသော သစ်ပင်ကြီး တစ်ပင်ကို တွေ့ရသည်။

ထိုသစ်ပင်အောက်တွင် လူတယောက်သည် သူတို့လာရာ

လမ်းဘက်၌ အေးဆေးစွာ ရပ်နေသည်ကို တွေ့ရလေတော့သည်။

ထိုလူ၏ဘေး၌ မြင်းတစ်ကောင်ကို တွေ့ရသည်။

ဖန်းကျင်းရှမ်းသည် ယင်းလူအား မြင်တွေ့လိုက်သည်နှင့် မြင်းလှည်းဘက်သို့ လက်မြှောက်လိုက်ပြီး ရပ်တန့်ခိုင်းလိုက်လေသည်။

"ရပ်လိုက်"

မြင်းလှည်းတန်းများသည် ရှေ့ဆင့်နောက်ဆင့် ရပ်တန့်သွားကြလေသည်။

ဖန်းကျင်းရှမ်းက မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်လေသည်။

တဆက်တည်းမှာပင် ယန်းစုစိန်က မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။ သူတို့သည် ထိုလူဆီသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားလေသည်။

ထို့နောက် ပြိုင်တူဦးညွှတ်လိုက်လေသည်။ ဖန်းကျင်းရှမ်းက လက်နှစ်ဘက်ဆုပ်၍...

"ဌာနမှူး... ရန်သူကို တွေ့ပါသလား"

ကွမ်းကျုံးရပ်က ခေါင်းညိတ်လိုက်သည်။

"တွေ့တယ်"

ဖန်းကျင်းရှမ်းသည် အံ့အားသင့်စွာဖြင့် မေးလိုက်သည်။

"ဘယ်သူများပါလိမ့်"

ကွမ်းကျုံးရပ်က အေးအေးဆေးဆေးဖြင့်...

"ယမ်းဘီလူးဝမ်းချောင်းတို့လူစုပါ"



ယန်စုစိန်က ကြားဖြတ်မေးလိုက်သည်။

"ယမ်းဘီလူးတို့လူစုက ကျေနပ်မှာ မဟုတ်ဘူးလို့ ကျုပ်ထင်မိသားပဲ"

ဖန်းကျင်းရှမ်း အံ့အားသင့်စွာဖြင့်...

"ဌာနမှူးက သူတို့ကို တိုက်ထုတ်လိုက်တယ် မဟုတ်လား"

ကွမ်းကျုံးရပ်က ခေါင်းခါယမ်းလိုက်ပြီး...

"မဟုတ်ဘူး"

ယန်စုစိန်က သိချင်ဇောဖြင့် မေးလိုက်ပြန်သည်။

"ဒါဖြင့် ဘယ်သူများပါလိမ့်"

ကွမ်းကျုံးရပ် တလုံးချင်း ပြောလိုက်လေသည်။

"ကပ်ပဟို့လျန်တို့လူစုပါ"

ဖန်းကျင်းရှမ်းက ပခုံးတချက် တွန့်လိုက်သည်။

"ဒီလိုဆိုတော့ မင်းသားလေးက ကူတိတည်သားပဲ"

ကွမ်းကျုံးရပ်က ခေါင်းညိတ်လိုက်ပြီး...

"ကျုပ် သူနဲ့ တွေ့ခဲ့တယ်"

ဖန်းကျင်းရှမ်းက အံ့ဩစွာဖြင့် လှည့်မေးလိုက်သည်။

"ဟုတ်လား... သူက ဘာများ ပြောသွားသေးသလဲ"

"သူက အခုလို လမ်းရှင်းပေးတာ သူရမယ့် ပန်းချီကားကို အကာအကွယ် ပေးတာပါတဲ့၊ ကျေးဇူးတင်စရာ မလိုဘူးလို့ ပြောသွားပါတယ်"

သူသည် ဖန်းကျင်းရှမ်းအား စူးစူးစိုက်စိုက် ကြည့်ယင်း မေးငေါ့နှုန်းထုတ်လိုက်သည်။

"ခင်ဗျားက သိုးကျောင်းပန်းချီကို မြင်ဖူးသလား"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"မြင်ဖူးပါတယ်"

ကွမ်းကျုံးရှပ်က စိတ်ဝင်စားစွာဖြင့်...

"ဘယ်လို ပန်းချီကားမျိုးလဲ"

ဖန်းကျင်းရှမ်းက စဉ်းစားဟန်ဖြင့်...

"လူငယ်တယောက်က သိုးကျောင်းနေတဲ့ပုံပါပဲ"

"ထူးခြားချက်ကို တွေ့သလား"

"ဒီပန်းချီကားရဲ့ အလယ်မှာ တစ်ခြားပုံတခု ကြားညှပ်ပြီး ကော်နဲ့ကပ်ထားတာ တွေ့ရတာကလွဲလို့ တစ်ခြား ထူးထူးခြားခြား မရှိပါဘူး"

ကွမ်းကျုံးရှပ်က ခေါင်းညိတ်လိုက်ပြီး...

"သိုးကျောင်းပန်းချီထဲမှာ အလွန်လျှို့ဝှက် ဆန်းကြယ်တဲ့ပုံ တွေရှိတယ်လို့ သတင်းကြားရတယ် ဟုတ်တယ် မဟုတ်ဘူးဆိုတာ တော့ မသိဘူး"

ဖန်းကျင်းရှမ်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်က ဒီလောက် ဉာဏ်မမီပါဘူး"

ကွမ်းကျုံးရှပ်က ပြုံးလိုက်သည်။

"ခင်ဗျား မပြောနဲ့ သူ့ရဲ့လျှို့ဝှက်ချက်ကို မသိတဲ့လူဟာ ဒီသိုးပန်းချီရထားလည်း ဘာမှ မသုံးချလို့ရမှာ မဟုတ်ဘူးဆိုတာ ငါယုံ ကြည်တယ်"

သူသည် စကားဆက်လိုက်သည်။



ဖန်းကျင်းရှမ်းသည် ဌာနမှူးအား မေးလိုက်၏။

"ဌာနမှူးက ဒီပန်းချီကားကို ကြည့်ချင်သလား"

ကွမ်းကျုံးရှပ်က ခဏမျှ စဉ်းစားကာ ခေါင်းညိတ်လိုက်၏။

"ကြည့်ရရင်တော့ ကောင်းတာပေါ့"

ဖန်းကျင်းရှမ်းသည် ပြုံးကာ မြင်းလှည်းတွင်းမှ ထွက်ခွာရန် ပြင်လိုက်သည်။

"ဌာနမှူး ကြည့်မယ်ဆိုရင် မြို့တော်ဝန်ဆီမှာ ခဏတောင်း ပေးပါ့မယ်"

ကွမ်းကျုံးရှပ်က ခေါင်းညိတ်လိုက်သည်။

"ကောင်းတယ်... ဒါပေမယ့် အတင်းအဓမ္မ တောင်းယူတဲ့ သဘောမျိုးတော့ မဖြစ်စေနဲ့၊ သူက ကျေကျေနပ်နပ်ရှိမှ တောင်း ပါ"

ဖန်းကျင်းရှမ်းသည် ဦးညွှတ်လိုက်ပြီး...

"ဟုတ်ကဲ့ ကျုပ်နားလည်ပါတယ်"

ကွမ်းကျုံးရှပ်သည် မြင်းပေါ်သို့ ခုန်တက်လိုက်ပြီး...

"ကဲ... ရှေ့မှာ မင်းသားလေး ကပ်ဟို့လျန်က လမ်းရှင်းပေး တယ်ဆိုရင် အနှောင့်အယှက် မရှိတော့ဘူးလို့ ထင်ပါတယ်"

သူသည် မြင်းဇက်ကြိုးကို ဆွဲကိုင်လိုက်သည်။

"ငါရှေ့က သွားနှင့်မယ်၊ မင်းတို့နောက်က ဖြည်းဖြည်း လိုက်ခဲ့ပါ"

သူသည် ပြောပြီး မြင်းကို မောင်းပြီး ထွက်ခွာသွားလေ တော့သည်။

မင်းသားလေး ကပ်ဟို့လျှန်သည် လမ်းခရီးမှ အနှောင့်အယှက်ကို ကြိုတင်ရှင်းထား၍ ဖန်းကျင်းရှမ်းတို့ မြင်းလှည်းတန်းများသည် အနှောင့်အယှက်များ ကင်းဝေးကာ ချောမောစွာ ရှေ့ကို ခရီးဆက်နိုင်လေသည်။

သူတို့သည် မြေဝါမြစ်ကို ဖြတ်ကျော်ပြီးလျှင် ခိုင်ဖုန်းမြို့သို့ ဦးတည်သွားကြလေသည်။

* * *

ယနေ့သည် လကုန်ရန်တစ်ရက်သာ လိုတော့သည်။

တနည်းဆိုရလျှင် နှစ်ကုန်ရန် တစ်ရက်သာ လိုတော့သည်။

ရက်အားဖြင့် လအားဖြင့်ဆိုသော် ဆယ့်နှစ်လ နှစ်ဆယ့်ကိုးရက် အချိန်သို့ ရောက်ရှိလာပြီ ဖြစ်သည်။

အချိန်ကား မွန်းတည့်ချိန်သို့ ရောက်နေပြီ။

ထိုအချိန်၌ မြင်းလှည်းတန်းတစ်ခုသည် ခိုင်ဖုန်းမြို့တွင်းသို့ ဝင်ရောက်လာကြလေသည်။

မြင်းလှည်းများမှာ ဖုန်အလိမ်းလိမ်းဖြင့် ညစ်နွမ်းပေကျံနေ၏။

အလွန်အေးမြသော ရာသီဖြစ်သော်လည်း မြင်းများ၏ကိုယ်ပေါ်တွင် ခရီးကို ပင်ပင်ပန်းပန်း ဖြတ်သန်းလာရသောကြောင့်



ချွေးသီးချွေးပေါက်ကျနေသည်ကို တွေ့ရသည်။

မြင်းလှည်းမောင်းသမားနှင့် မြင်းလှည်းများကို ခြံရံ၍ လာကြသော သူများမှာလည်း အလွန်နွမ်းနယ်နေသည်ကို တွေ့မြင်ရလေသည်။

သူတို့သည် ဝေးလံသောဒေသမှ ရောက်ရှိလာကြသော လူများဖြစ်သည်မှာ ထင်ရှားလှပေသည်။

ထိုသူများမှာ ကျားမာန်အာမခံဌာနမှ လူစုများပင် ဖြစ်ကြလေသည်။

* * *

မြင်းလှည်းတန်းများသည် ခိုင်ဖုန်းမြို့ထဲသို့ ဝင်ရောက်လာသည်နှင့် ဖန်းကျင်းရှမ်းက လေပူတစ်ချက်ကို ရှည်လျားစွာ မှုတ်လိုက်သည်။

သူသည် နံဘေးတွင် ထိုင်နေသော မြို့တော်ဝန်အား ပြုံးပြလိုက်လေသည်။

"လူကြီးမင်းခင်ဗျား ကျုပ်တို့က ကတိပေးထားတဲ့အတိုင်း နှစ်သစ်မကူးမီ ရောက်ရှိလာပါပြီခင်ဗျာ"

ထိုစကားကြားရသော မြို့တော်ဝန်၏မျက်နှာတစ်ခုလုံး ရွှင်ရွှင်ပျပျ ဖြစ်သွားသည်။

"ကောင်းတာပေါ့၊ မြို့တော်ဝန်ဂေဟာရောက်ရင် ခင်ဗျာ
တို့အားလုံးကို ဆုငွေပေးပါ့မယ်ဗျာ"

ဖန်းကျင်းရှမ်းက ပြုံးပြလိုက်သည်။

"ဆုငွေပေးဖို့ မလိုပါဘူးဗျာ၊ ဒါပေမယ့် မြို့တော်ဝန်ကို
စကားတစ်ခွန်းတော့ မေးချင်ပါတယ်"

မြို့တော်ဝန်က မျက်မှောင်ကြုတ်ယင်း ဖန်းကျင်းရှမ်းကို
ပြန်ကြည့်သည်။

"ဘာများလဲ"

ဖန်းကျင်းရှမ်းက...

"လူကြီးမင်းက သိုးပန်းချီကို ကပ်ဟို့လျန် ပေးဖို့ဆိုတာ
သေချာရဲ့လား"

မြို့တော်ဝန်က ခေါင်းညိတ်လိုက်သည်။

"ပေးမှာပါ"

ဖန်းကျင်းရှမ်းက...

"တကယ်လို့များ လူကြီးမင်းက သိုင်းလောကသားတို့နဲ့
အဆက်အသွယ် မလုပ်ချင်တော့ဘူးဆိုရင် ကျုပ်ကို ပေးပါ၊ ကျုပ်
တဆင့်ပေးပေးပါ့မယ်"

မြို့တော်ဝန်က အနည်းငယ် စဉ်းစားလိုက်သည်။

"ဒီကိစ္စကို ခင်ဗျားတို့ကို ဒုက္ခမပေးချင်တော့ပါဘူး၊ ကပ်
ဟို့လျန်ကိုတွေ့ရင် ကျုပ်ဆီမှာ လာတောင်းပါလို့ ပြောပါ"

ဖန်းကျင်းရှမ်းက ပြုံးလိုက်သည်။

"ဒီကိစ္စမှာ ကျုပ်ကလည်း သက်သေအဖြစ် လက်မှတ်ထိုး



ထားတဲ့အတွက် အခုလို မေးကြည့်တာပါ"

မြို့တော်ဝန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်... သူ့မှာ လက်ခံ ကတိစာချုပ် ရှိသားပဲ၊
ါ့ကို တွေ့ရင် သူရမှာပေါ့"

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။

"လူကြီးမင်းက ဒီကိစ္စကို ငြင်းပယ်ချင်တဲ့သဘော ရှိနေပုံရ
တယ် ဟုတ်ရဲ့လား"

မြို့တော်ဝန်သည် ခေါင်းခါယမ်းလိုက်သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ သူသာ သိုးပန်းချီကို လိုချင်ရင် ကျုပ်
ကိုတွေ့အောင် လိုက်ရှာရမှာပေါ့၊ ကျုပ်ကိုမှ ရှာမတွေ့ရင်လည်း
သူ ဘယ်လိုလုပ်ရနိုင်မှာလဲ"

ဖန်းကျင်းရှမ်းက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"လူကြီးမင်းကို အကြံတစ်ခု ပေးချင်ပါတယ်"

"ပြောပါ"

"လူကြီးမင်းသာ ပန်းချီကားချပ်ကို မပေးရင် ပြဿနာဆို
တာ မပေါ်ဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူး"

ဖန်းကျင်းရှင်းက သတိပေးသလို လေသံဖြင့် ပြောလိုက်
သည်။

မြို့တော်ဝန်က ပြုံးလိုက်သည်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်စီစဉ်ပါ့မယ်၊ ခင်ဗျား ဘာမှ
မပူပါနဲ့ဗျာ"

ဖန်းကျင်းရှမ်းက အနည်းငယ် စဉ်းစားလိုက်လေသည်။

"ကျုပ်ကတော့ ပြောသင့်ပြောထိုက်တယ်ထင်လို့ ပြော
တာပါ၊ လူကြီးမင်းကိုယ်တိုင်ပဲ ဆုံးဖြတ်ရမှာပါပဲ"

မြို့တော်ဝန်က ပြုံးလိုက်ပြီး...

"ကဲပါလေ၊ ကျုပ်ကို နယ်စားကြီးဂေဟာ ရောက်အောင်
သာ ပို့ပေးပါ"

ဖန်းကျင်းရှမ်းက သက်ပြင်းတစ်ချက်ချကာ ခေါင်းညိတ်
လိုက်သည်။

"ကောင်းပါပြီ... ကျုပ်ပို့ပေးပါ့မယ်"

* * *

မြင်းလှည်းတန်းများသည် နယ်စားကြီးဂေဟာသို့ ဦးတည်
မောင်းနှင်နေလေသည်။

နယ်စားကြီးဂေဟာနှင့် မြားတာပစ်ခန့်အကွာသို့ ရောက်ရှိ
လာသောအခါ ကိုယ်ရံတော်တပ်သား နှစ်ယောက်သည် သူတို့အား
ရှေ့မှ ဟန့်တားလိုက်လေသည်။

ဖန်းကျင်းရှမ်းသည် မြင်းလှည်းများကို ရပ်တန့်စေလိုက်
လေသည်။

ဖန်းကျင်းရှမ်းသည် မြို့တော်ဝန် ပြောလိုက်သော စကား
များကို သေချာစွာ စဉ်းစားကြည့်သောအခါ မြို့တော်ဝန်က ကတိ



က်လိမ့်မည်ဟု ယုံကြည်လေသည်။

ထို့ကြောင့် သူသည် ယင်းကိစ္စကို အမြန်ဆုံး ပြီးပြတ်စေရန်
့တော်ဝန်ထံသို့ လျှောက်သွားသည်။

"လူကြီးမင်းခင်ဗျား နယ်စားကြီးဂေဟာ ရောက်လာပြီ၊
ျုပ်တို့ ရှေ့ကိုသွားလို့ မဖြစ်တော့ဘူး"

မြို့တော်ဝန်က မြင်းလှည်းပေါ်မှ ဆင်းလိုက်သည်။ ကိုယ်ရံ
တော်တပ်သားကို မေးလိုက်သည်။

"နယ်စားကြီးရှိ ရှိသလား"

ကိုယ်ရံတော်တပ်သားနှစ်ယောက်က မြို့တော်ဝန်အား အ
ကဲခတ်ကြည့်လိုက်ပြီး မေးခွန်းထုတ်လိုက်သည်။

"ခင်ဗျား ဘယ်သူလဲ"

မြို့တော်ဝန်သည် ရှေ့သို့တိုး၍...

"ကျုပ် မြို့တော်ဝန်ဟောင်းလုပါ၊ ဝီကင်းမြို့က လာတာ
ပါ"

ကိုယ်ရံတော်တပ်သားတို့၏ ခက်ထန်သော မျက်နှာများ
သည် အနည်းငယ် ပျော့ပျောင်းလာလေသည်။

"ခဏစောင့်ပါ၊ ကျုပ် သွားသတင်းပို့လိုက်ဦးမယ်"

ကိုယ်ရံတော်တပ်သား(၂)ယောက်အနက် တစ်ယောက်
သည် ရပ်စောင့်နေပြီး ကျန်တစ်ယောက်က အဆောက်အအုံ ရှိရာသို့
ခပ်သုတ်သုတ် လျှောက်သွားလေသည်။

* * *

တခဏမျှအကြာတွင် ကိုယ်ရံတော်တပ်သား ပြန်လည် ရောက်ရှိလာလေသည်။

သူ၏နောက်တွင် အသက်(၄၀)ခန့်ရှိသော လူတစ်ယောက်နှင့် ဓားကိုယ်စီနှင့် တပ်သား(၈)ယောက်တို့ ပါလာကြလေသည်။

ကိုယ်ရံတော်တပ်သားများသည် မြို့တော်ဝန်ရှေ့သို့ ရောက်လာသောအခါ သူ့နောက်တွင် ပါလာသော အသက်(၄၀)ကျော် လူအား ညွှန်ပြလိုက်သည်။

"နယ်စားကြီးရဲ့ အတွင်းဝန် ပါလာပါပြီခင်ဗျာ"

သူသည် ယင်းသို့ပြောပြနေစဉ် ထိုအသက်(၄၀)ကျော်ခန့်ရှိသောလူက မြို့တော်ဝန်အား အရိုအသေပြုလိုက်သည်။

"နယ်စားကြီးက ဧည့်ခန်းမှာ စောင့်နေပါတယ်၊ ကျေးဇူးပြုပြီးကြွပါခင်ဗျာ"

မြို့တော်ဝန် မျက်မှောင်ကြုတ်သွား၏။

"ကျုပ်တို့ မြင်းလှည်း ဝင်လို့မရဘူးလား"

ထိုလူက ခေါင်းခါယမ်းလိုက်၏။

"နယ်စားကြီးဂေဟာထဲကို သူစိမ်းဝင်ခွင့်မရှိပါဘူး၊ဒါကြောင့် မြင်းလှည်းများ ဒီမှာရပ်ထားပြီး လူကြီးမင်းရဲ့ မိသားစုရဲ့ ရှိတဲ့ပစ္စည်းအားလုံးကို ကျုပ်တာဝန်ယူပြီး သယ်ဆောင်ပေးပါ့မယ်"

မြို့တော်ဝန်က သူ့အား စူးစိုက်ကြည့်လိုက်ပြီး...

"ခင်ဗျားက နယ်စားကြီးရဲ့ အတွင်းဝန် ဟုတ်လား"

ထိုလူသည် ခေါင်းညိတ်၍ အရိုအသေပြုလိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်နာမည်က ဟော်စုရယ်လို့ ခေါ်ပါ



တယ်"

ထိုစဉ် ဖန်းကျင်းရှမ်းက သူ၏လူများအား မြို့တော်ဝန်၏ ပစ္စည်းများကို မြင်းလှည်းပေါ်မှ သယ်ဆောင်ပြီး မြေပေါ်သို့ စုပုံထားစေသည်။

မြို့တော်ဝန်၏ မိသားစုအားလုံးတို့သည် မြင်းလှည်းပေါ်မှ ဆင်းလာကြလေသည်။

ဖန်းကျင်းရှမ်းက မြို့တော်ဝန်အား လက်နှစ်ဘက်ဆုပ်၍ အရိုအသေပြုလိုက်သည်။

"ကဲ...လူကြီးမင်းတို့ လိုရာခရီးကို ချောမွေ့စွာပို့ဆောင်ပြီးပါပြီ၊ ဒါကြောင့် ကျုပ်တို့ကို သွားခွင့်ပြုပါဦးခင်ဗျာ"

မြို့တော်ဝန်က ခေါင်းညိတ်လိုက်ပြီး...

"ကောင်းပါပြီဗျာ၊ ဒါနဲ့ ကျုပ်က ခင်ဗျားကိုတွေ့ချင်ရင် ဘယ်မှာတွေ့နိုင်မလဲ"

ဖန်းကျင်းရှမ်းက ပြုံး၍...

"အရှေ့လမ်းမ ကျားမာန်အာမခံဌာနခွဲမှာ ကျုပ်ရှိပါတယ်"

"ခင်ဗျား အဲဒီမှာ ဘယ်လောက်ကြာကြာနေမှာလဲ"

ဖန်းကျင်းရှမ်းသည် ခဏမျှစဉ်းစားပြီး...

"တိတိကျကျ ပြောလို့မရပါဘူး၊ ဒါပေမယ့် နှစ်ကူးပြီးတဲ့အထိတော့ ရှိပါလိမ့်မယ်"

မြို့တော်ဝန်သည် ပြုံးပြလိုက်ပြီး...

"ကောင်းပြီလေ၊ နောက်တစ်ရက်နှစ်ရက်အတွင်း ကျုပ်ခင်ဗျားဆီ လာခဲ့ပါ့မယ်"

ဖန်းကျင်းရှမ်း ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ ကျုပ်က အမြဲပဲကြိုဆိုပါတယ်"

ဖန်းကျင်းရှမ်းသည် ယင်းသို့ပြောပြီး မြင်းလှည်းပေါ်သို့ တက်သွားလေသည်။ မြင်းလှည်းများသည် နောက်သို့ပြန်လှည့်ပြီး ထွက်ခွာသွားကြလေတော့သည်။

မြင်းလှည်းတန်းများသည် ကျားမာန်အာမခံဌာနခွဲသို့ ရောက်ရှိလာသောအခါ ကွမ်းကျုံးရှပ်က အသင့်ကြိုဆိုနေသည်ကို တွေ့မြင်လိုက်ရလေသည်။

မြင်းလှည်းသမားများနှင့် သိုင်းသမားများတို့သည် အန္တ ရာယ်အသွယ်သွယ်ဖြင့် ရင်ဆိုင်ကျော်လွှားခဲ့ရပြီး မိမိတို့၏ဌာနသို့ ပြန်လည်ရောက်လာသောအခါ ဝမ်းသာပျော်ရွှင်နေကြလေသည်။

ဌာနခွဲမှူးများသည် သူတို့အား လှိုက်လှိုက်လှဲလှဲ ကြိုဆို ကြလေသည်။

ပျော်ရွှင်ရယ်မောသံများသည် ကျားမာန်အာမခံဌာနခွဲ တစ်ခုလုံးကို လွှမ်းမိုးရိုက်ခတ်သွားလေတော့သည်။

* * *



ထိုည..

ကွမ်းကျုံးရှပ်သည် ဂုဏ်ပြုညစာစားပွဲတစ်ခု တည်ခင်းဧည့် ကျွေးမွေးလေသည်။

ခရီးတလျှောက်လုံး ပင်ပန်းနွမ်းနယ်လာကြသော လူများ သည် အားရပါးရ စားသောက်ကြပြီး ပျော်မြူးနေကြလေသည်။

ကွမ်းကျုံးရှပ်သည် ဖန်ကျင်းရှမ်း၊ ယန်စုစိန်၊ ယို့လုံး၊ ကျွန်း အာတို့ကို သီးခြားအခန်းတစ်ခုထဲ၌ တည်ခင်းကျွေးမွေးလေသည်။

ဖန်းကျင်းရှမ်းတို့အပြင် ဌာနခွဲမှ တာဝန်ခံများလည်းပါ၏။

ကွမ်းကျုံးရှပ် အရက်တစ်ခွက်ကို မြှောက်ပြလိုက်သည်။

"အခုလို ကျားမာန်အာမခံဌာနက အလွန်ခက်ခဲနက်နဲတဲ့ ့တော်ဝန်လူစုများကို လိုရာခရီးကို အချိန်မီရောက်အောင် ပို့ ဆောင်ပေးခဲ့တဲ့ ဒုဌာနမှူးနဲ့တကွ သွေးသောက်များကိုပါ ဂုဏ်ယူ ကြောင်း ပြောပါရစေ"

ဖန်းကျင်းရှမ်းက ထိုင်ရာမှထလိုက်သည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ အခုလို ချောချောမောမော ရောက်ခဲ့တာလည်း သွေးသောက်များရဲ့ စည်းကမ်းရှိမှု၊ ဇွဲသတ္တိလို့ လ တို့ကြောင့် ဖြစ်တယ်ဆိုတာ မှတ်တမ်းတင်အပ်ပါတယ်ခင်ဗျာ"

ကွမ်းကျုံးရှပ်က အရက်ခွက်ကို မြှောက်ပြလိုက်ပြီး..

"ကဲ..အားလုံး အားရပါးရ စားသောက်ကြပါခင်ဗျာ"

ကွမ်းကျုံးရှပ်က အရက်ခွက်ကို မော့ချလိုက်ရာ ဖန်းကျင်း မ်းတို့လူစုလည်း အရက်များကို ကိုယ်စီမော့၍ သောက်ကြလေ၏။

ကွမ်းကျုံးရှပ်က အားလုံးကို မျက်လုံးတစ်ချက် ဝေ့ကြည့်

လိုက်ပြီး…

"ခင်ဗျားတို့အားလုံး အားရပါးရ သုံးဆောင်ကြပါဗျ
ကျုပ်ကတော့ လူတစ်ယောက်နဲ့ ချိန်းထားလို့ သွားလိုက်ဦးမယ်"

ဖန်းကျင်းရှမ်း မျက်မှောင်ကြုတ်သွားသည်။

"အချိန်မတော် ဌာနမှူးက ဘယ်သူနဲ့သွားတွေ့မှာလဲ"

ဖန်းကျင်းရှမ်းက စိတ်မချဟန်ဖြင့် လှမ်းမေးလိုက်၏။

"ကပ်ဟို့လျန်"

ကွမ်းကျုံးရုပ်၏စကားကြောင့် ဖန်းကျင်းရှမ်း အံ့အားသင့်
သွားသည်။

"သူ ခိုင်ဖုန်းမြို့ ရောက်နေတယ် ဟုတ်လား"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ယမ်းဘီလူးဝမ်းချောင်းလည်း ပါတယ်လို့
ပြောတယ်"

ဖန်းကျင်းရှမ်းမှာ ပို၍အံ့အားသင့်သွားသည်။

"သူတို့နှစ်ယောက် ဘယ့်နှယ်ကြောင့်အတူတူရှိနေပါလိမ့်"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"သူတို့နှစ်ယောက်ဟာ ကိုယ်ကျိုးကိုပဲ ကြည့်တတ်ကြတဲ့
လူမျိုးတွေ၊ ကိုယ့်ရဲ့အကျိုးစီးပွားနဲ့ ပတ်သက်ပြီး ထိပ်တိုက်တွေ့လာ
ရင် ရန်သူဖြစ်သွားကြမှာပဲ၊ သူတို့ဟာ အခြေအနေကိုလိုက်ပြီး
ပြောင်းလဲတတ်တဲ့လူစားတွေပါ"

"ဘယ်အချိန်မှာ ချိန်းထားတာလဲ"

"အခုအချိန်ပဲ"



"ဘယ်နေရာမှာ ချိန်းထားတာလဲ"

"အရှေ့မြို့တံခါး အပြင်ဘက် ဘုံကျောင်းပျက်တစ်ခုထဲမှာ"

ဖန်းကျင်းရှမ်း မျက်မှောင်ကြုတ်သွားသည်။

"မဟုတ်မှလွဲရော သိုးပန်းချီကိစ္စပဲ ဖြစ်ရမယ်"

"သေချာတာပေါ့"

"ဒါဆို ကျုပ်လည်းလိုက်မယ်"

ယန်စုစိန်ကလည်း ပြောလိုက်သည်။

"ကျုပ်လည်း လိုက်မယ်"

ကွမ်းကျုံးရုပ်က သူတို့အား လက်ကာပြလိုက်သည်။

"ဒုဌာနမှူးပဲ ကျုပ်နဲ့လိုက်ခဲ့ပါ"

သူသည် ထိုသို့ပြောပြီးနောက် ယန်စုစိန်ဘက်သို့ လှည့်
လိုက်သည်။

"ခင်ဗျားကတော့ ဒီမှာပဲ ကြည့်ရှုစောင့်ကြပ်နေပါဗျာ"

ယန်စုစိန်မှာ ဘာမျှပြန်မပြောသာတော့ဘဲ နှုတ်ဆိတ်သွား
လေတော့၏။

* * *

ဤနေရာသည် အလွန်ခေါင်သောနေရာ ဖြစ်သည်။

အဆောက်အအုံမှာလည်း ပျက်စီးယိုယွင်းနေ၏။

ကွမ်းကျုံးရုပ်နှင့်ဖန်းကျင်းရှမ်းတို့သည် ထိုဘုံကျောင်းပျ
အနီးသို့ ရောက်ရှိလာသောအခါ ခြေလှမ်းတုံ့ခနဲ ရပ်သွားကြလေ

သူတို့သည် အဆောက်အအုံ၏ အခြေအနေများ
သေချာစွာ အကဲခတ်၍ ကြည့်လိုက်ကြ၏။ ဖန်းကျင်းရှမ်းက
ဆောက်အအုံကို အကဲခတ်နေရာမှ လေသံတိုးတိုးဖြင့်...

“သတိထားပါ ဌာနမှူး၊ ပတ်ဝန်းကျင်မှာ သူတို့လူ
လွှတ်ထားမလား မသိဘူး”

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

“မင်းသားလေးက အမည်းရောင်သိုင်းသမား ဆိုပေမ
ဒီလိုယုတ်မာတဲ့ အကျင့်တော့ ရှိမယ့်ပုံ မပေါ်ပါဘူး”

သူသည် ပြောရင်းဆက်လျှောက်သွားရာ ဖန်းကျင်းရှမ်း
နောက်မှလိုက်သွားလေသည်။

ထိုစဉ်မှာပင် မင်းသားလေးကပ်ဟို့လျန်၏ အသံထွက်
လာသည်ကို ကြားလိုက်ရလေသည်။

“ဟား ဟား ဟား ဌာနမှူးက ကတိတည်သားပဲ”

ထိုအသံနှင့်အတူ မင်းသားလေးကပ်ဟို့လျန်သည်
ကျောင်းပျက်ထဲမှ ထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ကွမ်းကျုံးရုပ်က လက်နှစ်ဘက် ဆုပ်လိုက်သည်။

“မင်းသားလေးက ဖိတ်တော့ လာရမှာပေါ့ဗျာ”

ကပ်ဟို့လျန်က အဆောက်အအုံကို ညွှန်ပြလိုက်ပြီး...



“အထဲကိုကြွကြွပါခင်ဗျာ”

* * *

ဘုံကျောင်းပျက်ထဲ၌ ယမ်းဘီလူး ဝမ်းချောင်းကိုလည်း
တွေ့လိုက်ရလေသည်။

ယမ်းဘီလူးဝမ်းချောင်းအပြင် အခြားလူ(၃)ယောက်ကို
လည်းတွေ့ရလေသည်။

ထိုလူ(၃)ယောက်သည်လည်း ဒုစရိုက်သိုင်းသမားများသာ
ဖြစ်ရမည်ဟု ကွမ်းကျုံးရုပ် ခန့်မှန်းမိသည်။

သူတို့သည် ကွမ်းကျုံးရုပ်နှင့် ဖန်းကျင်းရှမ်းတို့အား ကြို
ဆိုပြီး မြေပေါ်မှာပင် ဝိုင်း၍ထိုင်လိုက်ကြလေသည်။

ကွမ်းကျုံးရုပ်က စတင်မေးလိုက်သည်။

“ကဲ... မိတ်ဆွေတို့အားလုံး ကျုပ်ကို ဖိတ်ခေါ်တဲ့ကိစ္စပြော
ပါဗျာ”

ကပ်ဟို့လျန်က သူ့အား အကဲခတ်ကြည့်သည်။

“ဌာနမှူးက တကယ်ပဲ မသိတာလား”

ကပ်ဟို့လျန်၏ စကားကြောင့် ကွမ်းကျုံးရုပ် မျက်မှောင်
ကြုတ်သွားသည်။

“ခင်ဗျား ဖိတ်ခေါ်တဲ့ကိစ္စကို ကျုပ်ဘယ်လိုလုပ်သိမှာလဲ”

ကွမ်းကျုံးရုပ်က မကျေမနပ်လေသံဖြင့် ပြန်ပြောလိုက်၏။ ကပ်ဟို့လျန်က ချောင်းတစ်ချက် ဟန့်လိုက်၏။

"မြို့တော်ဝန်က သိုးပန်းချီကားချပ် ပေးပို့မယ်လို့ ကတိ ချုပ်တစ်ခု ပေးထားတယ်ဆိုတာ ခင်ဗျား သိတယ်မဟုတ်လား"

"အင်း..ဒါတော့ သိပါတယ်"

"ဒီစာချုပ်ပေါ်မှာ ခင်ဗျားရဲ့ ဒုဌာနမှူးက သက်သေအဖြစ် လက်မှတ်ထိုးတယ်ဆိုတာလည်း ခင်ဗျား သိတယ်မဟုတ်လား"

"သိပါတယ်"

ထိုသို့ပြောပြီးနောက် ကွမ်းကျုံးရုပ်သည် ချောင်းတစ်ချက် ဟန့်ပြီး စကားဆက်လိုက်သည်။

"ဒီစာချုပ်လက်မှတ်ပေါ်မှာ ကျုပ်တို့ဌာနမှူးက လက်မှတ် ထိုးထားတဲ့အတွက် မြို့တော်ဝန်က ကျုပ်တို့ကို စားပြတွေနဲ့ပေါင်း ပါတယ်ဆိုပြီး တရားစွဲနိုင်ပါတယ်၊ ဒါကြောင့် ဒီစာချုပ်ကို အမြန်ဆုံး ပြန်ပေးပါ"

ကပ်ဟို့လျန်က ပြုံးလိုက်သည်။

"ဒါဖြင့် ခင်ဗျားဘာမှ မသိသေးဘူးဆိုတာ ထင်ရှားနေပါ တယ်"

ကွမ်းကျုံးရုပ် မျက်မှောင်ကြုတ်သွားသည်။

"ဘာတွေ ဖြစ်နေသလဲဆိုတာ ပြောစမ်းပါဦးဗျာ"

ကပ်ဟို့လျန်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"အဲဒီ စာချုပ်က မြို့စားကိုယ်ရံတော်ရဲ့ လက်ထဲကို ရောက် သွားပြီလေ"



"ဒါဖြင့်"

ကွမ်းကျုံးရုပ်သည် စကားကို မဆက်နိုင်ဘဲ ကပ်ဟို့လျန် ကို စိုက်ကြည့်မိသည်။

*ယမ်းဘီလူးဝမ်းချောင်းက ကြားဖြတ်ဝင်ပြောလိုက်သည်။*

"မင်းသားလေးက ဒီမြို့ထဲမှာ ကုန်သည်တစ်ယောက် ဖြစ် တဲ့ ချန်ကုဆိုတဲ့လူကို စာချုပ်ပေးလိုက်ပြီး မြို့တော်ဝန်ဆီကို သွား တောင်းခိုင်းလိုက်ပါတယ်"

ကွမ်းကျုံးရုပ် မျက်မှောင်ကြုတ်သွားသည်။

"သူက ချောချောမောမော ပေးလိုက်သလား"

မင်းသားလေးက ခေါင်းညိတ်လိုက်သည်။

"မြို့တော်ဝန်ကတော့ ကတိအတိုင်း ပေးလိုက်တာပေါ့၊ ဒါ ပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သလဲ"

ကွမ်းကျုံးရုပ်က စိတ်မရှည်နိုင်ဟန်ဖြင့် ကြားဖြတ်ဝင်မေး ၏။

ဝမ်းချောင်းက ဝင်ပြောသည်။

"နယ်စားဂေဟဟာ အပြင်ဘက်ကို ရောက်လာတဲ့အခါမှာ လုယူခံလိုက်ရတယ်လေဗျာ"

ကွမ်းကျုံးရုပ်နှင့် ဖန်းကျင်းရှမ်းတို့သည် ယင်းစကားကြား လိုက်ရသောအခါ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ သည်။

* * *

အတန်ကြာမှ ကွမ်းကျိုးရုပ်က မေးလိုက်လေသည်။

"ဒါကို ခင်ဗျားက ကျုပ်တို့ရဲ့ လက်ချက်လို့ သံသယ ဖြစ်နေတယ် မဟုတ်လား"

မင်းသားလေးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ခုတော့ ခင်ဗျား လက်ချက် မဟုတ်မှန်း ကျုပ်တို့ အကဲခတ်မိပါတယ်"

ယမ်းဘီလူးဝမ်းချောင်းက ချောင်းတစ်ချက် ဟန့်လိုက်သည်။

"ဌာနမှူးက ဒီမှာ နယ်ခံလူ ရှိတယ်၊ အပေါင်းအသင်းလည်း ဆန့်တယ်၊ သိုးပန်းချီလုယူတဲ့လူ ဘယ်သူလဲဆိုတာ ကျေးဇူးပြုပြီး စုံစမ်းပေးစေချင်ပါတယ်"

မင်းသားလေးကပ်ဟို့လျန်က လက်နှစ်ဘက်ဆုပ်လိုက်၏။

"ဟုတ်ပါတယ်ဗျာ... ကျုပ်တို့ကို ကူညီပါ"

ကွမ်းကျိုးရုပ်က ထိုင်ရာမှ ထလိုက်လေသည်။

"ကောင်းပြီလေ... ဒါပေမယ့် ကျုပ်က ဒီမှာ ကြာကြာနေမှာ မဟုတ်တော့ ကူညီနိုင်လိမ့်မယ်လို့ မထင်ဘူးဗျ"

ကပ်ဟို့လျန်က ပြုံးလိုက်လေသည်။

"ရပါတယ်ဗျာ၊ ရတဲ့ အချိန်လေးမှာပဲ ကူညီပေးပါလို့ မေတ္တာရပ်ခံပါတယ်"

ကွမ်းကျိုးရုပ် ဘာမျှ ပြန်မပြောချေ။ ဖန်းကျင်းရှမ်းက ထိုင်ရာမှ ထလိုက်လေသည်။

ထို့နောက် သူတို့သည် ကပ်ဟို့လျန်နှင့် ဝမ်းချောင်းတို့ကို



နှုတ်ဆက်ပြီး ထိုင်နေရာမှ ထွက်ခွာလာကြလေသည်။

* * *

လရောင်သည် ထိန်ထိန်သာနေ၏။

ကွမ်းကျိုးရုပ်နှင့် ဖန်းကျင်းရှမ်းတို့သည် မြို့ထဲသို့ ပြန်လည်ဝင်ရောက်လာကြသည်။

ကွမ်းကျိုးရုပ်သည် လမ်းတစ်လျှောက်လုံး စကားမပြောဘဲ တိတ်ဆိတ်နေ၏။

သူသည် သိုးပန်းချီကားချပ်ကို မည်သူမည်ဝါက လုယူသွားသည်ကို စဉ်းစားတွေးတော လာခဲ့ခြင်းကြောင့် ဖြစ်လေသည်။

ဖန်းကျင်းရှမ်းက အသံတိုးတိုးဖြင့်...

"ဌာနမှူး... မင်းသားလေး ပြောတာ ဟုတ်မှ ဟုတ်ရဲ့လား ဗျာ"

ဖန်းကျင်းရှမ်းမှာ သံသယဝင်လျက် ရှိသည်။

ကွမ်းကျိုးရုပ်က သူ့အား လှည့်ကြည့်လိုက်သည်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျား ဘယ်လိုထင်နေသလဲ"

ဖန်းကျင်းရှမ်းက ပြုံးလိုက်သည်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ်က အကြောင်းသုံးမျိုး ဖြစ်နိုင်တယ်လို့ ယူဆပါတယ်"

"ပြောစမ်းပါဦး"

"ပထမအကြောင်းကတော့ မင်းသားလေးက ဝမ်းချောင်းတို့လူစု မနှောင့်ယှက်ရလေအောင် သိုးပန်းချီကားကို ခုနစ်ရက်နဲ့ အလုခံရတယ်လို့ ပရိယာယ်ဆင်လိုက်တာ ဖြစ်နိုင်တယ်"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ဆက်ပြောပါဦး"

"ဒုတိယအကြောင်းကတော့ မြို့တော်ဝန်က ကတိမပျက်ရလေအောင် သိုးပန်းချီပေးလိုက်ပြီးမှ လူလွှတ်ပြီး ပြန်လုယူထားတာ ဖြစ်နိုင်တယ်"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ဒါလည်း ဖြစ်နိုင်တာပဲ"

ဖန်းကျင်းရှမ်းက စကားဆက်လိုက်သည်။

"တတိယအကြောင်းကတော့ ဒီသိုးပန်းချီကို ကြားက လူတစ်ယောက် တကယ်ပဲ လုယူသွားတာ ဖြစ်ရမယ်"

"ခင်ဗျား အခုလို ဝေဖန် လေ့လာတာ သဘာဝကျပါတယ်ဗျာ၊ ဒါပေမယ့် ဘယ်ဟာက ပိုပြီး မှန်ကန်မယ်ဆိုတာ ဆက်လက်စုံစမ်းဖို့တော့ လိုတယ်ဗျ"

သူတို့သည် ပြောဆိုယင်း လျှောက်လာရာ ကျားမာန်အာ မစ်ဌာနခွဲရှိရာသို့ ပြန်လည်ရောက်ရှိလာလေသည်။

* * *



ကွမ်းကျုံးရုပ်နှင့် ဖန်းကျင်းရှမ်းတို့သည် အဆောက်အအုံသို့ လှမ်းဝင်လိုက်သည်နှင့် ဧည့်ခန်း၌ လူတစ်ယောက် ထိုင်စောင့်နေသည်ကို မြင်တွေ့လိုက်ရလေသည်။ ကွမ်းကျုံးရုပ်တို့အား ယန်စုစိန်က ထိုသူနှင့် မိတ်ဆက်ပေးသည်။

"ဌာနမှူး... ဟောဒီ မိတ်ဆွေဟာ နယ်စားကြီးဂေဟာက လွှတ်လိုက်တဲ့ ပုဂ္ဂိုလ်ပါ"

ကွမ်းကျုံးရုပ်နှင့် ဖန်းကျင်းရှမ်းတို့က ထိုလူအား အကဲခတ်ကြည့်ရှုလိုက်သည်။

ထိုသူမှာ ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်ကြောင်း အကဲခတ်မိလေသည်။

ကွမ်းကျုံးရုပ်သည် လက်နှစ်ဘက်ဆုပ်ကာ ဦးညွတ်လိုက်သည်။

"ကျုပ်က ဌာနမှူး ကွမ်းကျုံးရုပ်ပါ၊ အချိန်မတော် ဘာကိစ္စကြွလာပါသလဲ ခင်ဗျာ"

ထိုလူက ထိုင်ရာမှ ထလိုက်ပြီး ပြန်လည် အရိုအသေ ပြုလိုက်သည်။

"ကျုပ်နာမည်က ဆင်းပေတုပါ၊ နယ်စားကြီးက ဌာနမှူးကို အရေးတကြီး တွေ့ချင်တယ်ဆိုလို့ လာခဲ့တယပါ"

ကွမ်းကျုံးရုပ် မျက်မှောင်ကြုတ်သွားသည်။

"နယ်စားကြီးက ဘာကိစ္စနဲ့ ကျုပ်ကို တွေ့ချင်ရတာလဲ"

ဆင်းပေတုက မြေးလိုက်သည်။

"ဟိုရောက်ရင် သိမှာပေါ့ဗျာ"

ကွမ်းကျုံးရုပ်က ချောင်းတစ်ချက် ဟန့်လိုက်သည်။

"အေးပါဗျာ၊ နယ်စားကြီးက ခေါ်တယ်ဆိုတော့ ကျုပ်မလိုက်လို့ ဘယ်ဖြစ်ပါ့မလဲ"

ထိုစဉ် ဖန်းကျင်းရှမ်းက ကြားဖြတ်ဝင်ဖြေလိုက်လေသည်။

"ဌာနမှူးခင်ဗျာ၊ ကျုပ်ပါ လိုက်ပါ့မယ်"

ဆင်းပေတုက ပြုံးပြလိုက်သည်။

"နယ်စားကြီးက ဌာနမှူးတစ်ယောက်တည်းကိုပဲ ဖိတ်ပါတယ်ခင်ဗျ"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်လေသည်။

"ခင်ဗျား၊ နေရစ်ခဲ့ပါဗျာ"

ဖန်းကျင်းရှမ်းမှာ ဘာမျှ မတတ်နိုင်ဘဲ အသာငြိမ်နေလိုက်ရ၏။ ကွမ်းကျုံးရုပ်သည် ဆင်းပေတုနှင့်အတူ ထွက်ခွာလိုက်ပါသွားသည်။



နယ်စားကြီး၏ဂေဟာသည် အလွန်ခန့်ညား ထည်ဝါလှပေသည်။

နယ်စားကြီးဂေဟာသို့ သွားရာ လမ်းပေါ်၌ ကိုယ်ရံတော်တပ်သားများသည် တန်းစီ၍ စောင့်ကြည့်လျက် ရှိသည်ကို တွေ့ရသည်။

ကွမ်းကျုံးရုပ်သည် ဆင်းပေတုနောက်မှ နေ၍ လိုက်သွားရာ ကိုယ်ရံတော်တပ်သားများသည် ဆင်းပေတု ပါရှိနေသည့်အတွက် သူ့အား ဟန့်တားခြင်း မပြုဘဲ ဝင်ခွင့်ပြုလိုက်လေသည်။

ကွမ်းကျုံးရုပ်သည် နယ်စားကြီးဂေဟာထဲသို့ လှမ်းဝင်လိုက်သောအခါ ကျယ်ဝန်းသော ဧည့်ခန်းမတစ်ခုအား တွေ့မြင်လိုက်ရလေသည်။

ဝဲယာတစ်ဘက်တစ်ချက်တွင် သံခမောက်ဆောင်းလျက် သံမဏိအင်္ကျီများ ဝတ်ဆင်ထားသော ဓားပ်သားများက လှံတံကိုင်လျက် တန်းစီ၍ ရပ်နေသည်ကိုပါ တွေ့မြင်လိုက်ရလေသည်။

သူတို့သည် ဧည့်ခန်းထဲသို့ လှမ်းဝင်လိုက်သောအခါ အနက်ရောင်ဝတ်ဆင်ထားသော လူနှစ်ယောက်က ကွမ်းကျုံးရုပ်အား ဟန့်တားလိုက်သည်။

"မိတ်ဆွေ၊ ခင်ဗျားရဲ့ လက်နက်ပုန်းတွေကို အပြင်မှာ ထားခဲ့ပါ"

ကွမ်းကျုံးရုပ်က ပြုံးပြလိုက်သည်။

ထို့နောက် သူ့ကိုယ်ပေါ်တွင် ရှိသော ဓားတစ်လက်နှင့် လက်နက်ပုန်း(၁၂)ခုကို ထုတ်ပေးလိုက်လေသည်။ ဆင်းပေတုက

အသံတိုးတိုးဖြင့် တောင်းပန်စကား ဆိုလိုက်သည်။

"ဒါကတော့ နယ်စားဂေဟာရဲ့ စည်းကမ်းပါ။ စိတ်မရှိပါနဲ့"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"ကိစ္စ မရှိပါဘူးဗျာ"

သို့ဖြင့် သူတို့သည် ဆက်လက်၍ ဝင်သွားရာ ဧည့်ခန်းထဲ သို့ လူတစ်ယောက်သည် ကျားသားရေ ခင်းထားသော ကုလားထိုင် တစ်လုံးပေါ်၌ အခန့်သားထိုင်နေသည်ကို တွေ့မြင်ရလေသည်။

ထိုလူသည် သားရေဖြင့် ချုပ်ထားသော အင်္ကျီ ဝတ်ထား ပြီး ပန်းနုရောင်ရင်ဖုံးအင်္ကျီ ဝတ်ဆင်ထားသည်။

ရင်ဖုံးအင်္ကျီပေါ်၌ ရွှေချည်ဖြင့် နဂါးရုပ်ထိုးထားသည်ကို တွေ့ရသည်။

အသက်(၅၀)ကျော်ခန့် ရှိပြီး မုတ်ဆိတ်မွေး ထူလဗျစ် ရှိ နေသည်ကို တွေ့ရသည်။

သူ၏နံဘေးတွင် အစိမ်းရောင်အင်္ကျီရှည် ဝတ်ဆင်ထား သော လူတစ်ယောက် ရပ်နေ၏။

ကွမ်းကျုံးရုပ်သည် ထိုအစိမ်းရောင် ဝတ်ဆင်ထားသောသူ ကို ပီကင်းမြို့တွင် တစ်ကြိမ် တွေ့ဆုံခဲ့ဖူးသည်။

ထိုလူမှာ ကျားမာန်အာမခံဌာနအား ငှားရမ်းခဲ့သော မြို့ တော်ဝန်ပင် ဖြစ်လေသည်။ ဆင်းပေတုက ရှေ့သို့ ခြေလှမ်းလှမ်း လိုက်လေသည်။

ထို့နောက် ရိုသေလေးစားစွာ ဦးညွတ်လိုက်သည်။

"နယ်စားကြီး ခင်ဗျာ၊ ကွမ်းကျုံးရုပ် ရောက်လာပါပြီ ခင် ဗျာ"



နယ်စားကြီးက ချောင်းတစ်ချက် ဟန့်လိုက်ပြီး လက်ထဲမှ ...ဆးတံကို ချလိုက်သည်။

ဆင်းပေတုက နောက်သို့ ဆုတ်သွားပြီးလျှင် တိတ်ဆိတ် ... ရပ်နေ၏။

ကွမ်းကျုံးရုပ်က ဒူးထောက်၍ အရိုအသေ ပြုလိုက်လေ ...သည်။

နယ်စားကြီးက လက်ဝှေ့ယမ်းလိုက်သည်။

"ဒါက ကျုပ်ရဲ့ ကိုယ်ပိုင်အခန်းပါ၊ အခုလို အရိုအသေ ပြု ... မလိုပါဘူး ခင်ဗျာ"

"ကျေးဇူးတင်ပါတယ် နယ်စားကြီး"

ကွမ်းကျုံးရုပ်သည် ပြောပြီးသည်နှင့် ထိုင်ရာမှ ထလိုက်ပြီး ...ါင်းငုံ့ထားလိုက်လေသည်။

နယ်စားကြီးက သူ့အား အကဲခတ်ကြည့်လိုက်သည်။

"မင်းက နာမည် တော်တော် ကြီးတာပဲ၊ သိုင်းလောကသား ...တွကို မင်းက အတော်ကျွမ်းကျင်ပုံ ရတယ်"

ကွမ်းကျုံးရုပ်က ဦးညွတ်လိုက်သည်။

"ကျွန်တော်မျိုးက ကုန်သည်ပါ၊ ဘယ်သူနဲ့မဆို အဆင်ပြေ ...တင် ပေါင်းသင်းဆက်ဆံနေရပါတယ်"

နယ်စားကြီးက ခေါင်းညိတ်လိုက်သည်။

"ဒါ ဟုတ်တာပေါ့"

ထိုသို့ပြောပြီးနောက် နယ်စားကြီးသည် ကွမ်းကျုံးရုပ်အား

တစ်ချက်လှမ်းကြည့်လိုက်သည်။

ထို့နောက် စကားဦး လှည့်လိုက်သည်။

"မင်းတို့ ကျားမာန်အာမခံဌာနက ငါတို့ မြို့တော်ဝန်က
ချောချောမောမော ပို့ဆောင်နိုင်ခဲ့တဲ့အတွက် ငါက ဆုငွေပေးရမ
ပေါ့"

ပြောပြောဆိုဆိုဖြင့် နယ်စားကြီးက လက်ခုပ်တစ်ချက် တီ
လိုက်သည်။

အပြာရောင်ဝတ်ဆင်ထားသော လူတစ်ယောက်က အ
ဘက်မှ ထွက်လာပြီး နယ်စားကြီးအား ဦးညွှတ်လိုက်လေသည်။

"ဌာနမှူးကို ငွေတစ်ထောင် ပေးလိုက်ပါ"

နယ်စားကြီးက အမိန့်ပေးလိုက်ရာ ထိုလူသည် ဦးညွှတ်
အတွင်းဘက်သို့ ပြန်လည်ဝင်သွားလေသည်။

သို့သော် သိပ်မကြာလိုက်ပေ။ သူသည် ချက်ချင်းပင် ပြ
လည်ထွက်လာ၏။

သူ၏လက်ထဲတွင် ငွေစက္ကူလက်မှတ်များ ပါရှိလာသည်

သူသည် ထိုငွေလက်မှတ်များကို ကွမ်းကျုံးရုပ်အား ရိုသေ
စွာဖြင့် လှမ်းပေးလိုက်လေသည်။

ကွမ်းကျုံးရုပ်က လှမ်းယူလိုက်ပြီးနောက် နယ်စားကြီးအ
ဦးညွှတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ် နယ်စားကြီး"

နယ်စားကြီးက လက်ကာပြလိုက်သည်။

"မလိုပါဘူး၊ မင်းဆီက အကူအညီတစ်ခု လိုချင်သေးတယ်



နယ်စားကြီး၏စကားကြောင့် ကွမ်းကျုံးရုပ်က မျက်မှောင်
ကြုတ်သွားလေသည်။

"ကျွန်တော်မျိုး ဘာအကူအညီ ပေးရမှာလဲ ခင်ဗျာ"

နယ်စားကြီးက ဆင်းပေတုဘက်သို့ လှည့်လိုက်သည်။

"ကဲ... ဆင်းပေတု မင်းနဲ့ဆက်ပြီး ဆွေးနွေးပါ"

နယ်စားကြီးက ထိုသို့ ပြောပြီးနောက် တစ်ဘက်သို့ လှည့်
သွားသည်။

ဆင်းပေတုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ နယ်စားကြီး"

ဆင်းပေတုသည် ယင်းသို့ပြောပြီး ကွမ်းကျုံးရုပ်ဘက်သို့
လှည့်လိုက်သည်။

"အပြင်ကို ကြွပါခင်ဗျာ"

ထိုသို့ ပြောပြီးနောက် ဆင်းပေတုက ရှေ့မှ ဦးဆောင်
သွားလေသည်။

* * *

ဤနေရာသည် နယ်စားကြီးဂေဟာ ခြံဝင်းထဲမှ အဆောက်အအုံတစ်ခု ဖြစ်သည်။

ဤအခန်းသည် ယင်းအဆောက်အအုံ၏ သီးသန့်အခန်းတစ်ခု ဖြစ်လေသည်။

ယင်းသီးသန့်အခန်း၌ ကွမ်းကျုံးရုပ်နှင့် ဆင်းပေတုတို့သည် မျက်နှာချင်းဆိုင် ထိုင်နေကြသည်။

ကွမ်းကျုံးရုပ်က စကားကို စတင်လိုက်လေသည်။

"ကဲ... မိတ်ဆွေကိစ္စကို ပြောပါ"

ကွမ်းကျုံးရုပ်တို့မှာ လိုရင်းကိစ္စကို သိချင်ဇော ပြင်းထန်နေသလောက် ဆင်းပေတုမှာ အေးတိအေးစက် နိုင်လှပေ၏။

"ဒီကိစ္စ မပြောမီ စာချုပ်ကိစ္စကို ပထမဆုံး ပြောရဦးမယ်"

ဆင်းပေတုက စကားပလ္လင်ခံနေပြန်သေးသည်။

ကွမ်းကျုံးရုပ် မျက်မှောင်ကြုတ်သွားသည်။

"ဆိုစမ်းပါဦးဗျာ"

ဆင်းပေတုက ပြုံးပြလိုက်သည်။

"မင်းသားလေး ကပ်ဟို့လျန်နဲ့ မြို့တော်ဝန်စာချုပ် ချုပ်တဲ့အပေါ်မှာ ခင်ဗျား၏ ဒုဌာနမှူး ဖန်းကျင်းရှမ်းက လက်မှတ်ထိုးတာကို ခင်ဗျားသိတယ် မဟုတ်လား"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"သိပါတယ်"

"အဲဒီလို လက်မှတ်ထိုးထားတဲ့အတွက် နယ်စားကြီးက ခင်ဗျားတို့ကို တရားစွဲနိုင်တယ်၊ ဓားပြတွေနဲ့ ပေါင်းတယ်ဆိုပြီး အာမခံ



ဌာနကို ဝိတ်နိုင်တယ်ဆိုတာ ခင်ဗျားလဲ သိပါတယ်"

ဆင်းပေတုက ကွမ်းကျုံးရုပ်အား စေ့စေ့ကြည့်ယင်း ပြောလိုက်သည်။

ကွမ်းကျုံးရုပ်မှာ မျက်နှာပျက်သွားသည်။

"ကျုပ်တို့ ဒုဌာနမှူးက သက်သေအဖြစ် လက်မှတ်ထိုးတာပါ"

"မှန်ပါတယ်... အာဏာပိုင်က ဒီလို မယူဆပါဘူး၊ သူတို့က ဓားပြနဲ့ ပေါင်းတယ်လို့ပဲ ယူဆကြလိမ့်မယ်"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"မြို့တော်ဝန်က ရှင်းမပြဘူးလား"

"သူရှင်းပြလို့ ခင်ဗျား အခုလို သက်သာနေတာပေါ့"

ကွမ်းကျုံးရုပ် သက်ပြင်းတစ်ချက်ချလိုက်သည်။ အခြေအနေမှာ ကျဉ်းထဲကျပ်ထဲ ရောက်နေပြီဖြစ်ကြောင်း ကွမ်းကျုံးရုပ် တွေးမိလေသည်။

"ကဲ... ကျုပ်ကို ဘာပြောမလဲ လိုရင်းကိုသာ ပြောပါဗျာ"

ဆင်းပေတုက ချောင်းတစ်ချက် ဟန့်လိုက်သည်။

"ဒီလိုပါ ဌာနမှူး မင်းသားလေးဟာ ချန်ကုဆိုတဲ့ လူကို လွှတ်ပြီး သိုးပန်းချီကို လာတောင်းပါတယ်... မြို့တော်ဝန်က ကတိစာချုပ်အတိုင်း သိုးပန်းချီကို ပေးလိုက်ပါတယ်၊ ဒါပေမယ့် သူတို့မြို့ပြင်ဘက် ရောက်သွားတဲ့အခါမှာ အလုခံလိုက်ရပါတယ်"

ကွမ်းကျုံးရုပ်က မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားတို့က ကျုပ်တို့ လုယူတယ်လို့ သံသယဖြစ်နေလို့

လား"

ဆင်းပေတုက ခေါင်းကို တွင်တွင်ခါယမ်းလိုက်သည်။

"ဒီလို မဟုတ်ရပါဘူးဗျာ"

"ဒါဖြင့်..."

"ဒီသိုးပန်းချီကားချပ် ဘယ်သူ့လက်ထဲ ရောက်သွားသလဲ အဲဒီ သိုးပန်းချီကားချပ်ကို မရရအောင် ယူပေးပါလို့ နယ်စားကြီးက အကူအညီ တောင်းလိုက်တာပါ"

ကွမ်းကျုံးရှပ် မျက်မှောင်ကြုတ်သွားသည်။

"ဘယ်သူ လုသွားမှန်းမသိဘဲ ဘယ်လိုလုပ်ပြီး ရအောင် ပြန်ယူပေးရမှာလဲဗျ"

ဆင်းပေတုက ပြုံးပြလိုက်သည်။

"ဒါက ဒီလို ရှိတယ်လေဗျာ... ဒွာနမှူးက အပေါင်းအသင်းများတယ်၊ သိုင်းလောကကို ကျွမ်းကျင်တယ်၊ ဒါကြောင့် စုံစမ်းလိုက်ရင် သတင်းအနံ့တော့ ရလာမှာပေါ့"

ကွမ်းကျုံးရှပ်က ခေါင်းခါယမ်းလိုက်သည်။

"ဒီကိစ္စကို ကျုပ်စိတ်မဝင်စားလို့ ဝမ်းနည်းပါတယ်လို့ ပြောလိုက်ပါဗျာ"

ဆင်းပေတုက မဲ့ပြုံးပြုံးရင်း ကွမ်းကျုံးရှပ်ကို စူးစိုက်ကြည့်လိုက်သည်။

"မိတ်ဆွေ..ခင်ဗျားကို လက်မှတ်ထိုးထားတဲ့စာချုပ် နယ်စားကြီးလက်ထဲမှာ ရှိနေသေးတယ်ဆိုတာ သတိရစေချင်တယ်"

ဆင်းပေတု၏ စကားကြောင့် ကွမ်းကျုံးရှပ် ထောင်းခနဲ



ဒေါသထွက်သွား၏။

သို့သော် ချက်ချင်းပင် ဒေါသကို ချုပ်တည်းလိုက်သည်။

"ခင်ဗျားတို့က ခြိမ်းခြောက်တာလား"

ဆင်းပေတုက လက်ကာပြလိုက်သည်။

"အထင်မလွဲပါနဲ့ဗျာ၊ နယ်စားကြီးက ခင်ဗျားကို ယုံကြည်စိတ်ချလို့ အားကိုးတဲ့အနေနဲ့ အကူအညီတောင်းတာပါဗျာ"

ကွမ်းကျုံးရှပ်က ယင်းစကားကြားလိုက်တော့မှ ဘဝင်ကျသွားလေသည်။

"ခင်ဗျားက ဒီလိုပြောမှတော့ ကျုပ်က လက်ခံရမှာပေါ့ဗျာ"

ဆင်းပေတုက ပြုံးပြလိုက်သည်။

"အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ"

ထိုသို့ပြောဆိုပြီးနောက် ဆင်းပေတုသည် ထိုင်ရာမှထလိုက်သည်။

"ကဲ...အချိန်လည်း အတော်ညဉ့်နက်လှပြီ၊ ခင်ဗျား သွားနိုင်ပါပြီဗျာ၊ အကြောင်းထူးရင် ကျေးဇူးပြုပြီး အကြောင်းကြားပါ"

"ဟုတ်ကဲ့ စိတ်ချပါ"

ကွမ်းကျုံးရှပ်သည် ဆင်းပေတုအား နှုတ်ဆက်၍ နယ်စားကြီးဂေဟာမှ ထွက်ခွာသွားလေတော့သည်။

* * *

"ဖြောက်...ဖြောက်...ဖြောက်"

ဖြောက်အိုးသံများ ဆူညံစွာ ထွက်ပေါ်နေ၏။

နှစ်ဟောင်းကြွေ၍ နှစ်သစ်ပင် ကူးခဲ့ပြီဖြစ်သည်။

ကျားမာန်အာမခံဌာနခွဲ၏ အဆောက်အအုံတစ်ခုလုံးမှာ နှစ်သစ်ကူး မင်္ဂလာ၏ အငွေ့အသက်များ လွှမ်းမိုးနေလေသည်။

ကျားမာန်အာမခံဌာနမှ လူများသည် ပျော်ရွှင်စွာဖြင့် နှစ်သစ်ကူး ထမင်းစားပွဲကို ဆင်ယင်ကျင်းပလျက် ရှိပေသည်။

သူတို့သည် ပျော်ပျော်ရွှင်ရွှင်ဖြင့် စားသောက်နေကြစဉ် တံခါးခေါက်သံ ကြားလိုက်ရသဖြင့် ဌာနခွဲတာဝန်ခံ လင်တာ့ရစ်မှာ မျက်မှောင်ကြုတ်သွားမိသည်။

"ဟောဗျာ နှစ်သစ်ကူးပျော်ပွဲစားနေတာ ဘယ်သူကများ လာပြီး နှောင့်ယှက်ဦးမလို့လဲ မသိဘူး"

သူသည် ပြောပြောဆိုဆိုဖြင့် တံခါးသွားဖွင့်ပေးလိုက်သည်။

သို့သော် အပြင်ဘက်၌ လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရဘဲ ဖြစ်နေသည်။

"ဘယ်သူကလာပြီး နှောင့်ယှက်ပါလိမ့်"

လင်တာ့ရစ်က ညည်းညူယင်း တံခါးကို ပြန်ပိတ်မည်ပြုရာ သူ၏မျက်လုံးအစုံသည် မြေပေါ်သို့ အမှတ်မထင် ကြည့်လိုက်မိသည်။

တံခါးပေါက်ရှေ့ မြေပေါ်တွင် အနီရောင် သေတ္တာကလေး တစ်လုံး ချထားသည်ကို တွေ့လိုက်ရလေသည်။



သူသည် ကောက်ယူ၍ ကြည့်လိုက်ရာ ယင်းသေတ္တာပေါ်၌ အနီရောင်စက္ကူတစ်ခု ကပ်ထားသည်ကို တွေ့ရသည်။ အနီရောင် စက္ကူပေါ်တွင်...

"ဒုဌာနမှူး ဖန်းကျင်းရှမ်းအတွက် နှစ်သစ်ကူးမင်္ဂလာလက်ဆောင်"

ဟု ရေးသားထားသည်ကို တွေ့ရသည်။

လင်တာ့ရစ်သည် တံခါးဝ ပြန်ပိတ်လိုက်ပြီး သေတ္တာကလေးကိုယူ၍ ဖန်းကျင်းရှမ်းထံသို့ လျှောက်လာသည်။

* * *

ကွမ်းကျုံးရပ်က လင်တာ့ရစ် ပြန်ရောက်လာသည်ကို တွေ့ရသဖြင့် လှမ်းမေးလိုက်၏။

"တံခါးခေါက်တာ ဘယ်သူလဲ"

လင်တာ့ရစ်က ခေါင်းခါယမ်းလိုက်သည်။

"မသိဘူးဗျ"

ထိုသို့ ပြောပြီး သေတ္တာကလေးအား မြှောက်ပြလိုက်လေသည်။

"လူကိုတော့ မတွေ့ဘူး၊ ဟောဒီ သေတ္တာကလေး ချထားတာကိုပဲ တွေ့ရတယ်"

ကွမ်းကျုံးရုပ် မျက်မှောင်ကြုတ်သွားသည်။

"ဘယ်သူ့ သေတ္တာလဲ"

ကွမ်းကျုံးရုပ်က သေတ္တာကို လှမ်းကြည့်ယင်း မေးလိုက်သည်။

လင်တာ့ရစ်က ဖန်းကျင်းရှမ်းထံသို့ သေတ္တာကလေး လှမ်းပေးလိုက်သည်။

"ဒုဌာနမှူးကို နှစ်သစ်ကူးပေးတဲ့ လက်ဆောင်ပါ"

ကွမ်းကျုံးရုပ်က ဖန်းကျင်းရှမ်းဘက်သို့ လှည့်လိုက်သည်။

"ခိုင်ဖုန်းမြို့မှာ ခင်ဗျား မိတ်ဆွေ ရှိလို့လား"

ဖန်းကျင်းရှမ်းက သေတ္တာကလေးကို လှမ်းယူယင်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်တော့ ဘယ်သူ့ကိုမှ မသိဘူးလို့ ထင်တာပဲ"

ယန်စုစိန်က...

"သေတ္တာကလေးထဲမှာ ဘာတွေ ထည့်ထားမှန်း မသိဘူး"

ကွမ်းကျုံးရုပ်က...

"ကဲ... တံခါးဝမှာ သွားဖွင့်ကြည့်ပါ၊ ဖွင့်တဲ့အခါမှာလည်း သတိထားဦးနော်"

ဖန်းကျင်းရှမ်းက ဦးခေါင်းညိတ်လိုက်ပြီး သေတ္တာကလေးကို ယူကာ တံခါးဝရှိရာသို့ လျှောက်သွားလေသည်။

ထို့နောက် တံခါးကိုဖွင့်ကာ အပြင်သို့ လှမ်းထွက်လိုက်သည်။

ပြီးနောက် သေတ္တာကလေးပေါ်၌ ကပ်ထားသော စက္ကူ



များကို သတိကြီးစွာဖြင့် ဖယ်ရှားလိုက်လေသည်။

ထို့နောက် သူသည် သေတ္တာကလေးအား လှုပ်ကာ ကြည့်သည်။

အသံ လုံးဝ မကြားပေ။ ထို့ကြောင့် သူသည် လက်ကို ဆန့်ထုတ်လိုက်ပြီး သေတ္တာအဖုံးအား ဖြည်းညင်းစွာ ဖွင့်လိုက်လေသည်။

ကွမ်းကျုံးရုပ်တို့လူစု၏ မျက်လုံးများသည် သေတ္တာလေးကို စိတ်ဝင်စားစွာ စူးစိုက်ကြည့်နေကြ၏။

အသက်ရှူရန်ပင် မေ့လျော့နေပြီး မျက်တောင်မခတ် စိုက်ကြည့်နေကြလေသည်။

* * *

သေတ္တာကလေး၏အဖုံး ပွင့်သွားပြီ ဖြစ်သည်။

မည်သည့် ပေါက်ကွဲမှုမျှ ဖြစ်ပေါ်ခြင်း မရှိပေ။

အတန်ကြာတော့မှ ဖန်းကျင်းရှမ်းက ဆန့်ထုတ်ထားသော လက်ကို ပြန်ကွေးလိုက်၏။

သူ၏မျက်လုံးအစုံသည် သေတ္တာကလေးထဲသို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ သူ၏ မျက်လုံးအစုံမှာ ရုတ်တရက် ပြူးကျယ်သွား

ရသည်။

အကြောင်းမှာ ထိုသေတ္တာငယ်ကလေးထဲ၌ ခေါက်ထား
သော ပန်းချီကားချပ်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေ၏။

ယန်စုစိန်က စိတ်မရှည်နိုင်ဘဲ လှမ်းမေးလိုက်သည်။

"ဦးလေးဖန်း... သေတ္တာထဲမှာ ဘာတွေပါသလဲဗျ"

ဖန်းကျင်းရှမ်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ပန်းချီကားချပ်တစ်ခုပါကွာ"

သူသည် ပြောယင်း ပန်းချီကားချပ်ကို လှမ်းယူလိုက်ပြီး
သေတ္တာကလေးကို ချထားလိုက်သည်။

ထို့နောက် ပန်းချီကားချပ်ကို ဖြန့်ကြည့်ရင်း စားပွဲရှိရာသို့
ပြန်လည်လျှောက်လာလေသည်။

ကွမ်းကျုံးရပ်က မျက်မှောင်ကြုတ်ယင်း...

"ဘာပန်းချီကားချပ်လဲဟေ့"

"သိုးပန်းချီပါ"

ဖန်းကျင်းရှမ်းက ပြောယင်း လက်နှစ်ဘက်ဖြင့် လှမ်းပေး
လိုက်လေသည်။

ကွမ်းကျုံးရပ်က ထိုပန်းချီကားချပ်ကို ကမန်းကတန်း ဖြန့်
ကြည့်လိုက်သည်။

ထို့နောက် ဖန်းကျင်းရှမ်းအား လှည့်ကာ...

"မြို့တော်ဝန်ဆီမှာ ရှိတဲ့ သိုးပန်းချီဆိုတာ ဒါလား"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ဗျာ"



ကွမ်းကျုံးရပ်သည် စားပွဲပေါ်ရှိ ပန်းကန်များကို ချက်ချင်း
ယ်ရှားလိုက်လေသည်။

ဖယောင်းတိုင်မီးများကိုလည်း ထပ်မံထွန်းညှိလိုက်၏။

ထို့နောက် ပန်းချီကားချပ်ကို စားပွဲပေါ်၌ ဖြန့်ထားလိုက်
သည်။

"ဒီပန်းချီကားကို ဒီလောက်လူများများက လုယူချင်ကြ
တယ်ဆိုတာ ဘာများထူးခြားသလဲဆိုတာ ကြည့်ရဦးမယ်"

သူသည် သိုးပန်းချီကားကို သေချာစွာ လေ့လာကြည့်ရှုနေ
လေသည်။

ထိုစဉ်မှာပင် ချောင်းဟန့်သံတစ်ချက် ကြားလိုက်ရ၏။

ကွမ်းကျုံးရပ် လှမ်းကြည့်လိုက်ရာ ဆင်းပေတု တစ်ယောက်
တံခါးဝ၌ ရပ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ဆင်းပေတုက သူ့အားပြုံးပြလိုက်လေသည်။

"ခင်ဗျားလာတာ အတော်ပဲဗျ၊ ဝင်လာခဲ့ပါဗျာ"

ဆင်းပေတုသည် အခန်းထဲကို လှမ်းဝင်လိုက်လေသည်။

ကွမ်းကျုံးရပ်သည် သိုးပန်းချီကို ပြန်လည်ခေါက်ထားလိုက်
ပြီး သေတ္တာထဲသို့ ထည့်ထားလိုက်လေသည်။

ထို့နောက် ဆင်းပေတုအား နေရာထိုင်ခင်း ပေးလိုက်၏။

"ဒါနဲ့ သိုးပန်းချီကို ခင်ဗျား မမြင်ဖူးဘူးထင်တယ်"

ဆင်းပေတုက ခေါင်းခါယမ်းလိုက်သည်။

"မမြင်ဖူးပါဘူး"

ကွမ်းကျုံးရပ်က ပြုံးလိုက်သည်။

ထို့နောက် ဝမ်းသာအားရလေသံဖြင့်...

"အခု သိုးပန်းချီကားချပ် ကျုပ်လက်ထဲရောက်နေပြီဗျ"

ဆင်းပေတ့ မျက်မှောင်ကြုတ်သွားသည်။ သူသည် အံ့သြသောမျက်လုံးအစုံဖြင့် ကွမ်းကျုံးရုပ်ကို လှမ်းကြည့်ရင်း...

"ဟောဗျာ မြန်လှချည်လား"

ကွမ်းကျုံးရုပ် ပြုံးလိုက်သည်။

"ကျုပ်ကို အထင်မကြီးပါနဲ့၊ကျုပ်ဘာမှမလုပ်ရသေးပါဘူး"

ဆင်းပေတ့က ပြုံးလိုက်သည်။

"ခင်ဗျားလက်ထဲကို အလိုအလျောက် ရောက်လာတာတော့ မဟုတ်ပါဘူးနော်"

ကွမ်းကျုံးရုပ်က ရယ်မောလိုက်သည်။

"ခင်ဗျား လွဲနေပြီဗျ၊ ဒီပန်းချီကားက ကျုပ်လက်ထဲကို အလိုအလျောက် ရောက်လာတာဗျ"

ဆင်းပေတ့မှာ ပါးစပ် အဟောင်းသားဖြစ်သွားသည်။ နားမလည်နိုင်သဖြင့် ကွမ်းကျုံးရုပ်ကို လှမ်းကြည့်ရင်း...

"ခင်ဗျား တကယ်ပြောနေတာလား"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"ခင်ဗျားလို ရာထူးရာခံရှိတဲ့ လူတစ်ယောက်ကို ကျုပ်က လိမ်ပြောပံ့ပါ့မလား"

ကွမ်းကျုံးရုပ်က ပြောပြောဆိုဆိုဖြင့် သေတ္တာကလေးအား လှမ်းပေးလိုက်လေသည်။

"ကဲ...ရော့၊ ဒီပန်းချီကားပဲ၊ ယူသွားပါတော့၊ နယ်စားကြီးကိုလည်း ကျုပ်တာဝန်ကျေတဲ့အကြောင်း ပြောပြပါ"



ဆင်းပေတ့သည်သေတ္တာကလေးအားလှမ်းယူလိုက်သည်။

"နယ်စားကြီးကတော့ ခင်ဗျားကို ကျေးဇူးတင်မှာပါ"

ကွမ်းကျုံးရုပ်က ခေါင်းခါယမ်းလိုက်သည်။

"မလိုပါဘူး၊ အခုလို တာဝန်ကျေပွန်သွားတာကိုပဲ ဝမ်းသာလှပါပြီ၊ ကျုပ်လည်း နေပြည်တော်ကို အမြန်ဆုံး ပြန်တော့မှာပါ"

"နေပါဦးဗျာ"

ဆင်းပေတ့က အိတ်ထဲမှ အနီရောင်ဖိတ်စာတစ်စောင် နှိုက်ယူလိုက်ပြီး ကွမ်းကျုံးရုပ်ကို ပေးလိုက်လေသည်။

"ဟောဒီမှာ ဖိတ်စာ"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်လိုက်ရင်း ဖိတ်စာကို လှမ်းကြည့်သည်။

"ဘယ်သူ့ ဖိတ်စာလဲဗျ"

ဆင်းပေတ့က ပြုံးလိုက်သည်။

"နယ်စားကြီးက ခင်ဗျားကို ဖိတ်လိုက်တဲ့စာပါဗျာ"

ကွမ်းကျုံးရုပ်က ဖိတ်စာအား ကြည့်လိုက်ပြီး မချိပြုံး ပြုံးလိုက်လေသည်။

"နယ်စားကြီးက ဖိတ်စာနဲ့ ဖိတ်မှတော့ မသွားလို့ ဘယ်ရတော့မလဲဗျာ"

ဆင်းပေတ့က သေတ္တာကလေးအား တစ်ချက်ကြည့်လိုက်သည်။ ပြီးနောက်...

"ကျုပ် မရှင်းတာ တစ်ခုမေးချင်ပါတယ်ဗျာ"

"ဟုတ်ကဲ့ မေးပါ"

"သိုးပန်းချီဟာ ကျော်ကြားတဲ့ ပန်းချီဆရာရဲ့လက်ရာ မ ဟုတ်ဘဲနဲ့ ဘာဖြစ်လို့ လူတွေဒီလောက်တောင်လိုချင်နေကြတာလဲ"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"ဒီအကြောင်းနဲ့ပတ်သက်ပြီး နယ်စားကြီးကို မေးရင် ပို ကောင်းပါလိမ့်မယ်"

ဆင်းပေတုက ထိုင်ရာမှ ထလိုက်သည်။

"ကဲ ဒါဖြင့်လည်း ကျုပ်ကိုခွင့်ပြုပါဦးဗျာ"

ပြောပြောဆိုဆိုဖြင့် ဆင်းပေတုသည် သေတ္တာကလေးကို ပိုက်၍ အခန်းထဲမှ ပြန်လည်ထွက်ခွာသွားလေသည်။



နှစ်ဆန်းတစ်ရက်...

ကွမ်းကျုံးရုပ်သည် သူ၏သွေးသောက်အားလုံးကို ခန်းမထဲ ၌ စုရုံးစေလေသည်။

ကွမ်းကျုံးရုပ်၏ မျက်နှာတစ်ခုလုံးသည် တည်ကြည်လေး နက်၍နေပေသည်။

အားလုံးသောလူများသည် ဌာနမှူးကွမ်းကျုံးရုပ်က အလွန် အရေးကြီးသောစကား ပြောလိမ့်မည်ဟု ယုံကြည်နေကြသည်။

သူတို့သည် တိတ်ဆိတ်စွာဖြင့် နားစွင့်နေကြရာ ခန်းမတစ် ခုလုံး အပ်ကျသည့်အသံပင် ကြားရလောက်အောင် တိတ်ဆိတ်ငြိမ် သက်လျက် ရှိနေတော့၏။

သူတို့ထင်သည့်အတိုင်းပင် ကွမ်းကျုံးရုပ်က ချောင်းတစ် ချက်ဟန့်လိုက်ပြီး စကားစလိုက်လေသည်။

"လောကကြီးမှာ အရာရာဟာ ပြောင်းလဲတတ်တဲ့သဘော ရှိပါတယ်၊ လူတွေလည်း ဒီလိုပါပဲ၊ စုစည်းတဲ့အခါမှာ စုစည်းနေကြ ပြီး ခွဲခွာတဲ့အချိန် ရောက်လာတဲ့အခါ ခွဲခွာကြရစမြဲပါပဲ"

အားလုံးသောလူများသည် ကွမ်းကျုံးရုပ်၏ စကားကိုကြား လိုက်ရသောအခါ ကွမ်းကျုံးရုပ်၏ ဆိုလိုသောစကားများကို ကောင်း စွာနားလည် လိုက်ကြလေသည်။

ကွမ်းကျုံးရုပ်က သက်ပြင်းချလိုက်သည်။

"ကျုပ် အခြေအနေအရပ်ရပ်ကို သုံးသပ်ကြည့်တဲ့အခါမှာ ဟောဒီဌာနခွဲကို ဖျက်သိမ်းလိုက်တာ အကောင်းဆုံးပဲလို့ ယူဆမိ တဲ့အတွက်...."

သူသည် စကားကို တပိုင်းတစဖြင့် ရပ်တန့်ကာ လင်တ
ရစ်ဘက်သို့ လှည့်ကြည့်လိုက်လေသည်။

"ခင်ဗျားက ဒီဌာနခွဲမှာရှိတဲ့ ရဲဘော်အားလုံးကို ရောင်းဝယ် စားသောက်နိုင်ဖို့ ငွေတွေအလုံအလောက် ခွဲဝေပေးလိုက်ပါ။ ဒီဌာနခွဲ ဖျက်သိမ်းပြီးတာနဲ့ ခင်ဗျား ပီကင်းမြို့ဌာနချုပ်ကို ချက်ချင်း သွားရ လိမ့်မယ်"

လင်တာ့ရစ်က ခေါင်းညိတ်လိုက်သည်။

ကွမ်းကျုံးရုပ်သည် ဖန်းကျင်းရှမ်းဘက်သို့ လှည့်လိုက်ပြန် လေသည်။

"ခင်ဗျားတို့လည်း ပီကင်းမြို့ပြန်ဖို့ အားလုံးအဆင်သင့် ပြင်ထားကြပါ"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်လေ၏။

"ဌာနမှူးရဲ့ အမိန့်အတိုင်းပါပဲ"

ထိုစဉ် ယန်စုစိန်က ကြားဖြတ်ဝင်ပြောလိုက်သည်။

"ဌာနမှူးကော တခါတည်းလိုက်ခဲ့မှာ မဟုတ်လား"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်...ဒါပေမယ့် ကျုပ် မြို့စားကြီးဂေဟာကဖိတ် ထားတာကို သွားရဦးမယ်၊ အဲဒီက ပြန်လာတဲ့အခါ ပီကင်းမြို့ပြန်ဖို့ အသင့်ပြင်ထားစေချင်တယ်"

"တကယ်လို့များ ကပ်ပဟို့လျန်က လာပြီး နှောင့်ယှက်ရင် ကော"

ဖန်းကျင်းရှမ်းက လှမ်းမေးလိုက်ခြင်းဖြစ်သည်။ ကွမ်းကျုံး



ရုပ် အနည်းငယ် တွေဝေသွား၏။ ပြီးမှ...

"ကျုပ်ပြန်လာတဲ့အထိ စောင့်ပါလို့ ပြောလိုက်ပါ"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ကဲ့ပါ ဌာနမှူး"

ကွမ်းကျုံးရုပ်က စကားဆက်လိုက်သည်။

"ဘယ်လိုအခြေအနေပဲ ကြုံရကြုံရ၊ ခင်ဗျားတို့အားလုံး ဌာနထဲမှာပဲ ရှိစေချင်တယ်"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ ဌာနမှူး"

ကွမ်းကျုံးရုပ်သည် ခန်းမတစ်ခုလုံးကို တစ်ချက်ဝေ့ကြည့် လိုက်၏။

"ကဲ...ကျုပ်သွားဖို့ အချိန်တန်ပြီ၊ ခင်ဗျားတို့ကို စိတ်ချ ပါရစေ"

ကွမ်းကျုံးရုပ်သည် ထိုသို့ပြောပြီးနောက် ခန်းမထဲမှ ချာခနဲ ထွက်ခွာသွားလေတော့သည်။

* * *

ကွမ်းကျုံးရုပ်သည် နယ်စားကြီးဂေဟာနှင့် ကိုက်(၂၀၀) ခန့်သို့ ရောက်ရှိလာသောအခါ ဆင်းပေတုက သူ့အားစောင့်နေ သည်ကို တွေ့ရလေသည်။

ကွမ်းကျုံးရုပ်က သူ့အားပြုံးပြလိုက်သည်။

"ခင်ဗျားရောက်နေတာ တော်တော်ကြာပြီလား"

ဆင်းပေတုက ပြန်၍ပြုံးပြလိုက်သည်။

"သိပ်မကြာသေးပါဘူးဗျာ"

သူတို့သည် နယ်စားကြီးဂေဟာဆီသို့ ဆက်လက်လျှောက် သွားကြလေသည်။

ရုတ်တရက် လူတစ်ယောက်က ကွမ်းကျုံးရုပ်ထံသို့ လျှောက်လာသည်ကို တွေ့ရ၏။

ဆင်းပေတုက ထိုသူအား ဟန့်တားလိုက်၏။

"မိတ်ဆွေ ဒီနေရာကို ဘယ်သူမှ ဝင်လာခွင့်မရှိဘူး"

ကွမ်းကျုံးရုပ်က ထိုလူအား အကဲခတ်၍ ကြည့်လိုက်၏။

ထိုလူမှာ အသက်သုံးဆယ် ပြည့်ပုံမရသေးပါ။

ဆံပင်များ ရှုပ်ပွပြီး မျက်နှာတစ်ခုလုံး ပေကျံနေ၏။

သူ၏ကိုယ်ပေါ်တွင် စုတ်ပြဲနေသော အင်္ကျီဝတ်ဆင်ထား လေသည်။

လက်တစ်ဘက်က ဒန်ခွက်ကိုင်ပြီး ကျန်လက်တစ်ဘက်မှာ နှုတ်ခမ်းပဲ့သောပန်းကန်တစ်လုံး ကိုင်ထားလေသည်။

ဆင်းပေတုက ထိုလူအား မျက်မှောင်ကြုတ်၍ အကဲခတ် ကြည့်သည်။



"မင်းက သူတောင်းစား တစ်ယောက်ကိုး"

ထိုလူက ရယ်မောလိုက်သည်။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့ သူတောင်းစားတွေက ဘယ်နေရာမျိုးမဆို သွားလာခွင့်ရှိတယ်ဆိုတာ ခင်ဗျား မသိဘူးလား"

ဆင်းပေတုက မဲ့ပြုံးပြုံးလိုက်သည်။

"မင်းတို့တတွေ တခြားနေရာ သွားလို့ရချင်ရမယ်၊ ဒီဘက်ကိုတော့ လာခွင့်မပေးဘူး"

သူတောင်းစားက လက်ကာပြလိုက်သည်။

"အဲဒီဘက်ကိုလည်း မသွားပါဘူးဗျာ၊ ကျုပ်တွေ့ချင်တဲ့လူကို တွေ့ပြီးမှတော့ တခြားတစ်နေရာ သွားစရာ မလိုတော့ပါဘူး"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"နေပါဦး ခင်ဗျားက ဘယ်သူ့ကိုလိုက်ရှာနေတာလဲ"

သူတောင်းစားက သူ့အား ညွှန်ပြလိုက်သည်။

"ခင်ဗျားကိုပေါ့"

ကွမ်းကျုံးရုပ် အံ့အားသင့်သွားသည်။ သူသည် သူတောင်းစားအား နားမလည်ဟန်ဖြင့် ငေးစိုက်ကြည့်လိုက်မိသည်။

"ကျုပ်ကို ဘာကိစ္စများရှိလို့လဲ"

"စကား တစ်ခွန်း နှစ်ခွန်းလောက် ပြောစရာရှိလို့ပါ"

"ဒါဖြင့် ပြောပါ"

သူတောင်းစားက ကွမ်းကျုံးရုပ်အား စိုက်ကြည့်လိုက်၏။

"ခင်ဗျားဟာ ကျော်ကြားတဲ့ သိုင်းပညာရှင်တစ်ယောက်ပါ သူများရဲ့ အခိုင်းအစေ မလုပ်သင့်ဘူးလို့ ပြောချင်တာပါ"

ကွမ်းကျုံးရုပ်က သဘောကျစွာ ပြုံးလိုက်သည်။

"ခင်ဗျားရဲ့စေတနာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျုပ်တို့က ကုန်သည်တစ်ပိုင်းဆိုတော့ ခင်ဗျားတို့နဲ့ အခြေအနေ မတူဘူးပေါ့ဗျာ"

ထိုစဉ် ဆင်းပေတုသည် သူတောင်းစားထံသို့ လျှောက်သွားသည်။ သူ၏မျက်နှာသည် ခက်ထန်နေသည်။

"မင်း အခုထွက်သွားပါ"

သူတောင်းစားက ပြုံးလိုက်သည်။

"ကျုပ် ထွက်မသွားဘူး ဆိုရင်ကော"

သူတောင်းစားက ပမာမခန့်လေသံဖြင့် ပြန်ပြောလိုက်၏။

ဆင်းပေတုသည် ဒေါသကို မထိန်းချုပ်နိုင်တော့ဘဲ လက်ဝါးဖြင့် တွန်းထုတ်လိုက်လေသည်။

"ကိုင်းကွာ ဒီလောက်တောင် ခေါင်းမာတဲ့ကောင်"

ဆင်းပေတု၏ လက်ဝါးနှစ်ဘက်သည် အရှိန်ပြင်းစွာဖြင့် သူတောင်းစား၏ ရင်ဝကို တွန်းထုတ်လိုက်လေသည်။

သူတောင်းစားက လက်ဝါးဖြင့် ပြန်လည်ခုခံလိုက်ရာ...

"ဝုန်း"

လက်ဝါးနှစ်ဘက် ထိတွေ့သံ ထွက်ပေါ်လာပြီး သူတောင်းစားမှာ ခြေတစ်လှမ်းခန့် ဆုတ်သွားရလေသည်။

သူတောင်းစားက ရယ်မောလိုက်လေသည်။

"လူကို သိပ်အထင်မသေးနဲ့၊ ကဲ ကျုပ်သွားပြီ"

သူတောင်းစားသည် ပြောပြောဆိုဆိုဖြင့် ပြေးလွှားထွက်ခွာသွားသည်။



မကြာမီမှာပင် ကွမ်းကျုံးရုပ်တို့ မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

* * *

ဆင်းပေတုနှင့်ကွမ်းကျုံးရုပ်တို့သည် နယ်စားကြီးဂေဟာအနီးသို့ ရောက်ရှိလာကြသည်နှင့် အစောင့်က တံခါးကို ဖွင့်ပေးလိုက်လေသည်။

လူတစ်ယောက်က သူတို့အား တံခါးဝမှ ကြိုဆိုလိုက်လေသည်။

ထိုသူသည် ဆင်းပေတုအား ဦးညွှတ်လိုက်သည်။

"နယ်စားကြီး ဧည့်ခန်းမှာ စောင့်နေပါတယ် ခင်ဗျာ"

ဆင်းပေတုက ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် သူသည် ကွမ်းကျုံးရုပ်ဘက်လှည့်ကာ...

"ကဲ ကျုပ်နောက်ကို လိုက်ခဲ့ပါဗျာ"

ဆင်းပေတုက ရှေ့မှဦးဆောင်ခေါ်သွားသည်။

ကွမ်းကျုံးရုပ်က သူ၏နောက်မှ လိုက်ပါသွားလေသည်။

* * *

အခန်းတံခါး ပွင့်သွားသည်နှင့် နွေးထွေးသော အငွေ့အ သက်များသည် အခန်းထဲမှ လွင့်ပျံလာလေသည်။

ဆင်းပေတုက အထဲဝင်ရန် လက်ဆန့်ပြလိုက်သည်။

"အထဲကိုကြွပါ"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်၍ အခန်းထဲသို့ လှမ်းဝင်လိုက် လေသည်။

အခန်းထဲသို့ ကြည့်လိုက်သောအခါ နယ်စားကြီးက အရပ် ဝတ်အရပ်စားဖြင့် ကြိမ်ကုလားထိုင် တစ်လုံးပေါ်၌ ထိုင်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူ့လက်ထဲတွင် ငွေရောင်ရိုးတံရှိသော ဆေးတံတစ်လက် ကိုကိုင်ထားသည်။

သူ၏နောက်တွင် အသက် ၁၄–၁၅နှစ်ခန့်ရှိသော လူငယ် တစ်ယောက် စောင့်နေသည်။

ကွမ်းကျုံးရုပ်က ရှေ့သို့ခြေလှမ်း လှမ်းလိုက်ပြီး ဒူးထောက် ၍ အရိုအသေပြုမည်လုပ်ရာ နယ်စားကြီးက လက်ကာပြလိုက်၏။

"အရိုအသေပြုဖို့ မလိုပါဘူး၊ ဒီနေရာမှာ ကျုပ်နဲ့ခင်ဗျား နဲ့ မိတ်ဆွေအဖြစ် ပြောဆိုမယ့်နေရာ ဖြစ်ပါတယ်၊ ကျုပ်ကို နယ်စား ကြီးတစ်ဦးအနေနဲ့ ဆက်ဆံဖို့ မလိုပါဘူး"

ထိုသို့ ပြောပြီးနောက် အနီးရှိ ကုလားထိုင်အား ညွှန်ပြ လိုက်သည်။

"ထိုင်ပါ"

ကွမ်းကျုံးရုပ်က ဦးညွှတ်လိုက်သည်။



"ကျေးဇူးတင်ပါတယ်"

သူသည် ပြောပြီးသည်နှင့် ဝင်ရောက်ထိုင်လိုက်သည်။

နယ်စားကြီးက ပြုံးလိုက်သည်။

"ခင်ဗျား ပြန်သွားပြီးတဲ့နောက်ပိုင်းမှာ ဆင်းပေတုက ခင် ဗျားရဲ့အကြောင်းကို တော်တော်လေး ပြောပြပါတယ်၊ ဒါကြောင့် ခင်ဗျားနဲ့ စကားပြောရအောင် ဖိတ်ခေါ်လိုက်တာပါ"

ဆင်းပေတုက အနီးသို့ ရောက်ရှိလာပြီး ဦးညွှတ်လိုက် လေသည်။

နယ်စားကြီးက လက်ကာပြလိုက်သည်။

"ခင်ဗျားလည်း ထိုင်ပါဗျာ၊ အခုညမှာ ရာထူးအဆင့်အ တန်းကို ဖယ်ထားပြီး ကျုပ်တို့ ရင်းရင်းနှီးနှီး ဆွေးနွေးကြရအောင်"

ဆင်းပေတုက ထိုင်ချလိုက်လေသည်။

နယ်စားကြီးက သူ့နောက်တွင် ရပ်နေသော လူငယ်ဘက် သို့ လှည့်လိုက်သည်။

"ကဲ ဒီက မိတ်ဆွေ သောက်ရအောင် မှောင်ထိုင် အရက် ယူခဲ့ပါ"

မှောင်ထိုင်အမည်ရှိ လူငယ်က ဦးညွှတ်လိုက်ပြီး အခန်းထဲမှ ထွက်ခွာသွားလေသည်။

* * *

နယ်စားကြီးက ကွမ်းကျုံးရုပ်အား ပြုံးပြလိုက်သည်။

"ဘာမှ အားမနာပါနဲ့၊ ကျုပ်ကိုလဲ နယ်စားကြီးလို့ သဘော မထားဘဲ ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်လို သဘောထားပါ"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ပါ နယ်စားကြီး"

နယ်စားကြီးက စကားဆက်လိုက်သည်။

"ကျုပ်က နယ်ပေါင်း(၆)နယ်ကို အုပ်ချုပ်ရတဲ့ လူတစ် ယောက်ပါ၊ ဒါကြောင့် လူတွေက ကျုပ်ရဲ့ အရှိန်အဝါကို ကြောက်ပြီး ဆက်ဆံရမှာ ရွံ့နေကြတယ်၊ ကျုပ်ကလည်း မိတ်ဆွေ အပေါင်းအ သင်း ထားချင်တဲ့လူဗျ၊ ဒါပေမယ့် ကျုပ်ရဲ့ နယ်စားကြီး အရှိန်အဝါ ကြောင့် တော်ရုံတန်ရုံ ကျုပ်ကို မဆက်ဆံခဲ့ကြဘူး"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"နယ်စားကြီးရဲ့ ရာထူးဟာ အတော့်ကို မြင့်မားလှတဲ့အ တွက် လူတွေက အလိုလို ကြောက်ရွံ့နေကြတာပါ"

နယ်စားကြီးက ပြုံးလိုက်လေသည်။

"ဟုတ်ပါတယ်၊ ဒါကြောင့် ခင်ဗျားက ဒီလို သဘောမျိုးမ ထားဖို့ မေတ္တာရပ်ခံပါတယ်ဗျာ"

"ဟုတ်ကဲ့၊ နယ်စားကြီး"

ကွမ်းကျုံးရုပ်က ပြောယင်း ထိုင်ရာမှ ရုတ်တရက် ထလိုက် လေသည်။

ထို့နောက် ပြတင်းပေါက်ဘက်သို့ လှည့်လိုက်ပြီး လက် တစ်ချက် ဝှေ့ယမ်းလိုက်၏။ အလင်းရောင်တန်းတစ်ခုသည် ပြတင်း



ပေါက်မှ ကျော်ဖြတ်၍ လွင့်ပျံသွားလေသည်။

အဖြစ်အပျက်သည် လျှင်မြန်လွန်းလှသဖြင့် နယ်စားကြီး ဘာမက ဆင်းပေတုပါ ကြောင်အမ်းအမ်း ဖြစ်သွားကြသည်။

နယ်စားကြီးသည် မျက်မှောင်ကြုတ်လိုက်ပြီး...

"လူတွေ့လို့လား"

ကွမ်းကျုံးရုပ် ပြန်မပြောနိုင်မီမှာပင်...

"ချွမ်း ချွမ်း..."

ချိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

နယ်စားကြီးမှာ တုန်လှုပ်ချောက်ချားသွားခြင်း မရှိပေ။

သူသည် ကွမ်းကျုံးရုပ်အား ကြည့်လိုက်သည်။

"ဘယ်က ချိုးသံလဲ"

ကွမ်းကျုံးရုပ်က ဦးညွှတ်လိုက်သည်။

"ကျွန်တော်မျိုးရဲ့ လက်နက်ပုန်းက ချိုးသံပါ"

နယ်စားကြီး မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားရဲ့ လက်နက်ပုန်းက ဘာကြောင့် ချိုးသံထွက်ရတာ လဲ"

ကွမ်းကျုံးရုပ်သည် နယ်စားကြီး၏ အမေးကို ပြန်မဖြေဘဲ အပြင်မှ အသံကို နားစွင့်လိုက်၏။

"ထွက်ပြေးသွားပြီ"

ကွမ်းကျုံးရုပ်က အပြင်မှ အသံကို နားစွင့်ယင်း ပြောလိုက် သည်။

နယ်စားကြီးက ကွမ်းကျုံးရုပ်အား တစ်ချက်ကြည့်ကာ...

"ဘယ်သူက ထွက်ပြေးသွားတာလဲ"

ဆင်းပေတုက ကြားဖြတ် အဖြေပေးလိုက်သည်။

"အလစ်ဝင်ပြီး တိုက်ခိုက်တဲ့လူ ထွက်ပြေးသွားတာကို ပြော
တာပါ"

ကွမ်းကျုံးရုပ်က ဦးညွှတ်လိုက်သည်။

"ကျွန်တော်မျိုးရဲ့ လက်နက်ပုန်းဟာ အထူးပြုလုပ်ထားတဲ့ လက်နက်ပုန်းတစ်မျိုးပါ၊ လက်နက်ပုန်းကို ပစ်လွှင့်လိုက်တဲ့အခါမှာ အရှိန်ရှိနေတဲ့အတွက် ခြူသံမမြည်တာပါ၊ ရန်သူကို ထိမှန်သွားမှ အသံမြည်ပါတယ်"

နယ်စားကြီးက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အခုမှပဲ... မင်းတို့ သိုင်းလောကနဲ့ လက်နက်ပုန်းအ
ကြောင်းတွေကို ကြားဖူးတော့တယ်"

ကွမ်းကျုံးရုပ်က စကားဆက်လိုက်သည်။

"ခြူသံရဲ့ လှုပ်ရှားမှုကို နားစွင့်လိုက်တာနဲ့ ရန်သူဟာ ထွက်
ပြေးသွားသလား၊ ဒါမှမဟုတ် ကျွန်တော်မျိုးရဲ့ လက်နက်ကို ရိုက်ချ
လိုက်သလားဆိုတာ အနီးစပ်ဆုံး ခန့်မှန်းလို့ ရပါတယ်"

နယ်စားကြီးက သက်ပြင်းချလိုက်သည်။

"ဆင်းပေတုက မင်းရဲ့ သိုင်းပညာအကြောင်း ငါ့ကို ခဏ
ခဏ ပြောပြခဲ့တယ်၊ ငါက သိပ်အထင်မကြီးခဲ့တာ အမှန်ပဲ၊ အခု
လက်တွေ့မြင်ရမှတော့ မင်းကို ငါ လေးစားတော့တာပဲ"

ကွမ်းကျုံးရုပ်က ဦးညွှတ်လိုက်သည်။

"ကျေးဇူးတင်ပါတယ် နယ်စားကြီး"



နယ်စားကြီးက ဆင်းပေတုအား လှည့်ကြည့်လိုက်သည်။

"တို့ဂေဟာမှာ အစောင့်အကြပ် ဒီလောက် ထူထူထပ်ထပ်
ချထားတာတောင် သူတို့က ရအောင် ဝင်လာနိုင်တာဟာ တကယ့်
ကို အံ့ဩစရာပဲကွ"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"နယ်စားကြီးရဲ့ အစောင့်အကြပ်တွေ ဘယ်လိုပဲ တင်းတင်း
ကျပ်ကျပ် သတိဝီရိယနဲ့ စောင့်စောင့် ထိပ်တန်းသိုင်းသမားတစ်
ယောက်အနေနဲ့ ဝင်ထွက်နိုင်ပါတယ်"

နယ်စားကြီးက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ဒီလောက် ပညာတော်တဲ့ လူတွေက ဘာကြောင့် တိုင်း
ပြည်နဲ့ လူမျိုးအတွက် အလုပ် မလုပ်ချင်ကြဘဲ သိုင်းလောကမှာ
သတ်ကြဖြတ်ကြ လုပ်နေကြရတာလဲ"

ယင်းစကား ကြားလိုက်ရသောအခါ ကွမ်းကျုံးရုပ်၏ ရင်ထဲ
မှ မသိမသာ လှုပ်ရှားလေသည်။

နယ်စားကြီးက စကားဆက်လိုက်လေသည်။

"ဒါပေမယ့် ဆင်းပေတု ပြောပြလို့ ခင်ဗျားတို့ သိုင်းလော
ကသားတွေဟာ ရာထူးရာခံရှိတဲ့ လူတွေနဲ့ မဆက်သွယ်ရဘူးဆိုတဲ့
စည်းကမ်းချက်တစ်ခု ရှိတယ်ဆိုတာ သိရတယ်... အဲဒါ ဟုတ်ရဲ့
လား"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"စည်းကမ်းတော့ မရှိပါဘူး... ဒါပေမယ့် သိုင်းလောကသား
တွေက ဒီလိုပဲ ကျင့်သုံးနေကြပါတယ်"

နယ်စားကြီးက ခေါင်းညိတ်လိုက်သည်။

"ဒါတွေ ထားလိုက်ပါ၊ မင်းက ငါ့အပေါ် ဘယ်လိုမြင်သလဲ"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"နယ်စားကြီးဟာ ရာထူးအာဏာရှိပေမယ့် သာမန်လူတွေကို အဆင့်အတန်း မခွဲဘဲ လေးလေးစားစား ဆက်ဆံတတ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်လို့ မြင်ပါတယ်"

နယ်စားကြီးက ပြုံးလိုက်သည်။

"အမှန်တော့ ငါဟာ နယ်စားကြီးရာထူး ရထားတဲ့ လူတစ်ယောက်ဆိုပေမယ့် လုပ်ရတဲ့အလုပ်က အများနဲ့ဆိုင်တဲ့ အလုပ် ဟုတ်လား၊ တိုင်းပြည်နဲ့ လူမျိုးအတွက် လုပ်နေရတာ မဟုတ်လား"

နယ်စားကြီးက ချောင်းတစ်ချက်ဟန့်ကာ စကားဆက်လိုက်ပြန်သည်။

"ဒါကြောင့် ကျုပ်က လူတော်လူကောင်းတွေကို စုစည်း တိုင်းပြည်နဲ့ လူမျိုးအတွက် အကျိုးရှိတဲ့ လုပ်ငန်းကို လုပ်ချင်တဲ့ဆ ပြင်းပြနေတာပေါ့"

ကွမ်းကျုံးရုပ်က နယ်စားကြီးအပေါ် ကြည်ညိုလေးစားလာလေသည်။

"နယ်စားကြီး အခုလို စိတ်ထားမျိုးရှိတာကို ကျွန်တော် ချီးကျူးပါတယ်... ဂုဏ်လည်းယူပါတယ်"

နယ်စားကြီးက ပြုံးလိုက်သည်။

"ခင်ဗျားလို လူမျိုးသာ ကျုပ်ကို ကူညီမယ်ဆိုရင် ကျုပ် လုပ်ငန်းဟာ အများကြီး အကျိုးရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်"



ကွမ်းကျုံးရုပ်က ဦးညွှတ်လိုက်သည်။

"အခုလို ကျွန်တော်မျိုးအပေါ် အားထားတာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်မျိုးမှာ အခက်အခဲ ရှိနေတဲ့အတွက် ကူညီမှု မပေးနိုင်တာကို ဝမ်းနည်းပါတယ် ခင်ဗျာ"

ထိုစဉ် လူငယ်တစ်ယောက်သည် အရက်နှင့် အရက်ခွက်များ ယူဆောင်လာ၍ စားပွဲပေါ်၌ ချထားလိုက်၏။

ဆင်းပေတုက အနီးသို့ ချဉ်းကပ်သွားပြီး နယ်စားကြီးအတွက် အရက်ငှဲ့ပေးလိုက်၏။ နယ်စားကြီးက အရက်ခွက်ကို မြှောက်ပြကာ...

"လူတစ်ယောက်က သူ့ရဲ့ကိုယ်ပိုင်ဆန္ဒ ရှိပါတယ်၊ ဒါကြောင့် ငါ... မင်းကို အတင်းအဓမ္မ မခိုင်းပါဘူး"

သူသည် ကွမ်းကျုံးရုပ်ရှေ့တွင် ချထားသော အရက်ခွက်ကို ညွှန်ပြလိုက်သည်။

"ကဲ... ငါ့ရဲ့မိတ်ဆွေအဖြစ် အသိအမှတ် ပြုတဲ့အနေနဲ့ အရက်ကို သောက်လိုက်ပါဦး"

ကွမ်းကျုံးရုပ်သည် မိမိအား နယ်စားကြီးက မိတ်ဆွေအဖြစ် အသိအမှတ် ပြုသည်ကို ကြားလိုက်ရသောအခါ ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေသည်။

"ကျွန်တော်မျိုးက နယ်စားကြီးလို ပုဂ္ဂိုလ်မျိုးနဲ့ မိတ်ဆွေအဆင့်မျိုး မတန်ပါဘူး ခင်ဗျာ"

နယ်စားကြီးက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးကွာ... ကနေ့ မင်းနဲ့ ငါနဲ့ အခုလို ဆက်ဆံ

ပေါင်းသင်းတာဟာ မိတ်ဆွေ အပေါင်းအသင်း တစ်ယောက်အနေ
ပေါင်းတာပါ၊ ငါ့ကိုလည်း နယ်စားကြီးလို့ မမြင်ဘဲ ရင်းနှီးတဲ့လူတ
ယောက်အဖြစ် သဘောထားစေချင်ပါတယ်"

ကွမ်းကျုံးရုပ်က ဦးညွှတ်လိုက်သည်။

"ဒီလိုဆိုလည်း ကျွန်တော်မျိုး ဂုဏ်ယူပါတယ်ဗျာ"

သူသည် အရက်ခွက်ကို မော့၍ သောက်လိုက်လေသည်

ဆင်းပေတုက အရက်ကရားကို ယူ၍ ထပ်မံ ငှဲ့ပေးလို

လေသည်။

ရုတ်တရက် ကွမ်းကျုံးရုပ်က ထိုင်ရာမှ ထလိုက်သည်။

သူ့ရှေ့တွင် ချထားသော အရက်ခွက်ကို ကောက်ယူလို
ပြီး ပြတင်းပေါက်ရှိရာသို့ ပစ်လွှင့်လိုက်လေသည်။

အရက်ခွက်သည် အရှိန်ပြင်းစွာဖြင့် ပြတင်းပေါက် အပြ
ဘက်သို့ လွင့်ပျံသွားသော်လည်း အရက်ခွက်ထဲမှ အရက်များမှ
လုံးဝဖိတ်စဉ်ခြင်း မရှိခဲ့ချေ။

* * *



"ဟား ဟား ဟား"

အပြင်ဘက်မှ ရယ်မောသံတသံ ထွက်ပေါ်လာသည်ကို
ကြားလိုက်ရသည်။

တဆက်တည်းမှာ လူတစ်ယောက်၏ စကားသံပါ ထွက်
ပေါ်လာလေ၏။

"ဌာနမှူး အခုလို အရက်ပေးလိုက်တာကို ကျေးဇူးတင်ပါ
တယ်ဗျာ... အရက်က အတော်ကောင်းတယ်ဗျို့"

ယင်းစကားဆုံးသွားသည်နှင့်...

"ဝုန်း"

ဟူသော အသံနှင့်အတူ လူတစ်ယောက်သည် ပြတင်း
ပေါက်မှတစ်ဆင့် အခန်းထဲသို့ ခုန်ဝင်လာလေသည်။

ဆင်းပေတုက နယ်စားကြီးရှေ့ သွားရောက် ရပ်လိုက်
သည်။ သူ၏လက်ဝါးနှစ်ဘက်သည် တိုက်ခိုက်ရန် ဟန်ပြင်ထား၏။

နယ်စားကြီးက အပြုံးမပျက်ပေ။

"ဆင်းပေတု၊ ဖယ်စမ်း ငါက မဟုတ်တာ လုပ်တဲ့ လူမှ မ
ဟုတ်ဘဲ၊ ဘယ်သူ့ကိုမှ ကြောက်စရာ မလိုဘူး"

"ဟုတ်ကဲ့ နယ်စားကြီး"

ဆင်းပေတုက နောက်သို့ ဆုတ်သွားလေသည်။

သို့သော် ရန်သူက တိုက်ခိုက်လာပါက နယ်စားကြီးအား
အကာအကွယ်ပေးလိုက်ရန် အသင့်ပြင်ထားလေသည်။

ကွမ်းကျုံးရုပ်က အခန်းတွင်း ဝင်လာသူကို သေချာစွာ
ကြည့်လိုက်သည်။

ဆံပင်ရှုပ်ပွပြီး အကျီစုတ်ပြတ်နေသော လူငယ်တစ်
ယောက် ဖြစ်နေသည်ကို တွေ့ရလေသည်။

ကွမ်းကျုံးရုပ်က မဲ့ပြုံးပြုံးလိုက်သည်။

"ခေတ်ပန်းဂိုဏ်းက မိုးနဂါးပေါင်းချိန်းကိုး"

ပေါင်းချိန်းက ပြုံးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ"

သူသည် လက်ထဲမှ အရက်ခွက်ကို မြှောက်ပြလိုက်သည်။

"ခင်ဗျားခွက်ကို ပြန်ယူပါ၊ ဒါပေမယ့် အရက်ကိုတော့
သောက်လိုက်ပြီးပြီဗျ"

ပေါင်းချိန်းသည် ပြောပြောဆိုဆိုဖြင့် လက်တစ်ချက် ဝှေ
ယမ်းလိုက်ရာ အရက်ခွက်သည် ကွမ်းကျုံးရုပ်ထံသို့ ပစ်လွင့်ဝင်
ရောက်လာလေသည်။

ကွမ်းကျုံးရုပ်က လက်ဝါးဖြင့် ခံယူထားလိုက်လေသည်။

ထို့နောက် ပေါင်းချိန်းအား စိုက်ကြည့်လိုက်ကာ…

"ခေတ်ပန်းဂိုဏ်းက လူတွေဟာ ဘယ်တော့မှ အချိန်မ
တော် သူများရဲ့ အိပ်ခန်းထဲကို မဝင်ဘူးလို့ ကြားရပါတယ်"

ပေါင်းချိန်းက ပြုံးလိုက်သည်။

"ခင်ဗျားက ခေတ်ပန်းဂိုဏ်းရဲ့ စည်းကမ်းကို အတော်လေး
သိထားပုံရသားပဲ"

ကွမ်းကျုံးရုပ်က မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားတို့ဂိုဏ်းချုပ်နဲ့ ကျုပ်က သိကျွမ်းခင်မင်နေတဲ့ လူ
တွေကိုးဗျ"



ပေါင်းချိန်းက ပြုံးလိုက်သည်။

"ကျုပ်တို့ဂိုဏ်းချုပ်က ခိုင်ဖုန်းမြို့မှာ မရှိပါဘူး"

"သူရှိလည်း ကျုပ်ကသွားပြီး မတိုင်တန်းပါဘူး"

"ကောင်းပါတယ်၊ ဒါမှလည်း ကျုပ်အနေနဲ့ ပြောစရာရှိတာ
ကို ပွင့်ပွင့်လင်းလင်း ပြောနိုင်မှာ"

"ခင်ဗျား ကျုပ်ကို ပြောစရာရှိတယ်ဆိုရင် အပြင်ဘက်ကို
သွားကြမယ်လေ"

ကွမ်းကျုံးရုပ်က အခန်းအပြင်ထွက်ရန် ဟန်ပြင်သည်။

ပေါင်းချိန်းက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က နယ်စားကြီးနဲ့ ပြောချင်လို့ပါ"

နယ်စားကြီးက ပြုံးလိုက်သည်။

"ကျုပ်ကို ပြောချင်တဲ့စကား ရှိတယ်ဆိုလည်း ရပါတယ်၊
မှာလာထိုင်ပါ၊ အေးအေးဆေးဆေး ပြောတာပေါ့"

ထိုသို့ လှမ်းပြောရင်း နယ်စားကြီးသည် နောက်မှ ရပ်နေ
သော လူငယ်အား လှမ်းကြည့်လိုက်သည်။

"ဟောဒီ ဧည့်သည်အတွက် အရက်တစ်ခွက် သွားယူခဲ့ပါ
း"

လူငယ်က ဦးညွှတ်ပြီး အခန်းထဲမှ ပြန်လည်ထွက်ခွာသွား
သည်။

ပေါင်းချိန်းက သက်ပြင်းချလိုက်သည်။

"ဌာနမှူးကို တွေ့တော့ ကျုပ် လာရတာ အကျိုးမရှိမှန်း
သိလိုက်သားပဲ၊ ဒါပေမယ့် အရက်နံ့က သိပ်မွှေးနေတော့ အရက်

သောက်ချင်လို့ ဝင်လာတာပါ"

နယ်စားကြီးက ပြုံးလိုက်သည်။

"အရက်ကြိုက်ရင်တော့ သဘောရှိ သောက်နိုင်ပါတယ်။ ပြောစရာရှိရင်လဲ အားမနာတမ်း ပြောနိုင်ပါတယ်"

ပေါင်းချိန်းသည် ယင်းစကား ကြားလိုက်ရသောအခါ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

နယ်စားကြီးကို ဤမျှ သဘောထား ပြည့်ဝလိမ့်မည်ဟု သူမမျှော်လင့်မိခဲ့သောကြောင့် ဖြစ်၏။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"နယ်စားကြီးဟာ အတော်သဘောကောင်းတဲ့ လူတစ်ယောက်ဆိုတာ ကျုပ် ခုမှ သိရတော့တယ်"

ကွမ်းကျုံးရုပ်က အေးတိအေးစက်သော အသံဖြင့် ဝင်ပြောလိုက်၏။

"ခင်ဗျား အခုလို သဘောပေါက်ရင် ပြီးတာပါပဲ"

ပေါင်းချိန်းက ပြုံးလိုက်သည်။

"ဌာနမှူးက ကျုပ်အပေါ် အထင်အမြင် လွဲနေပြီ ထင်တယ်"

ကွမ်းကျုံးရုပ်က သူ့အား စိုက်ကြည့်လိုက်သည်။

"ခင်ဗျား ခုလို အချိန်မတော် ရောက်လာတာဟာ အရက်သောက်ဖို့လာတာ မဟုတ်ဘူး ထင်တယ်"

ပေါင်းချိန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်... ကျုပ် ကိစ္စရှိလို့ လာခဲ့တာ အမှန်ပါပဲ"



"ဒါဖြင့် ဘာကိစ္စလဲဆိုတာ ပြောပါ"

ကွမ်းကျုံးရုပ်က စိတ်မရှည်နိုင်သော လေသံဖြင့် ပြောလိုက်လေ၏။

ပေါင်းချိန်းက ပြုံးလိုက်သည်။

"ခင်ဗျားတို့ လက်ထဲမှာ သိုးကျောင်းပန်းချီကားချပ် ရှိတယ်ဆိုတာ ဟုတ်ရဲ့လားဗျာ"

ကွမ်းကျုံးရုပ်က ပေါင်းချိန်းကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

"ရှိတယ်ဆိုရင်ကော ခင်ဗျားက ဘာလုပ်ချင်လို့လဲ"

ပေါင်းချိန်းက ပြုံးလိုက်သည်။

"ကျုပ် အခုလို လာခဲ့တာက ဂိုဏ်းချုပ်ရဲ့သဘော မပါပါဘူး။ ကျုပ်သဘောနဲ့ ကျုပ်လာတာ၊ နောက်ပြီး သိုးပန်းချီလည်း လုယူဖို့ မဟုတ်ပါဘူး"

ကွမ်းကျုံးရုပ် မျက်မှောင်ကြုတ်သွားသည်။ ပေါင်းချိန်းကို နားမလည်ဟန်ဖြင့် ဖြတ်ကနဲ လှမ်းကြည့်လိုက်မိသည်။

"ဒါဖြင့် ဘာကြောင့်လဲဆိုတာ ပြောစမ်းပါဦး"

ပေါင်းချိန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"သိုးပန်းချီကိစ္စကို သိုင်းလောကတစ်ခုလုံးက သိကုန်ကြပြီဗျ။ ဒါကြောင့် လူအတော်များများဟာ ကနေ့ညပဲ ဒီကို ရောက်လာကြလိမ့်မယ်လို့ ကျုပ် သတင်းရခဲ့ပါတယ်"

ပေါင်းချိန်းသည် ဆင်းပေတုအား တစ်ချက်ကြည့်လိုက်ပြီး စကားဆက်လိုက်သည်။

"နယ်စားကြီးဂေဟာမှာ လူအင်အားအများကြီး ရှိပေမယ့် ပန်းချီကားချပ် ပါမသွားအောင် ကာကွယ်နိုင်မှာ မဟုတ်ဘူးဆိုတာ ကျုပ်ယုံကြည်ထားတယ်၊ ဒါကြောင့် ဒီကို ကြိုတင်ရောက်လာတာ တကယ်လို့များ ပန်းချီကားချပ် လူဆိုးလက်ထဲ ပါသွားရင် ကျုပ်က ဟန့်တားကာကွယ်ဖို့ပါ"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားပြောတာကို ကျုပ်ယုံကြည်တယ်"

ပေါင်းချိန်းက ပြုံးလိုက်သည်။

"အခုလို ယုံကြည်တာ ကောင်းတဲ့ လက္ခဏာပါ"

"နေပါဦး... ခင်ဗျားတို့က ကျုပ်ရဲ့ နယ်စားဂေဟာကို သဘောရှိ ထွက်ဝင်နိုင်တဲ့ နေရာတစ်ခုလို့ မှတ်နေကြသလား"

နယ်စားကြီးက မခံချင်စိတ်ဖြင့် လှမ်းပြောလိုက်ခြင်းဖြစ်၏။

ပေါင်းချိန်းက ပြုံးလိုက်သည်။

"နယ်စားကြီးရဲ့ ကာကွယ်မှုဟာ မဆိုးပါဘူး၊ သာမန်လူတစ် ယောက်အနေနဲ့ ခက်ခဲပေမယ့် ထိပ်တန်းသိုင်းသမားတစ်ဦးအဖို့ တော့ အသေးအဖွဲ့ပဲ ဖြစ်ပါလိမ့်မယ်"

နယ်စားကြီးသည် စိတ်ပျက်သွားဟန်ဖြင့် သက်ပြင်းတစ် ချက်ချလိုက်သည်။

"အင်း... ကနေ့ညမှပဲ သိုင်းလောကမှာ ထိပ်တန်းသိုင်း ပညာရှင်တွေ တော်တော်များများ ရှိတယ်လို့ သိရတော့တာပဲလေ"

ထိုစဉ် နယ်စားကြီးနောက်တွင် ရပ်သော လူငယ်က ကုလား ထိုင်တစ်လုံး ချပေးလိုက်၏။



"ကဲ... ထိုင်ပါ၊ အရက်သောက်ယင်း စကား ပြောကြတာ ပေါ့"

နယ်စားကြီးက ယင်းသို့ ပြောလိုက်ရာ ပေါင်းချိန်းက အ ရက်ခွက်ကို ကမန်းကတန်း မော့ချလိုက်လေသည်။

"ကရားထဲမှာ အရက်အပြည့် ရှိပါတယ်၊ သဘောရှိသောက် ပါဗျာ"

နယ်စားကြီးက ပြုံးပြယင်း ပြောလိုက်သည်။

ပေါင်းချိန်းသည် စကားပင် မပြောနိုင်ဘဲ အရက်သုံးခွက် ဆက်တိုက်ငှဲ့၍ သောက်လိုက်လေသည်။

ပြီးလျှင် အင်္ကျီလက်ဖြင့် ပါးစပ်ကို သုတ်ယင်း နယ်စားကြီး ကို ပြုံးပြလိုက်၏။

"ကျုပ်က ကျုပ်ဆရာနဲ့ နေရာအနှံ့ သွားဖူးတယ်၊ အရက် မျိုးစုံကိုလည်း သောက်ခဲ့ဖူးတယ်၊ ဒါပေမယ့် ဒီလို အရက်မျိုး ဒီတစ်ခါပဲ သောက်ဖူးပါတယ်ဗျာ"

နယ်စားကြီးက ဆင်းပေတုဘက်သို့ လှည့်လိုက်သည်။

"ဒီမှာ ဆင်းပေတု၊ သိုးကျောင်းပန်းချီးကားက ဘယ် လောက်များ တန်ဖိုးရှိလို့ လူတိုင်းက လိုချင်နေရတာလဲဗျ"

ဆင်းပေတုက အနည်းငယ် စဉ်းစားလိုက်သည်။

"ပထမတုန်းက ကျွန်တော်မျိုးလည်း ဒီလိုမျိုးပဲ မေးမိပါ တယ်၊ သေသေချာချာ စုံစမ်းလေ့လာပြီးတော့မှ သိုးကျောင်းပန်းချီ ကားချပ် ထဲမှာ အလွန်ဆန်းကျယ်တဲ့ သိုင်းပညာတစ်မျိုးနဲ့ ရတနာ သိုက်မြေပုံ တစ်ခု လျှို့ဝှက်ပါရှိနေတယ်ဆိုတာ သိလာရပါတယ်"

ဆင်းပေတု၏စကားကို ကြားရသော် နယ်စားကြီးမှာ မျက်မှောင်ကြုတ်သွားသည်။

"ဪ... ဒီလိုကိုး"

ထိုသို့ ပြောပြီးနောက် နယ်စားကြီးသည် အနည်းငယ် စဉ်းစားလိုက်၏။

အတန်ကြာမှ တစ်စုံတစ်ခုကို သတိရလာဟန်ဖြင့်...

"ဒါနဲ့ သိုးကျောင်းပန်းချီကားကော ဘယ်မှာလဲ"

"ကျွန်တော်မျိုးရဲ့ ကိုယ်ပေါ်မှာ ရှိပါတယ်"

"ဒီလိုဆိုရင် အားလုံး လေ့လာရအောင် ထုတ်လိုက်စမ်းပါ"

ဆင်းပေတုက ဦးညွှတ်လိုက်ပြီး သူ၏အင်္ကျီအိတ်ထဲမှ သိုးကျောင်းပန်းချီကားကို ထုတ်ယူလိုက်လေသည်။

နယ်စားကြီးက စားပွဲပေါ်တွင် ပန်းချီကားချပ်ကို ဖြန့်ချလိုက်လေသည်။

"ကဲ အားလုံးဝိုင်းပြီး လေ့လာကြပါအုံးဗျာ"

ပေါင်းချိန်းနှင့် ကွမ်းကျုံးရုပ်တို့သည် စားပွဲပေါ်၌ ဖြန့်ခင်းထားသည့် ပန်းချီကားချပ်ကို သေချာစွာ အကဲခတ်ကြည့်ရှုနေမိကြတော့၏။

* * *

## သိုးပန်းချီ

နယ်စားကြီးသည် ပန်းချီကားချပ်အား သေချာစွာ စူးစိုက်ကြည့်ရှုလျက် ရှိ၏။

ပန်းချီကားချပ်ပေါ်၌ သိုးများ ပြန့်ကျဲနေသည်ကို တွေ့ရသည်။

သိုးများသည် တစ်ကောင်နှင့်တစ်ကောင် အနေအထားလုံးဝမတူဘဲ ကွဲပြားခြားနားနေသည်ကို မြင်တွေ့ရသည်။

သူသည် အတန်ကြာ ကြည့်နေသော်လည်း ပန်းချီလက်ရာ မြောက်နေသည်ကို တွေ့ရသည်မှအပ မည်သို့သော ထူးခြားချက်ကို

မှု တွေ့ရခြင်း မရှိပေ။

ကွမ်းကျုံးရုပ်က အာရုံစူးစိုက်စွာ ကြည့်ရှုလေ့လာလျက် ရှိသည်။

သူ၏မျက်နှာတစ်ခုလုံးသည် လေးနက်တည်ကြည်နေသည်ကို တွေ့ရသည်။

ပေါင်းချိန်းကလည်း အာရုံစူးစိုက်စွာဖြင့် ပန်းချီကားချပ်ကို လေ့လာလျက် ရှိသည်။

မည်သည့် ထူးခြားချက်ကိုမျှ တွေ့ရခြင်းမရှိဘဲ ဖြစ်နေ၏။

နယ်စားကြီးက ချောင်းတစ်ချက် ဟန့်လိုက်၏။

“ကျုပ်အနေနဲ့တော့ ဘာမှ ထူးထူးခြားခြား မတွေ့မိပါလား”

သင်းပေတုက ဦးညွှတ်လိုက်သည်။

“နယ်စားကြီးခင်ဗျာ။ ညာဘက်မှာရှိတဲ့ သိုးတစ်ကောင်ကို စပြီး ကြည့်လိုက်ပါ၊ အဲဒီကတဆင့် တဖြည်းဖြည်း ဗယ်ဘက်ထိ ဆက်ကြည့်သွားပါ၊ သိုးတစ်ကောင်နဲ့တစ်ကောင် ဘယ်လို အနေအထားမျိုး ရှိတယ်ဆိုတာ သတိပြုပြီး ကြည့်သွားပါ”

နယ်စားကြီးက ထပ်မံကြည့်လိုက်သည်။

ဆင်းပေတု ပြောသည့်အတိုင်း ကြည့်ရှုသွားသည့်တိုင် တစုံတရာ ထူးခြားခြင်း မရှိဘဲဖြစ်နေသည်။

နယ်စားကြီးက ခေါင်းခါယမ်းလိုက်ပြီး...

“ငါကတော့ ဘာမှမမြင်ပါဘူးကွာ”

ပေါင်းချိန်းတို့သည် ကိုယ့်နေရာကိုယ် ပြန်ထိုင်ချလိုက်ကြ



လေသည်။

နယ်စားကြီးက ကွမ်းကျုံးရုပ်နှင့် ပေါင်းချိန်းတို့အား ကြည့်ကာ..

“ခင်ဗျားတို့ကော ဘာတွေတွေ့သလဲ”

ပေါင်းချိန်းနှင့် ကွမ်းကျုံးရုပ်တို့က ပြိုင်တူ ခေါင်းခါယမ်းလိုက်သည်။

“ကျွန်တော်တို့လည်း ဘာမှမတွေ့ပါဘူးဗျာ”

နယ်စားကြီးက ပန်းချီကားချပ်အား ပြန်လည်လိပ်လိုက်၏။

“ဒီပန်းချီကားချပ်ကို ပြန်ယူတုန်းက ရတနာသိုက်မြေပုံ ရှိတယ်ဆိုတာ ကျုပ်မသိပါဘူးဗျာ”

သူသည် ပြုံး၍ စကားဆက်လိုက်သည်။

“ရတနာသိုက်မြေပုံရှိတယ်ပဲထား ကျုပ်မှာ ရွှေမရှား ငွေမရှားပါဘူး၊ ဒါကြောင့် ဒီမြေပုံဟာ ကျုပ်အတွက် ဘာမှအသုံး မဝင်ပါဘူး”

ပေါင်းချိန်းမှာ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

“နယ်စားကြီးက မလိုချင်ဘူးဆိုတော့ သူများကို ပေးမလို့လား”

နယ်စားကြီးက ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်၊ ဒါပေမယ့် ဒီပန်းချီကားချပ်ဟာ ငါပိုင်တာ မဟုတ်တဲ့အတွက် မြို့တော်ဝန်ကို မေးရဦးမယ်”

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်၊ ဒီပန်းချီကားချပ်ကို ထိန်းသိမ်းထားရင် အ

နှောင့်အယှက် ဖြစ်လာမှာ သေချာတယ်၊ ဒါကြောင့် သူများပေးလိုက်ရင် အကောင်းဆုံးပါပဲ"

နယ်စားကြီးက ပြုံးလိုက်သည်။

"ဘယ်သူ့ကိုပေးရင် ကောင်းမလဲ"

ကွမ်းကျုံးရုပ်က သက်ပြင်းချလိုက်သည်။

"ဒါပြောဖို့ ခက်ပါတယ် နယ်စားကြီး၊ တစ်ခုတော့ရှိတယ်၊ ဒီပန်းချီကားကို လက်ခံမယ့်လူဟာ ပန်းချီကားချပ်ကို ကာကွယ်စောင့်ရှောက်နိုင်တဲ့ အရည်အချင်းရှိမှ ဖြစ်မယ်"

နယ်စားကြီးက ပြုံးလိုက်သည်။

"ဒီအရည်အချင်းရှိတဲ့ လူတစ်ယောက်ကိုတော့ တွေ့ထားတယ်၊ ဒါပေမယ့် သူလက်ခံပါ့မလား မသိဘူး"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"အဲဒီလူက ဘယ်သူလဲ နယ်စားကြီး"

နယ်စားကြီးက ပြုံးလိုက်သည်။

"ဒီလူဟာ ကျားမာန်အာမခံဌာနမှူး ကွမ်းကျုံးရုပ်ပါ"

နယ်စားကြီးထံမှ ထွက်ပေါ်လာသည့် စကားသံကြောင့် ကွမ်းကျုံးရုပ်မှာ ကြောင်အမ်းအမ်း ဖြစ်သွားရလေသည်။

နယ်စားကြီးက စကားဆက်လိုက်သည်။

"ဒီပန်းချီကားချပ်ကို ခင်ဗျားကလွဲလို့ တခြားလူကို ကျုပ်မမြင်ဘူး၊ ဒါကြောင့် လက်ခံပါလို့ ကျုပ်ပြောချင်ပါတယ်"

ကွမ်းကျုံးရုပ်က မချိပြုံး ပြုံးလိုက်သည်။

"နယ်စားကြီးအမိန့်ကို မလွန်ဆန်ဝံ့ပါဘူးခင်ဗျာ၊ ဒါပေမယ့်



ထိန်းသိမ်းရမယ့် အချိန်ကာလတစ်ခုတော့ သတ်မှတ်ပေးဖို့ လိုမယ်ထင်ပါတယ်"

နယ်စားကြီးက ပြုံးလိုက်သည်။

"ဒီပန်းချီကားကို အခုပဲ လက်ခံလိုက်ပါ၊ အချိန်ကန့်သတ်ချက်ကို ကျုပ်နဲ့မြို့တော်ဝန် တိုင်ပင်ပြီးမှ အကြောင်းကြားပါမယ်"

သူသည် ပြောပြီး ပန်းချီကားချပ်ကို ကွမ်းကျုံးရုပ်ထံသို့ ပေးအပ်လိုက်လေသည်။

ကွမ်းကျုံးရုပ်က လေးလေးစားစားဖြင့် ပန်းချီကားချပ်အား လက်ခံလိုက်လေသည်။

ထို့နောက် နယ်စားကြီးအား ဦးညွှတ်လိုက်ကာ...

"ကျွန်တော်မျိုး စကားပြောစရာရှိလို့ ခွင့်ပြုပါခင်ဗျာ"

နယ်စားကြီးက ခေါင်းညိတ်လိုက်သည်။

"ရပါတယ်၊ ပြောချင်တဲ့စကားကိုသာ ပြောပါ"

ကွမ်းကျုံးရုပ်သည် ထိုင်ရာမှ ဆတ်ခနဲ ထလိုက်၏။

ထို့နောက် နယ်စားကြီးအား အရိုအသေပြုကာ အခန်းအပြင်သို့ ထွက်သည်။

အပြင်သို့ ရောက်ရှိသောအခါ ခြေလှမ်းရပ်တန့်လိုက်၏။ ပြီးနောက် ပတ်ဝန်းကျင်သို့ တစ်ချက်ဝေ့ကြည့်ပြီး လက်နှစ်ဘက်ဆုပ်၍ အရိုအသေပြုလိုက်သည်။

ပြီးလျှင် လက်ထဲမှ သိုးပန်းချီကားချပ်အား မြှောက်ပြပြီး

"မိတ်ဆွေများခင်ဗျာ..."

"နှစ်သစ်ကူးမင်္ဂလာအတွက် အားလုံးကို ဂါရဝပြုရင်း မိတ်

ဆွေများ စိတ်ဝင်စားနေတဲ့ သိုးပန်းချီရဲ့ အကြောင်းကိုလည်း ရှင်းပြပါ့မယ်"

ကွမ်းကျုံးရုပ်သည် ပတ်ဝန်းကျင်အား တစ်ချက်အကဲခတ်ကြည့်ပြီးနောက် စကားဆက်လိုက်လေသည်။

"နယ်စားကြီးက သိုးပန်းချီကားချပ်ကို ခေတ္တထိန်းသိမ်းဖို့ ကျုပ်ကို အပ်ထားပါတယ်ခင်ဗျာ၊ ပန်းချီကားချပ် လိုချင်ရင် ကျုပ်ဆီကိုပဲ လာကြပါ"

သူသည် သိုးပန်းချီကားကို မြှောက်ပြပြီး အတွင်းအင်္ကျီထဲသို့ ထည့်သွင်းသိမ်းဆည်း ထားလိုက်လေသည်။

"မနက်ဖြန်ဆိုရင် နှစ်ဆန်းတစ်ရက်နေ့ဖြစ်ပါတယ်၊ ညသန်းခေါင်ယံ တစ်ချက်မှာ ကျုပ်ဟာ ဆင့်ယန်ရေကန်နံဘေးက တောအုပ်မှာ ညစာတည်ခင်းထားပါမယ်၊ တကယ်လို့ ကျုပ်ကိုမေးမြန်းစရာရှိကြရင် အဲဒီအချိန်ထက် နောက်မကျဘဲ ကြွရောက်ပါလို့ ဖိတ်ခေါ်လိုက်ပါတယ်၊ မိတ်ဆွေများကိုလည်း ဖြေရှင်းစရာရှိလို့ပါ"

နယ်စားကြီးမှာ နားမလည်နိုင်ဘဲ ကြောင်အမ်းအမ်းဖြစ်နေ၏။ အတန်ကြာမှ ဆင်းပေတုနှင့် ပေါင်းချိန်းတို့ဘက်လှည့်ကာ အမူအရာဖြင့် လှမ်းမေး၏။

ဆင်းပေတုက ပြောလိုက်သည်။

"နယ်စားကြီးရဲ့ ပွင့်လင်းပြီး တရားမျှတတဲ့ စိတ်ထားကြောင့် ဌာနမှူးက ပန်းချီကားရဲ့ အရှုပ်အရှင်းကို တာဝန်ယူလိုက်တာပါ"

ပေါင်းချိန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။



"နယ်စားကြီးက အလွန်ထက်တဲ့ အာဏာပိုင်တစ်ယောက်ဖြစ်လို့ ဌာနမှူးက နယ်စားကြီးရဲ့ကိုယ်စား တာဝန်အားလုံးကို ယူလိုက်တာဖြစ်ပါတယ်"

နယ်စားကြီးက ထိုင်ရာမှထလိုက်သည်။ ထို့နောက်အပြင်ဘက်သို့လှမ်း၍ အကဲခတ်သည်။

"ဒါနဲ့ သူက ဘယ်သူနဲ့စကားပြောနေတာလဲဗျ"

သူသည် ပြောရင်း တံခါးဝရှိရာသို့ ဆက်၍လျှောက်သွားလေသည်။

ပေါင်းချိန်းက ဆင်းပေတုအား တစ်ချက်ကြည့်လိုက်သည်။

ရုတ်တရက် နယ်စားကြီး၏ရှေ့သို့ လျှောက်သွားသည်။

ဆင်းပေတုသည် နယ်စားကြီး၏ရှေ့မှ ပိတ်ရပ်ကာ အသံတိုးတိုးဖြင့် သတိပေးလိုက်၏။

"နယ်စားကြီး ဒီအနီးတဝိုက်မှာ သိုင်းလောကသားတွေ ရောက်နေပုံရတယ်၊ အပြင်မထွက်တာ ကောင်းလိမ့်မယ်ထင်တယ်"

နယ်စားကြီးက ပြုံးလိုက်သည်။

"ဒီမှာ ဆင်းပေတု ငါက နယ်စားကြီးဖြစ်ပေမယ့် ဖိမ်နဲ့နေတဲ့လူတစ်ယောက် မဟုတ်ပါဘူး၊ ရှေ့တန်းမှာဆိုရင် ရဲဘော်ရဲဘက်တွေနဲ့အတူ ရန်သူနဲ့ရင်ဆိုင်ခဲ့တဲ့ လူတစ်ယောက်ပါ၊ ငါဘာကိုမှ မကြောက်ပါဘူး"

နယ်စားကြီးသည် ပြောပြောဆိုဆိုဖြင့် အပြင်သို့လှမ်းထွက်လိုက်လေသည်။

ထိုစဉ်မှာပင် ငွေရောင်တန်းတစ်ခုသည် နယ်စားကြီးထံသို့

ပစ်လွှင့်ဝင်ရောက်လာလေသည်။

ပေါင်းချိန်းက ထိုငွေရောင်တန်းကို ကပျာကယာ ရိုက်ချ
လိုက်၏။

"ဖုတ်"

အရာဝတ္ထုတစ်ခု ကြမ်းပြင်ပေါ်သို့ ကျသွားသည်။ ဓားငယ်
တစ်လက်ဖြစ်နေသည်ကို တွေ့ရသည်။

နယ်စားကြီးသည် ပေါင်းချိန်းအား လှမ်းကြည့်မိလိုက်၏။

ပေါင်းချိန်း၏လက်ထဲတွင် ဓားငယ်တစ်လက် ဆုပ်ကိုင်
ထားသည်ကို တွေ့မြင်လိုက်ရလေသည်။

ပေါင်းချိန်းသည် သူ၏ဓားဖြင့် ပစ်လွှင့်လာသောဓားငယ်
အား ရိုက်ချလိုက်ခြင်းဖြစ်သည်။

ဆင်းပေတုက မြေပေါ်မှာကျနေသောဓားကို ကောက်ယူ
လိုက်ပြီး သိမ်းဆည်းထားလိုက်လေသည်။

ကွမ်းကျုံးရုပ်က လှည့်ကြည့်လိုက်ရာ နယ်စားကြီး လိုက်
လာသည်ကို တွေ့ရသဖြင့် မျက်မှောင်ကြုတ်သွားလေသည်။

ထိုစဉ်မှာပင် အရှေ့ဘက်အရပ်မှ လူတစ်ယောက်၏အသံ
ထွက်ပေါ်လာလေသည်။

* * *



"လျှမ်းလျှမ်းတောက် ကျော်ကြားတဲ့ ကျားမာန်အာမခံဌာန
ဟာ နယ်စားကြီးရဲ့ ကိုယ်ရံတော် ဖြစ်နေမှုကို၊ ခေတ်ပန်းဂိုဏ်းသား
ကလည်း နောက်လိုက်ခွေး ဖြစ်နေပြီကိုး"

ကွမ်းကျုံးရုပ်က အသံကျယ်လောင်စွာဖြင့်…

"ကျုပ်ပြောပြီးပါပြီ၊ ခင်ဗျားတို့ မေးချင်တဲ့စကားတွေကို
မနက်ဖြန် ကျုပ်ချိန်းတဲ့နေရာမှာ လာမေးနိုင်ပါတယ်၊ အဲဒီအခါကျမှ
ခင်ဗျားတို့ ပြောချင်ရာကို ဆက်ပြောပြပါ"

ပေါင်းချိန်းကလည်း ပတ်ဝန်းကျင်ကို ဦးညွတ်လိုက်သည်။

"နယ်စားကြီးက လူတော်လူကောင်း တစ်ယောက်ပါ၊ ကျုပ်
လည်းအခုမှ သိကျွမ်းခဲ့တာပါ၊ ဒါပေမယ့် သူနဲ့မိတ်ဆွေဖြစ်ခဲ့ပါပြီ၊
ဒါကြောင့် သူနဲ့ပတ်သက်ပြီး ရန်ငြိုးရှိခဲ့ကြရင် ကျုပ်က ရှင်းပေးပါ့
မယ်"

ပေါင်းချိန်း၏ စကားအဆုံးတွင် ကွမ်းကျုံးရုပ်က စကား
ဆက်လိုက်သည်။

"ကျုပ်စကားက ရှင်းနေပါပြီ၊ ခင်ဗျားတို့အားလုံး သွားလို့
ရသွားနိုင်ကြပါပြီဗျာ"

သူ၏စကား ဆုံးသွားသည်နှင့် လူရိပ်လေးငါးခုသည် လျှပ်
တပြက်ပြေးလွှား ထွက်ခွာသွားသည်ကို တွေ့ရလေသည်။

ကွမ်းကျုံးရုပ်သည် ပတ်ဝန်းကျင်ကို သေသေချာချာ ကြည့်
လိုက်ပြီးမှ နယ်စားကြီးအား ဦးညွတ်လိုက်သည်။

"နယ်စားကြီးခင်ဗျား…အခန်းထဲ ပြန်ပါခင်ဗျာ၊ သူတို့အား
လုံး သွားကုန်ကြပါပြီ"

"ကနေ့ညတော့ မင်းတို့သိုင်းလောက အကြောင်းကို မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ပြီပေ့ါ၊ စိတ်ဝင်စားဖို့တော့ ကောင်းသားပဲ"

ဆင်းပေတုက လက်နှစ်ဘက်ဆုပ်၍ ကွမ်းကျုံးရုပ်တို့ကို ဦးညွတ်လိုက်သည်။

"ခင်ဗျားတို့သာ မရှိရင် ကျုပ်တော့ ဘယ်လိုရင်ဆိုင်ရမှန်းတောင် မသိပါဘူးဗျာ"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"သူတို့ရည်ရွယ်ချက်က သိုးပန်းချီကား ရယူဖို့ပါပဲ၊ အခု ပန်းချီကားချပ် ကျွန်တော်မျိုးလက်ထဲမှာ ရောက်နေတဲ့အတွက် နယ်စားကြီးမှာ အနှောင့်အယှက် မဖြစ်နိုင်တော့ပါဘူး"

နယ်စားကြီးက ပြုံးပြလိုက်သည်။

"ကျုပ်က ပန်းချီကားချပ်ကို ခင်ဗျားလက်ထဲအပ်တာ အန္တရာယ်ကို လွှဲပြောင်းပေးတဲ့ သဘောလို့ မယူဆစေချင်ဘူး"

နယ်စားကြီး၏လေသံက အားတုံ့အားနာဖြစ်နေပုံမျိုးရ၏။

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ဒါ ကျွန်တော်မျိုး နားလည်ပါတယ်"

ထိုစဉ် ပေါင်းချိန်းက ကြားဖြတ်မေးသည်။

"ဒီမှာ ဌာနမှူး၊ ဒီပန်းချီကားချပ်ကို ခင်ဗျား ဘယ်လိုစီမံမလဲ၊ ကျုပ်လဲ သိချင်တယ်ဗျ"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"ခင်ဗျား စိတ်ဝင်စားရင် ကျုပ်ချိန်းတဲ့ နေရာကို လာခဲ့လေ"

ပေါင်းချိန်း ပြုံးလိုက်လေသည်။



"ကျေးဇူးတင်ပါတယ်၊ ကျုပ် အချိန်မှန်လာခဲ့ပါ့မယ်"

သူသည် ပြောပြီးသည်နှင့် ကိုယ်ဖော့ပညာကို အသုံးပြုကာ အခန်းထဲမှ လှစ်ကနဲ ထွက်ခွာသွားလေသည်။

ကွမ်းကျုံးရုပ်ကလည်း နယ်စားကြီးအား ဦးညွတ်၍ အရိုအသေ ပေးလိုက်သည်။

"ညဉ့်လဲ အတော်နက်နေပြီ၊ ကျွန်တော်မျိုးကို သွားခွင့်ပြုပါဦး ခင်ဗျာ"

နယ်စားကြီးက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီ၊ အကြောင်းထူးရှိရင် ချက်ချင်းအကြောင်းကြားပါ"

"ဟုတ်ကဲ့ပါ နယ်စားကြီး"

ကွမ်းကျုံးရုပ်သည် ယင်းသို့ပြောပြီး နယ်စားကြီးဂေဟာမှ ထွက်ခွာသွားလေသည်။

ကွမ်းကျုံးရုပ်သည် ကျားမာန်အာမခံ၌နခွဲသို့ ရောက်ရှိလာသောအခါ ဖန်းကျင်းရှမ်းတို့လူစုက သူ့အား စောင့်မျှော်နေသည်ကို တွေ့ရသည်။

ကွမ်းကျုံးရုပ် ပြန်လာသည်နှင့် ဖန်းကျင်းရှမ်းက ဆီး၍ နှုတ်ဆက်လိုက်လေသည်။

"ယို့လုံးတို့ ထွက်ခွာဖို့ အသင့်ပြင်ထားပြီးပါပြီ"

ကွမ်းကျုံးရုပ်က လက်ကာပြလိုက်သည်။

"သူတို့အားလုံး အစီအစဉ် ဖျက်လိုက်ပါလို့ ပြောလိုက်ပါ"

ကွမ်းကျုံးရုပ်၏စကားကြောင့် ဖန်းကျင်းရှမ်း အံ့အားသင့်သွားသည်။

"ဌာနမှူးက ဒီနေ့ည မသွားတော့ဘူးလား"

ဖန်းကျင်းရှမ်းက နားမလည်နိုင်ဟန်ဖြင့် မေးလိုက်၏။

ကွမ်းကျုံးရုပ်က မီးပုံရှိရာသို့ လျှောက်လာပြီး မချိပြုံးပြုံးလိုက်လေသည်။

"နယ်စားကြီးဟာ အင်မတန်တော်တဲ့ အရာရှိတစ်ယောက်ပါ။ ဒါကြောင့်လည်း ကျုပ်အနေနဲ့ လက်ပိုက်ကြည့်မနေနိုင်ဘူး"

ဖန်းကျင်းရှမ်း မျက်မှောင်ကြုတ်သွားလေသည်။

"ဘာကို လက်ပိုက်ကြည့်မနေနိုင်ရတာလဲ"

"သိုးပန်းချီကား"

"သိုးပန်းချီကား ဟုတ်လား၊ အဲဒါ ဌာနမှူးနဲ့ ဘာဆိုင်လို့လဲ"

ဖန်းကျင်းရှမ်းမှာ အနည်းငယ် စိတ်ရှုပ်သွားပုံရသည်။



"ဆိုင်တော့ မဆိုင်ဘူး၊ ဒါပေမယ့် နယ်စားကြီးက ကျုပ်ကို အပ်လိုက်တဲ့အတွက် ဆိုင်လာတာပါ"

"ဒါဖြင့် ဌာနမှူးက ဘယ်လိုလုပ်မလဲ"

နံဘေးမှ ငြိမ်သက်စွာ နားထောင်နေသော ယန်စုစိန်က ဝင်မေးလိုက်ခြင်း ဖြစ်၏။

ကွမ်းကျုံးရုပ်က...

"ဒီကိစ္စနဲ့ ပတ်သက်ပြီး မနက်ဖြန် ဆင့်ယန်ရေကန်နံဘေးရဲ့ တောအုပ်မှာ ညစာစားပွဲတည်ခင်းပြီး သိုးပန်းချီကားကို လိုချင်နေကြတဲ့ လူတွေနဲ့ ဖြေရှင်းဖို့ ချိန်းဆိုလိုက်ပြီ"

ယန်စုစိန်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကိုယ့်ဒုက္ခ ကိုယ်ရှာသလို ဖြစ်မနေဘူးလား ဌာနမှူး"

ယန်စုစိန်၏လေသံက စိတ်လက်မသက်သာသလို ဖြစ်နေသည်။

ကွမ်းကျုံးရုပ်က မချိပြုံးပြုံးလိုက်လေသည်။

"လူဆိုတာ တခါတလေ ကိုယ့်ကိုကိုယ် ဒုက္ခရှာတတ်ကြတယ် မဟုတ်လား"

ထိုသို့ ပြောပြီးနောက် လင်တာ့ရစ်ဘက်သို့ လှည့်လိုက်၏။

"လင်တာ့ရစ်၊ မင်းကို အကူအညီ တောင်းရအုံးမယ်"

လင်တာ့ရစ်က ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့၊ အမိန့်ရှိပါ ဌာနမှူး"

"မနက်ဖြန် နှစ်ဆန်းတစ်ရက်နေ့ ဖြစ်တဲ့အတွက် စားသောက်ဆိုင်အားလုံး ပိတ်ထားမှာပဲ၊ ဒါကြောင့် မနက်ဖြန်ည စား

သောက်ဖို့ ခင်ဗျား တာဝန်ယူပါဗျာ"

လင်တာ့ရစ်က ဦးညွှတ်လိုက်သည်။

"စိတ်ချပါ၊ အားလုံး အဆင်သင့် ဖြစ်စေရပါ့မယ်"

ဖန်းကျင်းရှမ်းကို ကြားဖြတ်မေးလိုက်သည်။

"ဥာနမှူးက ဘယ်သူ့ကို ဖိတ်ထားသလဲ"

ကွမ်းကျုံးရုပ်က အနည်းငယ် စဉ်းစားလိုက်သည်။

"ဘယ်သူတွေမှန်းတော့ မသိဘူး၊ ဒါပေမယ့် ယမ်းဘီလူး ဝမ်းချောင်းနဲ့ မင်းသားလေးကပ်ဟို့လျှန်တို့တော့ လာမှာ သေချာတယ်"

ဖန်းကျင်းရှမ်းမှာ မျက်မှောင်ကြုတ်သွားသည်။

"ဥာနမှူးက တစ်ယောက်တည်း သွားမှာလား"

ကွမ်းကျုံးရုပ်က ပြုံးပြလိုက်သည်။

"ခင်ဗျားရယ်၊ ယန်စုစိန်ရယ်၊ ချန်းတဟောင်နဲ့ ယို့လုံးတို့ ကို ခေါ်သွားမှာပါ"

သူသည် ထိုသို့ ပြောပြီးနောက် အဖွဲ့သားအားလုံးကို တစ် ချက်ဝေ့ကြည့်လိုက်သည်။

"ကဲ အားလုံး အိပ်ကြပေတော့၊ မနက်ဖြန် မွန်းတည့်ချိန် ရောက်ရင် အားလုံး အဆင်သင့်သာ ရှိပါစေ"

"ကောင်းပါပြီ ဥာနမှူး"

* * *

## နှစ်သစ်ကူး၏ ညစာစားပွဲ

နောက်တစ်နေ့...

မွန်းတည့်ချိန် ဖြစ်သည်။

ကွမ်းကျုံးရုပ်နှင့် ဖန်းကျင်းရှမ်းတို့လူစုသည် ဆင့်ယန်ရေ ကန်သို့ ရောက်ရှိလာကြလေသည်။

လင်ကာ့ရစ်က ရေကန်အနီးမှ အသင့်စောင့်နေပြီး ဖြစ်၏။

တိတ်ဆိတ်သော ရေကန်၏နံဘေးတွင် စားပွဲနှင့် ကုလား ထိုင်များ အစီအရီ ချထားလေသည်။

ကွမ်းကျုံးရုပ်က ဘေးပတ်ဝန်းကျင် အခြေအနေကို လေ့

လာကြည့်ရှုပြီးနောက် လင်တာ့ရစ်ထံသို့ ပြန်လည် ရောက်ရှိလာလေသည်။

"အားလုံး အဆင်သင့် ရှိပြီလားဟေ့"

လင့်တာ့ရစ်က ဦးညွှတ်လိုက်သည်။

"ဟုတ်ကဲ့ပါ ဌာနမှူး အားလုံး အဆင်သင့် ဖြစ်နေပါပြီ၊ မိုးချုပ်တာနဲ့ စတင်ချက်ပွဲမယ်"

ဌာနမှူးသည် ဖန်းကျင်းရှမ်းတို့လူစုအား နေရာအစီအစဉ်များ ချပေးထားပြီးနောက် ယင်းနေရာ၌ပင် အပန်းဖြေနေကော့၏။



နေဝန်းကြီးသည် အနောက်ယွန်းယွန်းသို့ သက်ဆင်း ဝင်ရောက်သွားပြီ ဖြစ်လေသည်။

အမှောင်ထုသည် တလောကလုံးအား လွှမ်းခြုံရစ်သိုင်းလာလေ၏။

အမှောင်ကျလာသည်နှင့် မီးအိမ်များသည် အစီအရီ ထွန်းညှိထားပြီး ဖြစ်လေသည်။

တိတ်ဆိတ်သော စကြံနံဘေးတစ်ပိုက်တွင် ရောင်စုံမီးများ လှပစွာ ထွန်းညှိထားသည်။

ကွမ်းကျုံးရုပ်သည် လင်တာ့ရစ်အား အမိန့်ပေးလိုက်ရာ လင်တာ့ရစ်သည် စတင်ချက်ပြုတ်၍ နေလေသည်။

လင်တာ့ရစ်သည် ကျွမ်းကျင်သော စားဖိုမှူးတစ်ယောက် ဖြစ်သည့် အားလျော်စွာ တိုနတောင်းလှသော အချိန်ကလေးအတွင်း မှာပင် အလွန်မွှေးကြိုင်သော ဟင်းလျာများကို အသင့်ချက်ပြုတ်ပြီး ဖြစ်နေလေတော့သည်။

စားပွဲများပေါ်သို့ ဟင်းလျာများ ရောက်ရှိသွားပြီး မကြာမီ မှာပင် လူတစ်ယောက်၏ ရယ်မောသံကို ကြားလိုက်ရလေ့သည်။

"အိုး... ဟိုး... ဒါလောက် အေးတဲ့ရာသီမှာ အခုလို ရေကန်ဘေးမှာ ညစာတည်ခင်း ကျွေးမွေးတာကို ဒီတစ်ခါပဲ ကျုပ်မြင်ဖူးတယ်"

ကွမ်းကျုံးရုပ်တို့က စကားသံကြောင့် လှည့်ကြည့်လိုက်ရာ အပြာရောင်အင်္ကျီရှည် ဝတ်ဆင်ပြီး ခေါက်ယပ်တောင်တစ်ချပ် ကိုင်ထားသော လူတစ်ယောက် မိမိတို့ထံ လျှောက်လာသည်ကို တွေ့

မြင်လိုက်ရလေသည်။

မင်းသားလေး ကပ်ဟို့လျှန်ပင် ဖြစ်သည်။

ယန်စုစိန်က ရှေ့သို့ ခြေတစ်လှမ်းတက်၍ လျှောက်သွားပြီး ကြိုဆိုလိုက်လေသည်။

"ကြွပါ မင်းသားလေး"

မင်းသားလေးကပ်ဟို့လျှန်က ယန်စုစိန်အား တစ်ချက်ကြည့်လိုက်ပြီး စားပွဲအနီး၌ ထိုင်ချလိုက်လေသည်။

ယင်းသို့ ထိုင်ချလိုက်သည်နှင့် သူ့နောက်တွင် ပါလာသော မိန်းကလေးတစ်ယောက်ကလည်း သူနှင့်ကပ်လျက်ရှိသော ကုလားထိုင်ပေါ်၌ ထိုင်ချလိုက်လေသည်။

မီးရောင်အောက်တွင် ထိုမိန်းကလေးမှာ အလွန်လှပနေသည်ကို တွေ့လိုက်ရပေသည်။

ကပ်ဟို့လျှန်က မိန်းကလေးအား ပြုံးပြလိုက်၏။

"ဒီလို ညှော်ခံပွဲကို ကျုပ်ဖြင့် တစ်ခါမှ မတွေ့ဖူးဘူး၊ ဒီညစာစားပွဲကိုလည်း အအေးညှော်ခံပွဲလို့ ခေါ်ရင် ကောင်းမယ် ထင်တယ်"

ယန်စုစိန်က ပြုံးပြလိုက်သည်။

"ဒီညှော်ခံပွဲကို ငါးစာချညှော်ခံပွဲလို့ ခေါ်ရင် အံကောင်းဆုံးဖြစ်ပါလိမ့်မယ်"

ယန်းစုစိန်၏စကားကြောင့် ကပ်ဟို့လျှန်က မျက်မှောင်ကြုတ်သွားသည်။

"ဘာဖြစ်လို့လဲ"

ယန်းစုစိန်က ပြုံးလိုက်သည်။



"ဟုတ်တယ်လေ... ငါးစာချထားတော့ ငါးစာဟပ်ချင်တဲ့လူတွေ ရောက်လာကြတယ် မဟုတ်လား"

ကပ်ဟို့လျှန်က ခေါင်းညိတ်လိုက်သည်။

"မင်းဟာ ကျားမာန်အာမခံဌာနမှာ အင်မတန် စကားကြွယ်တယ်လို့ နာမည်ကြီးနေတာ အခု လက်တွေ့မှ ယုံတော့တယ်"

ယန်စုစိန်က မိန်းကလေးအား လှည့်ကြည့်လိုက်သည်။

"ဒီမိန်းကလေးကို ခင်ဗျားက ငါးစာချပြီး မျှားခေါ်လာတာဖြစ်ရမယ်"

မိန်းကလေးမှာ ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။ ယန်စုစိန်ကို မကျေမနပ် စိုက်ကြည့်လိုက်ပြီး...

"ရှင်က အိမ်ရှင်ဖြစ်ပြီး အခုလို ရိုင်းရိုင်းစိုင်းစိုင်းပြောတာ ကောင်းရဲ့လား၊ ပါးတောင်ရိုက်ဖို့ ကောင်းနေပြီ"

မိန်းကလေးသည် နှုတ်မှ ကက်ကက်လန် ရန်တွေ့ရင်း လက်ကလည်း လျှပ်တပြက် ယန်စုစိန်၏ပါးပြင်ကို ရိုက်ချလိုက်၏။

"ဖြန်း"

ယန်စုစိန်မှာ မရှောင်လင့်ဘဲ ပါးရိုက်ခံရသဖြင့် ဒေါသခြောင်းခြောင်း ထွက်လာပြီး မိန်းကလေးအား တိုက်ခိုက်ရန် ဟန်ပြင်လေသည်။

"ယန်စုစိန်"

ဖန်းကျင်းရှမ်းက ရုတ်တရက် ဝင်ရောက် ဟန့်တားလေ၏။

ဖန်းကျင်းရှမ်းသည် မိန်းကလေးထံသို့ လျှောက်သွားလေသည်။

ထို့နောက် မိန်းကလေးအား တစ်ချက်ငေ့ကြည့်ကာ...

"မိန်းကလေးက လက်မြန်သားပဲ"

ကပ်ဟို့လျှန်က မိန်းကလေးအား ပြုံးပြသည်။

"ကျုပ် မိတ်ဆက်ပေးဦးမယ်၊ သူက ကျားမာန်အာမခံဌာနက ဒုဌာနမှူး ဖန်းကျင်းရှမ်းပါပဲ"

ထိုသို့ ပြောပြီးနောက် မိန်းကလေးအား ညွှန်ပြကာ...

"သူကတော့ ဟိုလျန်ဝါးပါပဲ"

ဖန်းကျင်းရှမ်း အံ့အားသင့်သွားသည်။

"လေပွေသိုင်းသမားက မင်းကို လိုက်ရှာနေတာ၊ မင်းက ဘယ့်နှယ် ဒီကို လိုက်လာတာပါလိမ့်"

ဟိုလျန်ဝါးက ပြုံးလိုက်သည်။

"ကျွန်မက မင်းသားလေးနဲ့ အတူတူ လိုက်လာတာပါ"

ဖန်းကျင်းရှမ်းက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"သူ့အကြောင်းကို မင်း ဘယ်လောက် သိထားလို့လဲ"

ဟိုလျန်ဝါးက ရယ်မောလေသည်။

"သိတာပေါ့ရှင်"

"မင်းက သူ့အကြောင်းသိရက်နဲ့ ဘာကြောင့် သူ့နောက်ကို လိုက်လာရတာလဲ"

ဖန်းကျင်းရှမ်းက တအံ့တသြလေသံ ပြောလေသည်။

ဟိုလျန်ဝါးက ပြုံးပြန်သည်။

"သူနဲ့ လိုက်လာတာ ဘာဖြစ်သလဲရှင့်"

ဖန်းကျင်းရှမ်းက သက်ပြင်းတစ်ချက်ချလေသည်။



"သူက မိန်းမသိပ်ပွေတဲ့ လူဗျ"

ဖန်းကျင်းရှမ်း၏ စကားကြောင့် ကပ်ဟို့လျှန်မှာ မကျေမနပ် ဖြစ်သွားလေ၏။

"ဒီမှာ လူတစ်ယောက်ဟာ လူတစ်ယောက်ကို ထိခိုက်ပြီး မပြောဆိုအပ်ဘူးလို့ ယူဆပါတယ်"

ဖန်းကျင်းရှမ်းက စကားပြောရန် ပါးစပ်ဟလိုက်စဉ် လူနှစ်ယောက် ထပ်မံရောက်ရှိလာသည်ကို တွေ့မြင်ရလေတော့သည်။

* * *

ရှေ့ဆုံးမှ ဝင်လာသောသူသည် အသက်လေးဆယ်ကျော်ခန့် ရှိသည်။ သူ၏ကိုယ်ပေါ်တွင် အနက်ရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားပြီး လက်ထဲတွင် ရှည်မျောမျော အထုပ်ကလေးတစ်ခု ကိုင်ထားလေသည်။

ဒုတိယလူမှာ မိုးနဂါးပေါင်းချိန်းပင် ဖြစ်လေသည်။

သူတို့အား ဖန်းကျင်းရှမ်းက သွားရောက်ကြိုဆိုလေသည်။

"ခေတ်ပန်းဂိုဏ်းက ခင်ဗျားတစ်ယောက်တည်းပဲ လာတယ် မဟုတ်လား"

မိုးနဂါးပေါင်းချိန်းက ခေါင်းခါယမ်းပြသည်။

"ကျုပ်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စနဲ့ လာတာပါ၊ ခေတ်ပန်း

ဂိုဏ်းနဲ့ ဘာမှမဆိုင်ပါဘူး"

ဖန်းကျင်းရှမ်းသည် သူတို့အား နေရာထိုင်ခင်းပေးပြီး နောက် အနက်ရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသော လူဘက်သို့ လှည့်လိုက်လေသည်။

"မိတ်ဆွေက ဘယ်သူလဲ"

"ကို့ပုက္ကျမ်းပါ"

ဖန်းကျင်းရှမ်း မျက်မှောင်ကြုတ်သွားသည်။

"သရဲလက် ကို့ပုက္ကျမ်း ဆိုတာလား"

"ဟုတ်ပါတယ်"

ထိုသူ၏လေသံက တိုတိုပြတ်ပြတ် ဖြစ်၏။ စကားပြောချင်ပုံ မရသဖြင့် ဖန်းကျင်းရှမ်းက စကားမပြောတော့ဘဲ နေရာချထားပေးလိုက်လေသည်။

* * *

ဖန်းကျင်းရှမ်းက ကို့ပုက္ကျမ်းတို့အား နေရာထိုင်ခင်းပေးပြီးသည့် အချိန်မှာပင် ယမ်းဘီလူးဝမ်းချောင်း ရောက်ရှိလာလေသည်။

ဖန်းကျင်းရှမ်းက သူ့အား နေရာထိုင်ခင်း ချထားပေးရင်း

"ခင်ဗျားလည်း ရောက်လာတာကိုး"

ဝမ်းချောင်းက အေးတိအေးစက်သော အသံဖြင့်...



"သိုးပန်းချီကားချပ်သာ စိတ်မဝင်စားရင် ဒီလိုနေရာမျိုးကျုပ် ဘယ်တော့မှမလာဘူး"

ထို့နောက် တစ်စုံတစ်ယောက်မျှ ရောက်ရှိလာခြင်း မရှိတော့ပေ။

ပေါင်းချိန်းက သက်ပြင်းတစ်ချက်ချလေသည်။

"လူတွေ အတော် နည်းနေပါလား"

ထိုစဉ် ကွမ်းကျုံးရပ်က သူတို့အနီး ရောက်ရှိလာသည်။

ကို့ပုက္ကျမ်း မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျား ဘယ်အချိန် ချိန်းထားသလဲ"

"အုန်းမောင်းခေါက်သံ တစ်ချက်"

"အခု အုန်းမောင်းခေါက်သံတစ်ချက် ကျော်ပြီပဲ"

ကွမ်းကျုံးရပ်က ပြုံးလိုက်သည်။

"မထူးတော့ပါဘူး။ ခဏလေး စောင့်လိုက်ပါဦးဗျာ"

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားသည်။

သို့ရာတွင် လူတစ်ဦးတစ်ယောက်မျှ ထပ်မံ ရောက်ရှိလာ
ခြင်း မရှိပေ။ ကို့ပုကျွမ်းမှာ စိတ်မရှည်နိုင်တဲ ဖြစ်လာသည်။

"ဒီမှာ ဌာနမှူး၊ အချိန်တောင် လွန်လာပြီ၊ ခင်ဗျား ဘယ်
သူ့ကို စောင့်ဦးမှာလဲ"

ကွမ်းကျုံးရုပ်က အားတုံ့အားနာ ဖြစ်သွားဟန်ဖြင့် ကို့ပု
ကျွမ်းကို တောင်းပန်လိုက်သည်။

"ခဏလေးစောင့်ပါဗျာ၊ နောက်ထပ် လူမလာရင်တော့
ကျုပ်တို့ ထမင်းစားပွဲ စကြတာပေါ့"

ကို့ပုကျွမ်းက ခေါင်းခါယမ်းလေသည်။

"စောင့်စရာမလိုဘူး၊ ခင်ဗျား ရှင်းပြမယ့် ကိစ္စကိုသာ အမြန်
ဆုံး ရှင်းပြပါ"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်ပြပြီး စကားပြောရန် ထိုင်ရာ
မှ ထလိုက်လေသည်။

ထိုစဉ်မှာပင် ခြေသံများ ထွက်ပေါ်လာသည်ကို ကြားရလေ
တော့သည်။

အားလုံး လှည့်ကြည့်လိုက်သောအခါ ရသေ့နှစ်ပါးနှင့် ဘုန်း
ကြီးတစ်ပါး သူတို့ထံ လျှောက်လာနေသည်ကို တွေ့မြင်ရသည်။

အားလုံးသော လူများသည် ရသေ့နှစ်ပါးနှင့် ဘုန်းတော်ကြီး
တစ်ပါးတို့အား စိတ်ဝင်စားလာကြသည်။ ထိုအချိန်တွင် အပြာရောင်
ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသော လူငယ်တစ်ယောက်က ခေါင်း
ကိုင့်ကာ တိတ်ဆိတ်စွာဖြင့် ပေါင်းချိန်း ထိုင်နေသော နေရာသို့



ဝင်ရောက် ထိုင်ချလေသည်။

ရသေ့နှစ်ပါးအနက် တစ်ပါးမှာ အသက်လေးဆယ်ကျော်
ခန့် ရှိပြီး တစ်ပါးမှာ လူငယ်တစ်ယောက် ဖြစ်သည်။

သူတို့၏ကိုယ်ပေါ်တွင် ဓားရှည်ကိုယ်စီ လွယ်ထားသည်ကို
တွေ့ရလေသည်။

ဘုန်းတော်ကြီးမှာမူ အသက်သုံးဆယ်ခန့် ရှိမည် ထင်ရ၏။
နုနုနယ်နယ်ဖြစ်ပြီး လက်နက် လုံးဝ ကိုင်ဆောင်ထားခြင်း
မရှိပါ။

ဖန်းကျင်းရှမ်းက သူတို့အား နေရာထိုင်ခင်း ချပေးလိုက်
လေသည်။ သူတို့အား နေရာထိုင်ခင်း ချထားပေးပြီးနောက် ကွမ်း
ကျုံးရုပ်က ဘေးဆီသို့ တစ်ချက်ဝေ့ကြည့်လိုက်လေသည်။

"တစ်ချို့မိတ်ဆွေတွေ အကြောင်းအမျိုးမျိုးကြောင့် နောက်
ကျနေတာ ဖြစ်မှာပါ၊ ဒါပေမယ့် အချိန်လွန်သွားတဲ့အတွက် ကျုပ်က
မစောင့်တော့ပါဘူး ခင်ဗျာ"

သူသည် လက်နှစ်ဘက်ဆုပ်၍ ဧည့်သည်အားလုံးတို့ကို
အလေးပြုလိုက်လေသည်။

"ကဲ... မိတ်ဆွေတို့အားလုံး အားမနာတမ်း သုံးဆောင်ကြ
ပါဗျာ"

ဝမ်းချောင်းက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က ခင်ဗျား ဖိတ်ထားတဲ့ ညစာစားပွဲကို လာတာ
မဟုတ်ပါဘူး၊ ခင်ဗျား ရှင်းပြမယ့်ကိစ္စ နားထောင်ဖို့ လာတာ"

ကွမ်းကျုံးရုပ်က လက်ကာပြလိုက်သည်။

"ကျုပ်သိပါတယ်ဗျာ၊ စားသောက်ရင်း ဆွေးနွေးကြတာ ပေါ့ဗျာ"

ကပ်ဟို့လျှန်က ပြုံးပြလိုက်သည်။

"ကဲပါ... ဒါတွေ ထားလိုက်ပါ"

"သိုးပန်းချီ ခင်ဗျား လက်ထဲမှာ ရှိ မရှိဆိုတာ အရင်ပြော ပါ"

"ဟုတ်ကဲ့ သိုးပန်းချီကားချပ်ဟာ ကျုပ်လက်ထဲမှာ ရှိနေပါ တယ်၊ ဒီပန်းချီကားချပ်ကို ကျုပ်ပိုင်ဆိုင်တယ်ဆိုတာ ခင်ဗျားလည်း သိမှာပေါ့"

ကပ်ဟို့လျှန်က ပြောလိုက်ခြင်း ဖြစ်၏။

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ဒီပန်းချီကားချပ်ရဲ့ ပိုင်ရှင်ဟာ ခင်ဗျားကို ပေးဖို့ ကတိစာချုပ်ပေးထားတယ်ဆိုတာ ကျုပ်သိပါတယ်"

ကပ်ဟို့လျှန်က ပြုံးလိုက်သည်။

"ဒီလိုဆိုရင် ဒီပန်းချီကားချပ်ကို ကျုပ်ပိုင်ဆိုင်တယ်ဆိုတာ ထင်ရှားနေပြီ"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"ခင်ဗျားပြောတဲ့ အတိုင်းဆိုရင်တော့ ဟုတ်ပါတယ်၊ ဒါပေ မယ်..."

"ဒါပေမယ့် ဘာဖြစ်သလဲ"

ကပ်ဟို့လျှန်က စိတ်မရှည်နိုင်ဟန်ဖြင့် မေးသည်။

"ဒါပေမယ့် ခင်ဗျားဟာ ကတိစာချုပ်နဲ့ သိုးပန်းချီကို ရယူ



ပြီးမှ ထိန်းသိမ်းနိုင်မှု မရှိဘဲ ကြားဖြတ်လုယူတာ ခံလိုက်ရတဲ့အတွက် ခင်ဗျားမှာ ပိုင်ဆိုင်ခွင့် မရှိတော့ပါဘူး"

ကပ်ဟို့လျှန်က မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်အလုခံလိုက်ရတဲ့ သိုးပန်းချီဟာ ခင်ဗျားလက်ထဲမှာ ရောက်နေတာ စဉ်းစားစရာပဲ"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"ခင်ဗျား ထင်ချင်ရာထင်နိုင်ပါတယ်၊ ဒါတွေ ကျုပ်မတတ် နိုင်ဘူး၊ တစ်ခုတော့ ပြောပါရစေ၊ ကျုပ်က ဒီပန်းချီကားကို ခေတ္တ ထိန်းသိမ်းထားတဲ့ သဘောဆိုတာကို နားလည်ထားစေချင်ပါတယ်"

ကို့ပုကျွမ်းက အေးတိအေးစက်လေသံဖြင့် ကြားဖြတ်ဝင် ပြောလိုက်သည်။

"ခင်ဗျားမှာ ဘာအစီအစဉ်ရှိသလဲ"

ကွမ်းကျုံးရုပ်က ကို့ပုကျွမ်းကို လှမ်းကြည့်သည်။

ကျေနပ်ဟန်ဖြင့် ခေါင်းညိတ်ပြကာ...

"ဒီမေးခွန်းဟာ အသင့်တော်ဆုံး မေးခွန်းပါပဲ"

ထိုသို့ဖြေပြီးနောက် ချောင်းတစ်ချက်ဟန့်လိုက်သည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး (၁၅) ရက်အတွင်းမှာ ကျုပ်ကြေငြာ ပါမယ်"

ဝမ်းချောင်းက မဲ့ပြုံးပြုံးလိုက်သည်။

"တကယ်လို့ ကျုပ်တို့က လက်မခံဘူးဆိုရင်ကော"

ဝမ်းချောင်းသည် ထိုသို့ပြောရင်း ကွမ်းကျုံးရုပ်ကို စူးစိုက် ကြည့်လိုက်သည်။

ကွမ်းကျိုးရုပ်က ပြုံးလိုက်သည်။

"ဒါကတော့ ခင်ဗျားတို့ လုချင်လုပေါ့"

ကို့ပုကျွမ်းက ရယ်မောလိုက်သည်။

"ဘာလဲ ခင်ဗျားက ကျုပ်တို့ကိုဖိတ်တာ ဒီစကားတစ်ခွန်းတည်း ပြောချင်လို့လား"

ထိုစဉ် ရသေ့ကြီးက ထိုင်ရာမှထလိုက်လေသည်။

"ကျုပ် စကားတစ်ခွန်း ပြောပါရစေ"

"ပြောပါ"

"ဒီလိုပါ ကျုပ်တို့ အခုရောက်လာတာက ပန်းချီကားချပ်ကို ယူလိုတဲ့ဆန္ဒကြောင့် မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီပန်းချီကားကို မထိုက်တန်တဲ့လူ လက်ထဲမရောက်စေချင်လို့ပါ"

ဝမ်းချောင်းက ကြားဖြတ်လိုက်သည်။

"ခင်ဗျား စကားကိုဆင်ခြင်ပြောပါ။ ဘယ်သူရထိုက်သလဲ၊ ဘယ်သူက မရထိုက်ဘူးလဲ"

ရသေ့က ပြုံးလိုက်သည်။

"ဒါက ကျုပ်စိတ်ထဲမှာ သိထားတာပါ၊ ဖွင့်ပြောစရာ မလိုဘူး"

"ခင်ဗျားစိတ်ထဲမှာ ကျုပ်ကို မရထိုက်တဲ့လူ စာရင်းထဲထည့်ထားမှာ သေချာတယ်"

ဝမ်းချောင်းက မကျေမနပ်လေသံဖြင့် ပြော၏။

ရသေ့က ပြုံးပြလိုက်၏။

သို့သော် စကားမပြောချေ။



ယင်းသို့ အခြေအနေတင်းမာနေစဉ် လူတစ်ယောက်သည် ခါး၌ဓားကိုဆောင်၍ ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

ကွမ်းကျိုးရုပ်က ထိုသူအား သေချာစွာကြည့်လိုက်သည်။

ထိုလူမှာ အဝတ်အစားများ တမျိုးတဖုံလဲလှယ်ထားသော်လည်း ဆင်းပေတု ဖြစ်နေမှန်း ကွမ်းကျိုးရုပ် သိလိုက်သည်။

ဆင်းပေတု၏နောက်တွင် လူတစ်ယောက် ပါလာသည်။

ထိုလူအား မကြည့်ဘဲ ကွမ်းကျိုးရုပ် သိလိုက်သည်။

နယ်စားကြီးမှလွဲ၍ အခြားမည်သူမျှ မဖြစ်နိုင်ပါချေ။

သူ၏ရင်ထဲ၌ လေးလံလာလေသည်။

ဖန်းကျင်းရှမ်းက ကြားဖြတ်ပြီး ဟန့်တားလိုက်သည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

ကွမ်းကျိုးရုပ်က လက်ဝှေ့ယမ်းပြလိုက်သည်။

"ကြွပါဗျာ၊ ခင်ဗျားတို့ နောက်ကျနေတာကိုး"

ကွမ်းကျိုးရုပ်က ကြိုဆိုလိုက်သောကြောင့် ဖန်းကျင်းရှမ်းဆက်၍ မဟန့်တားတော့ပေ။ နေရာထိုင်ခင်း ချထားပေးလိုက်၏။

ဆင်းပေတုက ပေါင်းချိန်းအနီး၌ ထိုင်ချလိုက်ပြီး...

"ကျုပ်တို့က ပန်းချီကားချပ်ကို လိုချင်လို့ လာတာမဟုတ်ဘူး၊ ပွဲကြည့်သူအနေနဲ့ လာခဲ့တာပါ"

ပေါင်းချိန်းက ဆင်းပေတုနှင့် နယ်စားကြီးအား အကဲခတ်ကြည့်နေလေသည်။

ကွမ်းကျိုးရုပ်က သိုးပန်းချီကားချပ်ကို လိပ်၍ သိမ်းဆည်း

လိုက်လေသည်။

"အားလုံးကို ကျုပ်ရှင်းပြပြီးပါပြီ၊ ကျုပ်ကိုလည်း ယုံကြည်ပါလို့ မေတ္တာရပ်ပါတယ်၊ တကယ်လို့များ မကျေနပ်တဲ့လူ ရှိရင် ကျုပ်ဆီမှာ လုယူနိုင်ပါတယ်"

ကပ်ဟို့လျှန်က ထိုင်ရာမှထလိုက်သည်။

ထို့နောက် ရသေ့ကြီးအား စူးစိုက်ကြည့်ရင်း...

"ဒီမှာ ရသေ့ကြီး၊ သိုးပန်းချီကားကို ဌာနမှူးဆီအပ်ထားတာ ခင်ဗျား ဘယ်လိုသဘောရသလဲ"

ရသေ့ကြီးက ခေါင်းညိတ်လိုက်သည်။

"ကျုပ် ယုံကြည်ပါတယ်၊ အကောင်းဆုံးကတော့ ဒီပန်းချီကားချပ်ကို အားလုံးရဲ့ရှေ့မှာ မီးရှို့ပစ်လိုက်တာ အကောင်းဆုံးပါပဲ"

ကွမ်းကျုံးရပ်က ပြုံးလိုက်သည်။

"ကျုပ်လည်း ဒီသဘောကို ကြိုက်ပါတယ်၊ ဒါပေမယ့် ကျုပ်ပိုင်တာ မဟုတ်တော့ ခက်တာပေါ့ဗျာ"

ကပ်ဟို့လျှန်က မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ကလွဲလို့ ဘယ်သူမှ ဒီပန်းချီကားကို မီးရှို့ပိုင်ခွင့်မရှိဘူး"

ကွမ်းကျုံးရပ်က သက်ပြင်းတစ်ချက်ချလိုက်၏။

"ခင်ဗျားအနေနဲ့ ဒီပန်းချီကားချပ် မရှိလည်း ဘာမှမထိခိုက်ပါဘူး"

ကပ်ဟို့လျှန်က မဲ့ပြုံးပြုံးလိုက်လေသည်။



"ဒီကိစ္စကို နောက်မှပြောမယ်"

သူသည် ပြောရင်း ရသေ့ကြီးထံသို့ လျှောက်သွားသည်။

ထိုအခါ ရသေ့ကြီးအနီး၌ ထိုင်နေသော လူငယ်ရသေ့က ဆတ်ခနဲ ထလိုက်သည်။

"ခင်ဗျား ဘာလုပ်မလို့လဲ"

ကပ်ဟို့လျှန် မျက်မှောင်ကြုတ်သွားသည်။

လူငယ်ရသေ့ကို စူးစိုက်ကြည့်ကာ...

"မင်းက ဘယ်သူလဲ"

ရသေ့ကြီးက ကြားဖြတ်ပြောလိုက်သည်။

"သူက ကျုပ်ရဲ့ညီအငယ်ဆုံးပါ။ သူ့ကိုဗဟုသုတ အတွေ့အကြုံရအောင် အဖော်ခေါ်ခဲ့တာပါ"

"ခင်ဗျားသဘောက သူ့ကိုကျုပ်နဲ့ သိုင်းပညာယှဉ်ကြည့်စေချင်တဲ့သဘောလား"

ရသေ့ကြီးက ပြုံးလိုက်သည်။

"သူသိုင်းပညာသင်ကြားခဲ့တာ (၁၀)နှစ်ကျော်ပါပြီ၊ ဘယ်သူနဲ့မှ မယှဉ်ပြိုင်ခဲ့ဖူးပါဘူး၊ ခင်ဗျား စမ်းကြည့်ချင်တယ်ဆိုရင်လည်း သူ့ကုသိုလ်ကံပေါ့ဗျာ"

ထိုစဉ် ချိုလွင်သော ရယ်မောသံ တသံထွက်ပေါ်လာသည်။

"အစ်ကိုကြီး ဖယ်စမ်း၊ ဒီရသေ့ကလေးလောက်တော့ ကျွန်မ ရင်ဆိုင်နိုင်ပါတယ်"

ဟိုလျှန်ဝါးက ယင်းသို့ပြောရင်း ထိုင်ရာမှထလိုက်သည်။

ကပ်ဟို့လျှန် နောက်သို့ဆုတ်လိုက်သည်။

"သူတို့က ဝူးတန်ဂိုဏ်းကပါ၊ ဓားပညာ အင်မတန်တော်တယ်၊ သတိထားရလိမ့်မယ်"

ဟိုလျန်ဝါးက ခေါင်းညိတ်လိုက်သည်။

"ကျွန်မ နားလည်တယ်"

"ခြွမ်း"

သူမသည် ဓားကိုဆွဲထုတ်လိုက်လေသည်။

လူငယ်ရသေ့မှာ ကြောင်အမ်းအမ်းဖြစ်လျက်ရှိသည်။

"ခင်ဗျားက ကျုပ်နဲ့ယှဉ်ပြိုင်မလို့လား"

ဟိုလျန်ဝါးက ပြုံးလိုက်သည်။

"ဟုတ်တယ်လေ၊ ဘာလဲ ရှင်ကြောက်သွားပြီလား"

လူငယ်ရသေ့က ပြန်လည်ထိုင်ချလိုက်သည်။

"ယောကျ်ားကောင်းတစ်ယောက်ဟာ မိန်းမတွေနဲ့ ရန်မဖြစ်ချင်ဘူး"

ဟိုလျန်ဝါးက ပြုံးလိုက်သည်။

ပြုံးနေရင်းမှပင် သူမသည် ရုတ်တရက် ဓားဖြင့် ကန့်လန့်ဖြတ် တိုက်လိုက်လေသည်။

လူငယ်ရသေ့က ကမန်းကတန်း ရှောင်တိမ်းလိုက်ရသည်။

ဟိုလျန်ဝါး ပြုံးလိုက်သည်။

"ကျွန်မနဲ့ မယှဉ်ပြိုင်ချင်ဘူးဆိုရင် အရှုံးပေးရလိမ့်မယ်"

သူမသည် ပြောရင်း ထပ်မံတိုက်ခိုက်လိုက်ရာ လူငယ်ရသေ့မနေနိုင်တော့ပါ။

ဓားကိုဆွဲထုတ်ပြီး ပြန်လည်တိုက်ခိုက်လိုက်ရလေတော့၏။

လူငယ်ရသေ့နှင့် ဟိုလျန်ဝါးတို့သည် သဲသဲမဲမဲ တိုက်ခိုက်နေကြသည်။

သူတို့သည် သိုင်းကွက်(၄၀)ကျော်အထိ ယှဉ်ပြိုင်ခဲ့သော်လည်း မည်သူကမျှ အသာမရဘဲ လက်ညီနေ၏။

ထို့ကြောင့် သူတို့သည် တဘက်လူကို အနိုင်ရနိုင်ရန် အစွမ်းကုန် ကြိုးစားနေကြလေသည်။

တိုက်ခိုက်မှုသည် ပို၍ပြင်းထန်လာသည်။

ကွမ်းကျုံးရုပ်က ခေါင်းခါယမ်းလိုက်သည်။

သူသည် တိုက်ခိုက်နေသော ရသေ့နှင့် ဟိုလျန်ဝါးထံလျှောက်သွားပြီး...

"ခြွမ်း"

သူ၏ဓားကို ဆွဲထုတ်လိုက်လေသည်။

"ရပ်လိုက်"

သူသည် ပါးစပ်မှအော်ရင်း အလယ်မှဝင်ရောက်ပြီး ဓား တစ်ချက် ဝှေ့ယမ်းလိုက်ရာ...

"ခြွမ်း...ခြွမ်း"

လူငယ်ရသေ့၏ဓားနှင့် ဟိုလျှန်ဝါး၏ဓားတို့သည် ကွမ်းကျုံး ရုပ်၏ဓားကြောင့် တုန်ခါသွားလေသည်။

သူတို့သည် ကမန်းကတန်း နောက်သို့ ခြေလှမ်းဆုတ်သွား ကြရလေသည်။

ကွမ်းကျုံးရုပ်က သူတို့နှစ်ယောက်အား တစ်ချက်ဝေ့ကြည့် လိုက်သည်။

"ခင်ဗျားတို့နှစ်ယောက် လက်ညီနေပါတယ်၊ ဆက်ယှဉ် ပြိုင်သွားရင် ပြီးနိုင်တော့မှာ မဟုတ်ဘူး"

"လူငယ်ရသေ့နှင့် ဟိုလျှန်ဝါးတို့သည် စကားမပြောကြ တော့ဘဲ နောက်သို့ဆုတ်သွားကြလေသည်။

ကွမ်းကျုံးရုပ်က လူအားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်၏။

"ပန်းချီကားက ကျုပ်လက်ထဲမှာ ရှိပါတယ်၊ မကျေနပ်တဲ့ လူ လာပြီးလုနိုင်ပါတယ်"

"ဟား ဟား ဟား"

ကွမ်းကျုံးရုပ်၏ စကားအဆုံး၌ ရုတ်တရက် ရယ်မောသံ တသံ ထွက်ပေါ်လာလေတော့သည်။

* * *



ကို့ပုကျွမ်းသည် ထိုင်ရာမှ ထလိုက်သည်။

သူ၏ရှည်မျောမျော အထုပ်ကလေးကို ဖြေလိုက်သည်။

သူ၏အထုပ်ကလေးမှ အရာသည်လက်မောင်းနှင့်တူသော လက်နက်ဆန်းတစ်မျိုးဖြစ်သည်။

ကွမ်းကျုံးရုပ် မျက်မှောင်ကြုတ်သွားသည်။

"သရဲလက်ကို့ပုကျွမ်း"

ကို့ပုကျွမ်း ပြုံးလိုက်သည်။

"ဟုတ်ပါတယ်ဗျာ ကျုပ်ပါ"

သူသည် သူ၏လက်နက်ဆန်းကို ကိုင်လျက် ကွမ်းကျုံးရုပ် ထံသို့ ဖြည်းညင်းစွာ လျှောက်လာလေသည်။

"ခင်ဗျားရဲ့သိုင်းပညာကို ကျုပ် နည်းနည်းပါးပါးလေ့လာ ပါရစေ"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ရပါတယ်ဗျာ"

"ယား"

ကို့ပုကျွမ်းက ယင်းသို့ တစ်ချက်အော်လိုက်ပြီး သူ၏လက် နက်ဆန်းဖြင့် စတင်တိုက်ခိုက်လိုက်လေသည်။

"ခြွမ်း...ခြွမ်း...ခြွမ်း"

ကို့ပုကျွမ်း၏ လက်နက်ဆန်းနှင့် ကွမ်းကျုံးရုပ်၏ရွှေဓား တို့ထိခိုက်၍ ထွက်ပေါ်လာသော အသံများသည် ဝန်းကျင်တစ်ခုလုံး သို့ ရိုက်ခတ်ပျံ့နှံ့သွားလေသည်။

တဒင်္ဂအချိန်တွင် သူတို့သည် သိုင်းကွက်သုံးကွက်တိတိ

ယှဉ်ပြိုင်ခဲ့ပြီး ဖြစ်လေသည်။

"ရပ်လိုက်"

ကို့ပုကျွမ်း၏ အသံဖြစ်လေသည်။

ကွမ်းကျုံးရုပ်က နောက်သို့ခြေနှစ်လှမ်း ဆုတ်ပြီး ရပ်တန့်လိုက်လေသည်။

"ခင်ဗျား ဘာပြောဦးမလို့လဲ"

ကို့ပုကျွမ်းက လက်နှစ်ဘက်ဆုပ်၍ အရိုအသေပြုလိုက်လေသည်။

"ခင်ဗျားရဲ့ သိုင်းပညာကို ကျုပ်လေးစားပါတယ်"

သူသည် ပြောပြီးသည်နှင့် လက်နက်ဆန်းကို သိမ်းဆည်းလိုက်ပြီး ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။

* * *



ကွမ်းကျုံးရုပ်သည် ထွက်ခွာသွားသော ကို့ပုကျွမ်း၏ နောက်ကျောကိုကြည့်ကာ ကို့ပုကျွမ်းအပေါ် လေးစားသွားမိသည်။ ကို့ပုကျွမ်းကား စိတ်နေသဘောထား ပြတ်သားသူပင် ဖြစ်လေသည်။

ထိုစဉ် ယောဂီကြီးက ထိုင်ရာမှ ထလိုက်လေသည်။

"ဒီမှာ ဒွာနမှူး"

ခေါ်သံကြားတော့မှ ကွမ်းကျုံးရုပ်က လှည့်ကြည့်မိလေ၏။ ထို့နောက် ရိုသေစွာ လက်အုပ်ချီလိုက်ပြီး...

"အမိန့်ရှိပါ"

ယောဂီကြီးက ပြုံးလိုက်သည်။

"ရှုံးတဲ့လူက ထွက်ခွာသွားတာတော့ ဟုတ်ပါပြီ၊ တကာကြီး ကိုနိုင်တဲ့လူဆိုရင် ဘာလုပ်မလဲ"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်လေသည်။

"တပည့်တော် ရှုံးတယ်လို့ ဝန်ခံပါမယ်ဘုရား"

"ဝန်ခံရုံလား၊ သိုးပန်းချီကို မပေးတော့ဘူးလား"

ကွမ်းကျုံးရုပ်က ယောဂီအား အကဲခတ် ကြည့်လိုက်သည်။

"ယောဂီကြီး ဘယ်ကျောင်းကလဲ၊ ဘွဲ့အမည် ဘယ်လိုခေါ်ပါသလဲ"

ယောဂီကြီးက ပြုံးလိုက်သည်။

"ကျုပ်မေးတာ ဖြေပါ၊ စကားလွှဲမပြောပါနဲ့"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"တပည့်တော်ကို နိုင်ရုံနဲ့ မပြီးသေးပါဘူးဘုရား၊ လက်ထဲ

မှာရှိတဲ့ သိုးပန်းချီကို လုယူပါဦး”

ယောဂီကြီး ခေါင်းညိတ်လိုက်သည်။

“လုယူသွားရင် ပြီးရောလား”

ကွမ်းကျုံးရုပ်က ခေါင်းခါယမ်းလိုက်သည်။

“မပြီးသေးပါဘူးဘုရား၊ လုယူပြီးတဲ့နောက် တခြားလူရဲ့ လုယက်မှုမခံရလေအောင် ကာကွယ်နိုင်ဖို့လည်း လိုပါသေးတယ်”

ကပ်ဟို့လျန်က ထိုင်ရာမှ ထလိုက်လေသည်။

ကွမ်းကျုံးရုပ် မျက်မှောင်ကြုတ်လိုက်လေသည်။

“မင်းသားလေးက လုဦးမလို့လား”

ကပ်ဟို့လျန်က မဲ့ပြုံးပြုံးလိုက်သည်။

“သိုးပန်းချီဟာ ကျုပ်ပစ္စည်းပါပဲ၊ အေးအေးဆေးဆေးမှ ပြန်လုမယ်”

သူသည် ပြောပြီးသည်နှင့် ဟိုလျန်ဝါ၏လက်ကိုဆွဲကာ ထွက်ခွာသွားလေတော့သည်။

ဝမ်းချောင်းကလည်း ထိုင်ရာမှ ထလိုက်လေသည်။

“ကဲ ဌာနမှူး...ခင်ဗျားရဲ့ သိုးပန်းချီကားကိုလည်း ကောင်းကောင်းကာကွယ်ပါ၊ တစ်နေ့ ကျုပ်လက်ထဲ ရောက်မယ်ဆိုတာမှတ်ထားပါ”

သူသည် ပြောပြီးသည်နှင့် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေသည်။ ယင်းသို့ဖြင့် ယောဂီကြီးနှင့် ရသေ့နှစ်ပါးတို့သည်လည်း စကားမပြောကြတော့ဘဲ ထိုနေရာမှ ပြန်လည်ထွက်ခွာသွားကြလေသည်။

## အပြာရောင်အကျီဝတ်ဆင်ထားသောလူငယ်

ကွမ်းကျုံးရုပ်သည် မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်၏။ ဆင်းပေတုနှင့် နယ်စားကြီးမှအပ အပြာရောင်အကျီ ဝတ်ဆင်ထားသော လူငယ်တစ်ယောက်တည်းသာ ကျန်တော့သည်ကို တွေ့မြင်လိုက်ရလေသည်။

ကွမ်းကျုံးရုပ်က လူငယ်ထံသို့ လျှောက်သွားသည်။

သူသည် လက်နှစ်ဘက်ဆုပ်ကာ ဦးညွှတ်လိုက်ပြီး...

“မိတ်ဆွေ မသွားသေးတာ ပြောစရာ ရှိနေသေးလို့နဲ့တူတယ်”

ထိုလူငယ်က ထိုင်ရာမှ ထလိုက်ပြီး မျက်နှာတဘက်သို့လွှဲ

ကာ ထွက်သွားလေသည်။

ကွမ်းကျုံးရုပ် မျက်မှောင်ကြုတ်သွားသည်။

"မိတ်ဆွေက ဘယ်သူလဲ၊ နာမည်ပြောခဲ့ပါဦးဗျာ"

ထိုလူသည် စကားမပြောသည့်အပြင် ခြေလှမ်းကျဲကျဲဖြင့် ခပ်သုတ်သုတ်ထွက်ခွာသွား၏။ မကြာမီ ကွမ်းကျုံးရုပ်တို့၏မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

* * *

ကွမ်းကျုံးရုပ်က ဖန်းကျင်းရှမ်းအား လှမ်းကြည့်လိုက်၏။

"ဒီလူကို ခင်ဗျားသိသလား"

ဖန်းကျင်းရှမ်းက ခေါင်းခါယမ်းလိုက်သည်။

"မသိဘူး"

ကွမ်းကျုံးရုပ် မျက်မှောင်ကြုတ်သွားသည်။

"ဒီလူက မိတ်ဆွေလား၊ ရန်သူလား"

သူသည် ယင်းသို့ တစ်ယောက်တည်းရေရွတ်ရင်း နယ်စားကြီးထံသို့ လျှောက်သွားလေသည်။

ကွမ်းကျုံးရုပ်က အရိုအသေပြုလိုက်၏။

"နယ်စားကြီးကို အရိုအသေပြုပါတယ်"

နယ်စားကြီးက လက်ကာပြလိုက်သည်။



"မလိုပါဘူး၊ ကျုပ်ရုပ်ဖျက်ထားတာတောင် ခင်ဗျားက မှတ်မိနေပါလား၊ အံ့စရာပဲ"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"သိုင်းလောကမှာ ဒီလိုမှမကျွမ်းကျင်ရင် အသက်ရှည်ဖို့ မလွယ်ဘူးလေ"

သူသည် ပြောရင်း ဆင်းပေတုဘက်သို့ လှည့်လိုက်သည်။

"ဒီလောက်အန္တရာယ်များတဲ့နေရာကို ခင်ဗျား ဘာကြောင့် ခေါ်လာရတာလဲဗျာ"

နယ်စားကြီးက လက်ကာပြလိုက်သည်။

"သူ့ကို အပြစ်မတင်ပါနဲ့၊ ကျုပ်က အတင်းအကြပ်ခေါ် လိုက်လို့ပါ"

ကွမ်းကျုံးရုပ်က ဦးညွှတ်လိုက်သည်။

"အမှန်တော့ ကျွန်တော်မျိုးက သူတို့နဲ့ ဆွေးနွေးပြီး ကတိ စချုပ်တစ်ခု ချုပ်ဖို့ စီစဉ်ထားပါတယ်၊ နယ်စားကြီးရောက်လာ တော့ အန္တရာယ်ဖြစ်မှာ စိုးရိမ်ပြီး အခုလို မပြီးမပြတ်ဘဲ တန်းလန်း ထားခဲ့ရပါတယ်"

နယ်စားကြီးက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ငါရောက်လာလို့ မင်းရဲ့အစီအစဉ်ပျက်သွားတာ ဝမ်းနည်း ပါတယ်ကွာ"

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"အစီအစဉ်ပျက်သွားတာက အရေးမကြီးပါဘူး၊နယ်စားကြီး အတွက် အန္တရာယ်ဖြစ်မှာက ပိုပြီး အရေးကြီးပါတယ်၊ နောက် အခု

လိုမလုပ်ပါနဲ့လို့ မေတ္တာရပ်ခံပါတယ်ဗျာ"

"နောက် ငါသတိထားပါ့မယ်၊ ဒါနဲ့မင်းကို ငါစကားတစ်ခွန်း ပြောရဦးမယ်"

"အမိန့်ရှိပါ နယ်စားကြီး"

"ပန်းချီကားပိုင်ရှင် မြို့တော်ဝန်နဲ့ တွေ့ပြီးပြီ၊ သူကငါ့ကို အာဏာကုန်လွဲအပ်လိုက်တယ်"

"ဒါဖြင့် ဒီပန်းချီကားကို နယ်စားကြီးက ပြန်ယူသွားမယ် ဆိုပါတော့"

"မဟုတ်ပါဘူး၊ ငါက မင်းကိုလက်ဆောင်အဖြစ် ပေးလိုက် မလို့"

"ဗျာ"

ကွမ်းကျုံးရုပ်မှာ အံ့အားသင့်လွန်းသောကြောင့် ပါးစပ်အ ဟောင်းသား ဖြစ်သွားသည်။

နယ်စားကြီးက ထိုင်ရာမှ ထလိုက်လေသည်။

"ဒီပန်းချီကားဟာ ကျုပ်အတွက် အသုံးမဝင်ပါဘူး၊ တ ကယ်လို့ ဒီထဲမှာ ရတနာသိုက်ရှိတယ် ဆိုရင်လည်း ခင်ဗျားက လိုက် ရှာဖွေပြီး တူးဖော်လိုက်ပါဗျာ"

ကွမ်းကျုံးရုပ်သည် အတန်ကြာ စကားမပြောနိုင်ဘဲ ကြက် သေသေသွားသည်။

နယ်စားကြီးက စကားဆက်လိုက်သည်။

"သိုင်းလောကသားတွေဟာ ဒီပန်းချီကားချပ်ကို ဒီလောက် လိုချင်နေတာ ရတနာသိုက် တူးဖော်ချင်ကြလို့နဲ့တူတယ်"



ကွမ်းကျုံးရုပ်က ခေါင်းခါယမ်းလိုက်သည်။

"ရတနာသိုက်မြေပုံ ပါရှိတဲ့အပြင် အလွန်လျှို့ဝှက်ဆန်း ကြယ်တဲ့ သိုင်းပညာမှတ်စုလည်း ပါရှိတယ်လို့ သတင်းဖြစ်နေတယ်၊ ဒါကြောင့်လည်း ဖြစ်ပါလိမ့်မယ်"

နယ်စားကြီးက ပြုံးလိုက်သည်။

"ကဲ ငါသွားလိုက်ဦးမယ်၊ သိုးပန်းချီကို ထိုက်ထိုက်တန်တန် အသုံးချပါလို့ ဆန္ဒပြုလိုက်ပါတယ်"

နယ်စားကြီးသည် ယင်းသို့ပြောပြီးသည်နှင့် ဆင်းပေတုနှင့် အတူ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

နယ်စားကြီးတို့ ထွက်ခွာသွားပြီးနောက် ကွမ်းကျုံးရုပ်သည် ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်မိသည်။

ယန်စုစိန်နှင့် ဖန်းကျင်းရှမ်းတို့က သူ၏နံဘေး၌ ရပ်နေကြ သည်။ အတန်ကြာသည့်အခါမှ ကွမ်းကျုံးရုပ်က သက်ပြင်းရှည်တစ် ချက် ချလိုက်လေသည်။

ယန်စုစိန်က အသံတိုးတိုးဖြင့်...

"ဌာနမှူး... ဒီပန်းချီကားကို ဘယ်လိုစီမံမလဲ"

"ကျုပ် သဘောထား ပြောင်းလိုက်ပြီ"

"ဘယ်လိုပြောင်းလဲလိုက်တာလဲ ဌာနမှူး"

ကွမ်းကျုံးရုပ်က ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက် သည်။

"ကျုပ်တို့ ကျားမာန်အာမခံဌာနမှာ ရှိသမျှ ထိပ်တန်းသိုင်း သမားတွေကို စုစည်းပြီး ရတနာသိုက်ကို ရှာဖွေမယ်၊ ဒီရတနာသိုက်

ဟာ ကျောက်သံပတ္တမြားရွှေငွေ အတော်များလိမ့်မယ်လို့ ကျုပ်ထ
ကြည်တယ်"

ကွမ်းကျုံးရုပ်၏စကားကို ကြားရသောအခါ ယန်စုစိန်မှ
မျက်မှောင်ကြုတ်သွားသည်။

"ရတနာသိုက် ရှာတွေ့ရင် ဌာနမှူးက ဘယ်လိုစီမံမလဲ"

"ပါဝင်တဲ့ လူအားလုံး တစ်သက်လုံး စားနိုင်လောက်အော
တော့ ဝေစုရမယ်၊ ကျန်တာကတော့ ရေဘေးဒုက္ခသည်တွေကို က
တင်မယ်၊ ပြည်သူအကျိုးရှိတဲ့ လုပ်ငန်းလုပ်ဖို့ ရန်ပုံငွေထားမယ်"

"ဒါဖြင့် ဌာနမှူးက အာမခံဌာနကို တကယ် ဖျက်သိမ်
တော့မယ်ပေါ့ ဟုတ်လား"

ကွမ်းကျုံးရုပ်က မချိပြုံးပြုံးလိုက်သည်။

"တို့ ပင်ပန်းခဲ့တာ နှစ်ပေါင်းအတော် ကြာသွားပါပြီ၊ အနား
ယူဖို့သင့်ပြီလို့ ယူဆပါတယ်"

ယန်စုစိန်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်တို့ အာမခံဌာနကို မှီခိုစားသောက်လေ့ရှိတဲ့ လူတွေ
မနည်းပါဘူး၊ ဌာနကို ဖျက်သိမ်းလိုက်ရင် သူတို့ရဲ့ စားဝတ်နေရေး

ကွမ်းကျုံးရုပ်က လက်ကာပြလိုက်သည်။

"မပူပါနဲ့၊ ကျုပ်တို့ ဌာနအားလုံး ဖျက်သိမ်းလိုက်ရင် သူတို့
လည်း မပူမပင်စားသောက်နိုင်မယ့် ငွေတော့ ရမှာပေါ့"

ယန်စုစိန်က ခေါင်းညိတ်လိုက်သည်။

"ဒီလိုဆို အတိုင်းထက်အလွန်ပေါ့"

ထိုစဉ် ကွမ်းကျုံးရုပ်က ဖန်းကျင်းရှမ်းဘက်သို့ လှည့်လိုက်



ါ...

"ကဲ... ဒီကိစ္စကို ခင်ဗျားကပဲ တာဝန်ယူပြီး စီစဉ်ပါ၊ တစ်လ
တွင်းမှာ ကျုပ်ဆီကို ရောက်အောင် ပြန်လာခဲ့ပါ"

ဖန်းကျင်းရှမ်းက ဦးညွှတ်လိုက်သည်။

"ကောင်းပါပြီလေ၊ မနက်ဖြန် စောစောပဲ သွားပါ့မယ်"

ကွမ်းကျုံးရုပ်က ယန်စုစိန်ဘက်သို့ လှည့်လိုက်သည်။

"ကဲ... ငါလည်း ပြန်ပြီး အနားယူလိုက်ဦးမယ်၊ မင်းနဲ့
င်းလူ တွေလည်း စောစော အနားယူကြပေါ့"

ကွမ်းကျုံးရုပ်သည် ပြောပြောဆိုဆိုဖြင့် ထိုနေရာမှ ထွက်
ွာသွားလေသည်။

* * *

နံနက် မိုးလင်းလျှင် လင်းချင်းပင် ဖန်းကျင်းရှမ်းသည် ခရီး
ထွက်သွားခဲ့ပြီ ဖြစ်၏။

ကွမ်းကျုံးရုပ်သည်လည်း ယန်စုစိန်နှင့် ယို့လုံးတို့အား
လုပ်ရမည့် ကိစ္စအဝဝတို့ကို အစီအစဉ် ချပြီးသည့်နောက် မြင်းပေါ်
သို့ တက်၍ ထွက်ခွာသွားလေသည်။

သူသည် မင်းလမ်းမကြီးပေါ်သို့ ရောက်ရှိလာသောအခါ
ုန်းတော်ကြီးတစ်ပါးက မင်းလမ်းပေါ်၌ ရပ်နေသည်ကို တွေ့မြင်

လိုက်ရလေသည်။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး မြင်းပေါ်မှ ဆ
လိုက်လေသည်။

"ယောဂီကြီး... တပည့်တော်ကို စောင့်နေတာလား"

ထိုယောဂီကြီးမှာ ယမန်နေ့က ရေကန်အနီးရှိ စားသော
ပွဲသို့ ရောက်ရှိလာသော ယောဂီကြီးဖြစ်၏။ ယောဂီကြီးက ခေါ
ညိတ်လိုက်သည်။

"ဟုတ်တယ်"

"ကိစ္စရှိလို့လား"

"ရှိတယ်"

"ရှိလို့ရှိရင် မနေ့ညတုန်းက ဘာဖြစ်လို့ မပြောတာလဲ

"ငါက ဘုန်းကြီးကျွ၊ လူအများရှေ့မှာ မပြောချင်လို့"

"ဒါဖြင့် အမိန့်ရှိပါ"

"သိုးပန်းချီ ကျုပ်ကို အပ်ပါ"

ကွမ်းကျုံးရုပ်က ရယ်မောလိုက်သည်။

"ယောဂီကြီးကလဲ ဒီသိုးပန်းချီကို အလိုရှိနေတာကိုး"

"ဟုတ်တယ်... စကားမရှည်နဲ့၊ ပေးမလား၊ မပေးဘူးလာ

ကွမ်းကျုံးရုပ်က သူ့အား အကဲခတ်ကြည့်လိုက်သည်။

"ယောဂီကြီးရဲ့ အမည် ပြောပါ"

"ပြောစရာမလိုဘူး"

"ဒါဖြင့်လည်း ယောဂီကြီးရဲ့ မျက်နှာပေါ်မှာ ကပ်ထား
မျက်နှာတုကို ခွာလိုက်ပါ"



ထိုအခါ ယောဂီကြီး၏ ခန္ဓာကိုယ်မှာ မသိမသာ တစ်ချက်
တုန်ခါသွားသည်။

ထို့နောက် ရယ်မောလိုက်လေသည်။

"မင်းက ဒါကြောင့် နာမည်ကြီးနေတာကိုး"

သူသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း... ကျုပ်က မလုချင်ဘဲနဲ့ လုရတော့မှာပဲလေ"

ယောဂီကြီးသည် ယင်းသို့ပြောပြီး ကွမ်းကျုံးရုပ်အား တိုက်
ခိုက်လိုက်လေသည်။

ကွမ်းကျုံးရုပ်က ပြုံးလိုက်သည်။

"ယောဂီဖြစ်ပြီး အခုလိုလုပ်တာ အကျင့်သိက္ခာနဲ့ မညီပါ
ဘူးဗျာ"

သူသည် ရှောင်တိမ်းရင်း ပြန်လည် တိုက်ခိုက်လိုက်ရလေ
သည်။

ကွမ်းကျုံးရပ်က ယောဂီကြီးနှင့် သိုင်းကွက်(၁၀)ကွက်မျှ ယှဉ်ပြိုင်မိသည်နှင့် ရင်ထိတ်သွားသည်။

ပထမတွင် ယင်းယောဂီကြီး၏ တိုက်ကွက်များမှာ ရှောင်လင်သိုင်းကွက် ဖြစ်ရမည်ဟု ထင်မှတ်ထားခဲ့သည်။

သို့သော် လက်တွေ့တိုက်ခိုက်လိုက်သောအခါ ယောဂီကြီး၏ တိုက်ကွက်မှာ ရှောင်လင်သိုင်းကွက် မဟုတ်ဘဲ အလွန်ထူးဆန်းသော သိုင်းကွက်ဖြစ်နေသည်ကို မြင်တွေ့လိုက်ရလေသည်။

ထိုထူးဆန်းသော သိုင်းကွက်ကြောင့် ကွမ်းကျုံးရပ်သည် နောက်သို့ တဆုတ်တည်း ဆုတ်သွားရသည်။

သို့သော် သူသည် အတွေ့အကြုံ ရင့်ကျက်ပြီး သိုင်းကွက်အမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ရဖူးသောကြောင့် သိုင်းကွက်(၂၀)အထိ ယှဉ်ပြိုင်ခဲ့သောအခါ ယောဂီကြီး၏ ထူးဆန်းသော သိုင်းကွက်များကို လက်ရည်တူ ယှဉ်ပြိုင်နိုင်ခဲ့တော့၏။

ယောဂီကြီးသည် ကွမ်းကျုံးရပ်က မိမိ၏ ထူးဆန်းသော သိုင်းကွက်များကို လက်ရည်တူ ယှဉ်ပြိုင်လာနိုင်သည်ကို တွေ့ရသောအခါ ရင်ထိတ်သွားလေသည်။

အနည်းငယ်လည်း ထိတ်လန့်တုန်လှုပ်လာမိလေ၏။

ဆက်လက်ယှဉ်ပြိုင်လျှင် မိမိသာလျှင် ရှုံးလိမ့်မည်ဟု ယုံကြည်လာလေသည်။

ထို့ကြောင့် သူသည် ဆက်လက်တိုက်ခိုက်ခြင်း မပြုတော့ဘဲ ရပ်တန့်လိုက်လေသည်။

ကွမ်းကျုံးရပ်က ပြုံးလိုက်သည်။



"ဘယ်လိုလဲ ယောဂီကြီး စိတ်ပျက်သွားပြီလား"

ယောဂီကြီးက...

"အေး... ကျုပ်အရှုံးပေးလိုက်ပါပြီ၊ ဒါပေမယ့် ခင်ဗျားဟာ ချောချောမောမောနဲ့ ပီကင်းမြို့ကို ရောက်နိုင်မှာ မဟုတ်ဘူးဆိုတာတော့ သတိပေးပါရစေ"

ယောဂီကြီးသည် ယင်းသို့ပြောပြီး ချာခနဲ လှည့်ကာ ထွက်ခွာသွားလေတော့သည်။

* * *

"ဖတ်... ဖတ်... ဖတ်"

လက်ခုပ်သံများ ထွက်ပေါ်လာသည်။

ကွမ်းကျုံးရပ်က လှည့်ကြည့်လိုက်ရာ ကပ်ဟို့လျန်က လက်ခုပ်တီး၍ သူ့ထံသို့ လျှောက်လာသည်ကို တွေ့ရသည်။

"ဘယ်ဆိုးလို့တုန်း ဌာနမှူး"

ကွမ်းကျုံးရပ် မျက်မှောင်ကြုတ်သွားသည်။

"ဘယ်လိုလဲဗျ၊ ခင်ဗျား သစ်ပင်ပေါ်မှာ ရောက်နေတာ အတော်ကြာပြီလား"

ကပ်ဟို့လျန်၏မျက်နှာ ကွက်ကနဲ ပျက်သွားသည်။

ထို့နောက် တဟားဟား ရယ်မောလိုက်သည်။

"ချီးကျူးပါတယ်ဗျာ"

ကွမ်းကျုံးရုပ်က ခပ်လှမ်းလှမ်းတွင် ရှိနေသော သစ်ပင်ပေါ်သို့ လှမ်းကြည့်လိုက်သည်။

"ခင်ဗျားအဖော်ကို မခေါ်တော့ဘူးလား"

ချိုလွင်သော ရယ်မောသံနှင့်အတူ အစိမ်းရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်က သစ်ပင်ပေါ်မှ ခုန်ချလာလေသည်။

သူမသည် ခပ်ပြုံးပြုံးဖြင့် သူတို့ထံ လျှောက်လာလေသည်။

"ဥာနမှူးရဲ့ မျက်လုံးက တော်တော်လျင်သားပဲ"

ကွမ်းကျုံးရုပ်က ကပ်ဟိုလျှန်အား ကြည့်လိုက်သည်။

"ခင်ဗျားလဲ သိုးပန်းချီကို လုမလို့ မဟုတ်လား"

ကပ်ဟိုလျှန်က ပြုံးလိုက်သည်။

"ဒီလို မပြောပါနဲ့ဗျာ... နားထောင်လို့ မကောင်းပါဘူး"

ကွမ်းကျုံးရုပ်က မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားတို့နှစ်ယောက်၊ တစ်ယောက်ပြီးတစ်ယောက် ယှဉ်ပြိုင်မလား၊ ဒါမှမဟုတ်ရင် ခင်ဗျားတို့နှစ်ယောက်စလုံး ယှဉ်ပြိုင်ချင်သလား၊ ပြောပါ... ကျုပ်အချိန် မရှိဘူး"

ကပ်ဟိုလျှန်က ပြုံးလိုက်သည်။

"ကျုပ်က ယှဉ်ပြိုင်ဖို့လာတာ မဟုတ်ပါဘူးဗျာ"

ကွမ်းကျုံးရုပ်က မြင်းပေါ်သို့ ခုန်တက်လိုက်သည်။

"ဒါဖြင့် လမ်းဖယ်ပေးပါ"

ကပ်ဟိုလျှန်က ပြုံးလိုက်သည်။



"နေပါဦးဗျ၊ စကားတစ်ခွန်း ပြောပါရစေဦး"

ကပ်ဟိုလျှန်၏စကားကြောင့် ကွမ်းကျုံးရုပ် မျက်မှောင်ကြုတ်သွားသည်။

"ပြောပါ"

ကပ်ဟိုလျှန်က ပြုံးလိုက်သည်။

"ပန်းချီကားချပ်ကို ပေးပါလို့ ကျုပ်မေတ္တာရပ်ခံပါတယ်"

ကွမ်းကျုံးရုပ်က မြင်းပေါ်မှ ခုန်ဆင်းလိုက်လေသည်။

"ကျုပ်ပြောပြီးပြီပဲ၊ ကျုပ်ဆီက ပန်းချီကားချပ်ကို လိုချင်ရင် ကျုပ်ကိုနိုင်အောင် တိုက်ပါ"

ကပ်ဟိုလျှန်က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးပါဘူးဗျာ၊ အေးအေးဆေးဆေး တိုင်ပင်ဆွေးနွေးတာ ကောင်းပါတယ်၊ တုတ်တပြက်ဓားတပြက်နဲ့ ဖြေရှင်းရတာ မကောင်းပါဘူးဗျာ"

ကွမ်းကျုံးရုပ်က မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားက တရားချမလို့လား"

ဟိုလျှန်ဝါးက ကြားဖြတ်လိုက်သည်။

"ရှင်းရှင်း ပြောလိုက်ပါ အစ်ကို၊ ဖန်းကျင်းရှမ်းရဲ့ အသက်နဲ့ သိုးပန်းချီကားနဲ့ လဲဖို့"

သူမ၏ စကားမဆုံးမီ ကပ်ဟိုလျှန်က ကြားဖြတ်လိုက်သည်။

"အချင်းချင်းတွေပဲ၊ ဒီလိုပြောရင် ရိုင်းသွားမှာပေါ့"

သူတို့၏စကားကို ကြားလိုက်ရသောအခါ ကွမ်းကျုံးရုပ်

ရင်ထိတ်သွား၏။

စိုးရိမ်စိတ်များ ဝင်ရောက်လာသည်။

"ပြောစမ်း... ဖန်းကျင်းရှမ်းကို ခင်ဗျားတို့ ဘာလုပ်လိုက်သလဲ"

ကပ်ပတိုလျှန်က ပြုံးလိုက်သည်။

"ဘာမှ မလုပ်ပါဘူးဗျာ၊ သူ့ကို ကောင်းကောင်းမွန်မွန် ပြုစုစောင့်ရှောက်ထားပါတယ်"

ဟိုလျှန်ဝါးက ကြားဖြတ်လိုက်သည်။

"ခက်တာက သူက သိပ်ဒေါသကြီးတာပဲ၊ ဟင်းပန်းကန်တွေကို ရိုက်ခွဲလိုက်တယ်လေ"

ကွမ်းကျုံးရှပ်၏ ရင်ထဲ၌ လေးလံ၍ သွားလေသည်။

"ခင်ဗျား သူ့ကို အနိုင်ရဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ သူ့ကို ဘယ်နည်းနဲ့ ဖမ်းထားသလဲဗျ"

"ဟဲ... ဟဲ... တခြားနည်းနဲ့ မဟုတ်ပါဘူးဗျာ၊ သူ့ကို မေ့ဆေးခတ်ပြီး ဖမ်းထားတာပါ"

"ခင်ဗျားက သတ္တိမရှိလို့ ယုတ်မာတဲ့ အကြံနဲ့ အနိုင်ယူတာပဲ၊ ယောကျ်ားဆိုတာ ဒီလိုနည်းကို မသုံးရဘူးဗျ"

ကပ်ပတိုလျှန်ကား အပြုံးမပျက်ချေ။

"ဘာပဲဖြစ်ဖြစ်၊ အရေးကြီးဆုံးက သူ ကျုပ် လက်ထဲမှာ ရောက်နေဖို့ပဲ မဟုတ်လား"

ကွမ်းကျုံးရှပ်သည် စိတ်မသက်သာစွာဖြင့် သက်ပြင်းချလိုက်သည်။



"ကဲ... ပြောစမ်းပါ၊ သူအခု ဘယ်မှာလဲ"

"မဝေးပါဘူးဗျာ၊ ခင်ဗျား ကြည့်ချင်တယ်ဆိုရင်တော့ လိုက်ခဲ့ပါ"

ကပ်ပတိုလျှန်က ပြုံးဖြီးဖြီးဖြင့် ပြောသည်။

ကွမ်းကျုံးရှပ်က သူ့အား စိုက်ကြည့်လိုက်ပြီး...

"ခင်ဗျား... ကျုပ်ကို လိမ်ခေါ်ဖို့ ကြိုးစားနေတာ ထင်တယ်၊ နောက်တော့သာ ကျုပ်ကို အဆိုးမဆိုနဲ့"

"လိုက်ချင်လိုက်ခဲ့ပါ၊ ခင်ဗျား လူကို ဟိုရောက်ရင် တွေ့ရမှာပေါ့ဗျာ"

ထိုစဉ်မှာပင် ပန်းနုရောင်ဝတ်ဆင်ထားသော မိန်းကလေးနှစ်ယောက်သည် မြင်းနှစ်ကောင်ဖြင့် ရောက်ရှိလာကြလေသည်။

အဆိုပါ မိန်းကလေးနှစ်ယောက်သည် မြင်းပေါ်မှ ဆင်းလိုက်ပြီး ရိုသေစွာဖြင့် ကပ်ပတိုလျှန်နှင့် ဟိုလျှန်ဝါးတို့၏ လက်ထဲသို့ မြင်းကို အပ်နှင်းလိုက်လေသည်။

ကပ်ပတိုလျှန်က မြင်းပေါ်သို့ လွှားကနဲ ခုန်တက်လိုက်၏။

"ကဲ ဌာနမှူး ကျုပ်နောက်ကို လိုက်ခဲ့ပေတော့"

သူသည် ပြောပြီးသည်နှင့် မြင်းကို ရှေ့မှ ဦးဆောင် မောင်းနှင်သွားလေသည်။ ကွမ်းကျုံးရှပ်မှာလည်း မနေသာတော့ဘဲ သူ့နောက်မှ လိုက်ပါသွားလေတော့၏။

* * *

## နဂါးပတ်အလဲ

ကွမ်းကျုံးရုပ်နှင့် ကပ်ပတို့လျှန်တို့သည် စကားမပြောကြဘဲ မြင်းကို မောင်းနှင်သွားကြသည်။

သူတို့သည် (၅)မိုင်ခန့် မောင်းနှင်ပြီးသည့်အခါ ကပ်ပတို့လျှန်က ရှေ့ခပ်လှမ်းလှမ်းတွင် ရှိနေသော တောအုပ်အား ညွှန်ပြလိုက်ပြီး...

"ခင်ဗျားရဲ့ ဌာနမှူးက ဟိုမှာ ရှိပါတယ်ဗျာ"

ကွမ်းကျုံးရုပ်က လှမ်းကြည့်လိုက်ရာ တောအုပ်ထဲ၌ အဆောက်အအုံတစ်ခု ရှိနေသည်ကို မြင်လိုက်ရလေသည်။

သူတို့သည် တောအုပ်ထဲသို့ ဆက်လက်မောင်းနှင်သွားပြီးနောက် မြင်းကို ရပ်တန့်လိုက်လေသည်။



ကပ်ပတို့လျှန်က မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

"ခင်ဗျားလူ ဟိုအိမ်ထဲမှာ ရှိပါတယ်ဗျာ"

ကွမ်းကျုံးရုပ်က မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။ ပူပန်သော ...က်လုံးဖြင့် အဆောက်အအုံကလေးဆီသို့ လှမ်းကြည့်ယင်း...

"ခင်ဗျား၊ သူ့ကို ဘာလုပ်ထားသလဲ"

"ဘာမှ မလုပ်ပါဘူးဗျာ၊ နွားသားရေနဲ့ သူ့ရဲ့ လက်နှစ် ...ကက်ကို ချည်ထားလိုက်တာပါ"

ကွမ်းကျုံးရုပ်က မဲ့ပြုံးပြုံးလိုက်သည်။

"သူတစ်ခုခု ဖြစ်ရင် ခင်ဗျားလည်း သက်သာလိမ့်မယ် ...ထင်နဲ့"

ကွမ်းကျုံးရုပ်က အံကြိတ်ယင်း ပြောလိုက်သည်။

ကပ်ပတို့လျှန်က ပြုံးလိုက်သည်။

"စိတ်ချပါဗျာ၊ ဟိုရောက်ရင် ခင်ဗျား တွေ့ရမှာပါ"

သူသည် ပြောပြီး အဆောက်အအုံဆီသို့ လျှောက်သွား ...လေသည်။

ကွမ်းကျုံးရုပ်က သူ့နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွား ...သည်။

ကပ်ပတို့လျှန်သည် အဆောက်အအုံရှေ့သို့ ရောက်ရှိသွား ...သည်နှင့် ခြေလှမ်းတုံ့ကနဲ ရပ်တန့်သွားသည်။

"ဟောဗျာ"

နှုတ်မှ လွှတ်ကနဲ တအံ့တသြ ရေရွတ်လိုက်မိ၏။

ကွမ်းကျုံးရုပ်သည် ကပ်ပတို့လျှန်ကြည့်သော နေရာသို့

လှမ်းကြည့်လိုက်ရာ အဆောက်အအုံ၏ တံခါးမရှေ့တွင် အဖြူရော
အောက်ခံ ရွှေရောင်ချည်ဖြင့် ထိုးထားသော နဂါးတစ်ကောင်အ
တစ်ခု စိုက်ထူထားသည်ကို အံ့ဩဖွယ် တွေ့မြင်လိုက်ရလေတော့

* * *

အဆောက်အအုံ၏ တံခါးရှေ့တည့်တည့်တွင်...

အလံတစ်ခု တလူလူ လွင့်လျက် ရှိလေသည်။

ယင်းအလံသည် အဖြူရောင်အောက်ခံထားပြီး ရွှေချည်မျ
ဖြင့် ပုံဖော်ထားပြီး ခွေပတ်တွန့်လိမ်နေသော နဂါးရုပ်တစ်ရုပ်
ရေးဆွဲထား၏။

ကွမ်းကျိုးရုပ်သည် အလံကို ကြည့်ကာ တွေဝေငေးမေ
ယင်း မှင်တက်မိသွားသည်။

ကပ်ဟို့လျန်သည်လည်း တုန်လှုပ်ချောက်ချားသွားသည်
သူသည် ကွမ်းကျိုးရုပ်၏ တုံ့ပြန်မှုကို အကဲခတ် ကြည့်နေလေသည်

* * *



ယင်းအလံသည် နဂါးပတ်အလံ ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း(၃၀၀)ခန့်က လျှမ်းလျှမ်းတောက်
ကျော်ကြားခဲ့သော အလံတစ်လက် ဖြစ်သည်။

သိုင်းလောကမှ မည်သည့် အဖွဲ့အစည်းမဆို သူတို့၏
တပည့်များ သို့မဟုတ် အဖွဲ့သားများက သိုင်းလောကသို့ ခြေချကြ
တော့မည်ဆိုလျှင် သူတို့၏ဆရာ သို့မဟုတ် ဂိုဏ်းချုပ်က အောက်ပါ
အတိုင်း မှာကြားလေ့ ရှိ၏။

"နဂါးပတ်အလံကို တွေ့ရင် ဝေးဝေးက ရှောင်ပါ၊ တကယ်
လို့ နဂါးပတ်အလံကို မသိသည်ဖြစ်စေ သိသည်ဖြစ်စေ တစ်စုံတစ်ခု
အမှားကျူးလွန်မိရင်အသက်အန္တရာယ် ဖြစ်တဲ့အပြင် အဖွဲ့တစ်ဖွဲ့လုံး
ပါ ဒုက္ခရောက်သွားနိုင်တယ်၊ ဒါကြောင့် ဝေးဝေးက ရှောင်ဖို့ တင်း
တင်းကျပ်ကျပ် မှာလိုက်ပါရစေ"

* * *

သိုင်းလောကရှိ ထိပ်တန်းသိုင်းအဖွဲ့အစည်း (၃)ဖွဲ့က နဂါး
ပတ်အလံအား စော်ကားမိ၍ အဖွဲ့တစ်ခုလုံး ပျက်ဆီးဆုံးရှုံးခဲ့ရဖူး
သည်။ သိုင်းလောကမှာ ထိပ်သီးအဖွဲ့အစည်းတစ်ခုဖြစ်သော ရှောင်
လင်ဂိုဏ်းက အမှတ်မထင် နဂါးပတ်အလံ၏ စည်းကမ်းချက်များ
အား ဖီဆန်မိသဖြင့် ရှောင်လင်အဖွဲ့ဝင် (၁၈)ဦး သေဆုံးသွားခဲ့လေ

သည်။

ထိုဖြစ်ရပ် ဖြစ်ပွားပြီးနောက် ရှောင်လင်နှင့် ဂူးတန်ဂိုဏ်းတို သည် နဂါးပတ်အလံအား ကြောက်ရွံ့ရှိသေသွားကြလေသည်။

သူတို့၏အဖွဲ့သားများကိုလည်း နဂါးပတ်အလံတွေ့လျှ ဝေးဝေးမှ ရှောင်ကြဉ်ရန် တင်းကျပ်စွာ မှာကြားခဲ့လေသည်။

သို့သော် သူတို့သည် ထိုနဂါးပတ်အလံ၏ ပိုင်ရှင်မှာ မည် သူမည်ဝါ ဖြစ်သည်ကို သိလိုသဖြင့် လူယုံတော်များကို လျှို့ဝှက်စွ စေလွှတ်၍ စုံစမ်းစေလေသည်။

ထိုလူများသည် စုံစမ်းရာ၌ အသက်နှင့် ရင်း၍ စုံစမ်းသည် သူတို့ကိုယ်၌ အဆိပ်ကိုပါ အသင့်ဆောင်ထားလေ၏။

အကယ်၍ သူတို့သည် နဂါးပတ်အလံ ပိုင်ရှင်ကို တွေ့ လျှင် မိမိ၏ အဖွဲ့အစည်းကို မထိခိုက်စေရန် ကိုယ့်ကိုကိုယ် နှုတ်ပိတ် ရန် ဖြစ်လေသည်။

သို့သော် အချိန်၊ နာရီ၊ ရက်များသာ ကုန်ဆုံးခဲ့သည်။

စေလွှတ်လိုက်သော လူများသည် တစ်ယောက်ပြီးတ ယောက်သာ သေဆုံးသွားကြသည်။ နဂါးပတ်ပိုင်ရှင် မည်သူမည် ဖြစ်သည်ကို သဲလွန်စပင် မရခဲ့ချေ။

* * *



နှစ်ပေါင်း(၃၀)တိတိ။

နဂါးပတ်အလံသည် သိုင်းလောကတစ်ခုလုံးအား ကြောက်ရွံ့ထိတ်လန့်စွာ ဖြစ်စေပြီး လွှမ်းမိုးထားနိုင်ခဲ့လေသည်။

ထိုလျှို့ဝှက်ဆန်းကျယ်သော နဂါးပတ်အလံသည် လူတိုင်းလူတိုင်းအား ကြောက်ရွံ့ဒူးတုန်စေခဲ့သော အလံတစ်လက် ဖြစ်လာလေတော့သည်။

မည်သည့်အရာဝတ္ထုမျိုးမဆို တည်မြဲခြင်း မရှိသည်မှာ ဓမ္မတာပင်ဖြစ်လေသည်။

ထို့ကြောင့်လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော နဂါးပတ်အလံသည် ရုတ်တရက် ကွယ်ပျောက်သွားခဲ့လေသည်။

ထိုနဂါးပတ်အလံ ကွယ်ပျောက်သွားခဲ့သည့်တိုင်အောင် ဂိုဏ်းအသီးသီးမှ အကြီးအကဲများသည် သူတို့၏ငယ်သားများအား နဂါးပတ်အလံ ထွက်ပေါ်သည့်နေရာသို့ မချဉ်းကပ်ရဟု တင်းကျပ်စွာ မှာကြားမြဲ မှာကြားနေလေသည်။

နဂါးပတ်အလံသည် မီးသို့ပမာ သိုင်းလောကအတွင်း လျှို့ဝှက်စွာ ပျောက်ကွယ်သွားသည်။

သို့သော် သဲလွန်စ လုံးဝမပေါ်ခဲ့ချေ။

မည်သူတစ်ဦးတစ်ယောက်မှ နဂါးပတ်အလံ၏ အကြောင်းကိုပြောပြနိုင်စွမ်း မရှိချေ။

သို့သော် သိုင်းလောကတွင်း ကြောက်ရွံ့တုန်လှုပ်ဖွယ်ရာ အတိတ်တစ်ခုအဖြစ် ကျန်ရစ်ခဲ့လေသည်

* * *

အချိန်ကာလသည် အရာရာအား ပြောင်းလဲစေခဲ့သလို၊ အ
တိတ်မှဖြစ်ရပ်များသည်လည်း အားလုံးမေ့ပျောက်နိုင်စွမ်း မရှိသည်
တိုင်အောင် နှစ်ပေါင်းကြာမြင့်လေ သတိရမှုများ နည်းပါးသွားလေ
ဖြစ်သည်။

ထို့ကြောင့်လည်း သိုင်းလောကတွင် နဂါးပတ်အလံအပေါ်
ခါတိုင်းလောက် ကြောက်ရွံ့ခြင်းမရှိဘဲ မေ့မေ့ပျောက်ပျောက် ဖြစ်
သွားကြတော့သည်။

* * *

ကွမ်းကျုံးရုပ်သည် နဂါးပတ်အလံအား ငေးမောတွေးတော
၍ ကြည့်နေရင်း သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"နဂါးပတ်အလံပါလား၊ အင်း..(၁၀) နှစ်ကျော်ကျော်
ပျောက်ဆုံးသွားတဲ့ အလံပါလား"

ကပ်ဟို့လျှန်သည် ကွမ်းကျုံးရုပ်အား စူးစမ်းသောအကြည့်
ဖြင့် မေးလိုက်သည်။

"ခင်ဗျား ဒီအလံကို မြင်ဖူးသလား"

ကွမ်းကျုံးရုပ်သည် အလံအားကြည့်ရင်း ဖြေလိုက်သည်။

"ဒီအလံကို ဒါ ပတမဦးဆုံး မြင်ဖူးတာပါပဲ"

"ဒါဆိုရင် ခင်ဗျားက ကျုပ်ထက်နောက်ကျနေပြီပဲ"



"ဘာဖြစ်လို့လဲ"

"ကျုပ် ဒီနေ့ဆိုရင် ဒီအလံကို ဒုတိယအကြိမ်မြင်တာပဲ"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားလေသည်။

"ဒါဖြင့် ပတမအကြိမ် ဘယ်မှာတွေ့ခဲ့တာလဲ"

"ခင်ဗျားတို့ ပို့ဆောင်ပေးတဲ့ မြင်းလှည်းပေါ်မှာပဲ"

ကွမ်းကျုံးရုပ်က မယုံကြည်သောအကြည့်ဖြင့်...

"မဖြစ်နိုင်တာဗျာ"

ကပ်ဟို့လျှန်က မခံချင်စိတ်ဖြင့် ပြောလိုက်သည်။

"ကျုပ်က ဘာမဆိုရင်ဆိုင်ရဲတဲ့ကောင်ဗျ၊ ဒါပေမယ့် လိမ်
တော့မပြောဘူး"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"အံ့သြစရာတော့ ကောင်းနေပြီ"

ကပ်ဟို့လျှန်က ခေါင်းခါယမ်းရင်း..

"မအံ့သြနဲ့၊ အဲဒီအလံဟာ မြို့တော်ဝန်ရဲ့သမီး လျှုဝမ်း
အေ့ရဲ့ လက်ထဲမှာဗျ"

ကပ်ဟို့လျှန်က ပြောရင်း ရယ်မောလိုက်သည်။

"ဟင်း...ဟင်း...ဒီအလံပျောက်သွားတာ နှစ်ပေါင်းအတော်
ကြာပြီ မဟုတ်လား"

ကွမ်းကျုံးရုပ်က စဉ်းစားရင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဒါဖြင့် အလံရဲ့ပိုင်ရှင်ဟာလည်း သေလို့ အရိုးတောင်ဆွေး
နေပြီထင်တယ်"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျားက ဘာကိုဆိုလိုတာလဲ"

ကပ်ဟို့လျှန်က ပြုံးလိုက်ပြီး...

"ဒီအလံကို တစ်ယောက်ယောက်က အတုလုပ်ထားတာကော မဖြစ်နိုင်ဘူးလား"

ကွမ်းကျုံးရုပ်က ခေါင်းခါယမ်းလိုက်သည်။

"ဒီအလံကို အတုလုပ်ပေးနိုင်တဲ့လူ ဒီသိုင်းလောကမှာ ပေါ်ပေါက်လိမ့်ဦးမယ် မထင်ဘူး"

ကပ်ဟို့လျှန်က ပြုံးလိုက်ပြီး အံ့သြစွာဖြင့်...

"ဒါဖြင့် လျှူဝမ်းအော့ရဲ့ မြင်းလှည်းထဲမှာ တွေ့တဲ့အလံဟာ အစစ်ဖြစ်မှာပေါ့"

ကွမ်ကျုံးရုပ်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ကျုပ်လည်း မစဉ်းစားတတ်အောင် ဖြစ်နေပါပြီဗျာ"

ကပ်ဟို့လျှန်က အေးတိအေးစက်သောလေသံဖြင့်...

"ဒီအဆောက်အအုံဟာ ကျုပ်ပိုင်ဆိုင်တာ၊ အလံက တံခါးရှေ့တည့်တည့်မှာ စိုက်ထားတယ်ဆိုတော့ ဘာအဓိပ္ပါယ်လဲဗျ"

ကွမ်းကျုံးရုပ်က အနည်းငယ် စဉ်းစားလိုက်သည်။

"သူ့ရဲ့ လုပ်လေ့လုပ်ထရှိတာကတော့ အလံမှာ အမိန့်စာတန်း ပါလာတတ်ပါတယ်၊ စာထဲမှာ ပါတဲ့အတိုင်း ဆောင်ရွက်ပေးရုံပါပဲ"

ကပ်ဟို့လျှန်က မျက်မှောင်ကြုတ်သွားသည်။

"စာမရေးထားရင်ကော"



"စာမရေးထားရင် အလံအနီးကို မချဉ်းကပ်တာဘဲ ကောင်းတယ်"

ကပ်ဟို့လျှန်က အနည်းငယ် စဉ်းစားလိုက်သည်။

"ခင်ဗျား အလံအနီးကို သွားကြည့်ရဲပါ့မလား"

ကွမ်းကျုံးရုပ်က ပခုံးတွန့်ပြလိုက်သည်။

"ကျုပ်က အဓိပ္ပါယ်မရှိတဲ့ စွန့်စားခြင်းကို မလုပ်ချင်ဘူး"

ကပ်ဟို့လျှန်က ကွမ်းကျုံးရုပ်နား ကပ်၍...

"ကျုပ်လည်း လိုက်မယ်လေ"

"ခင်ဗျား သတ္တိရှိရင် တစ်ယောက်တည်းသွားပါ"

ကပ်ဟို့လျှန်က သက်ပြင်းတစ်ချက် ချလိုက်ပြီး...

"ခင်ဗျားပြောသလိုဆိုရင် ကျုပ်အိမ်ထဲကောင် ဝင်လို့မရတော့ဘူးပေါ့"

ကွမ်းကျုံးရုပ်က ခေါင်းခါယမ်းလိုက်သည်။

"သူ့အနီးကို မသွားရဘူးလို့တော့ မဟုတ်ဘူး၊ ဒါပေမယ့် နည်းနည်းတော့ အလုပ်ရှုပ်လို့ပါ"

ကပ်ဟို့လျှန်က နည်းနည်းစိတ်ဝင်စားလာသည်။

"ဘယ်လိုအလုပ်ရှုပ်တာလဲ"

ကွမ်းကျုံးရုပ်က...

"ကိုယ့်မှာပါတဲ့ လက်နက်အားလုံးချထားပြီး အလံဆီကို ဦးတည်သွားပြီး ဦးသုံးကြိမ်ချမှ သွားလို့ရတယ်"

ကပ်ဟို့လျှန်က အနည်းငယ် စဉ်းစားလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ယုံတာပဲ ကောင်းတယ်၊ ကျုပ်သွားစမ်း

ကြည့်လိုက်ပါဦးမယ်"

ကွမ်းကျုံးရုပ်သည် ကပ်ဟို့လျန်အား ရှေ့မတိုးခင် လှမ်းဆွဲပြီးပြောလိုက်၏။

"ကျုပ်လည်း တဆင့်စကားနဲ့ ပြောပြတာ၊ ဟုတ်တယ် မဟုတ်ဘူးဆိုတာ အာမ မခံဘူးနော်"

ကပ်ဟို့လျန်သည် လက်ထဲမှယပ်တောင်နှင့် ကိုယ်ပေါ်တွင် ပါလာသော (၈)လက်မမျှရှည်သော ဓားကလေး(၄)လက်ကိုယူ၍ ဟိုလျန်ဝါးလက်သို့ အပ်လိုက်လေသည်။

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"ဓားကလေး (၄)လက်က ဘယ်လိုအသုံးပြုတာလဲ"

ကပ်ဟို့လျန်သည် ပြုံးလိုက်ပြီး...

"ကျုပ်ရဲ့လက်နက်ပါ၊ခင်ဗျားက ကျုပ်နဲ့ယှဉ်ပြိုင်တဲ့အခါမှာ ဒီဓား(၄)လက်ကို ဘယ်လိုအသုံးပြုရတယ်ဆိုတာ သိရမှာပေါ့ဗျာ"

မင်းသားလေး ကပ်ဟို့လျန်သည် လက်အုပ်ချီ၍ အလံရှိရာသို့ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်သွားလေသည်။

ထို့နောက် ဦး(၃)ကြိမ်မျှ ချလိုက်လေသည်။

ယင်းသို့ ဦး(၃) ကြိမ်ချပြီးနောက် အဆောက်အအုံထဲသို့ လှမ်းဝင်လိုက်လေသည်။

* * *



အတန်ကြာသွားသည့်တိုင်အောင် ကပ်ဟို့လျန် ပြန်လည်ထွက်လာသည်ကို မတွေ့ရချေ။

ကွမ်းကျုံးရုပ်သည် မျက်နှာပျက်၍ စိုးရိမ်သွားလေသည်။

သူသည် ကပ်ဟို့လျန်နောက်သို့ လိုက်သင့်မလိုက်သင့်ဖြင့် စဉ်းစားနေစဉ် ကပ်ဟို့လျန်သည် အခန်းထဲမှ ပြန်လည်ထွက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

သို့သော် သူ၏မျက်နှာတစ်ခုလုံးမှာ သွေးရောင်မရှိဘဲ ဖြူဖပ်ဖြူရော်ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

သူသည် ကပ်ဟို့လျန်မှာ အန္တရာယ်တစ်ခုခုနှင့် ကြုံတွေ့ခဲ့သည်ဟု ယုံကြည်လေသည်။

ကပ်ဟို့လျန်သည် သူ့ထံသို့ နှေးကွေးသောခြေလှမ်းဖြင့် လျှောက်လာလေသည်။

"ဒီမှာ ကွမ်းကျုံးရုပ် ဒီအလံပိုင်ရှင်နဲ့ ခင်ဗျားတို့နဲ့ ဘယ်လိုများပတ်သက်နေသလဲဗျ"

ကပ်ဟို့လျန်၏ အမေးကြောင့် ကွမ်းကျုံးရုပ်က ကြောင်အမ်းအမ်းဖြစ်သွားသည်။

"အခုထိ အလံရဲ့ပိုင်ရှင် ဘယ်သူလဲဆိုတာ ဘယ်သူမှမသိသေးပါဘူး၊ ကျုပ်တို့နဲ့ ဘယ်လိုမှ မပတ်သက်နိုင်ပါဘူး"

ကပ်ဟို့လျန်က မဲ့ပြုံးပြုံးလိုက်လေသည်။

"ဒီလိုဆိုရင် ဒီအလံဟာ ခင်ဗျားတို့ အတုလုပ်ထားတဲ့အလံဖြစ်ရမယ်"

ကွမ်းကျုံးရုပ်က ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က ဒီလောက်သတ္တိ မကောင်းပါဘူး"

ကပ်ပဟို့လျန်က...

"ဘာပဲဖြစ်ဖြစ် ဒီအလံဟာ ခင်ဗျားနဲ့ ပတ်သက်လိမ့်မယ်လို့ ကျုပ်ယုံကြည်တယ်"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်၍ စူးစိုက်ကြည့်လိုက်ပြီး

"ခင်ဗျားက ဘာကြောင့် ဒီလိုပြောနိုင်တာလဲ"

"အဲဒီလူက ဖန်းကျင်းရှမ်းကို ကယ်ထုတ်သွားတဲ့အပြင် ကျုပ်ငယ်သားလေးယောက်ကိုလည်း သတ်သွားတယ်လေ"

ကွမ်းကျုံးရုပ်က ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ဟုတ်ရဲ့လားဗျာ"

ကပ်ပဟို့လျန်က...

"မယုံရင် အထဲကို ဝင်ကြည့်ပါလား"

သူသည် ပြောပြီး ဟိုလျန်ဝါးထံမှ ယပ်တောင်နှင့် ဓားက လေးများကို လှမ်းယူလိုက်လေသည်။

ကွမ်းကျုံးရုပ်သည် လေထဲ၌ တလူလူလွင့်နေသောအလံကို ကြည့်ကာ မှင်သက်မိကာ ငေးမောကြည့်နေမိသည်။

"ကျုပ်တော့ အံ့သြနေပြီဗျာ"

ကပ်ပဟို့လျန်သည် ယပ်တောင်ကို ယပ်ခပ်ရင်း...

"ခင်ဗျားကို ကြည့်ရတာ ဒီအလံကို တော်တော်ကြောက်ပုံရတယ်"

ကွမ်းကျုံးရုပ်သည် ခေါင်းညိတ်လိုက်ပြီး..

"ဟုတ်တယ် ဒီအလံအကြောင်းနဲ့ ပတ်သက်လို့ ကျုပ်က



သိထားတဲ့အတွက် ပိုပြီး ထိတ်လန့်မိတာတော့ အမှန်ပဲ"

"ဒါဖြင့် ခင်ဗျား အိမ်ထဲကို မဝင်တော့ဘူးပေါ့"

"ခင်ဗျားပြောစကားအရ ဖန်းကျင်းရှမ်းမှ မရှိတော့ဘဲ ကျုပ်က ဝင်စရာလိုမယ် မထင်တော့ပါဘူး"

ကပ်ပဟို့လျန်က အသံတုန်ယင်စွာဖြင့်...

"ခင်ဗျား ဝင်စေချင်တယ်ဗျ၊ ဒါမှ ကျုပ်ငယ်သားတွေ အသတ်ခံရတာကို မြင်တွေ့သွားမှာပေါ့"

ကွမ်းကျုံးရုပ် အနည်းငယ် စဉ်းစားလိုက်ပြီး..

"သူတို့ရဲ့အလောင်းကို တညီတည်းစီထားတယ် မဟုတ်လား"

"ဟုတ်တယ်"

ကွမ်းကျုံးရုပ်က သက်ပြင်းချလိုက်သည်။

"ဒါဆိုရင် နဂါးပတ်အလံပိုင်ရှင်ရဲ့ လက်ချက်ဖြစ်တာ အမှန်ပါပဲ"

ပြောပြောဆိုဆိုဖြင့် ကွမ်းကျုံးရုပ်သည် မြင်းပေါ်သို့ ခုန်တက်သွားလေသည်။

"ခဏ.."

ကပ်ပဟို့လျန်သည် ရှေ့သို့အမြန်တိုးကာ ကွမ်းကျုံးရုပ်အား ဟန့်တားလိုက်သည်။

ကွမ်းကျုံးရုပ်သည် မြင်းကိုရပ်တန့်လိုက်ပြီး..

"ခင်ဗျား ဘာပြောဦးမလို့လဲ"

ကပ်ပဟို့လျန်သည် လေသံတိုးတိုးဖြင့်...

"သိုးပန်းချီဟာ ခင်ဗျားဆီမှာ ရှိသင့်တယ် မဟုတ်လား"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်တယ်၊ ဒါပေမယ့်"

ကပ်ဟို့လျှန်သည် မျက်မှောင်ကြုတ်သွားသည်။

"ဒါပေမယ့် ဘာဖြစ်လဲ"

ကွမ်းကျုံးရုပ်သည် ခဏမျှစဉ်းစားလိုက်ပြီးနောက်...

"အလံပိုင်ရှင်က အခုလိုအလံစိုက်ထူထားတာက ခင်ဗျားကိုသတိပေးတဲ့ သဘောပါပဲ"

ကပ်ဟို့လျှန် မျက်နှာပျက်သွားကာ...

"သူက ဘာကိုသတိပေးတာလဲ"

ကွမ်းကျုံးရုပ်သည် အေးစက်သော လေသံဖြင့် ပြောလိုက်သည်။

"ခင်ဗျား ဘာတွေလုပ်နေတာလဲ၊ အဲဒီအကြံအစည်ကို အားလုံးရုပ်တန်းက ရပ်ထားရလိမ့်မယ်"

ကပ်ဟို့လျှန် မဲ့ပြုံးပြုံးကာ...

"ဘာလဲ သိုးပန်းချီကို မကြိုးစားနဲ့လို့ ပြောလိုက်တဲ့သဘောပေါ့ ဟုတ်လား"

ကွမ်းကျုံးရုပ်သည် အေးစက်သောလေသံဖြင့်...

"ခင်ဗျားက အလံပိုင်ရှင်နဲ့ ရင်ဆိုင်ချင်ရင်တော့ ခင်ဗျားရဲ့ လေးဘက်လေးတန်မှာ ချထားတဲ့လူတွေကို တိုက်ခိုက်ဖို့ အမိန့်ပေးလိုက်ပါလား"

ကပ်ဟို့လျှန် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။



"ဗျာ ခင်ဗျားကို ဝိုင်းထားမှန်း ခင်ဗျားတွေ့တယ် ဟုတ်လား"

ကွမ်းကျုံးရုပ် အေးစက်စက်ရယ်မောပြီး...

"ကျုပ်က ဓားတစ်လက်နဲ့ ရန်သူတွေကို အမျိုးမျိုး ရင်ဆိုင်တိုက်ခိုက်ခဲ့တာ အကြိမ်ပေါင်းမနည်းတော့ပါဘူးကွာ၊ ခင်ဗျားရဲ့ ထောင်ချောက်နဲ့ဉာဏ်ကို ကျုပ် အားလုံးသိတယ်"

ကပ်ဟို့လျှန်က အေးစက်စက် လေသံဖြင့်...

"ဒီမှာ ကွမ်းကျုံးရုပ်၊ လမ်းနှစ်လမ်းရှိတယ်၊ ခင်ဗျားကြိုက်တာရွေးပါ"

ကွမ်းကျုံးရုပ်သည် ခန္ဓာကိုယ်အား တဘက်လှည့်ပြီး...

"ဘာကို ဆိုလိုတာလဲ"

"ခင်ဗျားဆီက သိုးပန်းချီကို ထားခဲ့ပါ၊ ဒါမှမဟုတ်ရင် ကျုပ်တို့ ကင်းအထပ်ထပ်ချထားတာကို ထိုးဖောက်ပါ"

"ခွမ်း"

ကွမ်းကျုံးရုပ်သည် ဓားကိုဆွဲထုတ်လိုက်ပြီး ခက်ထန်မာကျောသောလေသံဖြင့်...

"ဘာလဲ စိန်ခေါ်တာလား၊ ခင်ဗျားက စိန်ခေါ်မှတော့ ကျုပ်ကလက်ခံရမှာပေါ့ဗျာ"

ကပ်ဟို့လျှန်သည် သူ၏လူများကို အချက်ပြရန် ဟန်ပြင်လိုက်စဉ်...

"အား"

ရုတ်တရက် လူတစ်ယောက်၏ အော်သံတသံကို ကြား

လိုက်ရလေသည်။

* * *

ကပ်ဟို့လျှန် အသံကြားရာသို့ လျင်မြန်စွာ လှည့်ကြည့်လိုက်ရင်း အော်၍ပြောလိုက်သည်။

"ဟေ့..ဘယ်သူလဲဟေ့"

"ကျွန်တော်ပါ"

လူတစ်ယောက်သည် အလောင်းတစ်လောင်းကို ထမ်း၍ သူ့ထံသို့ လျှောက်လာနေသည်ကို တွေ့ရလေသည်။

ထိုလူသေအလောင်းအား ကြည့်လိုက်သောအခါ...

မိမိ၏ ငယ်သားတစ်ယောက် ဖြစ်သည်ကို တွေ့ရလေသည်။

ကပ်ဟို့လျှန် ဒေါသထွက်သွားကာ...

"မင်း ငါ့ရဲ့ငယ်သားကို ဘယ်လိုလုပ်လိုက်တာလဲ"

ထိုလူသည် ပြတ်သားသော လေသံဖြင့်...

"ကျုပ် မလာလို့ မဖြစ်လို့ပါ"

သူသည် ပြောပြီး ကပ်ဟို့လျှန်ထံသို့တည့်မတ်စွာလျှောက်လာလေသည်။

ကပ်ဟို့လျှန် ဒေါသကို ချုပ်တည်းမထားနိုင်တော့ဘဲ...



"မင်း သေချင်ပြီလား"

ပြောရင်းမှ ထိုလူ၏ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်၏။

ထိုလူက ရှောင်တိမ်းခြင်းမပြုဘဲ သူ့ထံသို့ တည့်မတ်စွာ ဝင်လာရာ...

"ဝုန်း"

ကပ်ဟို့လျှန်၏ လက်ဝါးသည် ထိုလူ၏ရင်ဝသို့ ပြင်းထန်စွာ ထိမှန်သွားလေ၏။

ထိုလူသည် နောက်သို့လန်၍ လဲကျသွားပြီး သေဆုံးသွားလေသည်။

ကွမ်းကျူးရုပ်သည် ဝင်ရောက်ပြောလိုက်သည်။

"မင်းသားလေး ခင်ဗျားရဲ့လူက သွေးကြောပိတ်ခံရတာဗျ ဘာဖြစ်လို့ သူ့ကို သတ်လိုက်ရတာလဲ"

ကပ်ဟို့လျှန်မှာ ယခုမှ သူ၏ငယ်သားမှာ သွေးကြောပိတ်ခံရခြင်း ဖြစ်သည်ကို သိရှိလိုက်လေသည်။

ကပ်ဟို့လျှန်သည် ယခုမှ သူသတ်လိုက်သူကိုကြည့်လိုက်၍ စိတ်မကောင်း ဖြစ်သွားလေသည်။

ထိုလူ ထမ်းလာသောလူကို ကြည့်လိုက်ရာ...

မိမိ၏ ကင်းပုန်းထဲက ငယ်သားတစ်ယောက်ဖြစ်သည်ကို သိလိုက်ရလေသည်။

သူသည် အလွန်ဉာဏ်ကောင်းသော လူတစ်ယောက်ဖြစ်လသည်။

မိမိ၏အကြံအစည်ကို လူတစ်ယောက်က ဝင်ရောက် ဖျက်

ဆီးလိုက်ပြီး ဖြစ်သည်ကို နားလည်လိုက်လေသည်။

ကွမ်းကျုံးရုပ်က မြင်းပေါ်သို့ ခုန်တက်လိုက်ပြီး…

"ကျုပ်ကို ခွင့်လွှတ်ပါ သွားလိုက်ဦးမယ်"

ကွမ်းကျုံးရုပ်သည် ထိုသို့ပြောပြီး သူ၏မြင်းကို မောင်းနှ[illegible]

ထွက်ခွာသွားလေတော့သည်။

* * *

ဟိုလျှန်ဝါးသည် ကပ်ဟို့လျှန်ထံ လျှောက်လာပြီး…

"ရှင်က ဘာဖြစ်လို့ သူ့ကို လွှတ်လိုက်တာလဲ"

ကပ်ဟို့လျှန်သည် ဒေါသဖြင့် ခေါင်းမော့ကာ…

"သွားစမ်းပါစေ ကျုပ် သူ့ကို မမှုဘူး"

သူသည် ထိုသို့ပြောယင်း အဝေးသို့ ငေးမောကြည့်နေလေ

သည်။

ဟိုလျှန်ဝါးသည် ကပ်ဟို့လျှန်အား စိုက်ကြည့်ယင်း…

"ရှင်က ဘာတွေ စဉ်းစားနေတာလဲ"

ကပ်ဟို့လျှန်သည် ရှေ့သို့ စိုက်ကြည့်ယင်း…

"နဂါးပတ်အလံရဲ့ ပိုင်ရှင်အကြောင်းကို စဉ်းစားနေတာပါ"

ဟိုလျှန်ဝါးသည် လက်ကို ဘေးသို့ လေးတွဲ့စွာချပြီး…

"စဉ်းစား မနေပါနဲ့ရှင် သူ့ကို အလျှော့ပေးတာ ကောင်း



ပါတယ်"

ကပ်ဟို့လျှန်သည် လက်မခံနိုင်စွာဖြင့်…

"မဟုတ်သေးဘူးလေ… ကျုပ်က ဒီအလံရဲ့ ပိုင်ရှင်ကို တွေ့

ချင်လို့ပါ"

ဟိုလျှန်ဝါးသည် ပြုံးလိုက်သည်။

"သိုင်းလောကမှာ ဘယ်သူမဆို ဒီအလံကို တွေ့ရင် ဝေး

ဝေးက ရှောင်သွားကြတာ ရှင့်ကျမှ သွားတွေ့ချင်တယ်လို့"

ကပ်ဟို့လျှန်သည် အေးဆေးစွာ ပြောနေပြန်သည်။

"ဘာပဲဖြစ်ဖြစ် အလံရဲ့ ပိုင်ရှင်ဟာ သာမန်လူပဲဖြစ်ဖြစ်၊

ထူးဆန်းတာပဲဖြစ်ဖြစ် သူ့ကိုသာ တွေ့နိုင်ရင် လျှို့ဝှက်တယ်ဆိုတာ

မရှိတော့ဘူး မဟုတ်လား"

ဟိုလျှန်ဝါးသည် သူမ၏ဝိုင်းစက်သော မျက်လုံးအစုံမှာ ပြူး

ကျယ်သွားသည်။

"ရှင် ပြောတာ ကျွန်မ နားမလည်သလို နားလည်သလို

ဖြစ်သွားတာပဲရှင်"

ကပ်ဟို့လျှန်သည် လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

"ကျုပ် အယူအဆ မလွဲဘူးဆိုရင် ဒီအလံဟာ နှစ်ပေါင်း

ဒီလောက်ကြာမှတော့ ပထမပိုင်ရှင် မဖြစ်နိုင်တော့ဘူး"

ဟိုလျှန်ဝါးက မျက်မှောင်ကြုတ်သွားပြီး…

"ရှင် ဆိုလိုတာက ဒီအလံဟာ နှစ်ပေါင်းသုံးဆယ်ကျော်

လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့ပြီး အနှစ်နှစ်ဆယ်လောက်

ပျောက်ကွယ်သွားပြီးမှ အခု ပြန်လည် ထွက်ပေါ်လာတာဟာ မူလ

ပိုင်ရှင် မဟုတ်တော့ဘဲ သူ့ရဲ့သား၊ ဒါမှမဟုတ် သူ့ရဲ့တပည့်လို့ ပြောချင်တယ် မဟုတ်လား"

ကပ်ဟို့လျန်သည် ညင်သာစွာ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ဒါကြောင့် ကျုပ်က သူနဲ့ မိတ်ဆွေဖြစ်အောင် သိကျွမ်းချင်လို့ပါ"

ဟိုလျန်ဝါး ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဒါလဲ ရှင့်အကြံ မဆိုးပါဘူး"

ကပ်ဟို့လျန်သည် ဟိုလျန်ဝါးအား လက်ညှိုးထိုး၍...

"အေး... မင်းရဲ့ အကူအညီ အများကြီး လိုတယ်နော်"



ကွမ်းကျုံးရုပ်သည် မြင်းကို ဖြည်းညင်းစွာ မောင်းနှင်လာယင်း အတွေးများစွာကို တွေးလာမိကာ သူ၏ အတွေးထဲတွင် နဂါးပတ်အလံအကြောင်းကို စဉ်းစားတွေးနေ၏။

ထိုစဉ် သူ၏နားထဲသို့ ရုတ်တရက် ရင်းနှီးသော အသံတစ်ခုခေါ်သံကို ကြားလိုက်ရသည်။

"ဦးနမှူး..."

ထိုအသံကို ကြားလိုက်သည်နှင့် ကွမ်းကျုံးရုပ်သည် မည်သူမည်ဝါ ဖြစ်သည်ကို လှည့်မကြည့်ဘဲ သိလိုက်လေသည်။

သို့သော် သူသည် နောက်သို့ အသိအမှတ် ပြုဟန်ဖြင့် လှည့်ကြည့်လိုက်လေသည်။

မင်းလမ်းဘေးရှိ မြက်ခင်းပေါ်၌ ဖန်းကျင်းရှမ်း ထိုင်နေသည်ကို တွေ့လိုက်ရလေသည်။

ဖန်းကျင်းရှမ်းက ထိုင်ရာမှ ထလိုက်ပြီး ကွမ်းကျုံးရုပ်ထံသို့ လျှင်မြန်စွာ ပြေးလာသည်။

ထိုအခါ ကွမ်းကျုံးရုပ်သည် မြင်းကို အရှိန်လျှော့လိုက်ပြီး ဖန်းကျင်းရှမ်း၏လက်ကို လှမ်းဆွဲလိုက်ပြီး မြင်းပေါ်သို့ ဆွဲတင်လိုက်လေသည်။

"ခင်ဗျား တော်တော် ခံလိုက်ရသလားဗျ"

"ကပ်ဟို့လျန်ရဲ့ ငယ်သားက ကျုပ်ကို ရိုက်နက်မယ် လုပ်တုန်း လူတစ်ယောက်က ကျုပ်ကို ကယ်လိုက်တယ်ဗျ"

ကွမ်းကျုံးရုပ်သည် ပြုံးလိုက်ပြီး ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားအကြောင်းကို ကပ်ဟို့လျန်က ပြောပြလို့ သိပြီးပါ

ပြီ"

ဖန်းကျင်းရှမ်းသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"သူက ကျုပ်ကို မိန်းမဉာဏ် လုပ်သွားတာဗျ"

ကွမ်းကျုံးရှပ်က ခေါင်းညိတ်ယင်း မေးလိုက်၏။

"ဒါလည်း ကျုပ် သိပြီးပါပြီ၊ ခင်ဗျားကို တစ်ခု မေးရဦးမယ်"

ဖန်းကျင်းရှမ်းသည် အံ့သြဟန်ဖြင့်...

"ဘာများ မေးချင်လို့လဲဗျ"

ကွမ်းကျုံးရှပ်က အေးတိအေးစက် မေးလိုက်၏။

"ခင်ဗျားကို ကယ်ထုတ်သွားတဲ့လူက ဘယ်သူများလဲ"

ဖန်းကျင်းရှမ်းသည် ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော် မသိပါဘူး"

ကွမ်းကျုံးရှပ်က ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ခင်ဗျားက သူ့ကို မတွေ့ဘူး ဟုတ်လား"

"ဟုတ်တယ်"

ကွမ်းကျုံးရှပ်သည် အတန်ကြာမျှ တွေးကာ ပြောလိုက်၏။

"သူက နဂါးပတ်အလံ ပိုင်ရှင်ဗျ"

ဖန်းကျင်းရှမ်းက အံ့သြသွားပြီး...

"ဟုတ်လား၊ အစ်ကိုကြီး ဘယ်လိုလုပ် သိတာလဲ"

ကွမ်းကျုံးရှပ်သည် အေးစက်သော လေသံဖြင့်...

"ကပ်ဟို့လျန်ရဲ့ အိမ်ရှေ့မှာ နဂါးပတ်အလံတစ် ခု စိုက်ထူထားတယ်၊ နောက်ပြီး ငါ့ကိုလည်း ကူညီခဲ့သေးတယ်"

ဖန်းကျင်းရှမ်းက သက်ပြင်းတစ်ချက်ချလိုက်သည်။



"သူက ကျုပ်တို့ကို ကယ်ပြီး ကျုပ်တို့က သူ့ကို တွေ့တောင် မတွေ့ခဲ့ဘူး"

ကွမ်းကျုံးရှပ်သည် မြင်းအား ဇက်ကြိုးကို လှုပ်လိုက်ပြီး မောင်းနှင်လိုက်၏။

"ဒါနဲ့ ခင်ဗျား စဉ်းစားစမ်းပါ၊ အခုတလော ဘယ်သူ့ကို ကူညီခဲ့ဖူးသလဲ"

ဖန်းကျင်းရှမ်းက စဉ်းစားရင်း...

"ကျုပ် မမှတ်မိတော့ဘူးဗျ၊ နောက်ပြီး နဂါးပတ်အလံ ပိုင်ရှင်ဆိုရင် ကျုပ်ရဲ့ အကူအညီ ဘယ်လိုမှာလဲ"

သူတို့သည် ပြောရင်း မြင်းကို ဆက်လက် မောင်းနှင်သွားလေသည်။

ကွမ်းကျုံးရှပ်၏ မြင်းသည် အလွန်ထူးချွန်ပြီး သခင်အပေါ် သိတတ်ကာ အပြေးလျင်သော မြင်းတစ်ကောင် ဖြစ်သည်။

ထိုမြင်းသည် လူနှစ်ယောက်ကို သယ်ဆောင်ထားရသော်လည်း အရှိန်လျော့မသွားပါ။

ဖန်းကျင်းရှမ်းသည် ထိုမြင်းကို ကြည့်၍ ကျိတ်ပြီး ချီးကျူးမိလေသည်။

* * *

ဖန်းကျင်းရှမ်းသည် ကွမ်းကျုံးရုပ်၏ မြင်းကို ကြည့်ယင်း အခြားသော မြင်းတစ်ကောင်အား သတိရလာလေသည်။

သူ သတိရလာသော မြင်းမှာ တစ်ကိုယ်လုံး ဖြူဖွေးနေသော မြင်းတစ်ကောင် ဖြစ်သည်။

"ဟုတ်ပြီ"

သူသည် ပါးစပ်မှ လွှတ်ကနဲ ထွက်သွားသောကြောင့် ကွမ်းကျုံးရုပ်က မြင်းကို အရှိန်သတ်လိုက်ပြီး လှည့်မေးလိုက်သည်။

"ဟ– ဘာဖြစ်သွားတာလဲ"

ဖန်းကျင်းရှမ်းက ပြုံးလိုက်ရင်း...

"ကျုပ် တစ်ခု သတိ[illegible]လာလို့ပါ"

ကွမ်းကျုံးရုပ်သည် မျက်နှာထားတည်တည်ဖြင့်...

"အလံနဲ့ ပတ်သက်နေလို့လား"

ဖန်းကျင်းရှမ်းသည် သက်ပြင်းချလိုက်၏။

"အင်း ပြောရမှာ ခက်ပါတယ်၊ ကိစ္စကတော့ အသေးအမွှားလေးပါပဲ"

ကွမ်းကျုံးရုပ်၏မျက်လုံးများက အဝေးသို့ ကြည့်ယင်း...

"အင်း... သိုးပန်းချီနဲ့ ပတ်သက်ပြီး ဘယ်သူဘယ်ဝါ ပြန်ပို့တယ်ဆိုတာ အခုထိ စဉ်းစားတွေးတောလို့ မရသေးဘူးဗျ"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားပြန်သည်။

"ဒီကိစ္စ ခင်ဗျား စီစဉ်တာ မဟုတ်ဘူးလား"

ဖန်းကျင်းရှမ်းသည် ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ပါဘူး၊ ဌာနမှူးက မခိုင်းဘဲ ကျုပ် ဘယ်လုပ်ရဲပါ့မလဲ"



"ဒီလိုဆိုရင် လူတစ်ယောက်က ကျုပ်တို့ကို တိတ်တဆိတ် ကူညီနေတယ်လို့ ဆိုလိုတာလား"

"ဟုတ်ကဲ့၊ ကျုပ် ဒီလိုပဲ ထင်ထားပါတယ်"

"ဒါဖြင့် ဘယ်သူ ဖြစ်နိုင်သလဲ"

ဖန်းကျင်းရှမ်းသည် အတန်ကြာမျှ စဉ်းစား၏။

သို့သော် ခေါင်းခါယမ်းလိုက်သည်။

"အင်း... ကျုပ် မစဉ်းစားတတ်အောင် ဖြစ်နေပြီ"

"နဂါးပတ်အလံ ပိုင်ရှင်များ ဖြစ်နေမလား"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်လေသည်။

"အခြေအနေ အရပ်ရပ် လေ့လာကြည့်မယ်ဆိုရင် နဂါးပတ်အလံ ထွက်ပေါ်လာတာ ကျုပ်တို့ ကျားမာန်အာမခံဌာနနဲ့ ပတ်သက်နေသလိုပဲ"

ကွမ်းကျုံးရုပ်က ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားနဲ့ ပတ်သက်တာ ဖြစ်ရမယ်"

"မဖြစ်နိုင်ပါဘူးဗျာ"

"ခင်ဗျားက အမှတ်မထင် သူ့ရဲ့အသက်ကို ကယ်မိရင်ကော ဖြစ်နိုင်ဘူးလား"

ဖန်းကျင်းရှမ်းက အနည်းငယ် စဉ်းစားလိုက်သည်။

"ဒီလိုဆိုရင် ကျုပ် တစ်ခု သတိရလာပြီ"

ကွမ်းကျုံးရုပ်က သိလိုဇောဖြင့်...

"ပြောပြစမ်းပါ"

"ကျုပ်တို့ ဘုံကျောင်းပျက်မှာ နားနေတုန်းက သိုင်းသမား လူငယ်တစ်ယောက်ကို ကယ်တင်ခဲ့ဖူးတယ်"

ကွမ်းကျုံးရုပ်သည် သူ၏ ပြောစကားများကို အားတက်သွားကာ...

"ဟုတ်လား ဆက်ပြောပါဦး"

"သူ့မှာ အဆိပ်ပါတဲ့ လက်နက်ပုန်းကို မိထားတယ်၊ ကျုပ်က သူ့ရဲ့ဒဏ်ရာကို ကုပေးလိုက်တယ်"

ကွမ်းကျုံးရုပ်သည် မျက်မှောင်ကြုတ်၍ မေးမြန်းလိုက်သည်။

"နေပါဦး သူက ဘာပြောသွားသေးသလဲ"

"ဘာမှ ပြောမသွားဘူး၊ တစ်ကိုယ်လုံး ဖြူဖွေးနေတဲ့ မြင်းကို စီးပြီး ထွက်သွားတော့တာပဲ"

"သူ့နာမည်ကို မေးမကြည့်ဘူးလား"

ဖန်းကျင်းရှမ်းသည် ခေါင်းညိတ်၍...

"မေးပါတယ် သူက ပြောမပြဘူး"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားပြီး တစ်စုံတစ်ခုကို သတိရကာ...

"သူ့အသက်က ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ်ကျော်ပဲ ရှိမယ်၊ ဒါကြောင့် နဂါးပတ်အလံနဲ့ မပတ်သက်ဘူးလို့ ထင်ပါတယ်"

"ခင်ဗျား သူ့ကို တွေ့ရင် မှတ်မိပါဦး မလား"

ဖန်းကျင်းရှမ်းက ခေါင်းခါယမ်းလိုက်သည်။



"မှတ်မိမယ်လို့ မထင်ဘူး"

"ခင်ဗျား သူ့ကို ဆေးကုပေးတယ်ဆို"

"ဟုတ်တယ် သူက မျက်နှာ လွှဲထားတယ်၊ သေသေချာချာ မတွေ့လိုက်ရဘူး"

"ဒါဖြင့် နည်းနည်းပါးပါးတော့ မှတ်မိမှာပေါ့"

ဖန်းကျင်းရှမ်း စဉ်းစားကာ...

"ဟုတ်ကဲ့ ဒါကြောင့် သူ့ကို နောက်ထပ်တစ်ကြိမ် တွေ့ဖူးတယ်လို့ ထင်မိတယ်"

"ဘယ်နေရာမှာ တွေ့ခဲ့သလဲ"

"အစ်ကိုကြီး ညစာ ကျွေးမွေးတုန်းက အပြာရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားတဲ့ လူငယ်တစ်ယောက်ကို တွေ့တယ် မဟုတ်လား"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"နောက်ဆုံးမှ ထွက်သွားတဲ့ လူငယ်ကို ပြောနေတာလား"

"ဟုတ်တယ်"

ကွမ်းကျုံးရုပ်သည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"အလံရဲ့ ပိုင်ရှင်က ဘာကြောင့် ကျုပ်တို့ကို ကယ်တင်တယ်ဆိုတာ စဉ်းစားဖို့ သင့်တယ်"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ ဥာနမှူး"

ကွမ်းကျုံးရုပ်က မြင်းကို အမြန်မောင်းနှင် ထွက်ခွာသွားလေသည်။

ကွမ်းကျုံးရုပ်တို့သည် မြို့ကလေးတစ်မြို့သို့ ရောက်ရှိလာလေသည်။

သူတို့သည် မြင်းပေါ်မှ ဆင်းလိုက်ပြီး မြို့တွင်းသို့ ဝင်လာကြသည်။

"ဌာနမှူး ပေးထားတဲ့ တာဝန်ကို ဆောင်ရွက်စရာ ရှိနေလို့ ဒီကနေ လမ်းခွဲသွားပါ့မယ်"

ကွမ်းကျုံးရုပ်က လက်ကာပြလိုက်ပြီး...

"အဲဒီ အလုပ်တွေကို ခဏလေး ဆိုင်းထားစမ်းပါ"

ဖန်းကျင်းရှမ်းသည် မျက်မှောင်ကြုတ်သွားသည်။

"ဗျာ အစီအစဉ် ပြောင်းသွားလို့လား"

"ဟုတ်တယ်... ဒီအစီအစဉ်ကို ခဏရပ်ဆိုင်းထားပါ ဌာနခွဲအားလုံးတို့မှာ ငွေကြေး အလုံအလောက် ရှိတဲ့အတွက် ကျုပ်တို့လူတွေ တစ်နှစ် နှစ်နှစ်ထိုင်စားလို့ လောက်ပါသေးတယ်"

ဖန်းကျင်းရှမ်းသည် ကွမ်းကျုံးရုပ်အား လှည့်၍ မေးလိုက်၏။

"ဒါဖြင့် ဌာနမှူး ဘာဆက်လုပ်မလဲ"

ကွမ်းကျုံးရုပ် ပြုံး၍ ဖြေလိုက်ပြီး...

"ကဲ... လာ ကျုပ်တို့ စားသောက်ဆိုင်မှာ စားသောက်ရင်း တိုင်ပင်ကြတာပေါ့"

သူတို့နှစ်ဦးသည် မြင်းကို ဆွဲယင်း နီးရာ စားသောက်ဆိုင်သို့ ဝင်ရောက်သွားကြလေတော့သည်။

* * *



စားသောက်ဆိုင်ထဲတွင် လူများ ပြည့်လျှက်နေ၏။

ထိုလူများထဲ၌ သိုင်းသမားပေါင်းများစွာ စားသောက်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထူးခြားသည်မှာ ထိုသိုင်းသမားများ၏ မျက်နှာများပေါ်၌ စိုးရိမ်ပူပန် ကြောက်ရွံ့သည့် အရိပ်အရောင်များ ပေါ်လွင်နေသည်ကို တွေ့မြင်ရသည်။

ကွမ်းကျုံးရုပ်သည် သိလိုသော ဆန္ဒများ ဖြစ်ပေါ်လာလေသည်။

ထို့ကြောင့် သူသည် ထိုင်ခုံတစ်ခုကို မရမက ရှာဖွေ၍ ထိုင်ချလိုက်ပြီး ပတ်ဝန်းကျင်သို့ တစ်ချက် အကဲခတ်လိုက်သည်။

ကွမ်းကျုံးရုပ်သည် လေသံတိုးတိုးဖြင့်...

"စားသောက်တဲ့ လူတွေထဲမှာ သိုင်းလောကသားတွေပါ ရှိတယ်ဆိုတာ တွေ့လား"

"ဟုတ်ကဲ့ တွေ့တယ်"

ကွမ်းကျုံးရုပ်သည် ဖန်းကျင်းရှမ်းအား သိုင်းသမားတစ်စုအား လက်ညှိုးထိုးလိုက်ပြီး...

"သူတို့ကို သေသေချာချာ ကြည့်စမ်း"

ဖန်းကျင်းရှမ်းသည် ထိုသိုင်းသမားများအား ကြည့်လိုက်သောအခါ ထိုလူများ၏ မျက်နှာပေါ်တွင် ကြောက်ရွံ့တုန်လှုပ်နေသည့် အရိပ်အရောင်များ ဖြစ်ပေါ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူသည် အံ့ဩသွားပြီး ကွမ်းကျုံးရုပ်အား တီးတိုးမေးလိုက်

လေသည်။

"သူတို့ ဘာတွေ ဖြစ်နေကြတာလဲ"

ကွမ်းကျုံးရှပ်သည် ခေါင်းခါယမ်းပြယင်း...

"မသိဘူး နဂါးပင်္ဂအလံနဲ့တော့ ပတ်သက်လိမ့်မယ်လို့ ထင်တယ်"

"အင်း ဖြစ်နိုင်တယ်"

ထိုစဉ်မှာပင် လူနှစ်ယောက်က ဆိုင်ထဲသို့ ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။



ဆိုင်ထဲသို့ ဝင်ရောက်လာသော လူနှစ်ယောက်သည် အ ...က်ခြောက်ဆယ်ကျော်ခန့်မျှ ရှိကြလေသည်။

သူတို့၏ ရုပ်သွင်ပြင်များသည် တစ်ယောက်နှင့်တစ် ...ယောက် ရုပ်ရည်ချင်း ဆင်တူရိုးမှား ရှိကြ၏။

သူတို့၏ မျက်နှာ၌ မုတ်ဆိတ်မွေးများ ရှိကြသည်။

သို့သော် သူတို့၏ မျက်နှာများမှာ တစ်ယောက်နှင့်တစ် ...ယောက် အလွန်ကွာခြားနေသည်။

ရှေ့ဆုံးမှ ဝင်လာသော လူ၏မျက်နှာမှာ လူမမာမျက်နှာ ...ကဲ့သို့ ဖြူဖွေးပြီး အကြောစိမ်းရောင်ပင် သန်းနေ၏။

နောက်မှ ဝင်လာသော လူ၏မျက်နှာမှာ ညိုမည်းနက်နေ ...လေသည်။

ယင်းလူနှစ်ယောက်မှာ သိုင်းလောကတွင် ရက်စက်ကြမ်း ...ကြုတ်ခြင်းဖြင့် ကျော်ကြားခဲ့သော အဖြူရောင်ယက္ခနှင့် အမည်း ...ရောင်ယက္ခတို့ ဖြစ်သည်ကို ကွမ်းကျုံးရှပ်က သိလိုက်လေသည်။

* * *

စားသောက်ဆိုင်ထဲမှ သိုင်းသမားများသည် စားသောက် ...ပြီးနောက် စားသောက်ခန်းထဲမှ အစုလိုက် အဖွဲ့လိုက် အပြင်သို့ ...ထွက်သွားကြလေသည်။

အဖြူရောင်နှင့် အမည်းရောင် ယက္ခတို့သည် စားသောက်ပြီး ထွက်ခွာသွားလေတော့သည်။

ဖန်းကျင်းရှမ်းသည် မျက်မှောင်ကြုတ်သွားပြီး…

"ဒီလူတွေ ဘယ်သွားကြမလို့လဲ မသိဘူး"

ကွမ်းကျုံးရှပ်က ပြုံးလိုက်လေသည်။

"မသိဘူး သူတို့နောက် လိုက်ကြည့်ကြရအောင်"

ကွမ်းကျုံးရှပ်သည် စားသောက်ခများ ရှင်းပေးပြီးသည့်နောက် ဆိုင်လုလင်အား မြင်းတစ်ကောင် ဝယ်ယူခိုင်းလိုက်လေ၏။

* * *

ကွမ်းကျုံးရှပ်နှင့် ဖန်းကျင်းရှမ်းတို့သည် မြင်းကို မှန်မှန်မောင်းလျက် ထွက်ခွာလာကြသည်။

မကြာမီ သူတို့ရှေ့မှာ ရှိနေသော အဖြူရောင်နဲ့ အမည်းရောင်ယက္ခတို့ တောအုပ်တစ်ခုထဲသို့ ဝင်ရောက်သွားသည်ကို တွေ့မြင်လိုက်ရလေသည်။

သူတို့သည် အဖြူရောင်နှင့် အမည်းရောင်တို့ ဝင်ရောက်သွားသော တောအုပ်ထဲသို့ ထက်ကြပ်မကွာ ဝင်ရောက်လိုက်ပါသွားလေသည်။

* * *



တောအုပ်ထဲတွင် လူသွားလမ်းတစ်ခု ဖောက်လုပ်ထားသည်ကို တွေ့မြင်ရသည်။

ယင်းလူသွားလမ်းသည် ဖောက်လုပ်ခဲ့သည်မှာ မကြာသေးသဖြင့် မြေကြီးများပင် မခြောက်သွေ့သေးဘဲ စိုထိုင်းနေသည်။

ထို့ကြောင့် မြေပေါ်တွင် မြင်းခွာရာများ ရှုပ်ထွေးနေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူတို့သည် မြင်းကို ရပ်တန့်လိုက်ပြီး မြင်းပေါ်မှ ဆင်းလိုက်သည်။

မြင်းများအား သစ်ကိုင်း၌ ချည်နှောင်ထားပြီး လူသွားလမ်းအတိုင်း လျှောက်သွားကြလေသည်။

ကွမ်းကျုံးရှပ်နှင့် ဖန်းကျင်းရှမ်းတို့သည် လူသွားလမ်းအတိုင်း လျှောက်လာခဲ့ရာ လူသွားလမ်းကလေး ဆုံးသွားသည်နှင့် ရှေ့တည့်တည့်တွင် ကြီးမားသော အဆောက်အအုံတစ်ခု တွေ့မြင်လိုက်ရလေသည်။

အဆောက်အအုံရှေ့တွင် မြင်းအကောင်နှစ်ဆယ်ကျော်ခန့် ရပ်နေကြပြီး မြင်းကုန်းနှီးပေါ်၌ လက်နက်များ အစီအရီ ချိတ်ထားသည်ကို တွေ့ရလေသည်။

ကွမ်းကျုံးရှပ်က မျက်မှောင်ကြုတ်သွားသည်။

"ခုနလူတွေ အဆောက်အအုံထဲ ရောက်ကုန်ပြီနဲ့ တူတယ်"

ဖန်းကျင်းရှမ်းသည် လေသံတိုးတိုးဖြင့်…

"ကျုပ်တို့လည်း လက်နက်တွေကို ထားခဲ့ရမလား"

ကွမ်းကျုံးရှပ် ခေါင်းခါယမ်းလိုက်ပြီး…

"ကျုပ်တို့က မဖိတ်ဘဲ လာတဲ့လူပဲ၊ လက်နက်ထားဖို့ မသင့်ဘူး"

သူတို့နှစ်ယောက်သည် ပြောပြီးသည်နှင့် ရှေ့သို့ ဆက်လက်လျှောက်သွားလေတော့သည်။

* * *



နဂါးပတ်အလံပိုင်ရှင်

ကွမ်းကျုံးရုပ်နှင့် ဖန်းကျင်းရှမ်းတို့သည် အဆောက်အအုံထဲသို့ ဝင်ရောက်သွားကြလေသည်။

အဆောက်အအုံထဲ၌ ကျယ်ဝန်းသော ခန်းမကြီးတစ်ခုရှိသည်ကို တွေ့ရသည်။

ထိုခန်းမကြီးထဲသို့ ရောက်ရှိလာကြသော လူများသည် မြေပေါ်၌ တင်ပျဉ်ခွေ ထိုင်နေကြသည်ကို တွေ့ရသည်။

ဖန်းကျင်းရှမ်းနှင့် ကွမ်းကျုံးရုပ်တို့သည် ထိုသို့ထိုင်နေသော လူများ၏နောက်တွင် ဝင်ရောက်ထိုင်ချလိုက်လေသည်။

ထိုလူများသည် သူတို့အား လုံးဝလှည့်မကြည့်ဘဲ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေကြလေသည်။

ဖန်းကျင်းရှမ်းသည် ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ကြည့်လိုက်သည်။

ယင်းအဆောက်အအုံမှာ နှစ်ရှည်လများ မည်သူမျှ နေထိုင်ခြင်းမရှိသဖြင့် ယိုယွင်းပျက်စီးနေသည်ကို တွေ့ရလေသည်။

ထိုစဉ် ခန်းမ၏အလယ်ရှိ တံခါးမကြီးသည် ပွင့်သွားလေ၏။

ကွမ်းကျုံးရုပ်သည် အမှတ်မထင် လှမ်းကြည့်လိုက်သည်။

တံခါးဖွင့်ပေးသူကို မတွေ့ရပါ။

ထိုစဉ် အေးစိမ့်သော အသံလှိုင်းတစ်ခုသည် အတွင်းခန်းမှ ထွက်ပေါ်လာလေတော့သည်။

* * *

"ခင်ဗျားတို့ ဝင်လာနိုင်ကြပါပြီ၊ ဒါပေမယ့် တန်းစီပြီးဝင်ပါ၊ စည်းကမ်းရှိပါ"

ထိုင်နေကြသောလူများသည် တစ်ယောက်ပြီးတစ်ယောက် ထလာကြပြီး တန်းစီ၍ ဝင်သွားကြလေသည်။

ကွမ်းကျုံးရုပ်သည် ထိုတန်းစီဝင်သွားသော လူများအား ကြည့်ကာ အံ့သြသွားလေသည်။

ယင်းသိုင်းသမားများသည် အလွန်ဆိုးသွမ်းနေသော အမည်းရောင် သိုင်းသမားများ ဖြစ်ကြသည်။

သူတို့သည် မည်သူ့အမိန့်မျှ နာခံခြင်းမရှိဘဲ ထင်ရာစိုင်းလုပ်တတ်ကြသော လူများပင် ဖြစ်ကြလေသည်။



ယခုမှာမူ သူတို့သည် စည်းကမ်းရှိရှိဖြင့် ဝင်သွားကြသည်မှာ အခန်းထဲမှာရှိသောလူ၏ အမိန့်အာဏာသည် မည်မျှထက်မြက်နေသည်ကို ခန့်မှန်း၍ ရနေပေသည်။

သူတို့သည် ထိုလူများ ကြားမှပင် ဝင်ရောက်ပြီး အခန်းထဲသို့ လိုက်ပါသွားလေတော့သည်။

* * *

သူတို့ဝင်ရောက်သွားသောအခါ အတွင်း၌ အခန်းကျယ်ကြီးတစ်ခန်းအား တွေ့ရလေသည်။

အခန်းထဲတွင် စားပွဲတစ်လုံးမှအပ အခြားမည်သည့် ပစ္စည်းမျှ မရှိပါ။

လူတစ်ယောက်သည် အခန်းနံရံကို မျက်နှာမူ၍ ကျောပေးပြီး ရပ်နေသည်။

ထိုသူ၏ခေါင်းပေါ်တွင် အနက်ရောင် ပဝါတစ်ထည် အုပ်၍ စည်းထားသည်။

သူ၏ကိုယ်ပေါ်တွင် ဝတ်ရုံနက် ခြုံထားသည်။

သူ၏ဝတ်စားဆင်ယင်ပုံမှာ အများ၏ သတင်းစကားအရ နဂါးပတ်အလံပိုင်ရှင်၏ ဝတ်စားဆင်ယင်ပုံနှင့် တူလှပေသည်။

အခန်းထဲသို့ ရောက်နေကြသော လူများသည် တန်းစီ၍

ရပ်နေကြသည်။

ကွမ်းကျုံးရုပ်သည် အခြေအနေ မဟန်မှန်း သိလိုက်သော ကြောင့် ဖန်းကျင်းရှမ်းအနီးသို့ တီးတိုးပြောလိုက်သည်။

"ကဲ..တို့သွားကြမယ်"

"ဒီကျက်သရေမရှိတဲ့ နေရာကနေ ထွက်သွားကြမယ်"

အံဖြူရောင်နှင့် အမည်းရောင်ယက္ခတို့က သူတို့အား လှမ်းကြည့်လိုက်သည်။

"ဌာနမှူးလည်း ရောက်နေတာကိုး"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

ထိုစဉ် အေးစိမ့်သောအသံတသံ ထွက်ပေါ်လာလေသည်။

"လူကျုံးနယ်က လူဆိုးလေးယောက်"

လူအုပ်ထဲမှ တုန်လှုပ်ချောက်ချားသော အသံ ထွက်ပေါ် လာသည်။

"ကျုပ်တို့ ရောက်နေပါပြီခင်ဗျာ"

ထိုအခါ အမိန့်သံတစ်ခု ထွက်ပေါ်လာသည်။

"ထွက်ခဲ့"

ရုပ်ရည်အလွန်ကြမ်းတမ်းသော လူလေးယောက်သည် လူ အုပ်ကြီးထဲမှ လေးလံစွာ ထွက်လာလေသည်။

သူတို့သည် ထိုလူ၏နောက် လေးလံအကွာသို့ ရောက် သောအခါ...

"မင်းတို့ ရပ်နိုင်ကြပြီ"



လူဆိုးလေးယောက်က ခြေလှမ်းကို ရပ်တန့်ကြလေသည်။

နံရံတွင် မတ်တတ်ရပ်နေသော ခေါင်းဆောင်ဖြစ်ဟန်တူ သူက..

"မင်းတို့ ကျူးလွန်တဲ့ အပြစ်ကိုပြောစမ်း"

လူဆိုးလေးယောက်အနက် ခေါင်းဆောင်ဖြစ်သူက တုန် ယင်စွာဖြင့် ပြောလိုက်၏။

"ကျုပ်တို့က ပစ္စည်းလုတယ်၊ လူတွေကို သတ်ပါတယ်"

ထိုနံရံမှရပ်နေသူက ခေါင်းခါယမ်းရင်း...

"ဒါတွေ မေးနေတာ မဟုတ်ဘူး၊ အခုနှစ် ရှစ်လဆယ့်ငါး ရက်မှာ ကျူးလွန်တဲ့ကိစ္စကို ပြောတာ"

ဝဲဘက်အစွန်ဆုံးမှလူသည် ရိုကျိုးစွာဖြင့်...

"အဲဒီနေ့တုန်းက ကျုပ်တို့ မြင်းလှည်းတစ်စီးကို လုပါတယ် နောက်ပြီး မိသားစုလေးယောက်ကို သတ်တဲ့အပြင် မြင်းလှည်း မောင်းသမားကိုလည်း သတ်လိုက်ပါတယ်"

"မြင်းလှည်းပေါ်မှာ နဂါးပတ်အလံ စိုက်ထူထားတာ မတွေ့ ဘူးလား"

"ဟုတ်ကဲ့..ကျုပ်တို့ အပြစ်ကျူးလွန်ပြီးမှ တွေ့မိပါတယ် ခင်ဗျာ"

မတ်တတ်ရပ်နေသူက ဒေါသသံဖြင့်...

"မင်းတို့ မျက်လုံးကန်းနေကြပြီလား"

လူဆိုးလေးယောက်သည် အသံတုန်တုန်ယင်ယင်ဖြင့်...

"ကျုပ်တို့မှာ အပြစ်ရှိပါတယ်"

"အပြစ်ရှိရင် ကိုယ့်ဘာသာဆုံးဖြတ်မလား၊ ကျုပ်ကပဲဆုံး ဖြတ်ပေးရမလား"

လူဆိုးလေးယောက်တို့သည် တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်လိုက်ပြီးနောက် ကိုယ့်ကိုယ်ကို အဆိပ်သောက်၍ အ ဆုံးစီရင်လိုက်လေသည်။

ကွမ်းကျူးရုပ်နှင့် ဖန်းကျင်းရှမ်းတို့သည် ကြည့်နေရင်းမှ ရင်ထဲ တုန်လှုပ်သွားလေသည်။

ထိုစဉ် အေးစိမ့်သောအသံ ထွက်ပေါ်လာပြန်လေသည်။

"ကွမ်းတုံနယ်က ကျားညီနောင်ခုနစ်ယောက်"

ထိုအခါ လူခုနစ်ယောက် ရောက်ရှိလာလေသည်။

"ရောက်ပါပြီ"

ထွားကျိုင်းသော လူခုနစ်ယောက်က လူအုပ်ကြားမှ ထွက် လာကြလေသည်။

အနက်ရောင် ဝတ်ဆင်ထားသူက လှည့်မကြည့်ဘဲ…

"မင်းတို့အပြစ်တွေရော သိကြတယ် မဟုတ်လား"

"သိပါတယ်"

"မင်းတို့အပြစ်ဟာ သေသင့်ပေမယ့် ပထမဆုံးအကြိမ် ကျူးလွန်တာဖြစ်လို့ မင်းတို့ရဲ့ လက်တစ်ဘက်စီဖြတ်ခဲ့"

ထိုလူခုနစ်ယောက်တို့သည် စားပွဲပေါ်တွင် အသင့်ချထား သော ဓားများကိုယူပြီး သူတို့၏ လက်တစ်ဘက်စီကို ဖြတ်ချလိုက် လေသည်။

"စားပွဲပေါ်မှာ သွေးတိတ်တဲ့ဆေး ရှိတယ်၊ ဆေးတစ်ထုပ်စီ



ယူပြီး သွားနိုင်ကြပြီ"

ထိုလူခုနစ်ယောက်သည် ရိုသေစွာ ဦးညွှတ်လိုက်ပြီး…

"ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ကွမ်းတုံနယ်မှ ကျားညီနောင်တို့သည် စားပွဲပေါ်မှာ အ သင့်ရှိနေသော ဆေးထုပ်ကလေး တစ်ထုပ်စီ ယူ၍ ထွက်သွားကြ လေသည်။

မကြာမီ အေးစက်မာကျောသော လေသံသည် ထပ်မံပေါ် ထွက်လာပြန်၏။

"ယက္ခညီအစ်ကို"

အဖြူရောင်ယက္ခနှင့် အမည်းရောင်ယက္ခတို့သည် ရှေ့သို့ ထွက်လိုက်သည်။

"ရှိပါတယ်"

"ခင်ဗျားတို့ ကျူးလွန်တဲ့ အပြစ်ကိုရော သိတယ် မဟုတ် လား"

ယက္ခညီနောင်က ခေါင်းညိတ်လိုက်သည်။

"သိတယ်"

"သိရင် ကိုယ့်ကိုကိုယ် စီရင်မလား၊ ကျုပ်က သတ်ရမလား"

ယက္ခညီနောင်သည် ခေါင်းမော့၍…

"ကျုပ်တို့ ဘာဖြစ်လို့ အသတ်ခံရမှာလဲ"

သူတို့နှစ်ယောက်သည် ပြောရင်း လက်များပြိုင်တူ ဝှေ့ ယမ်းလိုက်သည်။

ထိုအခါ သူတို့၏လက်ထဲမှ အဆိပ်လူးထားသော အပ်က

လေးများသည် ဝတ်ရုံနက်၏နောက်ကျောသို့ ပစ်လွင့်သွားသည်။

ဝတ်ရုံနက် ဝတ်ဆင်ထားသောလူသည် ဓားကိုလျှင်မြန်စွာ ဆွဲထုတ်လိုက်ပြီး ဝှေ့ယမ်းလိုက်ရာ သူ၏လက်ထဲမှ ဓားရောင်က ဖွေးခနဲ ဝင်းသွားသည်။

သူ့ဆီသို့ ပစ်လွင့်လာသော အဆိပ်အပ်ကလေးများသည် အဝေးသို့ လွင့်ပျံသွားလေသည်။

"ယား"

အဖြူရောင်နှင့် အမည်းရောင် ယက္ခတို့သည် ဝတ်ရုံနက် ဝတ်ဆင်ထားသော လူအား ပြိုင်တူ တိုက်ခိုက်လိုက်၏။

ဝတ်ရုံနက် ဝတ်ဆင်ထားသောလူသည် လျှပ်တပြက် ဓား တစ်ချက် ဝှေ့ယမ်းလိုက်ရာ...

"အား"

အဖြူရောင်ယက္ခနှင့် အမည်းရောင်ယက္ခတို့သည် စူးရှစွာ အော်ဟစ်ရင်း မြေပေါ်သို့ လဲကျသွားလေသည်။

ကွမ်းကျုံးရုပ်နှင့် ဖန်းကျင်းရှမ်းတို့က လှမ်းကြည့်လိုက်ရာ သူတို့၏မျက်လုံးများသည် ပြူးကျယ်သွားသည်။

အဖြူရောင်နှင့် အမည်းရောင်ယက္ခတို့၏ လည်မျို၌ သေး ငယ်သော အပေါက်ကလေးတစ်ခုစီ ဖြစ်ပေါ်နေသည်ကို တွေ့မြင် လိုက်ရလေသည်။

* * *



ထိုအခါ အေးစက်မာကျောသောအသံ ထပ်မံ ထွက်ပေါ် လာသည်။

"ကျန်တဲ့လူများ နားထောင်ကြ"

အခန်းတစ်ခုလုံးသည် အပ်ကျသံပင် ကြားရလောက် အောင် တိတ်ဆိတ်သွားသည်။

"ခင်ဗျားတို့ကို ဖိတ်ခေါ်ရတဲ့အကြောင်းကို သိကြပြီနဲ့ တူတယ်၊ ခင်ဗျားတို့က ကျုပ်ကို ကိုယ်စားပြုတဲ့အလံကို မရှိသေ ပေမယ့် ပထမဆုံးအကြိမ် မသိနားမလည်တဲ့အတွက် ခွင့်လွှတ်လိုက် မယ်၊ ဒါပေမယ့် ကနေ့အဖြစ်အပျက်တွေကိုလည်း သိုင်းလောကကို အဆင့်ဆင့် အကြောင်းကြားပေးပါ"

ထိုစကား ကြားလိုက်ရသောအခါ အားလုံးသောလူများ၏ မျက်နှာပေါ်တွင် ဝမ်းသာပီတိ အရိပ်အရောင်များ ပေါ်လွင်လာ ကြလေသည်။

အေးစိမ့်သောအသံများ ထပ်မံပေါ်ထွက်လာသည်။

"ခင်ဗျားတို့ သွားနိုင်ကြပြီ"

အားလုံးသောလူများသည် တိတ်ဆိတ်စွာဖြင့် ခန်းမတွင်း မှထွက်ခွာသွားကြလေသည်။

ကွမ်းကျုံးရုပ်နှင့် ဖန်းကျင်းရှမ်းတို့လည်း လူအများ ကြားမှ လိုက်သွားလေသည်။

ရုတ်တရက် အေးစိမ့်သောအသံ ထွက်ပေါ်လာသည်။

"လက်နက်ယူဆောင်လာတဲ့လူ နေခဲ့"

ကွမ်းကျုံးရုပ်သည် နောက်သို့လှည့်ကြည့်ရင်း ခြေလှမ်း

ရပ်တန့်သွားလေသည်။

ကွမ်းကျုံးရုပ် ခြေလှမ်းရပ်တန့်သွားသည်နှင့် ဖန်းကျင်းရှမ်းသည်လည်း ရပ်တန့်လိုက်ရလေသည်။

* * *

အခန်းထဲတွင် ကွမ်းကျုံးရုပ်၊ ဖန်းကျင်းရှမ်းနှင့် ဝတ်ရုံနက်တို့သုံးယောက်သာ ကျန်ခဲ့သည်။

ကွမ်းကျုံးရုပ်သည် ခြေလှမ်းကို ရပ်တန့်လိုက်ရင်း ပြောလိုက်သည်။

"ကျုပ်နာမည် ကွမ်းကျုံးရုပ်ပါ"

ထိုအေးစက်စက်လေသံဖြင့်ပင်...

"ကျားမာန်အာမခံဌာနက ဌာနမှူး မဟုတ်လား"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်အဖြေပေးလိုက်သည်။

"ဟုတ်ပါတယ်..အခုလို နဂါးပတ်အလံပိုင်ရှင်နဲ့ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

"နဂါးပတ်အလံကို တွေ့တဲ့လူဟာ အသက်အန္တရာယ်ဖြစ်တတ်တယ်ဆိုတာ ခင်ဗျား မသိဘူးလား"

ကွမ်းကျုံးရုပ် ပြုံးလိုက်ပြီး...

"ကျုပ်က ဒီလိုမထင်ပါဘူး"



"ဒါဖြင့် ခင်ဗျားက ဘယ်လိုထင်လို့လဲ"

"ခင်ဗျားက အလံကိုအကြောင်းပြပြီး ဥပဒေအပြင်ဘက်မှာရောက်ရှိနေတဲ့ လူမသမာများကို ဆုံးမပေးတယ်လို့ သိရပါတယ်၊ ကျုပ်ရဲ့ဘဝတလျှောက်လုံးမှာ မကောင်းမှု ဘာမှမလုပ်ခဲ့တဲ့အတွက် ကြောက်စရာ မလိုဘူးလို့ ထင်ပါတယ်"

ဝတ်ရုံနက်နှင့်လူသည် အေးစက်စွာဖြင့်...

"ခင်ဗျားကိုယ်ခင်ဗျား သိပ်ယုံတာကိုး"

"ခင်ဗျားက နဂါးပတ်အလံရဲ့ စည်းကမ်းချက်ကို သိထားတယ် မဟုတ်လား"

ဖန်းကျင်းရှမ်းသည် အံ့အားသင့်စွာဖြင့် မေးလိုက်သည်။

"နေပါဦး...ဘာစည်းကမ်းချက်များပါလိမ့်"

ဝတ်ရုံနက်နှင့်လူက လှည့်ကြည့်လိုက်ပြီး...

"ခင်ဗျားက ဘယ်သူလဲ"

ဖန်းကျင်းရှမ်းက ဦးညွှတ်လိုက်ပြီး...

"ကျုပ်က ကျားမာန်အာမခံဌာနက ဖန်းကျင်းရှမ်းပါ"

"ဩော်...ခင်ဗျားက ဒုဌာနမှူးကိုး"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"သိုင်းလောကမှာ နဂါးပတ်အလံပိုင်ရှင်နဲ့ တွေ့တဲ့အခါမှာ လက်နက်မယူဆောင်ရဘူးဆိုတာ သိကြပါတယ်၊ ခင်ဗျားတို့က ဘာဖြစ်လို့ လက်နက်ကိုင်ဆောင်လာကြတာလဲ"

ဖန်းကျင်းရှမ်းက ပြုံးလိုက်ပြီး...

"ခင်ဗျားက နဂါးပတ်အလံပိုင်ရှင်ဆိုတာ ကျုပ်တို့ ဘယ်လို ယုံကြည်ရမှာလဲ"

ဝတ်ရုံနက်နှင့်လူသည် မဲ့ပြုံးပြုံးလိုက်လေသည်။

"ဘာလဲ ခင်ဗျားက ကျုပ်ကို အတုလို့ ဆိုချင်တာလား"

ဖန်းကျင်းရှမ်းသည် လက်ကာပြလိုက်ပြီး...

"ဒီလိုလည်း မဟုတ်ပါဘူး၊ ကျုပ် ပထမတော့ သံသယဖြစ်နေပါသေးတယ်၊ ဒါပေမယ့် ခင်ဗျားက ယက္ခနှစ်ယောက်ကို သတ်လိုက်တဲ့ လှုပ်ရှားမှုကို တွေ့ရတော့ ခင်ဗျားဟာ နဂါးပတ်အလံပိုင်ရှင်ဆိုတာ ယုံကြည်လာပါတယ်"

ဝတ်ရုံနက်နှင့်လူက အတန်ကြာ စဉ်းစားလိုက်ပြီးနောက်...

"ခင်ဗျားတို့က မသိလို့ စည်းကမ်းဖောက်ဖျက်တဲ့အတွက် ဒီတခါ ခွင့်လွှတ်လိုက်မယ်၊ ခင်ဗျားတို့ သွားနိုင်ကြပါပြီ"

ကွမ်းကျုံးရှပ်က နဖူးပေါ်မှ ချွေးများကို သုတ်လိုက်သည်။ ပြီးမှ ဦးညွှတ်ကာ...

"ကျေးဇူးတင်ပါတယ်"

ဖန်းကျင်းရှမ်းတို့သည် ခြေလှမ်းသုတ်သုတ်ဖြင့် ခန်းမထဲမှ ထွက်ခွာသွားလေတော့သည်။

ဖန်းကျင်းရှမ်းနှင့် ကွမ်းကျုံးရှပ်တို့သည် မြင်းကို အရှိန်ပြင်းစွာနှင့် မောင်းနှင်သွားသည်။

တစ်မိုင်ကျော်ကျော်ခန့် ရောက်ရှိလာသောအခါ ဖန်းကျင်းရှမ်းသည် တစ်စုံတစ်ခုကို သတိရလာလေသည်။

"ဟောဗျာ... ကျုပ်မေ့နေလိုက်တာ"



ကွမ်းကျုံးရှပ်က အရှိန်ကို လျှော့လိုက်သည်။

"ဘာတွေ မေ့လာလို့လဲ"

ဖန်းကျင်းရှမ်းသည် အတန်ကြာမျှ တွေးကာ...

"ကျုပ်မှာ သူ့ကို မေးစရာ ရှိတာတွေကို မမေးမိဘူး"

"ခင်ဗျားက သူ့ကို ဘာမေးမလို့လဲ"

ဖန်းကျင်းရှမ်းက ပြုံး၍...

"သူဘာကြောင့် ကျုပ်တို့ကို ကူညီတယ်ဆိုတာ မေးချင်လို့ပါ"

ကွမ်းကျုံးရှပ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... နဂါးပတ်အလံ ပိုင်ရှင်ဟာ ကျုပ်တို့ကို အခွင့်အရေး ပေးနေသလိုပါပဲ"

ဖန်းကျင်းရှမ်းသည် မြင်းကို ရပ်တန့်လိုက်ပြီး...

"ဥာနမှူး... ဒီမှာ ခဏစောင့်နေပါ ကျုပ်... သူ့ကို သွားတွေ့လိုက်ဦးမယ်"

ဖန်းကျင်းရှမ်းသည် ထိုသို့ပြောပြီး မြင်းကို နောက်သို့ ပြန်လှည့်လိုက်ပြီး ဒုန်းစိုင်းမောင်းနှင် ထွက်ခွာသွားလေသည်။

ကွမ်းကျုံးရှပ်သည် ဖန်းကျင်းရှမ်းအား ဟန့်လိုက်လေသည်။

"ဟေ့... မသွားနဲ့..."

သို့သော် ကွမ်းကျုံးရှပ်၏ အသံကို မကြားရတော့ဘဲ သူ၏ မြင်းခွာသံများဖြင့် ဆူညံစွာ ထွက်ပေါ်သွား၏။

ထိုအခါ ကွမ်းကျုံးရှပ် စိတ်သည် ဖန်းကျင်းရှမ်းအား စိုးရိမ်

လာသောကြောင့် မြင်းကို နောက်လှည့်ပြီး သူ့နောက်သို့ လိုက်သွားလေတော့သည်။

* * *

လှသွားလမ်းကလေး ဆုံးသွားသည်နှင့် ကွမ်းကျိုးရုပ်သည် မြင်းပေါ်မှ ဆင်းလိုက်လေသည်။

ဖန်းကျင်းရှမ်းအတွက် စိုးရိမ်နေသဖြင့် သူ့လက်ထဲတွင် ဓားကို အသင့်ကိုင်ဆောင်ထားပြီး...

အဆောက်အအုံ ရှိရာသို့ ခြေတစ်လှမ်းချင်း လှမ်းသွားစဉ် အမှတ်မထင် သူ၏နောက်မှ ရယ်မောသံတစ်ခု ကြားလိုက်ရလေသည်။

ကွမ်းကျိုးရုပ်သည် ဖြတ်ကနဲ လှည့်ကြည့်လိုက်သည်။ ထိုအခါ သူ၏နောက်တွင် ရပ်နေသူမှာ ကပ်ဟို့လျန် ဖြစ်နေသည်ကို တွေ့မြင်လိုက်ရလေသည်။ သူ၏နောက်တွင် ဟိုလျန်ဝါး ပါလာသည်။

ကွမ်းကျိုးရုပ်သည် ပခုံးတွန့်လိုက်ပြီး...

"ဩော်... မင်းသားလေးကိုး"

ကပ်ဟို့လျန်သည် ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်"



ကွမ်းကျိုးရုပ်သည် အေးဆေးသော လေသံဖြင့် ပြောလိုက်၏။

"ခင်ဗျား ခြေတစ်လှမ်း နောက်ကျသွားပြန်ပြီ..."

ကပ်ဟို့လျန်သည် အံ့သြစွာဖြင့်...

"ခင်ဗျား ဘာကို ဆိုလိုတာလဲ"

"ဩော်... ဒီလိုပါ ခင်ဗျား ခပ်စောစောများ ရောက်လာရင် နဂါးပတ်အလံ ပိုင်ရှင်ကို တွေ့နိုင်မယ်လို့ ပြောမလို့ပါ"

ကပ်ဟို့လျန်သည် သက်ပြင်းချလိုက်ပြီး...

"အင်း... ကျုပ်ဟာ နဂါးပတ်အလံနဲ့ ကံမကြုံဘူးလို့ ထင်ပါတယ်ဗျာ"

သူသည် ကွမ်းကျိုးရုပ်အား မေးလိုက်သည်။

"ဒါနဲ့ ခင်ဗျားက နဂါးပတ်အလံ ပိုင်ရှင်နဲ့ တွေ့ခဲ့တယ်ဆိုပါတော့"

"ဟုတ်ပါတယ် အခုလည်း အထဲမှာ ရှိချင်ရှိနေဦးမယ်... နောက်ပြီး သူသတ်သွားတဲ့ အလောင်းတွေကို တွေ့မြင်ရဦးမယ်ဗျာ"

ကပ်ဟို့လျန်သည် ပြုံးရယ်ကာ...

"ခင်ဗျား အသက်ရှင်ပြီး ပြန်ထွက်လာနိုင်တာပဲ ချီးကျူးပါတယ်ဗျာ"

ကွမ်းကျိုးရုပ်သည် ပခုံးတစ်ချက် တွန့်လိုက်သည်။

"ကျုပ် မကြွားတတ်ပါဘူး... တကယ်တမ်း ယှဉ်ပြိုင်ရမယ်ဆိုရင်... ကျုပ်က သူ့ရဲ့ ဓားချက်ကို တစ်ချက်မှ ရှောင်နိုင်မယ် မထင်ပါဘူး"

ကပ်ပဟို့လျှန်သည် ဘေးနားပတ်ဝန်းကျင်သို့ တစ်ချက်အကဲခတ်ရင်း...

"ဒါနဲ့ ခင်ဗျားရဲ့ ဒုဋ္ဌာနမှူးတစ်ယောက်ကော မမြင်ပါလား"

ကွမ်းကျုံးရုပ်သည် မည်သို့ ပြန်ပြောရမှန်းမသိ ဖြစ်နေစဉ်ပင် ရုတ်တရက် ဖန်းကျင်းရှမ်း၏ အသံအား ကြားလိုက်ရလေသည်။

"ကျုပ် ဒီမှာပါ... မင်းသားလေးက ဘာကိစ္စ ရှိလို့ပါလဲ"

ကွမ်းကျုံးရုပ်နှင့် ကပ်ပဟို့လျှန်တို့သည် နောက်သို့ ပြိုင်တူလှည့်ကြည့်လိုက်ရာ ဖန်းကျင်းရှမ်းသည် အဆောက်အအုံထဲမှ ထွက်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ကပ်ပဟို့လျှန်သည် ပြုံးပြလိုက်ပြီး...

"ဒါနဲ့ နဂါးပတ်အလံ ပိုင်ရှင် အိမ်ထဲမှာ ရှိသေးသလားဗျ"

ဖန်းကျင်းရှမ်းက မဲ့ပြုံးပြုံးလိုက်ပြီး...

"သိချင်ရင် အခန်းထဲ ကိုယ်တိုင် ဝင်ကြည့်ပါလား"

ကပ်ပဟို့လျှန် ရင်ကိုကော့ပြီး...

"ဘာလဲ ကျုပ် မဝင်ရဲဘူးလို့ မထင်ပါနဲ့"

သူသည် ဟိုလျှန်ဝါးဘက်သို့ လှည့်လိုက်ပြီး...

"သွားကြည့်လိုက်စမ်း... ညီမ"

ဟိုလျှန်ဝါးသည် ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်ကဲ့ အစ်ကို"

သူမသည် အဆောက်အအုံ ရှိရာသို့ လျင်မြန်စွာ သွားလေသည်။

"ရပ်လိုက်"



ကွမ်းကျုံးရုပ်သည် ဟိုလျှန်ဝါး ဝင်ရောက်သွားသည်ကို ချက်ချင်း ဟန့်တားလိုက်သည်။

ထိုအခါ ဟိုလျှန်ဝါးက မျက်မှောင်ကြုတ်သွားပြီး...

"ဘာပြောမလို့လဲ"

ကွမ်းကျုံးရုပ်သည် ကပ်ပဟို့လျှန်ဘက်သို့ လှည့်လိုက်သည်။

"ခင်ဗျားကိုယ်တိုင် မသွားဘဲ ဘာကြောင့် မိန်းကလေးကို လွှတ်လိုက်ရတာလဲဗျ"

ကပ်ပဟို့လျှန်သည် မခံချင်စိတ်ဖြင့်...

"ခင်ဗျားတို့က ကျုပ်ကို အထင်သေးလိုက်တာ"

သူသည် ဟိုလျှန်ဝါးအား လက်ကာပြလိုက်ပြီး...

"ညီမ နေခဲ့... အစ်ကို သွားမယ်"

ဟိုလျှန်ဝါးသည် သူ့အား စိုးရိမ်သော လေသံဖြင့်...

"အစ်ကို မသွားပါနဲ့ ကျွန်မ သွားမယ်"

သူမသည် ကွမ်းကျုံးရုပ်ဘက်သို့ လှည့်လိုက်ပြီး လေသံမာမာဖြင့်...

"ဒီမှာ ကျွန်မကိစ္စ ဝင်မရှုပ်ပါနဲ့"

ကွမ်းကျုံးရုပ်သည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဝင်ရှုပ်တာ မဟုတ်ပါဘူးဗျာ... မင်းအဖေရဲ့ ကျေးဇူးရှိလို့ ကျုပ်က ကူညီတဲ့ သဘောပါ"

ဟိုလျှန်ဝါးသည် ခက်ထန်သော လေသံဖြင့်...

"မလိုပါဘူးရှင်... ဘယ်ရန်သူမဆို မင်းသားကပ်ပဟို့လျှန်ကို

အန္တရာယ်ပြုလာရင် ကျွန်မရဲ့ ရန်သူပဲလို့ ယူဆရမှာပဲ"

သူမသည် ထိုသို့ ပြောပြီးနောက် လျင်မြန်သော လေး
ဟုန်ဖြင့် အဆောက်အအုံထဲသို့ ဝင်ရောက်သွားလေတော့သည်။

* * *

ကွမ်းကျုံးရုပ်သည် ကပ်ဟို့လျန်အား မကျေမနပ်ဖြင့်
ကြည့်လိုက်သည်။

ကပ်ဟို့လျန်သည် ပြုံးပြလိုက်သည်။

"ခင်ဗျား ကျုပ်ကို မကျေမနပ် ဖြစ်နေတယ်ပေါ့ ဟုတ်
လား"

ကွမ်းကျုံးရုပ်သည် ခေါင်းညိတ် အဖြေပေးလိုက်၏။

ကပ်ဟို့လျန်သည် ပခုံးတစ်ချက် တွန့်ပြလိုက်ပြီး...

"ခင်ဗျား မြင်တဲ့ အတိုင်းပဲလေ... ကျုပ် အတင်းခိုင်းတာ
မဟုတ်ဘူး... သူတို့တွေက ကျုပ်အတွက်ဆိုရင် အသက်နဲ့လဲပြ
ကာကွယ်တယ်ဆိုတာ သိပြီ မဟုတ်လား"

ကွမ်းကျုံးရုပ်သည် စကားကို ပြန်လည်ချေပရန် ပါးစပ်ပ
လိုက်ရာတွင် သူ၏မျက်စိတည့်တည့်မှ အရာအား စိတ်ဝင်စားစွ
ကြည့်နေမိသည်။

ထိုအရာမှာ ဟိုလျန်ဝါးသည် အဆောက်အအုံထဲမှ ပြ



လည်ထွက်လာသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ကပ်ဟို့လျန်သည် လှည့်ကြည့်လိုက်ပြီး မေးလိုက်သည်။

"ဘာတွေ့ခဲ့သလဲ ညီမ"

ဟိုလျန်ဝါးသည် မဲ့ပြုံးပြုံးယင်း...

"လူသေအလောင်းက လွဲလို့ ဘာမှ မတွေ့ပါဘူး အစ်ကို"

"နဂါးပတ်အလံ ပိုင်ရှင်ကိုရော မတွေ့ခဲ့ဘူးလား"

"မတွေ့ဘူး တစ်ခန်းလုံးမှာ အသက်ရှိတဲ့ လူဆိုလို့ တစ်
ယောက်မှ မရှိပါဘူး"

ကပ်ဟို့လျန်သည် ကွမ်းကျုံးရုပ်နှင့် ဖန်းကျင်းရှမ်းအား ဝေ့
ကြည့်လိုက်သည်။

"ခင်ဗျားတို့ ဘာတွေ မျက်လှည့်ပြနေတာလဲ"

ဖန်းကျင်းရှမ်းက မဲ့ပြုံးပြုံးလိုက်သည်။

"ယောကျ်ားဖြစ်ပြီး ကိုယ်တိုင် မသွားဝံ့ဘဲ မိန်းကလေးကို
လွှတ်လိုက်တာပဲ၊ သူက အတွေ့အကြုံ နုသေးလို့ ဘာကို တွေ့နိုင်
မှာလဲဗျ"

ဟိုလျန်ဝါးသည် မခံမရပ် ဖြစ်သွားပြီး...

"ကျွန်မက ငယ်ပေမယ့် လူသေနဲ့ လူရှင်ကို မခွဲခြားတတ်ဘဲ
နေပါ့မလားရှင့်"

ကွမ်းကျုံးရုပ်သည် မဲ့ပြုံးပြုံးလိုက်ပြီး ဟိုလျန်ဝါးအား လေ
သံမာမာဖြင့်...

"မင်း အသာနေစမ်းပါ"

ကပ်ဟို့လျန်သည် မျက်မှောင်ကြုတ်သွားသည်။

"ဘာလဲ၊ ခင်ဗျားတို့က ကျုပ်နဲ့ ယှဉ်ပြိုင်မလို့လား"

ကွမ်းကျုံးရုပ်သည် မျက်နှာထား တည်စွာဖြင့်...

"ကျုပ်ကို စိန်ခေါ်ရင် ကျုပ်က အချိန်မရွေး ယှဉ်ပြိုင်ဖို့ အသင့်ပါပဲ"

ကပ်ဟို့လျှန်သည် အေးဆေးစွာဖြင့်...

"ရပါတယ်ဗျာ... ဒါပေမယ့် နဂါးပတ်အလံက ဒီအနီးအနားမှာ ရှိနေရင် ကျုပ်တို့ ယှဉ်ပြိုင်ဖို့ မသင့်ဘူး ထင်တယ်"

ကွမ်းကျုံးရုပ်သည် ခဏမျှ စဉ်းစားလိုက်ပြီး...

"ကဲ... ဒီလိုဆိုရင် ကျုပ် ခိုင်ဖုန်းမြို့မှာပဲ ရှိမယ်... ခင်ဗျားက စိန်ခေါ်ချင်ရင် အချိန်မရွေး ကျုပ်ဆီကို ကြွနိုင်ပါတယ်"

ကွမ်းကျုံးရုပ်သည် ပြောပြီးသည်နှင့် မြင်းပေါ်သို့ ခုန်တက်လိုက်ပြီး ထွက်ခွာသွားလေသည်။

ဖန်းကျင်းရှမ်းသည်လည်း ကပ်ဟို့လျှန်အား တစ်ချက်ကြည့်လိုက်ပြီးနောက် မြင်းပေါ်သို့ တက်လိုက်ပြီး ကွမ်းကျုံးရုပ်နောက်သို့ လိုက်သွားလေတော့သည်။

* * *



ကွမ်းကျုံးရုပ်သည် အတန်ကြာမျှ မြင်းကို မောင်းလာပြီးနောက် မကြာမီ ခရီးအတော်ဝေးဝေးသို့ ရောက်သောအခါ မြင်းကို အရှိန်လျှော့ချလိုက်လေသည်။

ပြီး နောက်မှ လိုက်လာသော ဖန်းကျင်းရှမ်း၏ မြင်းနှင့် ယှဉ်၍ ခြေလှမ်းမှန်မှန်ဖြင့် မောင်းနှင်နေ၏။

ထို့နောက် ကွမ်းကျုံးရုပ်သည် ဖန်းကျင်းရှမ်းဘက်သို့ လှည့်လိုက်ပြီး စကားစလိုက်လေသည်။

"ခင်ဗျား ခန်းမထဲ ဝင်သွားတော့ နဂါးပတ်အလံ ပိုင်ရှင်နဲ့ တွေ့သေးလား"

ဖန်းကျင်းရှမ်းသည် ခေါင်းညိတ်လိုက်ပြီး...

"တွေ့ပါတယ်... ဒါပေမယ့် နောက်ကျောကိုပဲ တွေ့တယ်"

"သူနဲ့ စကား ပြောဖြစ်သေးလား"

"ကျုပ်က သူ့ကို မေးပါတယ်၊ ဒါပေမယ့် သူက ဘာမှ ပြန်မပြောဘူး"

"ခင်ဗျားက သူ့ကို ဘာတွေ မေးတာလဲ"

"ကျုပ်တို့ကို ဘာကြောင့် ကူညီတာလဲ... နောက်ပြီး သိုးပန်းချီကို သူကပဲ လာပို့တာလားလို့ပါ"

"သူက ဘာမှ ပြန်မပြောဘူး မဟုတ်လား"

"ဟုတ်တယ် သူက တိတ်တိတ်ဆိတ်ဆိတ်ပဲ ရပ်နေတယ်... ဘာမှလဲ ပြန်မပြောဘူး"

"နောက်တော့ရော"

"နောက်တော့ ကျုပ်လဲ ဘာမှ မပြောတော့တာပါပဲ"

ကွမ်းကျုံးရုပ်သည် အနည်းငယ် စဉ်းစားလိုက်ပြီး...

"သူ အခုလို လှုပ်ရှားပြလိုက်တာဟာ နဂါးပတ်အလံရဲ့ အ
ဏာကို ပြန်လည် ဖော်ထုတ်တဲ့ အဓိပ္ပါယ်ပါပဲ၊ အသက်မသေသ
ပြန်သွားကြတဲ့ လူတွေဟာ သူ့ရဲ့ သတင်းတွေကို လွှင့်ပေးမှာ
ကွယ်"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ရက်မကြာမီမှာ နဂါးပတ်အလံရဲ့ သတင်
ဟာ သိုင်းလောကတစ်ခုလုံးတော့ ဟိုးလေးတစ်ကျော်ကျော် ဖြစ်လာ
ပါတော့မယ်"

သူတို့သည် တဖြည်းဖြည်းချင်း ခရီးနှင်လာရာ မကြာ
လမ်းခွဆုံသို့ ရောက်ရှိလာသည်။

ကွမ်းကျုံးရုပ်သည် သူ၏မြင်းအား ခိုင်ဖုန်းမြို့သို့ သွား
လမ်းဘက်သို့ ဦးလှည့်လိုက်လေသည်။

ဖန်းကျင်းရှမ်းသည် အံ့အားသင့်သွားပြီး...

"ခိုင်ဖုန်းမြို့ ပြန်သွားမလို့လား ဌာနမှူး"

ကွမ်းကျုံးရုပ်သည် တည်ငြိမ်သော အပြုံးဖြင့်...

"ဟုတ်တယ်... အခြေအနေက အတော်မြန်မြန် ပြောင်း
နေတယ်၊ ကျုပ်တို့မှာ အချိန်မရှိတော့ဘူး"

ဖန်းကျင်းရှမ်း မျက်မှောင်ကြုတ်သွားသည်။

"ဌာနမှူး ပြန်မသွားရင် ဌာနချုပ်ကလူတွေ မျှော်နေမှ
ပေါ့"

"ကိစ္စမရှိပါဘူး၊ ကျုပ်ထွက်လာတုန်းက အားလုံးကို



ကြားခဲ့ပြီးပါပြီ"

"ဒါဖြင့် ဌာနမှူးက ခိုင်ဖုန်းမြို့မှာပဲ နေခဲ့မှာ မဟုတ်လား"

ကွမ်းကျုံးရုပ်က လေပူတစ်ချက် မှုတ်ထုတ်ယင်း...

"အင်း... သိုင်းလောကမှာ ကြီးကျယ်တဲ့ လှုပ်ရှားမှုတစ်ခု
ဖြစ်သွားလိမ့်မယ်လို့ ကျုပ်ကြိုတင် ထင်ထားတယ်ဗျ၊ ဒါကြောင့်
ကျုပ် အချိန်ဆယ်ရက်လောက် အေးအေးဆေးဆေး နေချင်တယ်"

ဖန်းကျင်းရှမ်းသည် လှည့်၍ မေးလိုက်ယင်း...

"ဘာလုပ်မလို့လဲ"

ကွမ်းကျုံးရုပ်သည် အတန်ကြာမျှ တွေဝေငေးနေပြီးနောက်

"ခေါင်းအေးအေးထားပြီး သိုးပန်းချီကို လေ့လာချင်လို့ပါ"

ဖန်းကျင်းရှမ်းသည် သဘောကျစွာ ခေါင်းညိတ်လိုက်လေ
သည်။

"ဟုတ်တယ်... ဌာနမှူး အခုလို ဆုံးဖြတ်တာ မှန်တယ်"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ဒါကြောင့် ကျုပ်က တိတ်ဆိတ်ပြီး လျှို့ဝှက်တဲ့ နေရာတစ်ခု
ရှာရဦးမယ်"

ဖန်းကျင်းရှမ်းသည် ခေတ္တမျှ တွေးယင်း...

"နဂါးပတ်အလံတစ်ခုကို လှုပ်ရှားလိုက်တာ ခိုင်ဖုန်းမြို့မှာ
ရှိနေတဲ့ သိုင်းသမားတွေ နေဝံ့ကြတော့မှာ မဟုတ်တော့ဘူးနဲ့ တူ
တယ်"

ကွမ်းကျုံးရုပ်က မျက်မှောင်ကြုတ်သွားသည်။

"ဟုတ်တယ်... ဒါပေမယ့် ကပ်ဟို့လျန်တစ်ယောက်ကို

တော့ သူကဘာကြောင့် ပေးတာလဲဆိုတာ စဉ်းစားစရာပဲ"

ဖန်းကျင်းရှမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... နဂါးပတ်အလံ ပိုင်ရှင်ဟာ ကပ်ဟို့လျှန်ကို ဘာကြောင့် လွှတ်ထားသလဲ"

ကွမ်းကျုံးရုပ်သည် ခပ်အေးအေးဖြင့် ပြောလိုက်သည်။

"ကပ်ဟို့လျှန်အပေါ် သူက ခွင့်လွှတ်ထားတဲ့ သဘောရှိတယ်လို့ တွေ့ရတယ်"

ဖန်းကျင်းရှမ်းသည် မျက်မှောင်ကြုတ်၍ ပြောလိုက်လေသည်။

"ကျုပ်တို့ ကျားမာန်အာမခံဌာနကိုလည်း အခုလို ကူညီတာ အကြောင်းတစ်ခုခုတော့ ရှိရမယ်"

ကွမ်းကျုံးရုပ်သည်...

"ဟုတ်တယ်.... အကြောင်းတော့ ရှိမှာပဲ"

"ဘာအကြောင်းများလဲဆိုတာ ဌာနမှူး စဉ်းစားလို့ရလား"

"အခုတော့ စဉ်းစားလို့ မရသေးပါဘူး၊ ဒါပေမယ့် အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီး တဖြည်းဖြည်း လှေလာစဉ်းစားရင် တွေ့ရမှာပေါ့ဗျာ"

သူသည် စကားဆက်လိုက်ပြန်သည်။

"ခင်ဗျားအပေါ်မှာတော့ သူက အထူးသဖြင့် ကူညီတယ်လို့ ကျုပ်ထင်မိတယ်ဗျ"

ဖန်းကျင်းရှမ်းသည် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ကျုပ်လဲ ဒီလိုပဲ ခံစားရတယ်"



သူတို့သည် စကားပြောယင်း ခရီးကို ဆက်လက်ထွက်ခွာသွားလေသည်။

* * *

ကွမ်းကျုံးရုပ်နှင့် ဖန်းကျင်းရှမ်းတို့သည် ခိုင်ဖုန်းမြို့ပြင်ရှိ ကျေးရွာတစ်ရွာတွင် အိမ်တစ်လုံး ဝယ်ယူ နေထိုင်ကြလေသည်။

ဖန်းကျင်းရှမ်းက လိုအပ်သော အသုံးအဆောင်များနှင့် အစားအစာများကို ဝယ်ယူလာလိုက်လေသည်။

ကွမ်းကျုံးရုပ်သည် အိပ်ခန်းထဲမှာ အချိန်ကြာမြင့်စွာဖြင့် သိုးပန်းချီကို အာရုံစူးစိုက်ပြီး လေ့လာနေ၏။

ဖန်းကျင်းရှမ်းမှာမူ အိမ်၏ အနီးပတ်ဝန်းကျင်သို့ လှည့်လည်၍ စောင့်ရှောက်နေလေ၏။

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားခဲ့သည်။

ကွမ်းကျိုးရုပ်တို့သည် အိမ်လေးထဲမှာ နေခဲ့သည့် ရက်သည် ခုနစ်ရက်တိုင်တိုင် ရှိခဲ့လေပြီ။

ထိုခုနစ်ရက်အတွင်း၌ ကွမ်းကျိုးရုပ်သည် နေ့ရောညပါ တစ်ကုပ်ကုပ်ဖြင့် သိုးပန်းချီကားကို လေ့လာအကဲခတ် နေလေသည်။

ဖန်းကျင်းရှမ်းမှာမူ ထိုခုနစ်ရက်အတွင်း အလွန်အလုပ်များသွားပြီး ပင်ပန်းနွမ်းဟိုက်သွားလေသည်။

သူသည် ရန်သူ လိုက်လာမည်ကိုလည်း သတိထား၍ စောင့်ဆိုင်းရသည်။ ထို့အပြင် မြင်းနှစ်ကောင်ကိုလည်း အစာရေစာ ကျွေးမွေးပြုစုရသည်။

ကွမ်းကျိုးရုပ်အတွက်လည်း စားသောက်ဖွယ်ရာများကို စီစဉ်ပေးရသည်။

ထို့ကြောင့် ဖန်းကျင်းရှမ်းသည် စိတ်မောကိုယ်မောပင် ဖြစ်သွားလေတော့သည်။



ရှစ်ရက်မြောက်သောနေ့ မွန်းတည့်ချိန်တွင် ကွမ်းကျိုးရုပ်သည် အခန်းတံခါးဖွင့်၍ အပြင်ဘက်သို့ ထွက်လာလေသည်။

ဖန်းကျင်းရှမ်းသည် ကွမ်းကျိုးရုပ်အတွက် စားသောက်ဖွယ်ရာများ ယူ၍လာရာ ကွမ်းကျိုးရုပ် အခန်းထဲမှ ထွက်လာသည်ကို မြင်တွေ့လိုက်ရသဖြင့် အံ့သြသွားလေသည်။

"ဘယ့်နှယ်လဲ ဥာနမှူး၊ သိုးပန်းချီကို လေ့လာပြီးပြီလား"

ကွမ်းကျိုးရုပ်၏ မျက်လုံးအစုံသည် လေးလံပြီး နီရဲနေသည်။

သူ၏ခန္ဓာကိုယ်သည်လည်း နွမ်းနယ်နေသည်ကိုလည်း တွေ့မြင်ရသည်။

သို့သော် သူ၏မျက်နှာသည် ပြုံးရွှင်နေသည်ကို တွေ့ရလေသည်။

"လေ့လာပြီးပါပြီကွာ၊ သိုးပန်းချီ ရေးဆွဲတဲ့လူရဲ့ ပညာကိုတော့ အင်မတန် ချီးကျူးတယ်ဟေ့"

"ဥာနမှူးက ပန်းချီကားရဲ့ လျှို့ဝှက်ချက်ကို တွေ့ခဲ့ပြီ မဟုတ်လား"

ကွမ်းကျိုးရုပ်သည် လေးလံသော အသံဖြင့်...

"အလုံးစုံတော့ ဘယ်တွေ့အုံးမလဲ၊ ဒါပေမယ့် အကြမ်းအားဖြင့်တော့ တွေ့ရှိခဲ့ပြီဗျ"

ဖန်းကျင်းရှမ်းက ဝမ်းသာသွားသည်။

"ဆိုစမ်းပါအုံးဗျာ၊ သိုးပန်းချီကားရဲ့ လျှို့ဝှက်ချက်ဟာ သိုင်းပညာလား ရတနာသိုက်လား"

ကွမ်းကျိုးရုပ်သည် ပြုံးလိုက်ပြီး...

"နှစ်ခုစလုံး ပါရှိနေတယ်"

"ဟုတ်လား"

"ဟုတ်တယ်၊ ဒီပန်းချီကားထဲမှာ အလွန်လျှို့ဝှက် ဆန်းကျယ်တဲ့ သိုင်းပညာလည်း ပါတယ်၊ နောက်ပြီး ရတနာသိုက်တစ်ခုရဲ့ မြေပုံလည်း ပါတယ်ဗျ"

သူသည် အနည်းငယ် စဉ်းစားပြီးမှ စကားဆက်လိုက်ပြန်သည်။

"ဒါပေမယ့် ဒီထဲမှာ အလွန်အရေးကြီးတဲ့ အချက်တစ်ချက်ကို ကျုပ်က နားမလည်သေးဘူးဗျ"

"ဘယ်လိုအချက်လဲ"

"ပန်းချီကားချပ်ဟာ သိုးတွေကို အဓိကထားပြီး ရေးတယ်ဆိုတော့ သိုးနဲ့ ပတ်သက်လိမ့်မယ်လို့ ကျုပ်က ယူဆမိတယ်"

ဖန်းကျင်းရှမ်းက သိုးပန်းချီအကြောင်းကို နားထောင်ယင်း စိတ်ဝင်စားလာပြီး ပြောလာမည့် စကားကို နားစွင့်နေမိသည်။

ကွမ်းကျိုးရုပ်က စကားဆက်လိုက်ပြန်သည်။

"ထူးခြားတာကတော့ ကျုပ်နားမလည်တဲ့ အချက်ဟာ သိုင်းပညာနဲ့ ပတ်သက်နေတယ်ဗျ၊ ရတနာသိုက်နဲ့လည်း ပတ်သက်နေတယ်"

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"သိုးပန်းချီဆွဲတဲ့လူရဲ့ ဉာဏ်ပညာ အမြော်အမြင်ဟာ အတော့်ကို ထူးချွန်တယ်ဗျ"



ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။

"ဌာနမှူး သိထားသလောက် ပြောပြပါလားဗျာ"

ကွမ်းကျိုးရုပ်သည် ခေါင်းညိတ်လိုက်သည်။

"ပြောပြပါ့မယ်"

သူသည် ချောင်းတစ်ချက် ဟန့်လိုက်ပြီး...

"ဒီပန်းချီကားပေါ်မှာ သိုးကောင် (၁၀၀)နီးပါး ရေးဆွဲထားတာကို တွေ့ရတယ်၊ ဒီအတိုင်းသာ ကြည့်မယ်ဆိုရင် ဘာမှ မထူးခြားပေမယ့် တကယ်လို့များ သိုးတွေကို သေသေချာချာ လေ့လာစဉ်းစားပြီး ကြည့်မယ်ဆိုရင် ထူးခြားနေတာကို တွေ့ရပါလိမ့်မယ်"

သူသည် ပြောပြောဆိုဆိုနှင့် သိုးပန်းချီကို ဖြန့်ပြလိုက်သည်။

"သိုးတွေရဲ့ အနေအထားနဲ့ အထားအသိုကို ကြည့်လိုက်ရင် သိုင်းပညာတစ်မျိုး ဖြစ်နေတာကို ခင်ဗျား တွေ့ရမယ်"

ဖန်းကျင်းရှမ်းသည် ပန်းချီကားပေါ်မှ သိုးရုပ်များကို သေချာစွာ စူးစိုက်ကြည့်နေသည်။

ကွမ်းကျိုးရုပ်သည် စကားဆက်လိုက်သည်။

"ရေးဆွဲထားတဲ့ ပုံအတိုင်း လေ့ကျင့်လိုက်ရင် သိုင်းကွက် (၆)ကွက်ကို တွေ့ရလိမ့်မယ်"

သူသည် ပြုံး၍ စကားဆက်လိုက်သည်။

"ဒါပေမယ့် သိုင်းကွက်(၆)ကွက် ပြီးဆုံးသွားတာနဲ့ အလယ်မှာ ပျက်သွားတာကို တွေ့ရမယ်"

ကွမ်းကျိုးရုပ်သည် ပန်းချီကားပေါ်မှ သိုးကျောင်းသော

လူငယ်အား ညွှန်ပြလိုက်ပြီး...

"ဟောဒီ သိုးကျောင်းတဲ့ လူငယ်ဆီ ရောက်တဲ့အခါ သိုင်းကွက်(၆)ကွက်ပဲ ရှိတယ်၊ နောက်ထပ် ဆက်စပ်လို့ မရတော့ဘူး"

ဖန်းကျင်းရှမ်းသည် နားထောင်ယင်း စိတ်ဝင်စားလာလေသည်။

"ဌာနမှူးရော ဘယ်လိုမြင်သလဲ"

ကွမ်းကျုံးရုပ်သည် အတန်ကြာမျှ စဉ်းစားယင်း...

"အဲဒီ သိုင်းကွက်ဟာ သိုးကျောင်းလူငယ်ဆီ ရောက်တဲ့အခါမှာ အကွက်တစ်ကွက် ရောက်ပြီး ဆက်သွားရင် နောက်ထပ် သိုင်းကွက် ရှိလာလိမ့်မယ်လို့ ကျုပ်ယူဆတယ်"

ဖန်းကျင်းရှမ်းက မျက်မှောင်ကြုတ်သွားသည်။

"ဌာနမှူး ဆိုလိုတာက ဒီသိုးပန်းချီပေါ်မှာ သိုင်းကွက်(၁၂)ကွက် ရှိတယ်လို့ ဆိုလိုတာလား"

ကွမ်းကျုံးရုပ်သည် ခေါင်းညိတ်လိုက်ပြီး...

"အင်း... (၁၃)ကွက်လောက် ရှိလိမ့်မယ်ထင်တယ်၊ ကျုပ်က (၁၂)ကွက် ရှိတယ်လို့ ထင်တာပဲ"

"ဒါနဲ့ ရတနာသိုက်မြေပုံကိုလည်း တွေ့ရှိခဲ့တယ် မဟုတ်လား"

"ပန်းချီကားပေါ်က ဖော်ပြထားတဲ့အတိုင်းဆိုရင် ရတနာသိုက်သွားရာကို လမ်းကြောင်းတစ်ခု ဖော်ပြနေတယ်လို့ တွေ့ရတယ်၊ ဒါပေမယ့် ဒီလမ်းကြောင်းက သိုးကျောင်းတဲ့လူငယ်ဆီ ရောက်လာတဲ့အခါမှာ လမ်းကြောင်းပျောက်သွားတော့တာပဲ"



"ဒါဖြင့် ဌာနမှူးက ဘာကိုမှ တိတိကျကျ မသိလိုက်သေးဘူးပေါ့"

ကွမ်းကျုံးရုပ်က ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က အားလုံးနီးနီးတော့ သိထားပြီးပါပြီ၊ အဲဒီ ကွင်းဆက်ဖြည်တဲ့ အကွက်တစ်ကွက်ကို နားမလည်သေးတာပါ"

"ဘယ်လို သိုင်းပညာလဲဗျ၊ ဓားသိုင်းလား၊ လက်ဝါးသိုင်းလား"

ကွမ်းကျုံးရုပ်သည် စဉ်းစားယင်းဖြင့်...

"အင်း... ကြည့်ရတာ ဓားသိုင်းလည်းပါတယ်၊ လက်ဝါးသိုင်းလည်း ပါတယ်"

သူသည် သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။

"ပန်းချီကားချပ်ကတော့ အတော်ဆန်းကျယ်တယ်၊ ကျုပ်က အားလုံးနားလည်အောင် ဉာဏ်မမီတာက ခက်တယ်ဗျ"

ကွမ်းကျုံးရုပ်တို့ နှစ်ဦးသည် ထိုသို့ ပြောယင်း ဖန်းကျင်းရှမ်းသည် အသင့်ယူဆောင်လာသော ဟင်းလျာများကို ချပေးလိုက်လေသည်။

"ဌာနမှူးလဲ ဗိုက်ဆာရောပေါ့၊ အားရပါးရ စားလိုက်စမ်းပါဗျာ"

ကွမ်းကျုံးရုပ်သည် ဟင်းလျာများ၏ မွှေးကြိုင်သော ရနံ့အား အားရပါးရ ရှူရှိုက်လိုက်ယင်း...

"အတော်ပဲဗျ၊ ကျုပ်က ထမင်းနဲ့ဟင်း မေ့နေတာ ကြာပြီဗျ အားရပါးရ စားလိုက်ဦးမယ်"

ထိုသို့ပြောယင်း ကွမ်းကျုံးရုပ်သည် ထမင်းနှင့် ဟင်းလျာ
များအား အားရပါးရ စားသောက်နေလေသည်။

* * *

## ထိုက်ဟန်တောင်ပေါ်က ခါးတုန်းကြီး

ကွမ်းကျုံးရုပ်နှင့် ဖန်းကျင်းရှမ်းတို့သည် နိုင်ဖုန်းမြို့ထဲသို့
ပြန်လည်ဝင်ရောက်သွားကြလေသည်။

ထို့နောက် ကျားမာန်အာမခံဌာနခွဲသို့ ရောက်သောအခါ
ဆိုင်းဘုတ်ဖြုတ်ချထားသည်ကို တွေ့ရသည်။

ကွမ်းကျုံးရုပ်သည် ပြုံးလိုက်ပြီး...

"ယန်စုစိန် အလုပ်လုပ်ရင် တော်တော်သေချာတယ်ဗျ"

သူသည် ပြောရင်း မြင်းပေါ်မှ ဆင်းလိုက်သည်။

ကွမ်းကျုံးရုပ်သည် အခန်းရှေ့တွင် ရပ်လိုက်ပြီး တံခါးခေါက်

လိုက်သည်နှင့် တံခါးပွင့်လာလေသည်။

ထို့နောက် အခန်းတွင်းမှ လူတစ်ယောက် ထွက်လာသည်

ယန်စုစိန်သည် ကွမ်းကျုံးရုပ်နှင့် ဖန်းကျင်းရှမ်းအား တွေ့ မြင်လိုက်သည်နှင့် ဝမ်းသာသွားလေသည်။

"ဌာနမှူး ဘာကြောင့် ပြန်လာတာလဲ"

ကွမ်းကျုံးရုပ်သည် ပြုံး၍ခေါင်းညိတ်လိုက်သည်။

"အကြောင်းကိစ္စလေး ရှိလို့ပါ"

ယန်စုစိန် မျက်မှောင်ကြုတ်သွားပြီး...

"အကြောင်းက တော်တော်များ အရေးကြီးနေလား"

ကွမ်းကျုံးရုပ်သည် လက်ကာပြလိုက်ပြီး...

"လောလောဆယ် ငါနေဖို့ သီးသန့်အခန်းတစ်ခု အသင့် ပြင်ပေးစမ်း၊ ဒီမှာ ငါ ဆယ်ရက်လောက် နေရလိမ့်ဦးမယ်"

ယန်စုစိန်သည် ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်ကဲ့၊ စိတ်ချပါ အသင့်ပြင်ထားပေးပါ့မယ်"

သူတို့သုံးဦးသည် ပြောပြောဆိုဆိုဖြင့် ခန်းမရှိရာသို့ လျှောက်လှမ်းသွားလေသည်။

ဖန်းကျင်းရှမ်းက စတင်စကားပြောလိုက်သည်။

"ဌာနမှူး ပန်းချီပေါ်က သိုင်းပညာကို လေ့ကျင့်မလို့ ဟုတ်လား"

ကွမ်းကျုံးရုပ်သည် ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်တယ်၊ ကျုပ် လေ့ကျင့်ကြည့်မလားလို့"

သူတို့သည် ပြောရင်း ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်



လေသည်။

သူတို့ ထိုင်လိုက်ပြီးနောက်အစောင့်တစ်ယောက်ဝင်လာ၏။ သူ့လက်ထဲတွင် အနီရောင်ကတ်ပြားတစ်ခု ပါရှိလာသည်။

ယန်စုစိန် မျက်မှောင်ကြုတ်သွားပြီး လှမ်းမေးလိုက်၏။

"ဘာလဲဟေ့"

အဖွဲ့သားသည် အနီရောင်ကတ်ပြားကလေးကို လှမ်းပေး လိုက်လေသည်။

"ဧည့်သည်တစ်ယောက်က ဌာနမှူးကို တွေ့ချင်လို့"

ကွမ်းကျုံးရုပ် မျက်မှောင်ကြုတ်သွားလေသည်။

"ဘယ်သူများပါလိမ့်"

ယန်စုစိန်သည် အနီရောင်ကတ်ပြားကလေးအား လှမ်းပေး လိုက်၏။ ကွမ်းကျုံးရုပ်သည် ကတ်ပြားအားလှမ်းယူ ကြည့်လိုက် သောအခါ ကတ်ပြားပေါ်တွင် ထိုက်ဟန်တောင်မှ ခါးကုန်းအဘိုးအို ဟုရေးသားထားသည်ကို ဖတ်လိုက်ရသည်။

ကွမ်းကျုံးရုပ်သည် အဘန်ကြာစဉ်းစားရင်းမှ...

သူသည် မျက်မှောင်ကြုတ်သွားပြီး...

"ခါးကုန်းကြီးဟာ သိုင်းလောကမှာ ပျောက်ကွယ်သွားတာ အတော်ကြာပြီပဲ အချို့က သေသွားပြီလို့တောင် ပြောနေကြတာ၊ ဘာဖြစ်လို့ အခုလို ပြန်ပေါ်လာရတာလဲ"

သူသည် တံခါးစောင့် အဖွဲ့ဝင်အား တစ်ချက်ကြည့်၍...

"သူတို့ ဘယ်နှစ်ယောက်လာတာ တွေ့လဲ"

တံခါးစောင့်သည် ဦးညွတ်ပြရင်း...

"တစ်ယောက်ထဲပါ ဦးနှမှူး"

ကွမ်းကျိုးရုပ်သည် မျက်မှောင်ကြုတ်သွားလေသည်။

ပြီးနောက် ခေါင်းညိတ်ပြကာ...

"ကောင်းပြီလေ၊ ငါ့ ဧည့်ခန်းထဲမှာရှိတယ်၊ ဝင်ခဲ့လို့ပြော လိုက်"

အစောင့်အဖွဲ့ဝင်သည် ခေါင်းညိတ်၍ ထွက်ခွာသွားသည်။

ကွမ်းကျိုးရုပ်သည် အနီးတွင်ရပ်နေသော ယန်စုစိန်နှင့် လင်တာ့ရစ်အား ကြည့်လိုက်သည်။

"ခင်ဗျားတို့ ခဏလေး ရှောင်နေပါ"

ပြောပြီး ခါးမှဓားကိုဖြုတ်ပေးလိုက်သည်။

ယန်စုစိန်နှင့် လင်တာ့ရစ်တို့သည် ဦးညွတ်၍ ထွက်ခွာသွား ကြလေသည်။

ဖန်းကျင်းရှမ်းသည်လည်း ထိုင်ရာမှ ထလိုက်သည်။ ထိုအခါ ကွမ်းကျိုးရုပ်သည် လက်ကာပြလိုက်သည်။

"ခင်ဗျား နေခဲ့ပါ"

တခဏအကြာတွင် တံခါးစောင့်အဖွဲ့ဝင်သည် ခါးကုန်းနေ သောအဘိုးအို တစ်ယောက်အား အခန်းတွင်းသို့ ခေါ်ဆောင်လာ၏။

ထိုအဘိုးအိုမှာ ဆံပင်များ ဖြူဖွေးပြီး ငွေရောင်သန်းနေ သော မုတ်ဆိတ်မွေးများမှာလည်း ရင်ဝထိ ရှည်ကျနေလေသည်။

သူ၏လက်ထဲတွင်- အနက်ရောင် တောင်ဝှေးတစ်ခု ကိုင် ဆောင်ထားသည်။

ကွမ်းကျိုးရုပ်သည် ထိုင်ရာမှထလိုက်ပြီး အဘိုးအိုအား ကြို



ဆိုလိုက်လေသည်။

"ကြွပါ...တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

ခါးကုန်းကြီးသည် ရယ်မောလိုက်ပြီး...

"ဟဲ ဟဲ ခင်ဗျားလို ကျော်ကြားတဲ့လူတစ်ယောက်က ကျုပ် ကိုမှတ်မိတယ်လို့ ကြားရတာ ဝမ်းသာပါတယ်ဗျာ"

ကွမ်းကျိုးရုပ်သည် ဦးညွတ်လိုက်လေသည်။

"ထိုင်ပါ"

ခါးကုန်းအဘိုးအိုသည် ထိုင်ချလိုက်ပြီး အားလုံးကို အကဲ ခတ်ပြီးနောက် ကွမ်းကျိုးရုပ်ဘက်သို့ လှည့်လိုက်သည်။ ပြီးနောက် ကွမ်းကျိုးရုပ်က စကားစတင်ပြောလေသည်။

"လူကြီးမင်း အခုလိုကြွရောက်လာတာ အကြောင်းကိစ္စရှိ လို့လား"

ခါးကုန်းကြီးက ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား ကျုပ် သဘောကျသွားပြီ၊ အခုလို ပွင့် ပွင့်လင်းလင်းမေးတာ ကျုပ်သဘောကျပါတယ်"

"ဒါဖြင့် အမိန့်ရှိပါဦး"

ခါးကုန်းကြီးက ချောင်းတစ်ချက်ဟန့်လိုက်ပြီး စကားစ လိုက်သည်။

"ခင်ဗျားဆီမှာ သိုးပန်းချီကားချပ်တစ်ခု ရှိနေတယ်လို့ ကျုပ် သတင်းကြားလို့ပါ"

ကွမ်းကျိုးရုပ်သည် မျက်နှာပျက်သွားလေသည်။

"ဗျာ...သိုးပန်းချီကားအတွက်နဲ့ လာခဲ့တာ ဟုတ်လား"

ခါးကုန်းကြီးသည် မျက်နှာထားတည်တည်ဖြင့်...

"ဒါတွေ မေးနေစရာမလိုပါဘူး၊ မင်းဆီမှာ သိုးပန်းချီရှိနေတယ်ဆိုတာ ဟုတ်တယ် မဟုတ်ဘူး ကျုပ်သိချင်ပါတယ်"

ကွမ်းကျုံးရုပ် ခေါင်းညိတ်လိုက်ပြီး...

"ဟုတ်ပါတယ်... ဒီသိုးပန်းချီကားချပ်ဟာ ကျုပ်ရဲ့လက်ထဲမှာ ရှိနေပါတယ်"

ခါးကုန်းကြီးသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်း ဖြေတာ ရှင်းပါတယ်၊ ဒါပေမယ့် ကျုပ်မေးတာကို မကျေနပ်တဲ့ လေသံနဲ့ ပြောနေတာလား"

ကွမ်းကျုံးရုပ်က မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်က ရှင်းရှင်းနဲ့ ဘွင်းဘွင်းပြောပြီးပြီပဲ၊ ခင်ဗျားလာတဲ့အကြောင်းရင်းလည်း ပြောပါဦး"

ခါးကုန်းကြီးက အေးဆေးသော လေသံဖြင့်...

"ကျုပ်ဟာ အသက်ကြီးပါပြီ၊ ဒီပန်းချီကားချပ်ကို လိုချင်တဲ့ဆန္ဒလဲ မရှိပါဘူး"

ကွမ်းကျုံးရုပ်သည် အဘိုးအို၏စကားကြောင့် သူ့လေသံသည် ပျော့ပျောင်းသွားပြီး အားတုံ့အားနာ ဖြစ်သွားလေသည်။

"ကျုပ်စကားပြောတာ လွန်သွားရင် ခွင့်လွှတ်ပါခင်ဗျာ"

ခါးကုန်းကြီးက လက်ကာပြလိုက်ပြီး...

"ကိစ္စမရှိပါဘူးကွာ"

သူသည် ချောင်းတစ်ဟန့်လိုက်ပြီး...

"ကျုပ် ဒီကို လာရတဲ့ အကြောင်းအရင်းက သိုးပန်းချီနဲ့



ပတ်သက်ပြီး ဆွေးနွေးစရာ ရှိလို့ပါ"

"အမိန့်ရှိပါခင်ဗျာ"

"မင်းက ဒီပန်းချီကားကို တွေ့ပြီးပြီလား"

"တွေ့ပြီးပါပြီ"

"နားကော နားလည်ရဲ့လား"

"အနည်းအပါးလောက်တော့ နားလည်ထားပါတယ်"

ခါးကုန်းကြီးက ခေါင်းညိတ်လိုက်သည်။

"ဒါဆို မဆိုးဘူး၊ ဒါပေမယ့် နည်းနည်းပါးပါးလောက် နားလည်လည်း ဘာမှ အကျိုးရှိနေမှာ မဟုတ်ဘူး"

ကွမ်းကျုံးရုပ်သည် မျက်မှောင်ကြုတ်သွားသည်။

"ဘာလဲ ဦးက ဒီပန်းချီကားကို နားလည်ထားတာနဲ့ တူတယ်"

ခါးကုန်းကြီးသည် ပြုံးလိုက်ပြီး...

"အင်း... ရှင်းရှင်းပြောရမယ်ဆိုရင် ဒီပန်းချီကားချပ်ဟာ တချိန်လုံး ကျုပ်လက်ထဲမှာ ရှိပါတယ်၊ လွန်ခဲ့တဲ့နှစ်ကမှ အခိုးခံလိုက်ရတယ်"

ကွမ်းကျုံးရုပ်၏ မျက်လုံးအစုံသည် ပြူးကျယ်သွားလေသည်။

ခါးကုန်းကြီးသည် စကားကို ဆက်လိုက်ပြန်သည်။

"ကျုပ်လည်း ဒီပန်းချီကားနောက်ကို လိုက်စုံစမ်းပါသေးတယ် သတင်းအစအန မရသေးပါဘူး၊ ခုတလောမှာ သိုးပန်းချီကားအကြောင်း ပြောဆိုဝေဖန်တဲ့ သူများဆီက ကြားခဲ့ရပါတယ်၊

ဒါကြောင့် မင်းဆီကို လိုက်လာခဲ့တာပါ"

ကွမ်းကျုံးရုပ်လည်း အံ့သြသွားလေသည်။ အတန်ကြာမျှ စဉ်းစားချင့်ချိန်ပြီးနောက်...

"ဒီပန်းချီကားဟာ ဦး ပိုင်ဆိုင်တဲ့ပစ္စည်း ဟုတ်လား"

ခါးကုန်းကြီးသည် ပြုံးလိုက်ပြီး အေးဆေးတည်ငြိမ်စွာဖြင့်

"ကျုပ်ပိုင်တယ်လို့ မပြောပါဘူး၊ နှစ်ပေါင်းအတော်ကြာကြာ ထိန်းသိမ်းထားတယ်လို့ ပြောတာပါ"

ကွမ်းကျုံးရုပ်သည် သူ၏စကားကြောင့် နားမလည်နိုင်ဘဲ ဖြစ်သွားသည်။

"ဦးရဲ့ စကားကို ကျွန်တော် နားမလည်ပါလား"

ခါးကုန်းအဘိုးကြီးသည်...

"မင်းကို ရှင်းရှင်းပြောမယ်ဆိုရင် ဒီပန်းချီကားကို ကျုပ်လာတောင်းတာ မဟုတ်ဘူး၊ ဒီသိုးပန်းချီကို ဘယ်သူက ခိုးတယ်ဆိုတာ ကျုပ် သိချင်လို့ပါ"

ကွမ်းကျုံးရုပ် မျက်မှောင်ကြုတ်သွားသည်။

"ခင်ဗျား စိတ်ထဲမှာ ဘယ်သူက ခိုးတယ်လို့ ထင်သလဲ"

ခါးကုန်းအဘိုးကြီးသည် အတန်ကြာမျှ တွေးပြီးနောက် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် ဘယ်သူ့ကိုမှ မထင်တတ်ပါဘူး၊ နောက် စဉ်းစားလို့ ခက်နေတယ်"

"ဒီလိုဆိုရင် သဲလွန်စကော တွေ့သလား"

"လုံးဝမစဉ်းစားတတ်လို့ မင်းဆီကို လာခဲ့ရတာပေါ့"



အဘိုးကြီးက စကားဆက်လိုက်ပြန်သည်။

"ဒါနဲ့ မင်း ဒီပန်းချီကားကို ဘယ်သူ့ဆီက ရလာတာလဲ"

ကွမ်းကျုံးရုပ်သည် လေသံအေးအေးဖြင့်...

"ရာထူးက အနားယူသွားတဲ့ မြို့တော်ဝန်တစ်ယောက်ဆီက ရလာတာပဲ"

ခါးကုန်းကြီးသည် မျက်မှောင်ကြုတ်သွားပြီး...

"ကျုပ်က မင်းစိုးရာဇာတွေနဲ့ အဆက်သွယ် မရှိပါဘူး၊ ကျုပ်ဆီကိုလည်း ရာထူးရာခံရှိတဲ့လူလည်း မလာဘူး၊ ဒါကြောင့် သူတို့ ခိုးဝှက်တာ မဖြစ်နိုင်ဘူး"

ကွမ်းကျုံးရုပ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ မြို့တော်ဝန်ကလည်း ဒီပန်းချီကားရဲ့ လျှို့ဝှက်ချက် အကြောင်းစုံကို မသိတာ အမှန်ပဲ၊ ဒါကြောင့် ခိုးဝှက်ယူလိမ့်မယ်လို့ မထင်ပါဘူး"

ခါးကုန်းကြီးသည် အနည်းငယ် စဉ်းစားလိုက်ပြီးနောက်...

"ဖြစ်နိုင်ရင် ငါ့ကို တစ်ခု ကူညီပါလား"

ကွမ်းကျုံးရုပ်သည် အံ့အားသင့်စွာဖြင့်...

"ဘာများလဲဗျ"

"မြို့တော်ဝန်နဲ့ တွေ့ချင်ပါတယ်"

ကွမ်းကျုံးရုပ်သည် တအံ့တသြဖြင့် မေးလိုက်သည်။

"ဗျာ.... ဘာကိစ္စ"

ခါးကုန်းအဘိုးအိုသည် အေးစက်စွာဖြင့် တစ်ချက်လှမ်းကြည့်လိုက်ပြီး...

"ဒီသိုးပန်းချီကို ဘယ်သူ့ဆီက ရတယ်ဆိုတာ သိချင်လို့ပါ"

"ဟုတ်ကဲ့... ကျုပ်အတတ်နိုင်ဆုံး ကြိုးစားပေးပါ့မယ်"

ခါးကုန်းကြီးက စကားဦးလှည့်လိုက်လေသည်။

"ကျုပ် ခိုင်ဖုန်းမြို့ကို ရောက်လာတဲ့အချိန်မှာ သိုင်းလောကသားတွေ အတော်များများဟာ စုရုံးစုရုံး ဖြစ်နေတာကို တွေ့ရတယ်၊ ကျုပ်စုံစမ်းတော့ သူတို့က သိုးပန်းချီနဲ့ ပတ်သက်ပြီး လာနေကြတာကိုး"

ကွမ်းကျုံးရပ်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်တို့လည်းလမ်းခရီးတစ်လျှောက်မှာ အနှောင့်အယှက် အမျိုးမျိုး ရင်ဆိုင်နေရပါတယ်"

ခါးကုန်းကြီးက ပြုံးလိုက်ပြီး...

"ဒါတော့ ရှိမှာပေါ့ဗျာ"

ခါးကုန်းအဘိုးကြီးသည် ပြောရင်းမှပင် ထိုင်ရာမှ ထလိုက်လေသည်။

"ကျုပ်နောက်ဆုံး စကားတစ်ခွန်းပဲ မေးချင်တယ်"

"မေးပါ"

ခါးကုန်းအဘိုးကြီးသည် ပြောသင့်မပြောသင့် ချင့်ချိန်ပြီးနောက် မေးသင့်သည်များကို မေးလိုက်လေသည်။

"မင်းဟာ ဒီသိုးပန်းချီကားမှာ ဖော်ပြတဲ့အတိုင်း ရတနာသိုက်ကို လိုက်ရှာဖွေပြီး တူးဖော်မလို့လား"

ကွမ်းကျုံးရပ်၏ရင်ထဲ၌ တစ်ချက်လှုပ်ရှားသွားပြီး...

"ကျုပ် မရှာဖွေဘူး ရှာဖွေမယ်ဆိုတာ အတိအကျ မဆုံး



ဖြတ်ရသေးပါဘူး"

ခါးကုန်းကြီး ပြုံး၍ ခေါင်းတညိတ်ညိတ်ဖြင့် ပြောလိုက်သည်။

"ကျုပ် ဝမ်လုံတည်းခိုခန်းမှာ ရှိပါတယ်၊ တကယ်လို့များ အကူအညီလိုရင် ပြောပါ၊ (၃)ရက်ကြာရင် ကျုပ် ခရီးစတင် ထွက်တော့မှာ"

ကွမ်းကျုံးရပ်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ ကျွန်တော့်မှာ အကူအညီလိုရင် (၃)ရက်အတွင်းမှာ ဦးဆီ လိုက်ခဲ့ပါ့မယ်"

ခါးကုန်းကြီးက ခေါင်းညိတ်လိုက်ပြီး...

"ကောင်းပြီ (၃)ရက်လောက် စောင့်မယ်၊ (၃)ရက်အတွင်း မလာရင် ကျုပ် ခရီးစတင် ထွက်တော့မယ်"

ခါးကုန်းကြီးသည် ပြောပြီးသည်နှင့် အခန်းတွင်းမှ ထွက်ခွာသွားလေသည်။

* * *

ဖန်းကျင်းရှမ်းသည် ခါးကုန်းကြီး ထွက်သွားပြီးနောက် ကွမ်းကျုံးရပ်အား ပခုံးတစ်ချက် တွန့်ပြလိုက်လေသည်။

"အင်း ဒီအဘိုးကြီးက ဒီလောက်ဝေးတဲ့ ခရီးကနေ ရောက်

အောင်လာခဲ့တာ ရှိးလိမ့်မယ် ကျုပ် မထင်ဘူးဗျ"

ကွမ်းကျုံးရုပ်သည် ခေါင်းညိတ်လိုက်ပြီး အတန်ကြာမျှ စဉ်းစားလိုက်လေသည်။

"သူ့ ပြောပုံအရဆိုရင် (၃)ရက်အတွင်းမှာ ကျုပ်က သူ့ဆီကို ရောက်အောင် သွားရလိမ့်မယ်လို့ အပိုင် တွက်ထားတယ်"

ဖန်းကျင်းရှမ်းက အနည်းငယ်စဉ်းစားလိုက်သည်။

"သူက ဘာကြောင့် ဒီလို လာပြောသွားရတာလဲ"

ကွမ်းကျုံးရုပ်သည် တည်ကြည်သော လေသံဖြင့်...

"အင်း... ဒီတစ်ရက် နှစ်ရက်အတွင်းမှာ ထိတ်လန့်စရာများ လှုပ်ရှားမှုများ ဖြစ်ပေါ်လာမှာ သိလို့ အခုလို လာချိန်းသွားလားမှ မသိဘဲ"

ဖန်းကျင်းရှမ်းသည် မျက်မှောင်ကြုတ်သွားပြီး...

"ဒါနဲ့ ဌာနမှူးကရော သူ့ဆီသွားဖို့ အစီအစဉ် ရှိသလား"

"အခြေအနေ ကြည့်ရမှာပေါ့ သွားသင့်ရင် သွားရမှာပဲ၊ အခု ကျုပ်တို့ မူလအစီအစဉ်အတိုင်း လုပ်ရမှာပဲ"

* * *

ကွမ်းကျုံးရုပ်သည် သီးသန့်အခန်းထဲ၌ တံခါးပိတ်၍ သိုးပန်းချီကားကို ထပ်မံလေ့လာသည်။



ဖန်းကျင်းရှမ်း၊ လင်တာ့ရှစ်၊ ယန်စုစိန်နှင့် လီယို့လုံးတို့သည် အလွန်တိကျသော စောင့်ကြပ်မှု အစီအစဉ်တစ်ခု စီစဉ်လိုက်လေသည်။

သူတို့သည် ကွမ်းကျုံးရုပ်နေထိုင်သော အခန်းကို ဂရုစိုက်၍ စောင့်ကြပ်နေလေသည်။

ထို့အပြင် ရန်သူသည် မီးနှင့်ရှို့လျှင် မီးသတ်နိုင်ရန် ရေများ အဆင်သင့် စုဆောင်းထားလေသည်။

ကျွန်းအော့နှင့် ချန်းတဟောင်တို့သည် အဆောက်အအုံ၏ ပတ်ဝန်းကျင်တွင် သတိမလစ်စေဘဲ စောင့်ကြပ်နေလေသည်။

* * *

ပထမညသ၌...

အေးအေးချမ်းချမ်းဖြင့် ကုန်ဆုံးသွားသည်။

ဒုတိယနေ့...

ဒုတိယနေ့ည...

အေးအေးချမ်းချမ်းပင် ကုန်ဆုံးသွားပြန်လေသည်။

တစ်ရက်အတွင်း ကွမ်းကျုံးရုပ်သည် ထမင်းစားချိန်မှ လွဲ၍ အခန်းတွင်း၌သာ သိုးပန်းချီအား လေ့လာ၍နေ၏။

ဒုတိယနေ့ည ကုန်ဆုံးပြီး (၃)ရက်မြောက်လည်း ကုန်ဆုံး

သွားလေသည်။

အခြေအနေသည် အားလုံး ငြိမ်သက်တိတ်ဆိတ်စွာ ရှိလေသည်။

ဖန်းကျင်းရှမ်းသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး...

"ကနေ့ည ကုန်သွားတာနဲ့ ခါးကုန်းကြီးရဲ့ (၃)ရက် အချိန်ပေးတဲ့ ကတိပြည့်သွားတော့မှာပဲ"

သူသည် ယင်းသို့ စိတ်ထဲ၌ တွေးပြီး ရေချွတ်ကာ အစစအရာရာ အားလုံးကို သတိကြီးစွာဖြင့် စောင့်ကြပ်နေလေသည်။

ထိုအချိန်မှာပင် အုန်းမောင်းခေါက်သံ (၃)ချက်တိတိ ထွက်ပေါ်လာလေသည်။

"ဒေါင် ဒေါင် ဒေါင်"

ထိုအုန်းမောင်းခေါက်သံ (၃)ချက် ထွက်ပေါ်လာပြီးနောက် မကြာမီတွင် ယန်စုစိန်သည် ဖန်းကျင်းရှမ်းထံ ရောက်လာလေသည်။

ဖန်းကျင်းရှမ်းက လှမ်း၍ မေးလိုက်သည်။

"အခြေအနေ ဘယ်လိုလဲ"

ယန်းစုစိန်သည် ဦးညွှတ်လိုက်ပြီး...

"အားလုံး ချောချောမောမော ပါပဲ"

ထိုစဉ်မှာပင် စူးရှသော ခရာသံတစ်ခု ထွက်ပေါ်လာသည်ကို ဖန်းကျင်းရှမ်းတို့ ကြားလိုက်ရလေသည်။ ဖန်းကျင်းရှမ်းသည် လျင်မြန်စွာဖြင့် ဖယောင်းတိုင်မီးကို ကမန်းကတမ်း ငြိမ်းသက်လိုက်ပြီးနောက် သူတို့သည် ခရာသံ ထွက်ပေါ်လာရာသို့ ပြေးလွှားသွားလေသည်။



ခရာသံသည် သူတို့၏ ကင်းပုန်းတစ်ခုမှ ထွက်ပေါ်လာမှန်း သိလိုက်သည်။

သူတို့သည် ကင်းပုန်းနေရာသို့ ရောက်ရှိသွားသောအခါ မမျှော်လင့်သော အကြောင်းကိစ္စကို တွေ့ရလေသည်။ အကြောင်းမှာ ကင်းသမားတစ်ယောက်သည် လက်ထဲ၌ ခရာကိုင်လျက် သေဆုံးနေသည်ကို တွေ့ရလေသည်။

ဖန်းကျင်းရှမ်းသည် လူသေအလောင်းအား ကြည့်ပြီး မျက်မှောင်ကြုတ်သွားလေသည်။

"အင်း... ရန်သူဟာ ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်ရမယ်၊ အားလုံးသတိထားကြ"

ထိုစဉ် လင်တာ့ရစ်နှင့် ယို့လုံးတို့ပါ ခရာသံကြား၍ အပြေးအလွှား ရောက်ရှိလာကြသည်။

ဖန်းကျင်းရှမ်း မျက်မှောင်ကြုတ်သွားသည်။

"ဌာနမှူးနေရာကို ဘယ်သူက တာဝန်ယူပြီး စောင့်ကြပ်နေသလဲ"

လင်တာ့ရစ်က ဦးညွှတ်လိုက်ပြီး...

"ကျွန်းအော့နဲ့ ချန်းတဟောင်တို့ ရှိပါတယ်"

ဖန်းကျင်းရှမ်းက အနီးတစ်ဝိုက်သို့ အကဲခတ်ကြည့်လိုက်သည်။

"ရန်သူဟာ ဒီအနီးအနားတစ်ဝိုက်မှာ ပုန်းနေတာ ဖြစ်ရမယ်"

ယန်စုစိန်က အသံကျယ်လောင်စွာဖြင့်...

"မိတ်ဆွေ ကျုပ်တို့လူကို သတ်ဝံ့မှတော့ ဘာဖြစ်လို့ ပုန်းနေရတာလဲ၊ ထွက်ခဲ့ပါ"

သူ၏စကား ဆုံးသွားသည်နှင့် မကြာမီမှာပင်။

လူတစ်ယောက်သည် ခေါင်မိုးတစ်ခုပေါ်မှ ခုန်ဆင်းလာသည်ကို တွေ့မြင်လိုက်ရလေသည်။

စာစဉ်(၂)ပြီး၏။

စာစဉ်(၃) ဆက်လက်ဖတ်ရှုပါရန်။